
www.burmeseclassic.com

မိုးဟူရား
စာပေတိုက်



# လမင်းမိုမို

ရေစက်တို့သည်လည်း...
တစ်ခါတစ်ရံမဆုံဆည်းသော...

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

လမင်းမိုမို
ရေစက်တို့သည်လည်း တစ်ခါတစ်ရံ မဆုံစည်းသာ
**ပထမအကြိမ်၊ ၂၀၁၅ ဩဂုတ်လ**
ဖြန့်ချိရေး
**မိုးပုရားစာအုပ်တိုက်**
**ဖုန်း – ၀၉၅၀၀၁၉၈၃**
မျက်နှာဖုံး
**Lလင်း**
အုပ်ရေ
**၅၀၀**
တန်ဖိုး
**၁၀၀ ကျပ်**
**ဦးနေမျိုးသူရ၊ တကောင်းစာအုပ်တိုက်၊ အမှတ်(၅/ခ)၊ ဓမ္မာသီရိလမ်း၊ ကမာရွတ်မြို့နယ်မှ ထုတ်ဝေပြီး မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးဝင်းကျော်ထွန်း၊ မုံရွေးပုံနှိပ်တိုက်၊ အမှတ်(၁၄၀)၊ ၄၅–လမ်း၊ ဗိုလ်တထောင်မြို့နယ်တွင် ပုံနှိပ်သည်။**

| | |
|---|---|
| လမင်းမိုမို | ၈၉၅.၈၃ |
| ရေစက်တို့သည်လည်း | လမင်းမိုမို၊ ရန်ကုန်။ |
| တစ်ခါတစ်ရံ မဆုံစည်းသာ | |
| တကောင်းစာအုပ်တိုက်၊ ၂၀၁၅ | |
| ၂၈၈–စာ၊ ၅ x ၇ လက်မ။ | |
| ရေစက်တို့သည်လည်း တစ်ခါတစ်ရံ မဆုံစည်းသာ | |


www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ဗိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- [illegible] ပညာရည်မြင့်မားရေး။



## (၁)

"ကိုကြီးရေ... ကိုကြီးရေ"

ကမ်းစပ်ဘက် လျှောက်ကာ တက်လာသော "ရန်ပယ်"က ခေါ်သံကြောင့် နောက်ဘက် လှည့်ကြည့်လိုက်ပါသည်။

အလိပ်လိုက် လာနေသော လှိုင်းလုံးကြီးကို ကျော ပေးကာ လက်ကလေးနှစ်ဖက် ဘေးဘက်ဆန့်တန်းထားသော "ဖွေးနုနယ်"က လှိုင်းအလာကို ခေါင်းလေး ငဲ့ကာ ငဲ့ကာကြည့်ရင်း ကျောကပ်ရက်ဆီအရောက် အလိုက်သင့်ခုန်ကာ ပက်လက်လေး မျှောရင်း ရယ်မောသံက ခစ်ခစ်တက်အောင် ဆူညံစီရှင်သွားလေသည်။

ရန်ပယ်က မြင်ကွင်းကို သဘောတကျ ခါးထောက်ရပ်ကြည့်နေရင်း နှုတ်ခမ်းများက အလိုလို ပြုံးနေမိသည်။ လှိုင်း

www.burmeseclassic.com



အကျမှာ ရေထဲ ယက်ကန် ယက်ကန်နှင့် လူးလဲထလာသော နုနယ်က ရယ်မောလိုက်၊ ခြေထောက်ကို တုပ်ဆွဲသောရေကြောင့် ဒူးထောက်ကျသွားလိုက်၊ တစ်ယောက်တည်း ပျော်လို့ မော်လို့ မဆုံးအောင် ပွဲစည်နေသည်။

"နုနယ်"

"နုနယ်...၊ လာခဲ့တော့ နေပူလာပြီ"

"ဟာ... မတက်ချင်သေးဘူး ကိုကြီး... ဆော့ချင်သေးတယ်"

"နေပူနေပြီကွ"

"ကိုကြီးလည်း မသွားနဲ့ဦး၊ နုနယ် မတက်ချင်သေးဘူး"

"တက်ပါတော့၊ ကိုယ်လည်း ဗိုက်ဆာလာပြီကွ၊ လာပါ... လိမ္မာပါတယ်၊ နေပြင်းလာတော့ မင်းအသားတွေ မည်းပြာကုန်တော့မယ်"

"ဟင်... မမည်းပါဘူး၊ နုနယ် ဆန်းဘလော့ခ်ရော ဟိတ်ပရိုတက်တာရော လိမ်းထားပါတယ်"

"ဘယ်လောက်လိမ်းလိမ်း သူကာကွယ်နိုင်သလောက်ပဲ ကာကွယ်တာလေ၊ လာတော့၊ အသားတွေ မည်းသွားရင် မချစ်တော့ဘူး"





ပေသုံးဆယ်လောက် အကွာအဝေးကပင် နုနယ်ရဲ့ နှုတ်ခမ်းလေး စူခနဲ ထော်လန်သွားတာ အတိုင်းသား မြင်ရတာမို့ ရန်ပယ်က ချစ်စနိုး ပြုံးလိုက်မိကာ သူ့လက်တစ်ဖက်ကို နုနယ်ဘက် ဆန့်တန်းရင်း လက်ယပ်ခေါ်လိုက်ပါသည်။

ရေထဲကနေ ဖွပ်ခနဲ ဖွပ်ခနဲ ရေစင်အောင် ခြေကို ဆောင့်ကာ ကမ်းခြေပေါ် လျှောက်လာသော နုနယ်က အနားနီးလျှင် အပြေးလေးနှင့် ရန်ပယ့်ရင်ခွင်ထဲ ရင်ချင်းကပ် တိုးဖက်လိုက်ကာ ရန်ပယ့်ကျောဘက်မှာ သူ့လက်လေးနှစ်ဖက်ကို ဆက်ချိတ်ထားလိုက်ရင်း...

"ကိုကြီး... နုနယ်ကိုချစ်တာ အသားဖြူလို့လား...၊ ဟုတ်လား"

"ဟား... ဟား... ဟား..."

"ပြောလေ... ပြောလေ..."

"ဒါပေါ့... ဟင်း ဟင်း ဟင်း..."

"အဲဒါ ကိုကြီးအချစ် မစစ်တာပေါ့၊ နှင်းမြတို့ကတော့ ပြောသား၊ ကိုကြီးက နင့်လို မလောက်လေးမလောက်စားကို ဘာတွေမျက်စိလည် လမ်းမှားပြီး လာကြိုက်မှန်းကို တွေးမရဘူးတဲ့... ဟွန်း"

ရန်ပယ်က နုနယ်ရဲ့ပခုံးလေးတစ်ဖက်ကို ဖက်ကာ ဘန်ဂလိုတွေ ရှိရာဘက် ဖြည်းဖြည်းဆွဲခေါ်လျှောက်ခဲ့ရင်း နုနယ်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ရေစိုနေသော ငယ်ထိပ်ဆံပင်လေးတွေ တစ်ချက်ငုံ၍ ရှိုက်နမ်းလိုက်ပါသည်။ နုနယ်က ဆောတိုက်ကပင် ရန်ပယ့် ခါးပတ်လည်ကို မရမက လက်ချိတ်ဆက်ကာ လိမ်ဖယ်ဖယ်ဖက်ပြီး လိုက်လျှောက်လာရင်းက…

"နေခြည်ကလည်းပြောတယ်၊ ကိုကြီးက သူ့အသက်ကြီးလာလို့ အိမ်ထောင်ပြုသင့်ပြီဆိုတဲ့ အရွယ်ရောက်နေပြီမို့လို့ အနားအနီးက တကယ့် ကလေးနဲ့ မစင်သေးတဲ့ အပျိုစင် အဖြူစင်ဆုံးလေးကိုရွေးပြီး လက်ထပ်လိုက်တာနေမယ်တဲ့"

"ဟင်း ဟင်း… အဲဒါ သူတို့မနာလိုလို့ ပြောတာနေမှာပေါ့ နုနယ်ရဲ့"

"နုနယ်က ပြန်ပြောလိုက်ပါတယ်၊ ကိုကြီး ငါ့ကို ဘယ်လောက်ချစ်လဲ နင်တို့မှ မသိတာ… လို့"

"အင်း…"

"ကိုကြီးက ငါ့ခြေဖဝါးကိုတောင် သူ့လက်နဲ့ဆုပ်ပြီးတော့ ခြေဖဝါးအခွက်လေးကို လက်မနဲ့ ဖိဖိပြီး နှိပ်ပေးတာလို့"

"ဟား ဟား ဟား… ညည်းတို့ချင်း ပြောတဲ့စကားတွေကလည်း"





"ဟုတ်တယ်လေ… ဘာဖြစ်လဲ၊ ဟုတ်လို့ပြောတာပဲဟာ၊ ပြီးတော့ ငါ့ကို လက်သည်းလေးတွေ ကိုယ်တိုင်ညှပ်ပေးပြီးရင် လက်သည်းညီညီညာညာ လက်ထိပ်ကလေးတွေကို သေချာကြည့်ပြီး နမ်းပြီးမှ လွှတ်ပေးလိုက်တာ… လို့"

"ဟား… ဘာတွေ လျှောက်ပြောနေကြမှန်း မသိဘူး၊ မင်းတို့ကောင်တွေ၊ ဒါတွေ လျှောက်ပြောစရာလား နုနယ်ရဲ့"

"ပြောမှာပဲ၊ ဒါတောင် သူတို့က မယုံပါဘူးတဲ့၊ ကိုကြီးလို အချိန်ပြည့် မျက်နှာခပ်တည်တည်ကြီးနဲ့ ပြုံးတာတောင် မြင်ဖို့ခက်တဲ့ နာမည်ကျော် သမားတော်ကြီးက ဒါမျိုးတွေ လုပ်မယ်မထင်ပါဘူးတဲ့၊ နင် ကြွားပြီးလျှောက်ပြောနေတာတဲ့၊ နုနယ်က ပြောလိုက်တယ်၊ ကိုကြီးက တစ်လောကလုံးနဲ့ မပြုံးရင်နေမယ်၊ ငါနဲ့ဆို အမြဲပြုံးပြီး ရယ်နေတာလို့၊ ကိုကြီးကိုများ မပြုံးတတ်ဘူး ထင်နေကြတယ်၊ နောက်တစ်ခါ သူတို့နဲ့တွေ့ရင် တစ်ခါလောက် ပြုံးပြလိုက်ပါ ကိုကြီးရယ်"

"ဟင်း ဟင်း ဟင်း…"

ရန်ပယ့်အဖို့ ကလေးဆန်လှတဲ့ ဖွေးနုနယ်ရဲ့အပြောအဆို အပြုအမူလေးတွေဟာ အမြဲ ချစ်စနိုး ပြုံးရယ်ချင်စရာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေပါသည်။ ကလေးတစ်ယောက်နယ် ဖြူစင်လွန်းသော နုနယ်ကို သူ ချစ်ပါသည်။ မြတ်နိုးပါသည်။ တကယ်တော့ နုနယ်ကိုချစ် မိမှပင် မိန်းမတွေဆိုလျှင် ကင်းကင်းကွာကွာနေတတ်ပြီး အရော မဝင်ချင် အပြစ်မြင်တဲ့ သူ့ရဲ့စိတ်တွေ တစ်မျိုးတစ်ဖုံ ပြောင်းလဲ ခဲ့ရတာပါ။

ကမ်းခြေသဲပြင်ဖြူဖြူတွေကနေ ဘန်ဂလိုတွေဘက် ဖြည်းဖြည်းလေး လျှောက်လာတဲ့ သူတို့ရဲ့ရှေ့ ဟိုးခပ်လှမ်းလှမ်း ဘန်ဂလိုရှေ့ ကျောက်ခင်းလျှောက်လမ်းလေးပေါ် နုနယ်ကလှမ်း မျှော်ကြည့်ရင်း...

"ဟွန်း... ဟိုမှာကြည့်ပါဦး၊ မုန်းစရာကြီး"

သဲတွေကိုသာ ငုံ့ကြည့်လျှောက်လာမိတဲ့ ရန်ပယ်က နုနယ် မေးကလေးထိုးကာ ညွှန်လိုက်တဲ့နေရာဆီ ဖျတ်ခနဲလှမ်း ကြည့်လိုက်မိပါသည်။ ရှေ့ကအမျိုးသမီးတစ်ယောက်ကို နောက်က အမျိုးသားတစ်ယောက်က ထီးမိုးပေးကာ ရှေ့ဆင့် နောက်ဆင့် လျှောက်သွားတဲ့ မြင်ကွင်းပင်။

"ဘာဖြစ်လို့လဲ နုနယ်ရဲ့၊ သူလည်း ကိုယ့်လိုပဲ သူ့မိန်းမ သူ ချစ်လို့နေမှာပေါ့"

"ဟာ... ကိုကြီးကလည်းနော်၊ ကိုကြီးလို ပညာတွေသိပ် တော်၊ စာတွေသိပ်တတ်၊ အလုပ်တွေ သိပ်ကြိုးစားတဲ့လူ





တွေဟာ ပတ်ဝန်းကျင် လေ့လာမှုတို့ ပတ်ဝန်းကျင်နဲ့ ဆက်သွယ်မှုတို့မှာ ညံ့ဖျင်းသွားတယ်ဆိုတာ ဟုတ်မှာပဲ၊ ကိုယ့်အာရုံပဲ ကိုယ်သိတော့တာမျိုး၊ ကိုယ်သန်ရာ သန်ရာ မှာပဲ တော်တော့တာမျိုး"

"ဘာဖြစ်လို့လဲ"

"အဲဒါ လင်မယား လုံးဝမဖြစ်နိုင်ပါဘူး ကိုကြီးရဲ့၊ လင် မယားချင်း ယောကျ်ားက ကိုယ့်မိန်းမကိုယ် ထီးကလေး ဆောင်းမိုးပေးတယ်ဆိုတာ သိပ်ကြည်နူးဖို့ ကောင်းတာမျိုး၊ ကြည့်လိုက်တာနဲ့ကို ကြင်နာတဲ့ ဂရုစိုက်တဲ့ ပုံစံလေးက ပေါ်လွင်နေမှာလေ၊ အခုဟာက အနောက်ကလူက သူ့ ယောကျ်ား သူ့ချစ်သူ မဖြစ်နိုင်ပါဘူး၊ သူဌေးမကို ထီးမိုး ပေးရတဲ့ ထီးတော်မိုးပါ"

နုနယ်ရဲ့စကားကို ရန်ပယ်က မငြင်းနိုင်ပါ။ ဖြစ်နိုင် ချေရှိပါသည်။ တဖြည်းဖြည်းနှင့် ရန်ပယ်တို့စုံတွဲဟာ ဘန်ဂလို တွေဘက် နီးကပ်လာသလို သူဌေးမနှင့် ထီးတော်မိုးတို့ဟာလည်း စားလွယ်ခုတ် ညာဘက်ယွန်းယွန်း နေရာလောက်မှ ကန့်လန့် ဖြတ်ပုံစံ လျှောက်လာသည်ဖြစ် တစ်နေရာ တစ်ချိန်မှာတော့ သူ တို့နှစ်စု နေရာတစ်ခုမှာ ဖြတ်သန်းဆုံစည်းမိကြဖို့ အနေအထား ပင်။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဝိုင်းပြားပြား နေကာမျက်မှန်ကြီး မျက်နှာပြည့် လုတပ်ထားသော အမျိုးသမီးသည် အဝါနှင့် လိမ္မော်တောက်တောက် အဆင်ရှုပ်ရှုပ် အောက်နားစ တဖျပ်ဖျပ်လွင့်ဝဲနေသော ဂါဝန်ရှည် ပေါ်တွင် ပန်းဆီတောက်တောက် ရှပ်အင်္ကျီပုံစံ ပါးလျလျ အင်္ကျီ ပွပွကြီးကြီးကို ထပ်ရုံ ထပ်ဝတ်ထားတာဖြစ်ရာ သူမရဲ့ဂါဝန်စရော အပေါ်အင်္ကျီစရော ကျောလယ်လောက် သူမရဲ့ဆံနွယ်တွေရော ဟာ ကမ်းခြေဘက်ကတိုက်နေတဲ့ လေပြင်းပြင်း အရှိန်နှင့် ဖျပ်ဖျပ်ခါ လွန့်လူးဝဲလွင့်နေလေသည်။

"လှတယ်နော်"

"………"

"သူ့ပုံစံက မင်းသမီး ကျနေတာပဲ၊ ဆယ်လီဘရိတီပုံ ထွက်နေတယ်"

"………"

"ကိုကြီး… နုနယ်ကို သူ့မျက်မှန်မျိုး ဝယ်ပေးပါ၊ အဲဒါ Marc Jacobs လေ… မိုက်တယ်နော်"

"………"

"သိလားလို့…"

သူတို့နှစ်စုရဲ့ ထောင့်ချိုးအကွာအဝေးဟာ လေး,ငါး ပေမျှသာ ကျန်ပါတော့သည်။ ရန်ပယ်ရဲ့မျက်ဝန်းများဟာ သူမ





ထံမှာ စူးစိုက်ကျရောက်နေလျက်ရှိပြီး သူမက မလှမ်းမကမ်းက ရန်ပယ်တို့စုံတွဲဆီသို့ အမှတ်တမဲ့ပုံစံ ဖျတ်ခနဲ လှမ်းကြည့်လာသည်။

အမှတ်တမဲ့ အကြည့်ဟာ ရုပ်သိမ်းမလိုနှင့် မရုပ်သိမ်းသွားပဲ လမ်းလျှောက်နေရင်းကပင် သူမရဲ့လက်ချောင်းများက နေကာမျက်မှန်ကို နဖူးအထက်ဆံစတွေပေါ် ပင့်တင်လိုက်ပါသည်။ နေကာမျက်မှန်အောက်က ကြီးမားရွှန်းစို တောက်ပနေတဲ့ မျက်ဝန်းအိမ် မည်းနက်နက်ဟာ လှပလွန်းသလောက် အေးတိအေးစက် ဆန်လှသည့်ကြားက အရိပ်အယောင်တစ်ခု ဖျတ်ခနဲ ပြေးသွားခဲ့သလိုပင်။

ရန်ပယ့်ကို စူးစိုက်ကြည့်ရာမှ မျက်တောင်တစ်ခတ်နှင့်အတူ အကြည့်က နုနယ်ထံ ပြောင်းရွှေ့သွားပါသည်။ အဲဒီနောက်တစ်ဖန် ရန်ပယ့်ထံ တစ်ချက်ထပ်ကြည့်ရင်းက သူမရဲ့ ခြေလှမ်းတို့ကတော့ အလျှောက်မပျက် ဆက်လက်ထွက်ခွာသွားလေသည်။

နုနယ်က ရန်ပယ့်ကို ဖျတ်ခနဲ တစ်ချက်မော့ကြည့်လိုက်သည်။

"ကိုကြီး"

"………"



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့ ကိုကြီးနဲ့ သိလား"

"အင်... ဟင့်အင်း..."

"တကယ်မသိဘူးလား၊ သူ့ရဲ့အကြည့်က ကိုကြီးတို့ နုနယ်တို့ကို သိနေတယ်လို့ ထင်ရတယ်နော်"

"ဟုတ်လား"

"ဟုတ်တယ်ဆို... ကိုကြီး မိတ်ဆွေဟောင်း မဟုတ်ဘူးလား"

"မဟုတ်ပါဘူး..."

ရန်ပယ်က နုနယ် ပခုံးလေးကို တစ်ချက်ဖျစ်ညှစ်လိုက်ရင်း သူတို့ရဲ့ဘန်ဂလိုတံခါးကိုဖွင့်ကာ ဝင်လိုက်ပါသည်။

✤ ✤ ✤





(၂)

"ကိုကြီး ရေထဲဆင်းစို့... လာကွာ၊ အဲဒီစာအုပ်ကြီး ဖတ်မနေနဲ့တော့"

နေ့ခင်း တရေးတမော နပ်နေရာမှ ထ,လာကာ နုနယ်က ရေခဲသတ္တာလေးထဲမှ ကုတ်ခ်တစ်ဘူးဖောက်ကာ မော့သောက်ရင်း ရန်ပယ့်အနား ကပ်လာသည်။

"နေတွေပူနေတုန်းဟာ နုနယ်ရယ်"

"အာ... သုံးနာရီတောင် ခွဲပြီးပြီကို၊ ဒီအချိန် မဆင်းရင် ဘယ်အချိန် ဆင်းမှာလဲလို့"

"........."

"လာပါတော့ဆို... ကိုကြီးနော်၊ ဟန်းနီးမွန်းထွက်တာကို စာအုပ်ကြီးတွေ ထည့်ယူလာကတည်းက မုန်းလှပြီ၊ မနက်



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက စာပဲဖတ်နေတယ်၊ မနက်ကလည်း ရေထဲမဆင်းဘူး"

နနယ် မျက်နှာလေးက ရှုပုပ်ကာ နှုတ်ခမ်းကထုံးစံအတိုင်း စူထော်လာသည်။

"ဟိုဘက်ဘန်ဂလိုက ကောင်မလေးတွေနဲ့ နနယ် ခင်နေပြီပဲ၊ သူတို့နဲ့ အဖော်စပ်ပြီး သွားလိုက်တော့နော်၊ ကိုကြီး မလိုက်တော့ဘူး"

"ဟာ… ကိုကြီးကကွာ၊ ဘာမှန်းမသိဘူး၊ အော်ငိုလိုက်မှာနော်၊ တကယ်ပဲ"

"ကိုယ် သိပ်နေမကောင်းလို့ပါ နနယ်ရယ်"

"ဟင်… တကယ်လား၊ ဘာဖြစ်လို့လဲ"

"တကယ်ပါ… ကိုယ်ဖျားချင်သလိုလိုလည်း ဖြစ်နေတယ်၊ ဆေးတောင်သောက်ထားတယ်၊ အခု ခေါင်းလည်းကိုက်နေတယ်၊ ဒီနေ့ထဲမှာ ရေထဲဆင်းလိုက်ရင် ကိုယ် တကယ်ဖျားသွားလိမ့်မယ် နနယ်ရဲ့"

နနယ်က မကျေမချမ်း မျက်နှာလေးနှင့် ရန်ပယ့်နဖူးကို သူ့လက်ဖဝါးလေးနှင့် လှမ်းစမ်းလိုက်ပါသည်။ သိပ်တော့ ပူမနေပေမယ့် အသားက နွေးတေးတေး ဖြစ်နေသားလို့လည်း ထင်သည်။





"ကိုကြီးကလည်း ဆရာဝန်ကြီး လုပ်နေပြီး သိပ်နုတာပဲ"

ရန်ပယ်က တဟင်းဟင်း ရယ်လိုက်မိရင်း…

"ဆရာဝန်လည်း သွေးနဲ့ကိုယ် သားနဲ့ကိုယ်ပဲလေ နနယ်ရဲ့၊ နေမကောင်းဖြစ်တာ ဘာတတ်နိုင်မှာလဲ၊ ဟိုဘက်က ကောင်မလေးတွေနဲ့ သွားလိုက်နော်… လိမ္မာပါတယ်၊ နေလည်းကျရင် ကိုယ်လည်း ခေါင်းကိုက်တာ သက်သာရင် ထွက်လာခဲ့မယ်… နော်"

"ပြီးရော"

နနယ်က ရေထဲဆင်းဖို့ အဝတ်အစား လဲလှယ်နေပါသည်။ အသားကပ်ဘောင်းဘီ တိုပြတ်ပြတ် အနက်ရောင်ကလေးမှ လွတ်ပေါ်နေသော ပေါင်တံ ခြေသလုံးလေးတွေ ဝင်းမွတ်ဖြူနေတဲ့ နနယ်အသွင်သဏ္ဌာန်လေးက သူ့နာမည်ကလေးနှင့် လိုက်ဖက်လှပါသည်။

လှပနုစက်နေသော အသားအရေ၏ ကောင်းခြင်းက နနယ်အလှ၏ အားအသာဆုံး အချက်ပင်။ ပါးကလေးများသည် ဝင်းမွတ်ဝင်းဆွတ်ကာ နေပူထဲထွက်လျှင် သွေးရောင်လျှမ်းတက်လာတတ်သည်။ ချောတယ် လှတယ် ဆိုတာထက် ချစ်စရာကောင်းသူတဲ့ ဖွေးနနယ်သည် အခုမှ အသက်ကလေးက နှစ်ဆယ့်နှစ်ကျော်စ နှစ်ဆယ့်သုံးဝင်စ။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ဘက်က ဖက်ဖူးစိမ်းရောင် ရင်ပြတ်ကိုယ်ကျပ် အတိုကလေးဝတ်ကာ အဝတ်လွတ်နေတဲ့ အသားတွေကို နေရောင် ခံခရင်မ်လူးပြီးလျှင် နုနယ်က ရန်ပယ့်ပါးပြင်ကို ရှုပ်ခနဲတစ်ချက် နမ်းမွှေးလျက် ...

"သွားပြီ ကိုကြီး... လိုက်ခဲ့နော်"

"အိုခေ... အိုခေ"

နုနယ်က ဘန်ဂလိုရှေ့ ကျောက်ပြားလမ်းကလေး ကို ပြေးလွှားခုန်ပေါက် ကျော်ဖြတ်ကာ ကမ်းခြေဆီ ဆင်းလာခဲ့ ပါသည်။ ဟိုတယ်ဘန်ဂလိုတွေရဲ့ ဟိုးရှေ့တည့်တည့်လောက်ကျ တဲ့ ရေပြင်မှာ ဟိုဘက်ဘန်ဂလိုတွေက အုပ်စုလိုက်လာကြတဲ့ ကောင်မလေးအုပ်စု ရှိနေပြီ။ ထိုအုပ်စုထဲက ကောင်မလေးတစ် ယောက်သည် ကိုကြီးပေးရှဲ့ငှတစ်ဦးရဲ့ သမီးဖြစ်၍ ရောက်ကတည်း က ကိုကြီးနှင့် နုနယ်ကို လာရောက်မိတ်ဆက် နှုတ်ဆက်ကာ နုနယ်နှင့်လည်း ချက်ချင်းလက်ငင်း အဖွဲ့ကျသွားတာဖြစ်၍ နုနယ် က သူတို့အုပ်စုဆီသို့ ရွှင်ရွှင်မြူးမြူး ဦးတည်ပြေးသွားလိုက်ပါ သည်။

ဟော...။

ကမ်းခြေမှာ မနေ့က အမျိုးသမီးပါလား။ ဒီအမျိုး သမီးတို့ကတော့ ထီးတော်မိုးမပါလျှင် လမ်းမလျှောက်တတ်ဘူး





ထင်သည်။ ဟိုးမနက်စောစောတုန်းက ဘူဖေးဘရိတ်ဖတ်စ်စား ကြတဲ့နေရာမှာ ခပ်လှမ်းလှမ်း စာပွဲတစ်လုံး၌ သူမတစ်ယောက် တည်း ထိုင်စားနေတာ နုနယ် လှမ်းမြင်ခဲ့သေးသည်။ အဲဒီတုန်း ကလည်း သူမက နုနယ်နှင့် ကိုကြီးကို လှမ်းကြည့်ပါသေးသည်။ နုနယ်က ကိုကြီးကို လှည့်အကဲခတ်ကြည့်လျှင် ကိုကြီးက သိပုံ မြင်ပုံမရ သူ့အာရုံနှင့်သူသာ ရှိနေ၍ နုနယ်လည်း ဂရုစိုက်မနေ မိတော့ဘဲ မေ့မေ့ပျောက်ပျောက်သာ။

ကမ်းခြေအလျားလိုက်မှာ အေးအေးလူလူ လမ်း လျှောက်နေသော အဖြူရောင်ဝတ်စုံနှင့် သူမကို လှည့်ကြည့် လှည့်ကြည့်လုပ်ရင်း ပြေးလာသော နုနယ်သည် ရုတ်တရက် မထင်မှတ်ဘဲ ခြေအကျ အထာမကျ ခွင်ကာစောင်းကာ သဲပြင် ပေါ် ခွေခနဲချော်လဲကျသွားပါသည်။

ကျွတ်...။

ရေစပ်နှင့်နီးနေကာ ရေထဲကလူတချို့ပါ လှမ်းမြင် နိုင်သွားတာဖြစ်၍ နုနယ် ခပ်ရှက်ရှက်နှင့် ချက်ချင်းမထဖြစ်ဘဲ ဆေါင်တွေ ခြေသလုံးတွေမှာ ကပ်ငြိသွားသော သဲမှုန်တို့ကို လက်ဖျားလေးနှင့် တဖျပ်ဖျပ် ပွတ်ခါဖယ်ချနေမိသည်။ ချော်လဲ ရောထိုင်ပေါ့။

"ကျော်လင်းနိုင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်… မမ"

"ဟိုရှေ့က ကောင်မလေး မထနိုင်ဘူးလား မသိဘူး၊ ချော်လဲသွားတာ၊ သွားကူညီလိုက်ပါဦး"

"ဟုတ်"

"ပွင့်ဦးလှ"က ကျော်လင်းနိုင် လက်ထဲက ထီးကြီးကို လက်ပြောင်းယူလိုက်ပါသည်။ ကျော်လင်းနိုင်က ကမ်းခြေသဲပြင်ပေါ် ဖင်ထိုင်ချလျက်သားလေး ရှိနေသော ကောင်မလေးထံ ခြေလှမ်းကျဲနှင့် လျှောက်သွားလိုက်ကာ အနားရောက်လျှင် ဒူးနှစ်ဖက်ပေါ် လက်ထောက်ခါးကိုင်းကာ…

"ရရဲ့လားဗျ၊ မထနိုင်ဘူးလား"

"ရှင်"

"ဩော်… ညီမ လဲကျသွားတာ တွေ့လို့လေ၊ မထနိုင်ဘူးလားလို့ပါ။ ဘာကူညီပေးရမလဲ"

နနယ်က လာငုံ့မေးတဲ့သူကို တစ်လှည့်ဖြည်းဖြည်းချင်း နီးကပ်လာသော အမျိုးသမီးထံ တစ်လှည့်ကြည့်လိုက်မိရင်း…

"ကိစ္စမရှိပါဘူးရှင့်… ရပါတယ်"

"ထနိုင်ရဲ့လားခင်ဗျ"

"ထနိုင်ပါတယ်"





ဒီလူဟာ ထီးတော်မိုးပဲ။ ထီးတော်မိုးကလည်း ခပ်ချောချောနှင့် သားနားသား။ ဖြူဖြူသန့်သန့် ပါးမြိုင်းမွေးရိပ်ရိပ်နှင့် မိန်းမတစ်ယောက်ကို ထီးမိုးပေးနေရပေမယ့် သူ့အသွင်က ဂျိမ်းစဘွန်းကားထဲက ရန်သူ့ညာလက်ရုံးလို ပုံစံမျိုးပေါက်နေသည်။ အဲဒီတုန်း အမျိုးသမီးက သူတို့အနားရောက်လာပါသည်။ နနယ်ကမော့အကြည့် သူမကငုံ့အကြည့် အကြည့်နှစ်ခုတို့က တစ်ခဏဆုံတွေ့နေလေသည်။ ဘာကြောင့်မှန်းမသိ သူမကို နနယ် မြင်မြင်ချင်း မေတ္တာမသက်ဝင်ပါ။ သူမရဲ့မျက်နှာထား၊ သူမရဲ့အကြည့်တို့က ဆရာကြီးဆန်ဆန် အစီးတစ်နေရာက လာသလိုပင်။

"ရရဲ့လား"

မေးလိုက်တဲ့ သူမရဲ့အသံက ချိုသြသြ ဖြစ်သည်။ နွဲ့ခြင်းမရှိ။ ဘာပဲဖြစ်ဖြစ် ကိုယ့်ကို အကူအညီ လာပေးဖို့ ရည်ရွယ်ကြတာဖြစ်၍ နနယ်က ပြုံးပြလိုက်ရင်း…

"ဟုတ်… ရပါတယ်"

"မထနိုင်လို့လားလို့"

"ထနိုင်ပါတယ်"

"တကယ် ထနိုင်ရဲ့လား"

ပွင့်ဦးလှက လက်ထဲကထီးကို ကျော်လင်းနိုင်ထံ ပြန်ပေးလိုက်ကာ သူမရဲ့လက်တစ်ဖက်ကို နနယ်ထံ ကမ်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုလက်များက သွယ်၍ရှည်လျားသည်။ ဖျတ်ခနဲ မြင်ရုံနှင့် သူမရဲ့လက်သည်းများသည် နေ့စဉ်မဟုတ်တောင် ရက်ခြားတော့ ကျွမ်းကျင်သူနှင့် သန့်ရှင်းပုံသွင်းထားတာ သိသာလွန်းလေသည်။

နနယ်သည် ထိုလက်ကို ကမ်းချင်စိတ် မပေါက်ပေ။ ဒါပေမဲ့ ယဉ်ကျေးမှုဆိုတာက ရှိပါသေးသည်။ လက်ဖဝါးနှစ်ဖက်ကို ပုတ်ခတ်ကာ သဲခါပြီးမှ လက်တစ်ဖက်ကို သူမလက်ထဲထည့်ကာ အားပြုဆုပ်ဆွဲ ထရပ်လိုက်ပါသည်။

သူမလက်များက မြဲမြံခွန်အားရှိလှသော်လည်း အေးစက်နေသည်။

"ထနိုင်ပါတယ်၊ ချော်လဲလိုက်တော့ ရှက်သွားတာနဲ့ ချက်ချင်းမထဘဲ ဆက်ထိုင်နေတာပါ... အဟဲ"

နနယ်က လက်နှစ်ဖက်နှင့် တင်ပါးဘက်ကသဲတွေ ပုတ်ခါချနေရင်း...

"တကယ်တော့ နနယ်က အစ်မကိုလှမ်းကြည့်ရင်း အငမ်းလွန်သွားလို့ ချော်လဲသွားတာပါ... အဟင်းဟင်း၊ အစ်မက လှလို့လေ"

"ဩော်... အဲလိုလား"





"ဟုတ်...၊ လှတာရော ပြီးတော့ ဟိုလေ... ထီးတော်မိုးနဲ့ တွေ့တွေ့နေရတော့ ထူးဆန်းသလို ဖြစ်နေလို့ စူးစမ်းရင်း စပ်စုရင်း ဆိုသလိုပေါ့၊ အဲသလို ကြည့်မိတာ... အဟင်း"

ပွင့်ဦးလှက မိန်းကလေးကို ကြည့်နေရာက တစ်ချက်ပြုံးလိုက်မိပါသည်။ အသက်လေးလည်း ငယ်သေးတာပဲ။ ပြီးတော့ စိတ်ထဲရှိသလို ပြောချင်သလိုလည်း ပြောဆိုတတ်တာပဲ။ ဘယ်လိုပင်ဖြစ်စေ သူကလေး ဝတ်စားထားပုံနှင့် ဖြူဖြူဥဥ သူမပုံစံလေးက ခေတ်မီမီ တက်ကြွကြွနှင့် သဘောကျစရာကောင်းလှပါသည်။

"နာမည် ဘယ်လိုခေါ်လဲ"

"ဖွေးနနယ်ပါ"

"ဖွေးနနယ်တဲ့လား၊ လူနဲ့နာမည်နဲ့ လိုက်ဖက်တယ်"

"ဟုတ်... အစ်မနာမည်ကရော"

"တို့နာမည်က ပွင့်ဦးလှပါ"

"ဟင်... နာမည်လေးက ကဗျာဆန်တယ်နော်"

ပွင့်ဦးလှက ပြုံးလိုက်ရင်း...

"အမျိုးသား မပါဘူးလား"

သူမမေးပုံက တရင်းတနှီး ဆန်သလိုပဲလို့ နနယ်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး စာဖတ်နေလို့ပါ"

"သြော်..."

နနယ်က သူမထံ တည့်တည့်အကဲခတ်ကြည့်ရင်း...

"အစ်မရော... ဒီကို တစ်ယောက်တည်း လာတာလား"

"အင်း... မိသားစုတော့ မပါဘူးပေါ့၊ အဖော်တွေတော့ ပါတယ်၊ ကျော်လင်းနိုင်တို့... မမျိုးတို့နဲ့ပေါ့"

သူမပြောနေပုံမှာ ကျော်လင်းနိုင်တို့ မမျိုးတို့ ဆိုသူတွေဟာ နနယ်နှင့် ဟိုအရင်ကပဲ သိကျွမ်းပြီးသားတွေလိုလို။ မိတ်ဆက်ခြင်းမပါဘဲ သိထားပြီးသူတွေလို၊ သိထားပြီးသင့်သူတွေလို ပြောဆိုပုံမှာ အပိုင်အနိုင်နှင့် ထူးခြားဆန်းကြယ်သော လွှမ်းမိုးစိုးပိုးမှုတစ်မျိုးကို ဖြစ်ပေါ်စေသည်ဟု နနယ် ခံစားရလေသည်။

စကားပြောနေရခြင်း၌ နနယ် မနှစ်သက်တော့ကာ ရေပြင်ဘက် မေးလေးဆတ်ပြရင်း...

"ရေထဲဆင်းလိုက်ပါဦးမယ်"

ပွင့်ဦးလှက ခေါင်းတစ်ချက် ညိတ်ပြပါသည်။ နနယ်က ရေဘက်ဆက်ဆင်းလာကာ ခြေဖမိုးကို လာရောက်ရိုက်ခတ်သော ရေလှိုင်းနုနုကလေးတစ်ခုနှင့် အထိတွင် ခြေစုံရပ်ပြီး နောက်ဘက်လှည့်ကြည့်လိုက်သည်။ ပွင့်ဦးလှက ဆက်မထွက်သွားသေးပါ။ နနယ်ကို ရပ်ကြည့်နေသည်။





"ဒါနဲ့... နနယ်ကို... ဒါမှမဟုတ် ကိုကြီးကို ဟိုအရင်ကတည်းက အစ်မ သိခဲ့ဖူးတာမျိုး ရှိလားဟင်၊ မေးကြည့်တာပါ"

ပွင့်ဦးလှက တစ်ခဏ မဖြေသေးဘဲ ငြိမ်နေပြီးမှ ခေါင်းအသာညိတ်ပါသည်။

"အင်း... သိတယ်၊ ညီမရဲ့အမျိုးသားက ဆရာဝန်ကြီး ဒေါက်တာရန်ပယ် မဟုတ်လား သိပါတယ်"

နနယ်က ခေါင်းလေးတစ်ချက် ဝေဝေဝါးဝါး ညိတ်လိုက်မိသည်။ သူသိတာဟာ လူချင်းသိတာလား လူသိများတဲ့ ဆရာဝန်ကြီးမို့ သိတာလား မကွဲပြားသော အဖြေဖြစ်သည်။ နနယ်က ခေါင်းလေးသုံးလေးချက် ဆက်တိုက်ညိတ်ပြလိုက်ရင်း ရေဘက်ပြန်လှည့်ကာ အပြေးဆင်းလာခဲ့လိုက်ပါသည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



(၃)

ရေကူးကန်ရဲ့ထိပ်တစ်ဖက်မှာ ရပ်ရင်း Pool bar မှာ မှာထားသော ရိန်းဘိုးကောက်တေးလ် ဖန်ခွက်လေးကို လက်ကကိုင်ကာ ပင်လယ်ဘက် ရပ်ငေးနေသော ရန်ပယ်သည် မိမိရဲ့နံဘေး ဆယ်ပေမရှိလောက်တဲ့ နေရာလောက်မှာ တစ်စုံတစ်ယောက်လာရပ်လိုက်တာကိုသိကာ အမှတ်တမဲ့ လှည့်ကြည့်လိုက်မိပါသည်။

သွေးလှည့်ပတ်နေခြင်း ရပ်ဆိုင်းသွားသလို လူကအသိလွှတ်မဲ့ တောင့်တင်းသွားလျှက် ရုတ်တရက်ချက်ချင်း အကြည့်ကို ပြန်မသိမ်းလိုက်နိုင်ခင်တွင် တစ်ဖက်က သူ့ကို နှုတ်ခမ်းမဖွင့်ဘဲ ပြုံးပြလိုက်တဲ့အတွက် ရန်ပယ့် မျက်နှာက ပိုပြီးအေးစက်သွားလေသည်။





"နေကောင်းလား ရန်ပယ်"

"... ... ..."

ချိုသြသြနှင့် အမြဲပဲ နုနွဲ့ခြင်း ကင်းတတ်သော လေသံက ထုံးစံအတိုင်း တစ်သက်လုံး ဆရာမကြီးနေရာက ဆင်းဖယ်ပေးမည့်ပုံမရ။ ရန်ပယ်က စိတ်ပျက်သွားကာ မျက်နှာပေါ်က အေးစက်တင်းမာခြင်းကတော့ ပိုတိုးလာပါသည်။ အတော်မျက်နှာပြောင်တဲ့မိန်းမ။ ဘာကြောင့်များ သူ့ကို စကားရောဖွဲ့ရော စကားလာစရသနည်း။

ပွင့်ဦးလှက သက်ပြင်းလေးတစ်ချက် ဖြည်းဖြည်းချကာ ခေါင်းကလေးတစ်ချက် ယမ်းလိုက်ရင်း...

"သာမန်နှုတ်ဆက်စကားလေးလောက်ကိုတောင် ပြန်မဖြေနိုင်တော့ပါလား"

"ဒီမှာ ဒေါ်ပွင့်ဦးလှ၊ ခင်ဗျား ဘာအတွက် ကျွန်တော့်ကို စကားလာပြောနေတာလဲ"

"ဘာအတွက်မှ မဟုတ်ပါဘူးလေ၊ ဒီလိုပဲ သိဟောင်းကျွမ်းဟောင်းတွေ့လို့ ဘာရယ်မဟုတ် ပဋိသန္ဓာရစကားလေး ပြောလိုက်တဲ့ သဘောပဲလေ"

"ခင်ဗျားနဲ့ ကျွန်တော်က သိဟောင်း ကျွမ်းဟောင်းမို့လို့လား"

"ဟင်း ဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ဦးလှက အသာအယာကလေး ရယ်မောကာ သူမလက်ထဲမှ ဟန်နီကမ်ဘီယာပုလင်းသေးလေးကို တစ်ချက်မော့လိုက်ပါသည်။

"နင်ခုချိန်ထိ ငါနဲ့တွေ့ရင် ကလေးစကားတွေ ပြောနေဦးမှာလား ရန်ပယ်၊ လူကြီးဖြစ်နေပြီ မှတ်တာ"

ရန်ပယ့် မျက်လုံးများက မေးစင်းကာ အသက်ရှူနှုန်းကိုပါ မြန်ဆန်လာပါသည်။ မုန်းတီးခြင်းနှင့် ဒေါသဟာ သူ့နှလုံးခုန်နှုန်းကိုပါ မြန်စေသည်။

"ခင်ဗျား ကျွန်တော့်ကို စကားလာပြောဖို့ မကြိုးစားပါနဲ့ ဒေါ်ပွင့်ဦးလှ၊ ခင်ဗျားဘာသာ ခင်ဗျားနေစမ်းပါ"

"အင်း... ငါ့ဘာသာငါ နေနေခဲ့တာပါပဲ၊ ဒီကမ်းခြေမှာလည်း ငါ့ဘာသာ နေနေတာ၊ ဆယ့်တစ်ရက်ရှိပါပြီ၊ နင်တို့က ရောက်လာတာကိုး"

"ခင်ဗျားနဲ့ သိဟောင်းကျွမ်းဟောင်းလည်း မဟုတ်ခဲ့ဘူး၊ ဟုတ်ခဲ့ရင်လည်း ကာလရှည် အမှတ်ရနေလောက်တဲ့ အသိအကျွမ်းမျိုး မဟုတ်ဘူး၊ မှတ်ဉာဏ်ထဲမှာလည်း မရှိဘူး၊ ခေါင်းထဲမှာလည်း မရှိဘူး၊ အဲဒါ သိထားလိုက်"

"မဖြစ်နိုင်ပါဘူး"

"………"





"နင့်ခေါင်းထဲမှာ ငါရယ် ငါနဲ့ပတ်သက်တဲ့ အဖြစ်အပျက်တွေရယ် တောက်လျှောက်ရှိမနေ စွဲမြဲမနေခဲ့ရင် နင် ဒီစကားမျိုးတွေ ဘယ်ပြောနေပါမလဲ ရန်ပယ်"

ပွင့်ဦးလှက ကမ်းခြေဘက် လှည့်ရပ်နေရာမှ ရန်ပယ့်ဘက် တည့်တည့်လှည့်ရပ်လိုက်ပါသည်။

"နင် ခုထိနာကြည်းနေတုန်းပဲကိုး"

"ကျေးဇူးပြုပြီး ခင်ဗျား ဒီနားက ထွက်မသွားနိုင်ဘူးလား"

"ဟင့်အင်း... ထွက်မသွားနိုင်ပါဘူး၊ ငါက စကားလာပြောတဲ့လူလေ၊ နင်က မပြောချင်တဲ့လူဆိုရင် နင်ထွက်သွားရမှာပေါ့"

"ခင်ဗျား..."

"ခုလောက်ဆိုရင်တော့ ဟိုတုန်းက နင် နာကြည်းတယ်ဆိုတာတွေက ပြန်တွေးမိရင် ပြုံးစရာ၊ ငယ်ငယ်က အရူးကွက်တွေလောက်ပဲ ဖြစ်သွားတော့မှာပါလို့ ငါ ထင်ထားတာ ရန်ပယ်၊ လူကြီးဖြစ်လာတဲ့အခါ ဟိုးငယ်ငယ်ဘဝတုန်းက အဖြစ်အပျက်တွေက မှုန်ဝါးတဲ့ဟာ ဝါးသွားတယ်၊ ရေရောလိုက်သလို ကျဲတဲ့ဟာလည်း ကျဲသွားတတ်တယ်၊ ရင့်ကျက်လာမှုကြောင့် ပေါ့တဲ့အရာက ပေါ့ပါးသွားတယ်၊ အဲသလို ဖြစ်နေမယ်ထင်လို့ တို့ စကားလာပြောတာ။"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်တာသာ ဘယ်လိုဖြစ်နေနေ ဖြစ်မနေနေ ခင်ဗျား ဘာမှလာစကားပြောစရာ အကြောင်းကို မရှိတာ"

"ငါပြောချင်ရင် လာပြောမှာပေါ့၊ ငါ့ကို ဘယ်သူက တားလို့ရလို့လဲ ရန်ပယ်၊ ငါ့စိတ်နဲ့ ငါ့ကိုယ်ပါ"

ပွင့်ဦးလှသည် နှုတ်ခမ်းကလေး မသိမသာမဲ့ကာ ပြောမိရင်းက ရင်ဘတ်ထဲက အောင့်ကျိန်းလာပါသည်။ အဲဒီဝေဒနာဟာ တဖြည်းဖြည်းချင်း တိုးလာကာ မျက်စိတို့ပင် ပြာဝါးချင်သလို ဖြစ်လာသည်။ ပွင့်ဦးလှ တကယ်ပဲ ထင်မှတ်ခဲ့ပါသည်။ ခုချိန်လောက်မှာ ရန်ပယ်ရဲ့ ငယ်ငယ်က ခံစားချက်တို့ဟာ ပေါ့တန်သလောက် ပေါ့ပါးလောက်ပြီလို့လေ။

ဒါကြောင့်လည်း စကားပြောဖို့ ကြိုးစားမိတာဖြစ်သည်။ စိမ်းတိမ်းတိမ်း ဖြစ်နေရင်တောင် ဒီလောက်ထိတော့ ခါးခါးသီးနေမယ်လို့ ထင်ကိုမထင်မိတာ။ ရန်ပယ့် တုံ့ပြန်မှုက ပွင့်ဦးလှကို အံ့အားသင့်စေခြင်းနှင့်အညီ နာကျင်သော ဝေဒနာတစ်ရပ်ကိုလည်း ပေးပါသည်။

"တချို့ကို မေ့ပစ်ရတယ် ရန်ပယ်၊ ဒါမှလည်း နင်လျှောက်နေတဲ့ ခရီးလမ်းပေါ့ပေါ့ပါးပါး ရှိမှာပေါ့"

"ခင်ဗျား ကျွန်တော့်ကို ဆရာ,မလုပ်နဲ့၊ ဆရာလုပ်လို့ရတဲ့ ရန်ပယ် မဟုတ်တော့ဘူး၊ မျက်စိကန်းသလို အရူးအမူး





ဖြစ်နေတဲ့သူလည်း မဟုတ်တော့ဘူး၊ ခင်ဗျား တောက်ချင်တဲ့အချိန် တောက်ချလိုက်လို့ရတဲ့ အနေအထား ခွင်ထဲက မနူးမနပ်ကောင်ကလေးမျိုးလည်း မဟုတ်တော့ဘူး၊ အဲဒါ သိထားဦး"

"နင် ငါ့ကို တော်တော်မုန်းနေတုန်းပဲကိုး၊ ပင်ပန်းလှချည်လား ရန်ပယ်"

"ဒီမှာ ဒေါ်ပွင့်ဦးလှ၊ နာကြည်းတယ် မုန်းတီးတယ်ဆိုတာ နှစ်ကာလနဲ့ စားချလိုက်လို့ ပမာဏလျော့သွားတဲ့ အရာလို့ ခင်ဗျား မထင်ပါနဲ့၊ ခင်ဗျားကို နှစ်ထပ်တိုးနဲ့ မုန်းတာ၊ ခင်ဗျားက လောကမှာ ကျွန်တော် အမုန်းဆုံးမိန်းမ ထပ်ပြောမယ်နော်၊ သိပ်မုန်းတဲ့မိန်းမ၊ အဲဒီအတွက်လည်း ပင်ပန်းလိုက်တာတို့ ဘာတို့ သနားချင်ယောင်ဆောင်စရာမလိုဘူး၊ ဘယ်လောက် ပင်ပန်းလေးလံပါစေ၊ ကျွန်တော်ကျေနပ်တဲ့ခံစားချက်၊ သယ်သွားမယ့် သယ်ထားမယ့်ခံစားချက်၊ ကိုယ့်ကိုယ်ကိုယ် အနစ်မွှန်းခံပြီး သယ်ထားတာလည်း မဟုတ်ဘူး၊ ဘယ်အစိတ်အပိုင်း ဘယ်အခြေအနေမှ ဘယ်တော့မှ မနစ်မွှန်းစေရဘူး၊ ကျွန်တော် ခင်ဗျားကို မုန်းရလို့ ပင်ပန်းလေးလံနေလည်း ကျွန်တော့်ဘဝက တောက်တောက်ပပ ရှင်သန်နေလိမ့်မယ်၊ သာယာစိုပြည်နေလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ခင်ဗျားလမ်း ခင်ဗျားသွားပါ၊ နောင်လည်း ဘယ်တော့မှ ကျွန်တော့်ကို ခေါ်ပြော နှုတ်ဆက်ဖို့ စကားလာပြောဖို့ လုံးဝထပ်မကြိုးစားပါနဲ့၊ ကျွန်တော့်ဇနီးကလည်း သဝန်တိုတတ်တယ်"

စကားလည်းဆုံး ဖျတ်ခနဲ လှည့်ထွက်လာသော ရန်ပယ်နောက်ကျောမှ တိုးတိုးဖွဖွ လွင်လွင်သာသာ ရယ်မောလိုက်သံတစ်ခုက ကပ်ပါလာပါသည်။ သိပ်မုန်းစရာကောင်းတဲ့ ချစ်စနိုးရယ်သံမျိုး။ ဟယ် ... ဒီကလေး စကားတတ်ရန်ကောရယ်လို့ သဘောကျ နှစ်သက်တဲ့ လူကြီးရဲ့ရယ်သံမျိုး။ လက်ပိုက်ငုံ့ကြည့်ရယ်မောတဲ့ ရယ်သံမျိုး။ ထိုရယ်သံကြောင့် အနည်းငယ် ရှက်နိုးမိတာတော့ ဝန်ခံရပေလိမ့်မည်။ နောက်ဆုံး စကားတစ်ခွန်းကို ဘာကြောင့်များ ပြောထွက်လိုက်မိပါလိမ့်။ တစ်ချိန်က သူမပြောခဲ့တဲ့အတိုင်း ထပ်တူထပ်မျှလေ။ ဒါကိုတော့ အနည်းငယ် နောင်တရပါသည်။

ရန်ပယ်သည် လက်ထဲက ကော့က်တေးလ်ဖန်ခွက်ကို ရေကူးကန်ပေါင် ကျောက်ခင်းလမ်းပေါ်က ကျောက်ဖြူစားပွဲလေးတစ်ခုပေါ် ခပ်ပြင်းပြင်းဆောင့်ကာ တင်ထားပစ်ခဲ့ပြီး ဘန်ဂလိုဘက် ခြေလှမ်းကျဲကျဲနှင့် လျှောက်လာသည်။ ဒေါသတွေနှင့် လူက ဆူဝေပူလောင်နေပါသည်။





လူတစ်ယောက်ကို လုပ်ချင်တိုင်း လုပ်ထားရစ်ခဲ့ပြီး အချိန်ကာလ အတန်ကြာခါမှ ပြီးလောက်ရောပေါ့၊ ဖြေသိမ့်နိုင်လောက်ရောပေါ့ဆိုတဲ့ အချိုးနှင့် ဘာမှမဖြစ်ခဲ့သလို အေးအေးချမ်းချမ်း စကားရောဖွဲ့ရော လာလုပ်တဲ့ လူလည်ကျပုံမျိုး လူပါးဝပုံမျိုးလို့ပဲ သူ ခံစားရပါသည်။

ထားပစ်ခဲ့တုန်းက ကျန်ရစ်ခဲ့ရပြီး အမှတ်မထင် သူက ပြန်ခေါ်တဲ့အခါ ဝမ်းပန်းတသာ အဆင်သင့် ရှိနေရအောင် အထိ ရန်ပယ်က အမှတ်သညာ အာဃာတကင်းစင်တဲ့ လူစားမျိုး မဟုတ်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်... ဒေါက်... ဆရာကြီး... ဆရာကြီး"

တံခါးခေါက်သံကြောင့် ခုတင်ပေါ်လှဲကာ တီဗီအစီအစဉ်တစ်ခု ကြည့်နေသော ရန်ပယ်က အိပ်ရာပေါ်မှ ထလိုက်ပါသည်။ နနယ်က ခုနကမှ ရေထဲက ပြန်တက်လာ၍ ရေချိုးခန်းထဲမှာ ရေချိုးနေသည်။

ဘန်ဂလိုရှေ့တံခါးလေးကို ဖွင့်လိုက်လျှင် ဒီဟိုတယ်ရဲ့မန်နေဂျာလို့ သူသိထားတဲ့သူရယ်၊ နောက်ထပ် ဝန်ထမ်းတစ်ယောက်ရယ်ကို တွေ့လိုက်ရပါသည်။ သူတို့ရဲ့ ဒီငါးရက်တာ ပေလီခရီးစဉ် ဟန်းနီးမွန်း ထရစ်ပ်ကို နနယ်အဖေရဲ့ မိတ်ဆွေတစ်ဦးဖြစ်သော ဒီဟိုတယ်ရှယ်ယာပိုင်ရှင်က လက်ဖွဲ့လိုက်တာဖြစ်ရာ သူတို့နှစ်ယောက် ရောက်လာချိန်မှစပြီး မန်နေဂျာကိုယ်တိုင်က အထူးအစီအစဉ်နှင့် ကြိုဆိုခဲ့တာဖြစ်၍ မန်နေဂျာနှင့် မျက်မှန်းတန်းနေပါသည်။





"ဆရာကြီး... အားနာပါတယ်ခင်ဗျာ၊ အနားယူနေချိန် အနှောင့်အယှက် ပေးရတာ"

"ကိစ္စမရှိပါဘူးဗျာ... ဆရာကြီးတွေ ဘာတွေ မလုပ်ပါနဲ့ ကိုကျော်လတ်ရာ၊ ကိုရန်ပယ်လောက်ဆို ရပါပြီ၊ ပြောပါ ဘာကိစ္စရှိလို့လဲ ခင်ဗျာ"

"ဒီက ဧည့်သည်တစ်ယောက် နည်းနည်းနေမကောင်းလို့ အရေးပေါ် ဆရာဝန်မရှိတဲ့အချိန် ဖြစ်နေလို့၊ ဟို...ဆရာကြီးများ တစ်ချက်လောက် ကြည့်ပေးနိုင်မလားလို့ပါ ဆရာကြီး၊ အနားယူချိန် နှောင့်ယှက်သလိုများ ဖြစ်သွားမလား ခင်ဗျာ"

"ဪ... ကိစ္စမရှိပါဘူး၊ ဧည့်သည် နေမကောင်းလို့လား၊ လိုက်ကြည့်ပေးပါ့မယ်၊ ဒါပေမဲ့ ခက်တာက ကျွန်တော့်မှာ နားကြပ်ရယ် ပရက်ရှာကာ့ဖ်ရယ်လောက်ကလွဲရင် ဆေးဝါးပစ္စည်း စုံစုံလင်လင်တော့ မပါဘူးခင်ဗျ"

"ဟိုတယ်မှာတော့ အရေးပေါ်သုံးလို့ရမယ့် ပစ္စည်းဆေးဝါးတချို့တော့ ရှိပါတယ်"

"ဒါဖြင့် လိုက်ကြည့်မယ်လေ၊ သွားကြရအောင်လေ"

ရန်ပယ်က နားကြပ် ပရက်ရှာကပ်ဖ်နှင့် တိုလီမိုလီ အိမ်သုံးဆေးလောက်တော့ပါသော ဆေးအိတ်ကလေးကို သေတ္တာထဲက သွားထုတ်ယူလိုက်ကာ... ရေချိုးခန်းတံခါးနားကပ်၍...



www.burmeseclassic.com

www.burmeseclassic.com



"နုနယ်... နုနယ်"

"ကိုကြီး... ဘာလဲ၊ နုနယ် မပြီးသေးဘူး"

"ကိုယ် လူနာတစ်ယောက် ခဏလိုက်ကြည့်လိုက်ဦးမယ်... သိလား၊ တံခါးပိတ်ခဲ့မယ်နော်"

"ဩော်... ဟုတ်... ဟုတ်"

ရန်ပယ်က သူတို့နေတဲ့ ဘန်ဂလိုတံခါးကိုပိတ်ခဲ့ကာ မန်နေဂျာနှင့် နောက်ထပ် ဝန်ထမ်းတစ်ယောက်တို့ နောက်မှလိုက်လာခဲ့ပါသည်။ ဝန်ထမ်းက ရန်ပယ့်လက်မှ ဆေးအိတ်ကို လက်ပြောင်းယူခဲ့ပါသည်။ ရှေ့ကဝန်ထမ်းလေး ဦးဆောင်ရာနောက် ရန်ပယ်နှင့် မန်နေဂျာဦးကျော်လတ် ယှဉ်တွဲလျှောက်ကာ ပါလာသည်။

ရန်ပယ်တို့ရဲ့ ဘန်ဂလိုတွေကို ကျော်လွန်လာပြီး ကွေ့ဝိုက်ဝိုက် ရေကူးကန်ကြီးကို ကျော်လွန်လာကာ ဟိုတစ်ဖက်က ဈေးနှုန်းကြီးမြင့်တဲ့ Beachfront cottage လုံးချင်းလေးတွေဆီ ရောက်လာသည်။ နေဝင်သွားပြီး မှောင်စပြုးပြီမို့ ဟိုတယ်ရီဆော့တ်ကြီးတစ်ခုလုံးရဲ့ ပရဝုဏ်ကို အစိမ်းရောင်နှင့် ပန်းရောင်မီးအလှတို့ ထွန်းညှိထားပါပြီ။ Lighting ကို အထူးတလည်ဆန်းကြယ်ခမ်းနားအောင် ပြင်ဆင်ထွန်းညှိ အလင်းပေးထားတဲ့ Cottage လေးတွေတစ်ဝိုက်ဟာ ရင်သပ်ရှုမော လှပလွန်းသည်။





ကျွန်းသစ်တွေနှင့်သာ တော်ဝင်ဇွာ အလှဆင်ထားသော Cottage ရဲ့ရှေ့မှာ လူတစ်ယောက် ထွက်ရပ်နေကာ မန်နေဂျာကိုမြင်လျှင် အပြေးဆီးကြိုလျက် ရန်ပယ့်ကိုလည်း ဦးညွှတ်ကာ ဝန်ထမ်းလက်ထဲက ဆေးအိတ်ကိုလည်း လက်ပြောင်းယူလိုက်လျက် ရှေ့တံခါးမကို ဖွင့်လှစ်ပေးလိုက်ပါသည်။

"ဘယ်လိုနေလဲ"

မန်နေဂျာက မေးလိုက်လျှင်...

"MNA ကိုတော့ လေယာဉ်လှမ်း ဘွတ်ကင်လုပ်လိုက်ပါပြီ"

"လက်မှတ်လား"

"မဟုတ်ဘူးခင်ဗျ၊ Beech trast စင်းလုံးငှားပါ"

"ဩော်"

ထိုသူ ဦးဆောင်ဝင်သွားသော အတွင်းခန်းဟာ အိပ်ခန်းကျယ်တစ်ခု။ တံခါးတွေ ပြတင်းပေါက်တွေ အားလုံး ဖွင့်ထားတာမို့ ချထားတဲ့ ဖြူဖွေးပါးလွ ခန်းဆီးစတို့ဟာ လေတွင် တလွင့်လွင့် ဝဲလွင့်နေကြသည်။ ကျယ်ပြောသော ခုတင်ကြီးပေါ်မှာ အဖြူရောင်အခင်း အစွပ်တို့နှင့် ရောနေအောင် အဖြူရောင်ဝတ်စုံရှည်ကိုသာ ဝတ်ဆင်ထားတဲ့ အမျိုးသမီးတစ်ဦး။

လက်ဖျား ခြေဖျားတို့နှင့် မျက်နှာတစ်ကွက် ဆံပင်ညည်းမည်းခက်ခက်တို့သာလျှင် အိပ်ရာပေါ် ထင်းထင်းပေါ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရန်ပယ်သည် ခုတင်ဆီမရောက်ခင် လေး,ငါးလှမ်းအလို၌ ခြေလှမ်းတို့တုံ့ကာ ရပ်သွားရပါသည်။ ခုတင်ပေါ်က အမျိုးသမီးကို ကြက်သေ,သေလို ကြည့်နေမိကာ ခေါင်းထဲမှာလည်း တင်းခဲ ရှုပ်ထွေးသွားပါသေးသည်။

ဒါ တကယ်ဖြစ်နေတာလား၊ အယောင်ဆောင်အခင်းအကျင်းတစ်ခုလားဆိုတာ ခုတင်ပေါ်က ပွင့်ဦးလှရဲ့ မျက်နှာက သိသာလွန်းနေသည်ဖြစ်၍ ရန်ပယ်က ရှေ့နည်းနည်း တိုးလိုက်ကာ...

"ဘယ်လိုဖြစ်တာလဲ"

ခုတင်စွန်းမှာ ပွင့်ဦးလှရဲ့ လက်တစ်ဖက်ကို စိုးရိမ်တကြီး ဆုပ်ကိုင်ကာ ပူပူပန်ပန် ဖြစ်နေသော လူရည်သန့်အမျိုးသမီးက...

"ထူးထူးခြားခြား ဘာမှမှားယွင်းတာ မရှိဘဲ၊ ရုတ်တရက်ကြီး ရင်ဘတ်အောင့်ပြီး အသက်ရှူမရဘူး၊ အသက်ရှူခက်တယ်ဆိုပြီး ဖြစ်တာပါ ဒေါက်တာ၊ နေလို့မကောင်းဘူးပဲ ပြောနေပါတယ်"

ရန်ပယ်သည် ပွင့်ဦးလှ မျက်နှာကို အသေအချာကြည့်လိုက်သည်နှင့် သူမ ဝေဒနာတစ်ခုကို အမှန်အကန် ခံစားနေရတာကို ခိုင်ခိုင်မာမာ သိလိုက်နိုင်လေသည်။ ဒီအမျိုးသမီး





မျက်နှာကို သူဟာ အချိန်ကာလနှစ်နှစ်လောက် နေ့စဉ်ရက်ဆက်နီးပါး တစ်နေ့သုံး,လေးနာရီ မျက်နှာချင်းဆိုင် ကြည့်ခဲ့တာပဲ။

တစ်ခါတစ်ရံများ မေးကိုပင်ထောက်၍ စိုက်ကြည့်ခဲ့ပါသေးရဲ့။

သူမဟာ အခုလောလောဆယ်မှာ လူနာအစစ်အမှန်တစ်ယောက်ဖြစ်သည်။ ရန်ပယ်က ခုနအမျိုးသမီး ထ,ပေးလိုက်သော ခုတင်စွန်းမှာပဲ ဝင်ထိုင်ကာ အရိုးစွဲနေတဲ့ အကျင့်အတိုင်း လက်ကောက်ဝတ် တစ်ဖက်ကို ဖမ်းဖိကိုင် သွေးစမ်းနေရင်းကမှ ဆေးအိတ်ထဲက နားကျပ်ကို လက်တစ်ဖက်နှင့် ထုတ်ယူသည်။ သူ သွေးဖိအားစမ်းနေသော လက်များက အေးစက်နေလေသည်။

"ရန်... ရန်ပယ်"

ပွင့်ဦးလှက တုန်လှုပ်စွာ ရေရွတ်လိုက်ပါသည်။ သေဆက်ပြတ်နေတဲ့ ထိုရေရွတ်သံကြောင့် သူ့နံဘေးက အမျိုးသမီးမှစပြီး ရှိသမျှလူအားလုံး အံ့အားသင့်သွားကြပုံရသည်။ ရန်ပယ်က ပွင့်ဦးလှကို နားကြပ်နှင့် မထောက်မီ အသေအချာ စိုက်ကြည့်ရင်း...

"ဘာဖြစ်သလဲ၊ ဘယ်လိုခံစားရလဲ ပြောနိုင်လား"

"အင်း... တို့... တို့"

"မောနေတာလား... မောနေရင် မပြောနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီ... ဒီနားထဲက နာတယ်"

"အင်း... နောက်ကော"

"အပေါ်မှာ လူတစ်ယောက် ဖိထားသလိုပဲ အရမ်းကြီး တင်းကျပ်ပြီး အစ်နေတယ်... မောတယ်၊ အသက်ရှူရ တာလည်း..."

နားကျပ်နှင့် ထောက်စမ်းရင်း ပွင့်ဦးလှ နဖူးကို ရန်ပယ်က လက်နှင့်စမ်းကြည့်လိုက်သည်။ ချွေးစေးတွေ။ ရင်ဘတ်ထဲက နာကျင်မှုဝေဒနာကြောင့် ပွင့်ဦးလှ မျက်နှာဟာ ရှုံ့မဲ့၍ သွေးဆုတ်ဖြူဖွေးသွားတတ်သည်။ ရန်ပယ်က မန်နေဂျာထံလှည့် ရင်း...

"ဒီမှာ အောက်ဆီဂျင်အိုးတို့ ဘာတို့ရှိလား"

"ရှိပါတယ် ဆရာကြီး"

"အင်း... အဲဒါလေး ပေးထားပါဦး"

ရန်ပယ်က ပွင့်ဦးလှကို ပြန်လည်ငုံ့မိုးကြည့်လိုက်ပါသည်။ ပွင့်ဦးလှမျက်ဝန်းများက ဝေဒနာခံစားကာ အားအင် ဆုတ်ယုတ်နေသလို သူ့ကို ပြန်ကြည့်နေသည်။

"ကျွန်တော် မေးတာကိုပဲ စဉ်းစားဖြေနော်၊ အန်ချင်တာ ရှိလား"

"အင်း... အန်ချင်တယ်၊ အရမ်းပြည့်ကျပ်နေတယ်"





လည်ပင်းမေးရိုးတို့ကို ဟိုဒီစောင်းကာ လှုပ်ရှား ကြည့်လိုက်ပြီး ရန်ပယ်က ထိုင်ရာက ထရပ်လိုက်သည်။ သူ့ကို အားကိုးတကြီး လိုက်ကြည့်နေသော မျက်ဝန်းတို့ကို သူ မျက်နှာ လွှဲလိုက်ပါသည်။ သူသည် လူနာတို့အပေါ် ကရုဏာသက်ပြီး သနားတတ်သောအကျင့်နှင့် ဆရာဝန်တစ်ယောက် ဖြစ်သည်။ ပွင့်ဦးလှ နေမကောင်းနေတာကို သူ မကြည့်ချင်ပေ။

ရန်ပယ်က အိပ်ခန်းထောင့် ခပ်လှမ်းလှမ်းဆီသို့ လျှောက်ခဲ့သည်။ သူ့နံဘေးသို့ အားလုံးကပ်ပါလာပါသည်။

"ခင်ဗျားတို့က လူနာနဲ့ ဘာတော်ပါသလဲ"

"ကျွန်မက မမရဲ့ပါစင်နယ်လ်အစစ်စတဲန့်ပါ၊ ခင်မျိုးသွယ် ပါ၊ ဒါက မမရဲ့(Guard)ဂါ့ဒ်ပါ၊ ကိုကျော်လင်းနိုင်ပါ"

အဲသလိုတွေလား။ ရန်ပယ်သည် ခေါင်းတညိတ်ညိတ်သာ ပြုမိရင်း...

"တခြားသူ့မိသားစု ပါသေးလား"

"မပါပါဘူး ဆရာကြီး၊ မမနဲ့ ကျွန်မတို့နှစ်ယောက်ပဲလာ တာပါ၊ မမ ဘာဖြစ်တာပါလဲ"

"သူ Heart attack ရတဲ့ လက္ခဏာမျိုးပါ၊ ခင်ဗျားက သူ နဲ့ကြာပြီလား၊ သူ အရင်က ဒီလိုဖြစ်ဖူးသေးလား၊ ခင်ဗျား သိလား"

www.burmeseclassic.com



"ဟုတ်ကဲ့… မမဆီမှာ ငါးနှစ်ရှိပါပြီ၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဒီလို တစ်ကြိမ်ဖြစ်ဖူးပါတယ်၊ ရုတ်တရက် မထနိုင် မလှုပ်နိုင် ခုလိုပုံစံပဲ ဖြစ်သွားတာပါ၊ ခုလိုပဲ အေးစက်ပြီး ချွေးစေးတွေ ပြန်ပါတယ်၊ အားပြတ်သွားသလိုမောပြီး မလှုပ်နိုင်ဘဲ ဖြစ်သွားတာမျိုးပါ၊ ခုလည်း ညနေစောင်းအထိ အကောင်းပါ၊ လွန်ခဲ့တဲ့ မိနစ်နှစ်ဆယ်နာရီဝက်လောက်ကမှ…"

"နာရီဝက်လောက် ရှိပြီလား၊ ဖြစ်သင့်တာတော့ သူ့ကို ခုချက်ချင်းဆေးရုံတင်သင့်ပါတယ်၊ ဆေးရုံမှာက Emergecy care ရမယ်၊ လိုအပ်တာ ချက်ချင်းလုပ်နိုင်မယ်၊ အရင်တစ်ခါတုန်းက ဆရာဝန်က ဘာတွေထိုးမိန့်ပေးလဲ"

"အရင်အခေါက်က မမက ဆရာဝန်ဆီ မသွားလိုက်ပါဘူး၊ ကျွန်မတို့က ဆေးခန်းသွားလိုက်ရအောင် ပြောပေမယ့် မမက သက်သာသွားမှာပါဆိုပြီး သစ်သီးဂျူ့စ်လေး တစ်ခွက်ပဲ သောက်လိုက်ရင်း ခဏနေတော့ သက်သာသွားပါတယ်၊ အဲဒါနဲ့ မသွားဖြစ်တော့တာပါ"

ချက်ချင်း ကုသမှု Treatment မယူလိုက်ရပေမယ့် ကံကောင်းထောက်မ ကံစွပ်ပြီး ပြင်းပြင်းထန်ထန်လည်း မဟုတ်၍သာ သူ့ဘာသာ သက်သောင့်သက်သာ နေသာထိုင်သာရှိသွားခဲ့တာ နေမှာပင်။ အခန့်မသင့်ရင်တော့ Heart attack ဆိုတာ အန္တရာယ်ရှိတတ်တာမျိုးပင်။





"ဒီတော့ သူ့ကို နှလုံးနဲ့ပတ်သက်ပြီး ဆရာဝန်တစ်ယောက်ယောက်က မှတ်ချက်ပေးထားတာ ဆေးကုသနေတာမျိုး မရှိဘူးပေါ့"

"မရှိပါဘူး ဆရာကြီး"

"အခု အရေးပေါ်အနေနဲ့တော့ အောက်ဆီဂျင်တော့ ပေးထားမယ်၊ chest pain အတွက် pain killer တစ်ခုခုနဲ့ သွေးကြောကျယ်ဖို့ Nitroglycerine လိုမျိုး ပေးထားမယ်၊ ဒါပေမဲ့ တတ်နိုင်သမျှ အမြန်ဆုံး ဆေးရုံပေါ်ရောက်သင့်တယ်၊ အဲဒါကို ဘယ်လိုစီစဉ်မလဲ"

"ဆရာကြီး… ဒီလို Heart attack မှန်း မသိဘဲကိုက မမက နေရတာမကောင်းဘူး၊ ခုချက်ချင်း ရန်ကုန်ပြန်မယ်ဆိုလို့ ကျွန်မတို့ Beech trast တစ်စင်း ခေါ်ထားပါတယ်၊ လေယာဉ်အသေးပါ ဆရာကြီး၊ မမ သိပ်နေမကောင်းတာမို့လို့ လူစီးမခေါ်ဘဲ Rescue Jet ခေါ်ထားတာပါ"

"ဪ… ဟုတ်လား၊ သူတို့က ချက်ချင်းရောက်လာတတ်သလား"

"ချက်ချင်းရောက်မှာပါ၊ ခေါ်ထားတာ မိနစ်နှစ်ဆယ်လောက်ရှိပါပြီ၊ အဲဒီ Beech တွေက အရမ်းမြန်ပါတယ် ဆရာကြီး၊ အဆင်ပြေရင် ကျွန်မတို့က လေယာဉ်ကွင်းကို



www.burmeseclassic.com

www.burmeseclassic.com



သွားဖို့ အသင့်ပြင်ထားပါတယ်၊ တစ်ခုလောက် မေးပါရစေ၊ မမက စိုးရိမ်ရပါသလားရှင့်"

"ဒါက… Heart attack တိုင်းဟာ အခန့်မသင့်ရင် အသက်အန္တရာယ်တောင် ရှိနိုင်တာမျိုးပါ၊ ပြီးတော့ ခင်ဗျား ပြောပုံဆိုရင် သူက ဒါ First attack တောင်မှ ဟုတ်ရဲ့လား မသေချာဘူး"

"ဒါ… ဒါဆို… ဒါဆိုရင်လေ… ဟို…"

ခင်မျိုးသွယ်က နှုတ်အနည်းငယ်ဆွံ့နေပြီးမှ…

"ဆရာကြီးကိုတော့ အားနာပါတယ်၊ ဟို… ခုနလည်း မမက ဆရာကြီးကို နှုတ်ဆက်လိုက်တော့ မိတ်ဆွေသူငယ်ချင်းများလားလည်း တွေးမိလို့ပါ၊ ဟို… ဟို… ဖြစ်နိုင်ရင် ကျွန်မတို့ Beech နဲ့ မမကို လမ်းမှာကြည့်ရှုပေးရင်း အတူလိုက်လာပေးနိုင်မလားလို့ တောင်းဆိုပါရစေရှင်"

"………"

ရန်ပယ်က ငြိမ်သက်သွားပါသည်။

"ကျွန်မတို့… ဟို… တစ်ခုခုဆိုရင် ဘာမှမလုပ် မကိုင်တတ်၊ မမရဲ့ခင်ပွန်း ကျွန်မတို့ဥက္ကဋ္ဌကြီးကလည်း ဆရာဝန် မပါဘဲ ဒီကိုပြန်ချလာတာသိရင် ဆူမှာစိုးလို့ပါ၊ အပြစ်တင်မှာ စိုးလို့ပါ၊ မမကိုလည်း စိုးရိမ်လို့ပါ"





"အဲဒီ Rescue လုပ်တဲ့ လေယာဉ်တွေမှာ ကျွန်တော်ကြားဖူးတာတော့ လေယာဉ်မှူးနှစ်ယောက် လေယာဉ်မယ်တစ်ယောက်အပြင် နာ့စ်နှစ်ယောက်ပါတယ်လို့ ကြားဖူးတယ်၊ လေယာဉ်ပေါ်မှာ အောက်ဆီဂျင်နဲ့ အရေးပေါ် အသက်ကယ်ကျန်းမာရေးစောင့်ရှောက်တဲ့ ပစ္စည်းကိရိယာတွေလည်း အစုံအလင် ပါတယ်လို့ ကြားဖူးပါတယ်"

"ဟုတ်ကဲ့… ဖုန်းဆက်တော့ နာ့စ်ပါမယ်လို့ ပြောပါတယ်၊ ဒါ… ဒါပေမဲ့ ဆရာကြီးများ ပါလာနိုင်ရင်တော့၊ မမကို စိုးရိမ်မိလို့ပါ ဆရာကြီးရယ်"

"အားတော့နာပါတယ်ဗျာ၊ ကျွန်တော်ကလည်း ဒါ… ဟန်းနီးမွန်းထရစ်ပ် ဖြစ်နေလို့ပါ"

ရောက်လာသော အောက်စီဂျင်ဘူးကြောင့် ရန်ပယ် အလုပ်များသွားပါသည်။ ပွင့်ဦးလှ နံဘေးမှာသာ လိုအပ်တာကို အမြန်ဆုံးကုသစောင့်ရှောက်မှုပေးရင်း စကားအပိုလည်း ထပ်မပြောမိတော့။ သူတို့ စင်းလုံးငှားလေယာဉ်နှင့် အတူမလိုက်တာပဲ ကောင်းတယ် ထင်ပါသည်။ လူနာတော့ လူနာပေါ့။ သို့သော် မလိုက်တာက မှန်တယ်မဟုတ်လား။ သို့မဟုတ်… မှားသလား။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



## (၄)

လေယာဉ်ကွင်းထဲကို ညဘက်ကြီး ဆင်းသက်လာတာဖြစ်၍ အမှောင်ထဲမှာ လေယာဉ်ပြေးလမ်းမှ မီးနီကလေးများ စီတန်းပြီး မျဉ်းတပြေး လင်းနေတာကို အဝေးကတည်းကပင် မြင်ရသည်။ လေယာဉ်ဘီး သိမ့်ခနဲ မြေသို့ထောက်ကာ ရပ်ဖို့ ကြိုးစားချိန်တွင် လေယာဉ်ထဲမှာ ပါလာသူတွေအားလုံး ကိုယ့်ဝန်စည်စလယ် ကိုယ်သယ်ကာ ဆင်းဖို့အသင့်ပြင်ကြသည်။

လှမ်းအကြောင်းကြားထားပြီးဖြစ်၍ "……"ဆေးရုံမှ လူနာတင်ကားကလည်း အောက်မှာအသင့်စောင့်နေပြီ။ ဆေးရုံမှ ဆရာဝန်နှစ်ဦးလည်း Emergency on call နှင့် ဆေးရုံကားပေါ် တစ်ပါတည်းပါလာသည်ဟု သိထားပြီးပါပြီ။

ပွင့်ဦးလှက လူနာတင်သည့် ကဒ်ပေါ်မှာ ပင်ပန်းနွမ်းနယ်စွာ ဝေဒနာခံစားနေရပါသည်။ လေယာဉ်ပေါ်မှ ဆင်းကြ





ချိန်မှတော့ ရန်ပယ်က အနည်းငယ် နောက်ချန်ကာ ကျန်ရစ်သည်။ နုနယ်က လေယာဉ်ပေါ်မှာ သူ့အဖွဲ့ကျလာသည့် လေယာဉ်မယ်နှင့် ပြုံးရယ်နှုတ်ဆက်နေလေသည်။

ဒီလေယာဉ်ပေါ် နုနယ်ကြောင့် သူပါလာတာပင်။

"အာ… ကိုကြီးကလည်း… လိုက်သွားမယ်လေ၊ လိုက်သွားရအောင်ပါဆို၊ လူနာကိုလည်း စောင့်ရှောက်ပြီးသားဖြစ်တယ်၊ စင်းလုံးငှားတဲ့ လေယာဉ်ဆိုတာ ဘယ်လိုမျိုးလဲ ကိုယ်လည်း အတွေ့အကြုံ ဗဟုသုတ ရတာပေါ့၊ အခု မလိုက်လည်းပဲ နုနယ်တို့က မနက်ဖြန်ဆို check-out ပြီပဲဟာ၊ ဘာထူးလို့လဲ၊ အို…ကိုကြီးကလည်း မျက်နှာကြီး အဲလိုမှုန်မထားစမ်းပါနဲ့၊ Heart attack လူနာဆိုတာ ဘာပဲဖြစ်ဖြစ် စိုးရိမ်လူနာပဲလေ၊ ဆရာဝန်ကိုယ်တိုင်စောင့်ရှောက်ပြီး လိုက်ပါနိုင်တော့ ပိုကောင်းတာပေါ့…

ဩော်… ဩော်… အဲဒီအစ်မကြီးက တကယ့်ဟဲဗီးဘောဇိပေါ့၊ အဲဒါကြောင့် ထီးတော်မိုးနဲ့ ဘာနဲ့အရမ်းကို ချေမိုးနေတာလေ၊ စိတ်တော့ ဝင်စားစရာကောင်းသား၊ လုပ်… လုပ်… အတူလိုက်သွားလိုက်ပါ ကိုကြီးရဲ့၊ တော်ကြာ ကိုကြီး လက်လွတ်စပယ် လွှတ်လိုက်သလိုဖြစ်နေပါ့မယ်၊ မတော်တဆ လေယာဉ်ပေါ် တစ်ခုခုဖြစ်ရင်



www.burmeseclassic.com

www.burmeseclassic.com



သမားတော်ကြီးဒေါက်တာရန်ပယ်ကို အတူလိုက်ပါဖို့ အကူအညီတောင်းတာ မလိုက်နိုင်ဘူး ငြင်းလိုက်တဲ့အတွက် လမ်းမှာ လေယာဉ်ပေါ် ဒီလို ဒီလို ဖြစ်ရပါတယ်ဆိုတာမျိုး Facebook မှာ ပါလာဦးမယ်"

ဘယ်လိုကြောင့်ဖြစ်စေ နောက်ဆုံးတော့ ရန်ပယ်နှင့် နနယ်တို့စုံတွဲသည် ကိုယ့်ပစ္စည်းပစ္စယသေတ္တာတို့ကို အမြန်အဆန် ထုပ်ပိုး၍ သူတို့ရဲ့ဟန်းနီးမွန်းခရီးစဉ်ကို ထိုညခင်းမှာပင် အဆုံးသတ်လိုက်ကြကာ ပွင့်ဦးလှအတွက် ခေါ်လိုက်တဲ့ စင်းလုံးငှားလေယာဉ်နှင့် ပါလာခဲ့ကြတာ ဖြစ်ပါသည်။

ဆေးရုံကားပေါ်မှ လူနာတင်ခုတင်ပေါ် ပွင့်ဦးလှကို လွှဲပြောင်းပြီးချိန်မှာတော့ ရန်ပယ်သည် ဆေးရုံကပါလာတဲ့ ဆရာဝန်ကို လူနာရဲ့အခြေအနေ အကျဉ်းချုံး လိုရင်းသတင်းပို့ ပြောပြလိုက်ပြီးတဲ့နောက် ခင်မျိုးသွယ်နှင့် ကျော်လင်းနိုင် ဆိုသူကို ခေါင်းတစ်ချက်ဆတ်ကာ နှုတ်ဆက်လိုက်ပါသည်။

"ကဲ... ဒါဆို ကျွန်တော်တို့လည်း ဒီကပဲ လမ်းခွဲမယ်၊ ဆေးရုံရောက်ရင်တော့ စိတ်ချရပါပြီ"

"ကျေးဇူးတင်ပါတယ် ဆရာကြီး၊ ဆရာကြီးကတော်ရောပါပဲ၊ ကျွန်မတို့ကြောင့် ဟန်းနီးမွန်းထရစ်ပ်လေး ကသီလင်တ





ဖြစ်သွားရင် တောင်းပန်ပါတယ်ရှင့် ခွင့်ပြုပါဦးနော်၊ ကျေးဇူးအများကြီး တင်ပါတယ်၊ သြော်... ဒါနဲ့ ကျွန်မရဲ့ကတ်နဲ့ မမရဲ့ကတ်လေးပါရှင့်"

ခင်မျိုးသွယ်က သူတို့ရဲ့ Contact card လေးတွေ ထုတ်ပေးပါသည်။

လူနာတင်ယာဉ်ပေါ်သို့ မ,တင်ခါနီး လူနာခုတင်ပေါ်မှ ပွင့်ဦးလှက မျက်လုံးပွင့်လာကာ...

"ရန်ပယ်"

ရယ်ပယ်က လှည့်ကြည့်လိုက်ပါသည်။

"သင့်ခ်ယူးပါ ရန်ပယ်"

ရန်ပယ်က ခေါင်းတစ်ချက် ညိတ်လိုက်ရင်း "Good Luck"ဟု ခပ်တိုးတိုး နှုတ်ဆက်လိုက်ပါသည်။ ဘယ်လိုပဲ အမျက်အာဃာတရှိရှိ လူနာဟာ လူနာပါပဲ။ ဆရာဝန်တစ်ယောက်ဟာ လူနာတွေပေါ် အယုတ် အလတ် အမြတ် အချစ် အမုန်း ခွဲခြားနေလို့ မရဘူး မဟုတ်လား။

ပုံမှန်အစီအစဉ်အရ ဆိုရင်တော့ နက်ဖြန်မွန်းလွဲပြီးမှ သူတို့ပြန်ရောက်လာမှာဖြစ်၍ နနယ်တို့မိဘအိမ်က ဒရိုင်ဘာနှင့်ကားက လာကြိုပေးဖို့ စီစဉ်ထားတာပင်။ အခုတော့ ရုတ်တရက် ကောက်ကာငင်ကာ ထွက်လာကြတာမို့ လှမ်းပြီးတော့သည်း



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမကြားထားမိ။ ကျော်လင်းနိုင် ဖုန်းပြောနေသံကို နားကကြားနေတဲ့အတွက် သူတို့အိမ်ကကားလည်း လေဆိပ်ကိုရောက်နေပြီဆိုတာ သိရသည်။ ရန်ပယ်တို့ လေဆိပ်ကပြန်ဖို့ကို သူတို့မေ့လျော့နေပုံရပါသည်။

ကိစ္စမရှိပါ။ သူတို့လည်း သူတို့အပူသောကနှင့်သူတို့အစစအရာရာကို ထောင့်စေ့စေ့ သတိရနိုင်မည်မဟုတ်။ ရန်ပယ်က လေဆိပ်ထဲက ထွက်ခွာလာလျှင် အငှားကားသမားတစ်ယောက်နှင့် အဆင်သင့်ပဲတွေ့တာမို့ ကားငှားလိုက်သည်။

အငှားကား လေဆိပ်ထဲမှ ထွက်ခွာလာကာ လေဆိပ်လမ်းထိပ်က မီးပွိုင့်မှာ မီးနီမိနေစဉ်ကျမှ ငြိမ်၍ တိတ်ဆိတ်နေသော နုနယ်က လှုပ်ရှားလာသည်။

"ကိုကြီး"

"အင်း..."

"ကိုကြီးနဲ့ အဲဒီအမျိုးသမီး သိတယ်မဟုတ်လား"

"........."

"မသိဘူးဆိုတာ ကိုကြီး ညာပြောတာ မဟုတ်လား၊ သိတယ်မဟုတ်လား၊ သူ ကိုကြီးကိုခေါ်လိုက်တာ ရန်ပယ်တဲ့၊ ဆရာဝန်ကြီးတစ်ယောက်ကို သူ့ထက်အသက်ကြီးပါစေဦး၊ ဘယ်လူနာက ရန်ပယ်လို့ ခေါ်မှာလဲ၊ သိဟောင်း





ကျွမ်းဟောင်းမို့သာပေါ့၊ သိဟောင်း ကျွမ်းဟောင်းတောင်မှ ပြောမနာ ဆိုမနာ အားမနာ လျှာမကျိုး ရင်းနှီးမှုမျိုးရှိခဲ့လို့သာ သူ ဒီလိုခေါ်တာ"

"........."

ရန်ပယ်က အငှားကားနောက်ခန်း မှန်ပြတင်းမှ အပြင်ဘက်ကိုငေးရင်း ငြိမ်သက်နေသည်။ သူ့အသိစိတ်တို့က လှမှာမကပ်သလို တဖျပ်ဖျပ် လွင့်မျောနေပါသည်။

"ကိုကြီးလို့ ဆိုနေ"

နုနယ်အသံက စိတ်တိုသံ ပါလာသည်။ အသံလေးက အနည်းငယ် ကတုန်ကယင်လည်း ဖြစ်နေသည်။ ကိုကြီး ဘာကြောင့် ညာသနည်း။ ကိုကြီး မမှတ်မိတာ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ပါ။ အတိအလင်း ညာပြောတာ။ အဲဒီ အချေအမိုးမိန်းမနှင့် ကိုကြီး သိကိုသိခဲ့ဖူးမည်။

ဘယ်မိန်းမနှင့်မဆို ကိုကြီး သိခဲ့ခွင့် သိနေခွင့်ရှိပြီး ဘယ်သူနဲ့သိသိ ဘာမှမထူးဆန်းပေမယ့် မသိပါဘူးလို့ညာပြောတာက ထူးဆန်းသည်။ အဲဒီ ဘာကြောင့် ညာပြောရတာလဲဆိုသည့် အချက်ကပင် နုနယ်ကို အတွေးများစွာ ရှုပ်ထွေးစေသည်။

"ကိုကြီး : :"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... နုနယ်ရယ်၊ တော်ပါတော့၊ ဒါမျိုးတွေဖြစ်မှာ ကြို မြင်လို့ သိတယ်လို့ မပြောတာ၊ ဟုတ်ပြီလား၊ သိတယ် သူ့ကို၊ အရှည်တွေ မပြောချင်လို့ မသိဘူးလို့ ပိတ်ပြော လိုက်တာ"

"ဒါမျိုးတွေ ဖြစ်မှာကြိုမြင်လို့ ဆိုရအောင် ဒါမျိုးက ကိုကြီး ညာပြောလို့သာ ဖြစ်လာတာလေ၊ အမှန်အတိုင်း သိတယ်လို့ ပြောလိုက်ရင် ဒါမျိုးတွေ ဘယ်ဖြစ်လာမလဲ၊ အရှည်တွေ မပြောချင်ရအောင် ဘာအရှည်တွေ ရှိလို့လဲ"

"ကိုယ်က သိတယ်ဆိုရင် ဘယ်တုန်းကသိလဲ၊ ဘယ်မှာ သိလဲဆိုတာတွေ ဆက်မမေးဘဲ နုနယ်ကသိတယ် တစ်ခွန်း နဲ့ ကျေနပ်ပြီး ပြီးသွားမှာမို့လို့လား၊ အဲဒါတွေကို ကိုယ် မပြောချင်လို့ပါ၊ ကဲ... မေ့လိုက်ပါတော့၊ နောင်လည်း ထပ်တွေ့စရာ အကြောင်းမှ မရှိတော့တာ၊ ဒီကိစ္စက ဒီမှာ ပဲ ပြီးပြီလေ၊ ပြီးလိုက်တော့"

"ဘယ်လိုလုပ် ပြီးပါ့မလဲ၊ နောင်ထပ်မတွေ့ဘူးလို့ကော ကိုကြီး ဘယ်လိုပြောနိုင်သလဲ၊ အခုတောင် မထင်မှတ်ဘဲ လာတိုက်ဆိုင်ပြီး တွေ့ခဲ့တာပဲ မဟုတ်လား၊ တွေ့ဖို့ အကြောင်းတိုက်ဆိုင်မှုရှိရင် တွေ့ရဦးမှာပဲ၊ ဘယ်လိုဖြစ် ဖြစ်ပါ၊ သူဘယ်သူလဲ နုနယ်သိချင်တယ်၊ ပြောပြ၊ ကိုကြီး ပြောပြဆိုနေ"





ရန်ပယ်က သက်ပြင်းတစ်ချက် ချလိုက်ပါသည်။ ဒါတွေကို ပြောကို မပြောချင်တော့လို့ မညာချင်ဘဲနဲ့ "မသိဘူး" လို့ ညာလိုက်တာပါ။ ခုတော့ စိတ်ပျက်ပျက် အသံနှင့်ပင် ဖြေ လိုက်ရပါသည်။

"ကိုယ် ဆယ်တန်းတုန်းက Study Guide ပါ"

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



"Study guide ဆိုရင် ဘာဖြစ်မှာမို့လို့ မသိဘူးလို့ ပြောရတာလဲ"

နေခြည်က နုနုဘက်လှည့်ကာ လက်မခံနိုင်သလို ပြောလိုက်ပါသည်။

"အေးလေ… ငါလည်း ဒါကိုပဲ ပြောနေတာလေ၊ အဲဒါကြောင့်ပဲ ပြောနေတာပေါ့၊ ငါ လုံးဝမကျေနပ်ဘူး"

"ကျေနပ်စရာမှ မရှိတာ၊ ဂိုက်ဆိုဂိုက်ပေါ့၊ ပြောလိုက်ပေါ့၊ မသိဘူးလို့ ညာစရာ အကြောင်းကိုမရှိဘူး၊ အဲဒီတော့ တခြားလည်း ဘာမှမဖြစ်နိုင်ဘူး၊ သူ့ငယ်ချစ်ဟောင်းပဲဖြစ်မယ် နုနယ်"

နုနယ်က နှုတ်ခမ်းလေးကို စူထော်ထားလိုက်ပါသည်။ သူလည်း ဒီလိုပဲ တွေးနေတာ။ ကိုကြီး ရည်းစားဟောင်း ငယ်ချစ်ဦးပဲ ဖြစ်မှာပေါ့။ ကိုကြီးနှင့် နုနယ် စသိတော့ နုနယ်





အသက်က နှစ်ဆယ့်တစ်ထဲ၊ ကိုကြီးအသက်က သုံးဆယ့်ခြောက်။ ကိုကြီးဟာ နုနယ်ထက် ဆယ့်ငါးနှစ်ကျော် ကြီးပါသည်။ အသက်သုံးဆယ့်ခြောက်နှစ်ရှိနေတဲ့ သမားတော် လူပျိုကြီးဟာ တစ်သက်နဲ့တစ်ကိုယ် ဘယ်မိန်းမကိုမှ မချစ် မကြိုက် မပတ်သက်ခဲ့ဖူးဘူးလို့ စိတ်ကူးယဉ်ဆန်ရလောက်အောင်အထိ နုနယ်က မနုပါ။

ကိုကြီး ပရိုပို့စ်လုပ်တော့ "ရည်းစားဘယ်နှစ်ယောက်ထားခဲ့ဖူးလဲ" ဆိုတာလည်း မေးခဲ့ဖူးပါသည်။

"တစ်ခါတော့ ရည်းစားထားဖူးတယ်၊ ဒါဟာ နုနယ်ကို ကိုယ်က လက်ထပ်ဖို့ ရည်ရွယ်တဲ့ မိန်းကလေးမို့ လျှို့ဝှက်စရာမလိုတာမို့သာ ပြောပြတာ၊ ဘာမှလဲ မယ်မယ်ရရ မဟုတ်လို့ နုနယ်လည်း ဘာမှစိတ်ဝင်တစား ခေါင်းထဲထားဖို့ မလိုဘူး၊ ဘာမှအရေးမပါခဲ့ဘူး၊ ငယ်တုန်း ရွယ်တုန်းကပဲ၊ နောက်ပိုင်းကျတော့ ကိုယ် ဆေးကျောင်းမှာ ကိုယ့်ကိုယ်ကိုယ် ထူးချွန်အောင် ကြိုးစားတယ်၊ Study abroad လုပ်ဖို့ အရမ်းစာဖတ်ခဲ့ ကြိုးစားခဲ့ ရုန်းကန်ခဲ့ရတယ်၊ ဒါတွေကြောင့် နှလုံးသားရေးရာဆိုတာကို ပေးစရာအချိန်လည်း မရှိသလို စိတ်လည်း လုံးဝမဝင်စားနိုင်ခဲ့ဘူး၊ အခုလို ကိုယ့်ဘဝ Settle ဖြစ်ပြီဆိုတဲ့ အချိန်မှာ နုနယ်ကို ကိုယ်တွေ့တယ်… ချစ်မိတယ်၊ ဒါကလွဲရင် ကိုယ့်မှာ



www.burmeseclassic.com

www.burmeseclassic.com



တခြား ဘာဓာတ်လမ်း ဘာစာရင်းဇယားမှ မရှိပါဘူး နုနယ်"

ကိုကြီး ပြန်ဖြေတဲ့ အဖြေကိုလည်း နုနယ်ကျေနပ်ခဲ့ပါသည်။ ယုံလည်း ယုံကြည်ခဲ့ပါသည်။ ကိုကြီးဟာ နုနယ်မပြောနဲ့ နုနယ်ရဲ့အဖေနှင့် အမေကပါ လေးစားနိုင်တဲ့ လူတစ်ယောက်။ ငြိမ်သက်အေးချမ်းပြီး သိက္ခာရှိတဲ့ နှစ်လိုဖွယ်ယောကျ်ားတစ်ယောက်ပါ။ နုနယ်မိဘများဟာ ကိုကြီးကို အင်မတန်မှ လိုလားနှစ်သက်ခဲ့ကြသည်။ နုနယ်လို ကလေးဆန်ခြင်းမကင်းစင်သေးတဲ့ ပျော်ပျော်ပေါ့ပေါ့နေနေတဲ့ သူတို့ရဲ့သမီးကလေးအတွက် ရန်ပယ်ဟာ အင်မတန် သင့်မြတ်ကောင်းမွန်တဲ့ သတို့သားရယ်လို့ ဝမ်းသာအားရ ကျေနပ်သဘောတူခဲ့ကြပါသည်။

"ဒါနဲ့... နင်နဲ့ ကိုကြီးကြိုက်တော့ ကိုကြီးက ရည်းစားတစ်ယောက်ပဲ ထားခဲ့ဖူးတယ်လို့ နင်ပြောပြဖူးတယ်"

"ဟုတ်တယ် နေခြည်"

"အဲဒါ... အဲဒါ... အဲဒီမိန်းမပဲ ဖြစ်မှာပေါ့"

"အင်း... ငါလည်း အဲလိုပဲ ထင်နေမိတယ်"

နုနယ်က သက်ပြင်းတစ်ချက်နှင့် ပြောလိုက်ပါသည်။

"ငယ်ရည်းစားဆိုလည်း ငယ်ရည်းစားလို့ ပြောလိုက်ပေါ့၊ ဘာဖြစ်လို့ Study Guide ဆိုတဲ့ နေရာမှာ ရပ်ထားရပြန်တာတုံး၊ နင့်ကိုကြီးတော့ မဟုတ်တော့ဘူး"





ဟုတ်တယ်။

ကိုကြီး မဟုတ်တော့ဘူး။ တစ်ခုခုတော့ တစ်ခုခုပဲ။ ဘာဖြစ်လို့ တဝက်တပျက် ထပ်လျှို့ဝှက်ထားရ ပြန်တာလဲ။ ထိုအတွေးတွေနှင့် ခုရက်ပိုင်း နုနယ် မပျော်ရွှင်ပေ။ စိတ်တွေကတင်းကျပ်နေသည်။

"ရှေ့နားမှာနော်... ရောက်ပြီနော်၊ ညာဘက်က ခြံဝင်းကြီးထဲ"

နှင်းမြမာလာက သတိပေးလိုက်မှ နုနယ်က ကားကိုအရှိန်လျှော့လိုက်ပါသည်။ ရှေ့နားကနာမည်ကြီး fitness center ခြံဝင်းကြီးထဲ ကားကိုချိုးဝင်လိုက်ပါသည်။ အဲဒီနောက် အဆောက်အအုံထဲကို နှင်းမြက ရှေ့ကဦးဆောင်ကာ သုံးယောက်သား ဝင်ခဲ့ပါသည်။

နှင်းမြမာလာဟာ မော်ဒယ်လ်အေဂျင်စီ တစ်ခုမှာ သင်တန်းလည်းတက်၊ တက်သစ်စမော်ဒယ်လ်တစ်ယောက်လည်း လုပ်နေပါသည်။ အမေမွေးသော ရုပ်ရည်ကိုယ်ခန္ဓာလေးကို လှပကြော့ရှင်းပြီးသား ဖြစ်လေရာ သင်တန်းလေး တက်လိုက်တာနှင့် တန်းဝင်မော်ဒယ်လ်လေးတစ်ယောက် ဖြစ်လာသော်လည်း အခုတော့ သူ့ဆရာမက သူ့ကို မယ်အဖြစ်မွေးဖို့ ရည်ရွယ်လေရာ ခန္ဓာကိုယ်ကို ဒီထက်အချိုးကျစေဖို့ Body beauty ကစားနိုင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီ fitness center မှာ နှင်းမြက မဲန်ဘာဝင်ကာ လာစ,ကစားနေပြီ ဖြစ်ပေမယ့် သူ့တစ်ယောက်တည်း ပျင်းတော်မူသည်ဆို၍ နနယ်နှင့် နေခြည် သူငယ်ချင်းနှစ်ယောက်တို့ဟာလည်း ကိုယ်တိုင်လည်း စမ်းသပ်ကစားကြည့်ချင်ချင် နှင်းမြကိုလည်း အဖော်ရစေရယ်လို့ သူတို့ပါ ဝင်ကစားမှာ။

"ဟား… အရမ်းမိုက်တယ်"

နေခြည်က ခပ်တိုးတိုး ရေရွတ်လိုက်ပါသည်။ သူတို့ရောက်ဖူးတဲ့ fitness center တွေနှင့်ဘာမှမဆိုင် ကြီးကျယ်ခမ်းနားကာ ပစ္စည်းတွေလည်း စုံလင်များပြားလွန်းတဲ့ အပေါ်ထပ်ခန်းမကြီးကို ဝေ့ပတ်ကြည့်ကာ နနယ်လည်း သဘောကျသွားရပါသည်။ ဒီလို သန့်ပြန့်သားနား အကောင်းစားဆန်လှလွန်းလို့လည်းပဲ မဲန်ဘာကြေးက ဈေးကြီးတာပေါ့။

နနယ်သည် သူငယ်ချင်းတွေ လုပ်လို့သာ အတူလိုက်လုပ်ရ ပါသနာသိပ်မပါလှသည်ဖြစ်၍ သူတို့လောက်တော့ တက်တက်ကြွကြွ မရှိဘဲ ခန်းမကျယ်ကြီးထဲ လျှောက်နေရာမှ ဘေးတစ်ဖက် ကြီးမားကျယ်ပြောလှတဲ့ မှန်နံရံအကာကြီးမှ အပြင်ဘက်ခြံထဲကို ဘာရယ်မဟုတ် ငေးမောနေမိသည်။ နေရာကောင်းမှာ ကျယ်ဝန်းလှတဲ့ ခြံကြီး။ ဟိုဘက်ဘေးမှာ နှစ်ထပ်တိုက်လှလှတစ်လုံး ရှိသေးသည်။





နနယ် ငေးမောကြည့်နေဆဲ အနက်ရောင်ကားတစ်စီးက တစ်ဖက်ကတိုက်အိမ်ဆင်ဝင်၌ ထိုးဆိုက်ရပ်တန့်သွားကာ လူတစ်ယောက် ကားပေါ်က ဆင်းလာတာ တွေ့လိုက်ရပါသည်။ အဲဒီလူ။ အဲဒီလူကို တွေ့ဖူးတယ်လို့ စဉ်းစားမိတဲ့ ချက်ချင်းမှာပဲ မှတ်ဉာဏ်ကောင်းကောင်းလေးက လင်းလက်အဖြေထွက်သွားပါသည်။ အဲဒါ ထီးတော်မိုးပဲ။

ရှပ်လက်ရှည်ခရမ်းနု ဘောင်းဘီရှည်ဖစ်တင် အနက်ရောင်နှင့် ကားပေါ်ကဆင်းကာ ခြံထဲက လူတစ်ယောက်နှင့်ခဏ စကားရပ်ပြောနေတဲ့ ထီးတော်မိုးသူကို ကြည့်နေရင်းက နနယ်က နှင်းမြဘက်လှည့်ကာ မေးလိုက်ပါသည်။

"ဒီ ဖစ်တ်နက်စ်စင်တာက ဘယ်သူပိုင်တာလဲ နှင်းမြ"

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



(၅)

ပွင့်ဦးလှသည် အနွေးထည်နက်ပြာလေးကို ရင်ဘတ်ရှေ့စနစ်စ တင်းတင်းဆွဲစေ့လိုက်ပြီး လက်ကလေးကို ပိုက်ထားလိုက်ပါသည်။ ပြာလဲ့သော ရေကူးကန်ကြီးအနားမှာ နေမရိပ်ရိပ်အောင် တစ်ခုတ်တရ ပြုပြင်ထား၍ အမြဲပင် အေးမြနေတတ်သည်။

အဖြူရောင်ဒရင်းမ်ဘက်ဒ်ရှည်ပေါ်မှာ ခြေထောက်လေးကိုစန့်၍ဆင်းကာ မှီထိုင်နေရင်းက ရေကူးကန်ထဲမှာ ရေကူးနေသူကိုစိုက်၍ လိုက်ကြည့်နေမိသည်။ ရေထဲက ခေါင်းတစ်ခြမ်းစောင်းဖော်ပြီး အသက်ရှူလိုက်တိုင်း ပေါ်ပေါ်လာတဲ့ သူ့မျက်နှာကို ကြည့်လိုက်တိုင်း သူစိမ်းပြင်ပြင်လိုချည်း ထင်မိတာပင်။ နဂိုကတည်းက ရုပ်ချောသူမဟုတ်တဲ့အတွက် အသက်ကလေးရလာတဲ့အခါ သင်းက ပိုလို့တောင် ကြည့်မကောင်းပေ။





ခေါင်းအစ ခြေအဆုံး အကောင်းစားချည်းသာသုံးစွဲပြုပြင်ထား၍ သူ့ရုပ်ဟာ သန့်ပြန့်ပြီး သူဌေးမင်းရုပ်တော့ ထွက်နေပါသည်။ ဒီရုပ် ဒီရည်နှင့် ဆင်းရဲနေလို့သာကတော့ ဘယ်သူမှ လှည့်လို့တောင် ကြည့်မှာမဟုတ်။ သို့ပေမဲ့ အခုတော့ သူကကျိုကျိုတက် ကြွယ်ဝချမ်းသာနေသောအခါ သူ့နံဘေးပတ်လည်၌ အားလုံးသော လူအပေါင်းတို့ ခယယ ဝိုင်းရံနေရလေသည်။ အဲဒီဝိုင်းရံနေသူများထဲ မြန်မာပြည်မှာ လက်ချိုးရေတွက်လို့ရတဲ့ ဆယ်လီဘရစ်တီတွေပင် ပါနေချေသေးရဲ့။

"မမျိုး"

"ဟုတ်... မမ"

"သူ ဘယ်တော့ ဘယ်ကိုသွားဦးမှာလဲ၊ ခရီးလှမ်းကြောင်းရှိသေးလား"

"ဟုတ်ကဲ့... ဖိန်းနွဲခါ မြစ်ကြီးနားသွားမယ်လို့ ကိုဆိုင်းပြောပါတယ်"

"မြစ်ကြီးနား ?"

"ဟုတ်ကဲ့"

"သူ့ရွာကိုလား၊ တို့ကိုပါ ခေါ်နေဦးမှာလား"

"အဲဒါတော့ မသိဘူး မမ"

"မလိုက်ချင်ဘူး၊ တကယ်လို့များ ခေါ်နေရင် တို့ကိုဆရာဝန်က အနားယူခိုင်းထားတယ်လို့ ပြောမယ်၊ မမျိုး



www.burmeseclassic.com

www.burmeseclassic.com



လည်း ဝိုင်းပြောပေးနော်၊ ဒါ ညာတာမှ မဟုတ်တာ၊ အမှန်ပဲလေနော်”

“ဟုတ်ကဲ့”

“တို့ကို ဆေးတိုက်ရင် သူမြင်အောင်တိုက်နော်”

“ဟုတ်ကဲ့”

ခင်မျိုးသွယ်က ပွင့်ဦးလှကို ရယ်ချင်တာလေးအောင့်ပြီး သနားသလို ကရုဏာသက်သလို ဖျတ်ခနဲ ကြည့်မိကာ မျက်လွှာပြန်ချလိုက်ရပါသည်။ ပွင့်ဦးလှဟာ တကယ်ကို သနားကြင်နာစရာကောင်းတဲ့သူလို့ ခင်မျိုးသွယ် သတ်မှတ်သည်။ မျက်နှာထန်ကာ ဘယ်သူ့မှ ဂရုမစိုက်သလို ဟန်မူရာမျက်နှာပေးနှင့် စကားပြောလိုက်ရင်လည်း မာန်တက်နေသော ပွင့်ဦးလှထံ ခင်မျိုးသွယ် ရောက်လာစက သူမနှင့်အလိုက်အတိုက် ဖလိုက်ဖလျော ရှိဖို့ မနည်းကြိုးစားခဲ့ရပါသည်။

တဖြည်းဖြည်းနှင့် နှစ်ကြာလာချိန်မှာတော့ ပွင့်ဦးလှ ဒေါသတကြီး အော်ဟစ်နေရင်တောင်မှ ခင်မျိုးသွယ်က ကရုဏာသက်နေမိပါတော့သည်။ မျက်စိရှေ့မှာပင် လူချမ်းသာတို့ရဲ့ သောက ဒုက္ခ ပြဿနာတို့ကို မြင်ဖန်များလာတဲ့အခါ သာမန်လူတန်းစားတို့နှင့် မတူသည့် သူတို့ရဲ့အချိုးအချိတ် အပြုအမူတို့အပေါ် နားလည်ခွင့်လွှတ်လာနိုင်ပါသည်။





“သူ အခု ဟောင်ကောင်သွားခဲ့တာရော ဘယ်သူပါသွားလဲ”

“ဟို... ကိုဆိုင်းပါတယ်”

“နောက်ကော”

“.........”

“ရေချယ်လ် ပါသွားသေးလား”

“မရေချယ်လ် မပါသွားဘူး၊ အန်ကယ်လ်နဲ့ မရေချယ်လ် ပြဿနာတက်ထားတယ်လို့ ကြားတယ်”

“ဘာဖြစ်လို့လဲ”

“မရေချယ်လ်က ဟို... စင်ကာပူမှာ သူ့ရည်းစားဟောင်းနဲ့သွားချိန်းတွေ့တယ်ဆိုလား မသိဘူး၊ သိပ်တော့ မသေချာပါဘူး မမ၊ ဒါက ရုံးကလူတွေ ပြောနေကြတာ၊ ခန့်မှန်းပြောဆိုနေကြတာလည်း ဖြစ်နိုင်ပါတယ်”

ပွင့်ဦးလှက နှုတ်ခမ်းလေးနှစ်လွှာကိုဖိကာ ပွတ်နေရင်း စဉ်းစားနေမိသည်။ ပုဂ္ဂလိကဟိုတယ်ကြီးတစ်ခုမှာ ရာထူးလေးတစ်ခုနှင့် အလုပ်လုပ်တဲ့ ရေချယ်လ်ဆိုတဲ့ မိန်းကလေးဟာ အခုမှ အသက်လေးက နှစ်ဆယ့်ခြောက် နှစ်ဆယ့်ခုနစ်ပေါ့။ အင်မတန်မှလည်း ချောမောလှပသေးသည်။ ရှမ်းနှင့်ဂေါ်ရခါးစပ်သည်ဆိုလား။ ဖြူစင်ဝင်းလက်သော အသားအရေနှင့် မျက်ခုံး



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံး နှာတံတို့ ထင်းနေအောင်လှသော ဘိုရုပ်လေးနှင့် ထို မိန်းကလေးဟာ ဦးဘရမ်ထွယ်အောင်ရဲ့ နောက်ဆုံးအသည်းစွဲမိန်း ကလေး မဟုတ်လား။

သူတို့တွဲတာမှ နှစ်နှစ်တောင် ပြည့်သေးရဲ့လားမသိ တာ။ ကောင်မလေးက ငယ်လည်းငယ်၊ ထက်လည်းထက်ပုံရပါ သည်။ မဟုတ်မခံ ကဲကဲဆတ်လို့လည်း ကြားဖူးသည်။ ဦးဘရမ် ထွယ်အောင်ကို လူရှေ့သူရှေ့လည်း တစ်ခါတလေ စိတ်ကောက် ကာ ထွက်သွားတာ ခွန်းတုံ့ပြန်ပြောတာတွေ ရှိသတဲ့။

သွေးပူအောင် စွဲလမ်းနေတုန်းတော့ ဒါလေးတွေကို ထက်ထက်မြက်မြက်ကလေးလို ချစ်စနိုး ရှိနိုင်ပေသပေါ့။ ကြာ တော့လည်း သူ့ကိုအာခံ ကလန်ကဆန်ပြုတဲ့ မိန်းကလေးမျိုးကို သူလိုလူက မျက်စိမှိတ် သည်းခံနေဖို့ ဝေးပါသေးရဲ့။

ကောင်မလေးဟာ အစကတည်းက ချစ်သူရှိပြီးသား မိန်းကလေးလို့ ကြားရသည်။ သူ့ပညာ သူ့ရာထူး သူ့ရုပ်ရည် လေးနှင့် သူ့ဘဝ သာသာယာယာ ရှိနေတာပဲမို့ ရုပ်လည်းမချော တဲ့ အသက်ငါးဆယ်ကျော် ကချင်သူဌေးကြီး သူ့ကို ဟိုတယ်မှာ အမှတ်တမဲ့တွေ့ပြီး တန်းတန်းစွဲတဲ့အခါ ပထမတော့ ရယ်ကာ မောကာ ရှောင်ကာရှားကာ ရှိခဲ့ပါသေးသတဲ့။

သို့ပေမဲ့ ဒီလူကြီးက အသက်ငါးဆယ်ကျော်နှင့် မလျော်ကန်လောက်အောင် လူပျိုကာလသားကလေးနှယ် နေ့စဉ်





ရက်ဆက် တန်းတန်းစွဲလိုက်တာအပြင် ရင်းနှီးလာသည်နှင့်အမျှ မွေးနေ့လက်ဆောင် ကားဝယ်ပေးတာတို့ အတူရေခဲမုန့်စားရင်း ရေခဲမုန့်ကုန်မှ ဖန်ကလပ်အောက်ခြေထဲက စိန်လက်စွပ်ထွက်ပေါ် လာစေတာတို့လိုမျိုး ခပ်သည်းသည်း နိုင်လွန်းတဲ့အခါကျတော့ သည်း ကောင်မလေး အရည်ပျော်ပေမည်။

"ဒါဖြင့် အခု သူက နောက်တစ်ယောက်နဲ့များလား"

"........"

"ဟုတ်လား... တို့တောင် မသိလိုက်သေးပါလား"

"သုံးလေးလတော့ရှိပြီ မမ၊ မမက ဒါတွေမသိချင်ဘူး အာရုံနောက်တယ်ဆိုလို့ ကျွန်မ ကြားတာတွေ ပြန်မပြော တော့တာပါ"

"ဪ... ဟုတ်လား၊ ဘယ်ကလဲ... ဘယ်သူလဲဟင်၊ အခု သူနဲ့ဟောင်ကောင်ကို အဲဒီတစ်ယောက် ပါသွားတယ် ပေါ့"

"မရေချယ်လောက်တောင် မငယ်ပါဘူး၊ သုံးဆယ်ကျော် လောက်တော့ ရှိမယ်ထင်တယ်၊ တစ်ခုလပ်လိုလိုလည်း ကြားတယ်၊ ဖြူးတီးစပါးတစ်ခု ဖွင့်ထားတယ် မမ၊ သူက တော့ နည်းနည်းလည်တယ်လို့လည်း ကြားရတယ်"

"ဪ... ရေချယ်လ်လည်း သနားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခင်မျိုးသွယ်က ပွင့်ဦးလှဘက် အံ့အားတသင့်ကြည့်မိ၍ ရယ်တောင် မရယ်ချင်တော့ပါ။ ရေချယ့်လ်ကို သွားသနားနေလိုက်တာ။ သူ့ကိုယ်သူတော့ဖြင့် မသနားဘဲနဲ့လို့ တွေးနေမိပါသည်။

“မြစ်ကြီးနားလည်း ခေါ်သွားမလား မသိဘူး”

“အန်ကယ့်လ်ရှာကို ဆိုရင်တော့ ခေါ်သွားမှာမဟုတ်ဘူး မမ”

“အို… နို့မို့ဆိုရင် တို့ကို ခေါ်နေဦးမယ်၊ အဲဒီတစ်ယောက်ပဲ ခေါ်သွားလိုက်ပါစေ”

ခင်မျိုးသွယ်မှာ ပြုံးရမလို မဲ့ရမလို ဖြစ်ရသည်။ အရင်ကတော့ ပွင့်ဦးလှ တစ်ယောက် ကိုယ်ဘာမှမတတ်နိုင်တဲ့ အတူတူ ဘာမှမခံစားရလေသယောင် ဟန်လုပ်ထားတာလို့ ထင်ခဲ့မိပါသည်။ နောက်တော့ တဖြည်းဖြည်း သိလာသည်။ ပွင့်ဦးလှ ဟန်ဆောင်နေတာမဟုတ်။ တကယ့်ကို ဘာစိတ်မှ မရှိတော့တာ။ ထိုအခြေအနေ ထိရောက်အောင် ကြားကာလမှာ ဘယ်လောက် ဒုပေဒါပေ အရေထူခဲ့ရမလဲ။

“ဪ… မမ၊ ဒေါက်တာရန်ပယ် ထိုင်တဲ့ ဆေးခန်းတွေနဲ့ အချိန်စာရင်းတွေရယ် သူ့လိပ်စာ ဖုန်းနံပါတ်ရယ် ရပါပြီ။ အိမ်ပေါ်ပြန်တက်မှ မမကို ပေးပါ့မယ်”





“ဪ… ရတယ်… ရတယ်၊ ဦးဘရမ် ရှေ့မှာ မပြောနဲ့၊ ဒေါက်တာရန်ပယ်အကြောင်း လုံးဝမပြောနဲ့”

ခင်မျိုးသွယ်က ပွင့်ဦးလှကို ပဟေဠိများနှင့် ကြည့်နေမိပါသည်။ ဘာမှတော့ ဆက်မပြောတော့ပါ။ ဦးဘရမ်ထွယ်အောင် ရေထဲမှ တက်လာပြီဖြစ်၍ပင်။ ရေကန်ထဲက သူတက်လာမည့်လှေကားထိပ်၌ ကိုသီဟက မွေးပွမျက်နှာသုတ်ပဝါသားဝတ်ရုံရှည်ကိုင်၍ စောင့်နေကာ ဦးဘရမ် တက်လာလျှင် ဆီးကြိုခြုံလွှမ်းပေးလိုက်ပါသည်။ ဦးဘရမ်က ခါးကြိုးကိုချည်ရင်း ပွင့်ဦးလှရဲ့ နံဘေးကို လျှောက်လာကာ ယှဉ်လျက် ဒရင်ဘက်ခ်ပေါ် ထိုင်ချလိုက်ပါသည်။

“ချမ်းနေလား… နေကောင်းရဲ့လား…”

“နည်းနည်းအေးလို့ပါ၊ နေကတော့ မကောင်းတကောင်းပဲ ဦး”

“သောကြာနေ့ မြစ်ကြီးနားသွားရမှာ၊ မင်း လိုက်ခဲ့လေ”

“ပွင့်ဦး မလိုက်နိုင်ဘူးထင်တယ် ဦး၊ ပွင့်ဦး သိပ်နေမကောင်းလို့ပါ၊ ဆရာဝန်ကလည်း ပွင့်ဦးကို ခရီးတွေဘာတွေ မသွားခိုင်းသေးဘူး၊ ဆေးရုံတောင် တက်နေစေချင်သေးတာ၊ ပွင့်ဦး အိမ်မှာပဲနေချင်လို့ ဆင်းလာတာပါ၊ ဆေးပြင်းတွေလည်း သောက်နေရတော့ ပွင့်ဦးနားနားနေနေ



www.burmeseclassic.com

www.burmeseclassic.com



နေချင်သေးတယ်၊ အစ်မတို့ဆီ ဖုန်းလှမ်းဆက်ပြီး အစ်မတို့ ဘာလိုလဲ လိုချင်တာလေးတွေ ပွင့်ဦး ဝယ်ထည့်ပေးလိုက်မယ်လေ”

ဦးဘရမ်က ကိုသီဟ ကမ်းပေးသော ဗိုင်ဂလပ်စ်လေးကိုယူကာ နှုတ်ခမ်းဝ တေ့ကပ်စုပ်ယူလိုက်ရင်း ပွင့်ဦးလှကို မျက်စိမှေးစင်းကြည့်နေပါသည်၊ နဂိုက အမေမွေးကတည်းက မှေးသော သူ့မျက်ဝန်းကို ဤသို့မှေးပြီးကြည့်ပြီဆိုလျှင် မျက်အိမ်ပေါက်မှာ အပ်ချည်ကြောင်းမျှသာ ကျန်သည်။ ပွင့်ဦးလှက မျက်လွှာချ၍ အကြည့်ကို ငြိမ်သက်ခံယူနေရပါသည်။

ဦးဘရမ်က ပွင့်ဦးလှ လက်ဖျားတစ်ဖက်ကို လှမ်း၍ဆုပ်ကိုင်လိုက်ရင်း…

“နေကောင်းအောင်နေလေ၊ မင်း နေမကောင်းလို့ ဘယ်ဖြစ်မလဲ၊ ကိုယ်လည်း ဒီတစ်ခေါက်အားရင် စင်ကာပူသွားမလား၊ ချက်က်အပ်ပ်လုပ်ရအောင်လေ၊ မင်းကို ကြည့်ရတာ ဖျော့တော့တယ်”

“ဒီမှာလည်း အခုစစ်ဆေးထားပါတယ်၊ ချက်က်အပ်ပ်ထပ်လုပ်ဖို့တော့ မလိုဘူး ထင်တယ်၊ အခု နှလုံးဆရာဝန်က ဆေးပေးထားတာလည်း သက်သာနေပါတယ်”





“အာ… ဒီကဆေးရုံတွေက စက်တာတွေများ ဘာ‌ေဘက်သုံးကျလို့လဲ၊ ‌ေဘက်တလွဲချည်းပဲဟာ၊ ဒီမှာ စစ်တာစကားထဲ ထည့်ပြောမနေနဲ့၊ အခု ကိုယ်နှလုံးမကောင်းဘူးဆိုတာကိုယ် အကြမ်းဖျဉ်းသိနေပြီပဲ၊ အသေးစိတ် ဒီတေးလ်သိရအောင်က ဟိုကိုပဲသွားထပ်စစ်မယ်၊ ဘာမှပြောမနေနဲ့၊ မင်းနှလုံးရောဂါသာ တကယ်စိုးရိမ်ရတာမျိုးဆိုရင် ဒီမှာပဲ ပေကပ်ကုနေရင် မကြာဘူး သေလိမ့်မယ်၊ သုံးစားလို့မရတဲ့ဆေးရုံတွေ ဆရာဝန်တွေ၊ ဒီကဆရာဝန်တွေ ဘာများတတ်လို့လဲ”

ပွင့်ဦးလှက မျက်လွှာလေး တစ်ချက်ပင့်လာပါသည်။ အဲသလိုမျိုး ကိုယ့်တိုင်းပြည်ကို ကိုယ့်ဆီက အခြေအနေကို ကိုယ့်ဆီကလူတွေကို ချိုးဖဲ့နှိမ်ချပြောလျှင် ပွင့်ဦးလှ အင်မတန်နားခါးပါသည်။ ဟုတ်သည်ဖြစ်စေ မဟုတ်ဘူးဖြစ်စေ ကိုယ့်နိုင်ငံသားက ကိုယ့်နိုင်ငံကို ချိုးဖဲ့နှိမ်ချ ပြောဆိုတာကို ဘယ်လိုမှမခံစားနိုင်ပါ။

အထူးသဖြင့်တော့ ဒီကဆရာဝန်တွေကို တကယ်ကို အထင်သေးတတ်သော ဦးဘရမ်ရဲ့ ကဲ့ရဲ့စကားတွေကိုမုန်းသည်။ သူကဖြင့် ဆယ်တန်းတောင်မအောင်ဘဲနဲ့ ဆရာဝန်တွေကို အထင်သေးစကား ပြောနေတာ။ ဆေးကျောင်းကနေ ခုဒ်



www.burmeseclassic.com

www.burmeseclassic.com



အမ်ဘီအောင်ပြီးခါမှ တစ်ဝက်တစ်ပျက် တစ်ပိုင်းတစ်စနှင့် ထွက်ပစ်ခဲ့ရသော ပွင့်ဦးလှက ပိုနာပါသည်။

"နိုင်ငံခြားသွားပြီး ဆေးစစ်တာ ဦးပဲစစ်ပါ၊ ပွင့်ဦးကတော့ ဒီမှာလည်း အဆင်ပြေပါတယ်၊ အခုလည်း ဒီဆရာဝန် ဒီဆေးတွေနဲ့ပဲ ပွင့်ဦး သက်သာနေတာပဲလေ"

"ဘာမှပြောမနေနဲ့၊ ဒီမှာ စစ်ထားတာလည်း အယုံအကြည်မရှိဘူး၊ အခုမဟုတ်ပါဘူး၊ မင်းလည်း ခရီးသွားဖို့လာဖို့ သက်သောင့်သက်သာ ရှိချိန်လောက်မှပေါ့၊ ဟုတ်ပြီလား"

"အပေါ်တက်ကြစို့ ဦး၊ ဦးလည်း အေးနေတော့မယ်"

ပွင့်ဦးလှက စကားဖြတ်ကာ ထိုင်ရာက ထလိုက်ပါသည်။ ဦးဘရှမ်ကလည်း ထရပ်လိုက်ကာ လက်တစ်ဖက်ကဝိုင်ခွက် နောက်လက်တစ်ဖက်က ပွင့်ဦးလှ ပခုံးကို ဖက်လိုက်ပါသည်။ လွန်ခဲ့တဲ့နှစ်နှစ်ဆယ်က သူ့ကို အရူးအမူးချစ်ခဲ့တဲ့ ဒီလူကြီးဟာ ခုထိ စိတ်လိုရင် လိုသလိုတော့ ကြင်နာပြတတ်ပါသည်။ အချစ်တစ်ခုတည်းနှင့် မရပ်တန့် မရောင့်ရဲနိုင်တာရယ် အတ္တကြီးတတ်တာလေးရယ်ကလွဲလျှင် ဦးဘရှမ်ဟာ တစ်ချက်တလေတော့ လူကောင်းပဲပေါ့လေ။

✤ ✤ ✤





(၆)

"နုနယ်... ဘာစားမလဲ ကလေး၊ အပြန် ကိုယ်ဘာဝယ်ခဲ့ပေးရမလဲ"

ရန်ပယ်က တိုက်လှေကားထစ်များကို နင်းတက်ရင်းက ဖုန်းပြောလာပါသည်။ လောလောဆယ် သူ လှည်းတန်းဘက်ရောက်နေသည်။ တစ်ပတ်မှာ နှစ်ရက် သူ ဆေးခန်းလုံးဝမထိုင်ပါ။ ထိုရက်များရဲ့ တစ်ရက်သော ညနေပိုင်းကို အမေ့ကိုပေး၍ နောက်တစ်ရက်ကို နုနယ်အတွက်ထားပါသည်။

"ကိုကြီး လှည်းတန်းမှာလား"

"ဟုတ်တယ် နုနယ်၊ ဒီနေ့ နည်းနည်းနောက်ကျနေတာနဲ့ အမေ့ဆီအလာမှာ နုနယ်ကို ဝင်မခေါ်တော့တာ"

"ငါးကင် ဝယ်ခဲ့ပါ ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ... ဝယ်ခဲ့မယ်နော်",

"စောစောပြန်လာဦးလို့"

"အင်းပါ... စောစောပြန်လာမယ်နော်"

"ချစ်လား... ပြောဦး"

ရန်ပယ်က တစ်ယောက်တည်း ပြုံးမိကာ ခပ်တိုးတိုးနှင့်...

"ချစ်တာပေါ့ နုနယ်ရယ်၊ ဒါပဲနော်... အမေ့အခန်းရှေ့ရောက်နေပြီ"

"အင်း... ပြီးရော၊ ဒါပဲ... ဘိုင့်ဘိုင်"

ကိုယ့်ထက် အများကြီးငယ်တဲ့ ကောင်မလေးတစ်ယောက်ကို ချစ်ရသည်မှာ တစ်ခါတစ်ရံတော့ တစ်ယောက်တည်း ရှက်ပြုံးရပါသည်။ သူကလေးက ကလေးဆန်ဆန် ပြုမူပြောဆိုတတ်တဲ့အခါ ကိုယ်က သူနှင့် ဟာမိုနီဖြစ်အောင် မလိုက်ပါပြန်လည်း တစ်ခက်၊ လိုက်ပါပြန်တော့လည်း ကိုယ့်အရွယ်နှင့်တစ်ခက်။

ရန်ပယ်က ဘဲလ်ကိုတီးလိုက်လျှင် ချက်ချင်းပင် အမေက တံခါးလာဖွင့်ပါသည်။ ခုချိန်ထိ ဘလောက်စ်အင်္ကျီလိုမျိုးကိုပင် တစ်ကြိမ်တစ်ခါမှ မဝတ်ဆင်ဖူးအောင်ပင် အမေကရိုးခဲ့သည်။ အဖေက ရန်ပယ် လေးတန်းအရွယ်ကတည်းက အမေနှင့်ကွဲခဲ့သည်ဖြစ်၍ ရန်ပယ့်ကို လူတစ်လုံး သူတစ်လုံးဖြစ်လာအောင် အမေ အတော်ပင်ပန်းခဲ့ပါသည်။





ရန်ပယ်က လက်ထဲက သစ်သီး၊ ကော်ဖီထုပ်၊ ဆီဘူး၊ မုန့်ဘူး စသဖြင့် စားသောက်စရာများပါသော အထုပ်ကို အမေ့လက်ထဲလွှဲရင်း...

"နေကောင်းလား အမေ၊ သွေးတိုးသေးလား"

"ကောင်းတယ် သား၊ မတိုးတော့ဘူး ဒီရက်ထဲ"

အမေနှင့်အတူနေသော အဖော်မိန်းကလေး အကြည်က မေမေ့ထံမှ အထုပ်ကို တစ်ဆင့်သယ်ယူသွားသည်။ အမေသည် အခုအချိန်ထိ စက်ချုပ်တုန်း။ အပ်ထည်လက်ခံတုန်း။ လစဉ် ရန်ပယ် ထောက်ပံ့ကန်တော့သောငွေနှင့် ရိုးကုပ်သောအမေက ကျစ်ကျစ်လျစ်လျစ် သုံးစွဲလောက်ငသော်လည်း ပျင်းလို့ဟူသော အကြောင်းပြချက်နှင့် အထည်ချုပ်တုန်းပင်။ သို့သော်... အခုခေတ်အင်္ကျီချုပ်ပုံ နည်းစနစ်တွေ တီထွင်ဆန်းကြယ်လာသလိုမျိုးတော့ အမေက မချုပ်တတ်သည်ဖြစ်ရာ သိပ်ကြီးတော့ အပ်ထည်တစ်ပုံတစ်ပင်ရတာမဟုတ်။ သူ့လိုလူကြီးသူမတို့လောက်သာ အမေ့ထံ အပ်ကြတာ။

"အကြည်ရေ... မုန်လာဥချဉ်ရည်လေး နွှေးထားနော်"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

"သား ခဏနေမှ စားမယ်မဟုတ်လား"

"ဟုတ်ကဲ့ အမေ၊ ခဏနေမှ"



www.burmeseclassic.com

www.burmeseclassic.com



အမေ့အိမ်ရောက်လျှင် ထမင်းကို အနည်းဆုံးစတိလောက်ဖြစ်ဖြစ်တော့ စားရသေးသည်သာ။ ဒါမှ အမေဝမ်းသာမည်။ နုနယ်ကလည်း သူအပြင်က စားလာလို့ အိမ်မှာလက်ဆုံမစားလို့ စသည်ဖြင့် ပြဿနာလုပ်တတ်သူမျိုးမဟုတ်။ ဒါကြောင့် စားကောင်းလျှင်လည်း သူ အပြီးစားလိုက်သည်။ တစ်ခါတစ်ရံလည်း အိမ်မှာ နုနယ်နှင့် ထပ်စားလျှင်စားသည်။ တစ်ခါတစ်ရံလည်း သူပြန်ရောက်လျှင် နုနယ်က စားပြီးနှင့်ရင် ပြီးနှင့်သည်။ အဆင်ပြေသလိုပင်။

"နုနယ်လေးရော သား၊ နေကောင်းလား"

"ကောင်းပါတယ်၊ အကောင်းလွန်နေတာ အမေကလည်း၊ ခုတလော သူ့သူငယ်ချင်းတွေနဲ့ ဂျင်မ်သွားကစားပြီး ပိုတောင် လန်းဆန်းစိုပြည်နေသေး"

"သားတို့ ကလေးမရသေးဘူးလား"

"အာ... ဟား ဟား... အမေကလည်း ခုမှ တစ်လပဲရှိသေးတာလေ၊ ဖြည်းဖြည်းပေါ့"

"နုနယ် ငယ်တုန်းမွေးခိုင်း၊ အမေနဲ့သားဆို အသက်နှစ်ဆယ်ပဲကွာတယ်၊ အဲဒါ ကောင်းတယ်၊ သား လူလားမြောက်အောင်မြင်ပြီးတာကို အမေ ကျေကျေနပ်နပ် ကြည့်ချိန်မြင်ချိန်ရတယ်လေ၊ နှစ်ယောက်တော့ မွေးနော်၊ တစ်ယောက်





တည်းဆိုရင် ငါ့သားလိုပဲ အထီးကျန်မယ်၊ တစ်ဦးတည်းသောသားတွေက မောင်နှမ မရှိတဲ့သူတွေထက် တစ်ကိုယ်ကောင်းဆန်တတ်တယ် သားရဲ့"

"အမေကလည်းဗျာ၊ သားကရော တစ်ကိုယ်ကောင်းဆန်လို့လား"

"နည်းနည်းတော့ ဆန်တာပေါ့၊ အစ်မဖို့ ညီဖို့ဆိုတဲ့ ဝေမျှရတဲ့ ငဲ့ညှာရတဲ့ ညှိရတဲ့စိတ်မျိုး သားမှာမရှိဘူးလေ။ ငယ်တုန်း မောင်နှမထဲ ညှိနှိုင်းငဲ့ကွက်ရတဲ့ အကျင့်လေးက ကြီးတော့ လူ့အသိုင်းအဝိုင်းထဲမှာ လိုက်လျောညီထွေပိုဖြစ်စေတယ်၊ ပိုသည်းခံတတ် ပိုခွင့်လွှတ်တတ်စေတယ်"

"သားက အခု ဘယ်သူ့ကိုများ သည်းမခံ ခွင့်မလွှတ်လို့လဲ အမေရယ်"

ဒေါ်စပယ်က သားဖြစ်သူကို အပြုံးကလေးနှင့်စိုက်ကြည့်နေမိပါသည်။ သားဟာ ဖြောင့်မှန်သူ၊ တစ်ဖက်သားအပေါ်အမှားမပြုသူဖြစ်၍ သူ့အပေါ် မဖြောင့်မှန်ဘူးထင်လျှင် သူ့အပေါ်အမှားလွန်ကျူးတယ်ထင်လျှင် ခွင့်မလွှတ်တတ်ပါ။

"ဩော်... သားကိုတောင် ပြောရဦးမယ်"

"ဟုတ်ကဲ့"

"ဆရာမကြီး နေမကောင်းတာ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေ အမေ၊ ဟုတ်လား၊ ဘယ်တုန်းကလည်း၊ အမေပြောရင် သားသွားကြည့်ရမှာပေါ့၊ အမေက ပြောလည်းမပြောဘူး"

"လွန်ခဲ့တဲ့ ဆယ်ရက်လောက်ကပါ၊ ဆရာမကြီးနဲ့က အမြဲဖုန်းပြောဖြစ်တော့ နေမကောင်းတာလည်း သိတယ်လေ၊ သိသိချင်းနေ့တောင် အမေ သွားလိုက်သေးတယ်၊ သားကို မပြောဖြစ်တာကတော့ ဟို... သူ့တူမက ပန်းလှိုင်ဆေးရုံတင်လိုက်တော့ သိပ်လည်းမလိုအပ်တော့ဘူးလေ၊ ဒါကြောင့် မပြောဖြစ်တာပါ၊ ခုတော့ ဆေးရုံက ပြန်ဆင်းလာပြီ။ အမေ ဒီနေ့ ရောက်ပြီးပြီ၊ တစ်ရက်လောက်တော့ သား သတင်းမေး သွားလိုက်ဦးပေါ့"

ရန်ပယ်က ခေါင်းတညိတ်ညိတ် ပြုလိုက်ပါသည်။ ဆရာမကြီးဟာ သူ့ရဲ့ကျေးဇူးရှင်။ တိုက်ရိုက်ကျေးဇူးရှင်လည်း ဖြစ် သွယ်ဝိုက်သောကျေးဇူးရှင်လည်း ဖြစ်ခဲ့သည်။ ဆရာမကြီးက တစ်ဆင့်ရသော အဖေ့အဆက်အသွယ်ကြောင့် သူ ခုလောက်ဘဝ ရောက်တဲ့ထိ ပညာတတ်ခွင့်ရခဲ့တာ၊ ဆရာဝန်ကြီး ဖြစ်ခွင့်ရခဲ့တာမို့ ဆရာမကြီးရဲ့ ကျန်းမာရေးအတွက် လိုအပ်လာလျှင် သူ အပြေးစောင့်ရှောက်ဖို့ သင့်သည်။ သူ့တူမက ပန်းလှိုင်ဆေးရုံ တင်ပေးလိုက်တယ် ဆိုတော့လည်း သူလုကစရာ မလိုအပ်တော့ဘူးပေါ့။





"ဘာဖြစ်တာလဲ အမေ"

"နည်းနည်းလေဖျန်းချင်သလို ဖြစ်တာပါ သား၊ အကောင်းဆုံးဆေးဝါးတွေနဲ့ ပုံတိုက်ပြီး ကုတာဆိုတော့ ခုတော့ အရှင်းကောင်းပါတယ်၊ မလှုပ်နိုင်တာ မပြောနိုင်တာ ဘာမှမရှိဘူး"

"တော်ပါသေးရဲ့၊ အင်းလေ... သူ့တူမက ငွေနဲ့စက်ကုမှာပါ"

"ဒါနဲ့..."

အမေက မပြောခင် သူ့ကို အကဲခတ်နေသေးသည်။ ပြီးမှ...

"သားနဲ့ ပွင့်ဦး ငပလီမှာ ဆုံသေးတယ်ဆို၊ ဒီနေ့ ဆရာမကြီးအိမ်မှာ ပွင့်ဦးနဲ့ဆုံတယ်လေ၊ ပွင့်ဦးက အင်မတန်မှတော့ လာခဲ ဆုံခဲပါတယ်၊ ဒီနေ့တော့ မမျှော်လင့်ဘဲတွေ့ရတာ"

"........"

ရန်ပယ် ဘာစကားမှ မပြန်ဖြစ်။

"ပွင့်ဦးလည်း နှလုံးသွေးကြောကျဉ်းတာတဲ့၊ ဘောလုံးနဲ့ အရင်ချဲ့ကြည့်မယ်ဆိုလား စတန့်ထည့်မယ်ဆိုလား သူ ပြောတော့ ပြောတယ်၊ အမေ သေချာတော့ ပြန်မပြောတတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ သူ့နှလုံးရောဂါက ရုတ်တရက် ဘယ်လိုဖြစ်တာတုံး၊ အရင်က ပြောသံမကြားပါဘူး၊ အခုတော့ သူတကယ် နေမကောင်းပုံပဲ၊ စကားပြောတာ မောသံပါတယ်၊ ဒါပေမဲ့ အမေနဲ့တွေ့တော့ ပြောလိုက်တဲ့စကား မရပ်မနား"

"အမေ သူ့ကို ဘာမှစိတ်ပူနေစရာ မရှိဘူးလေ၊ သူလို လူမျိုးက ဖြစ်နိုင်လို့ နှလုံးအသစ်တစ်လုံး ဈေးကြီးပေးဝယ် လဲရမယ် ဆိုရင်တောင် လဲပစ်နိုင်တယ်လေ၊ အင်္ဂလန် သွားကုမလား၊ အမေရိကား သွားကုမလား၊ အကောင်းဆုံးတွေ အကုန်လုပ်နိုင်တယ်၊ သူ ကျန်းမာအောင် မသေအောင် သူ့ဘာသာ ပိုက်ဆံနဲ့စက်ပြီး ကုလိမ့်မယ်၊ အမေ အေးအေးနေပါ၊ သူ့ဘဝနဲ့သူ၊ သူ့အကြောင်း မပြောပါနဲ့"

"ဘယ်လိုပြောလိုက်တာလဲ သားရယ်"

ဒီအကြောင်း စကားစလျှင် သူ မကြိုက်ဘူးဆိုတာကို အမေသိပါလျက်နဲ့။ ရန်ပယ်က အမေ့ကိုပင် အနည်းငယ် စိတ်ခုမိပါသည်။

"ပွင့်ဦးအကြောင်းပြောရင် မင်းမကြိုက်ဘူးဆိုတာ အမေ သိပါတယ်သားရဲ့၊ ဒါကြောင့် တော်ရုံလည်း မပြောပါဘူး။ အမေ ပြောတတ်လို့လား၊ ဒါပေမဲ့ စကားအလျဉ်းသင့် သလို ပါလာတာကိုတောင် ထိန်းပြီး မထွက်အောင် မျိုချ





နေရမယ်ဆိုတာကတော့ အမေ့အတွက်လည်း ပင်ပန်းလွန်း လို့ပါ၊ တကယ်တမ်း ပြောရရင် ပွင့်ဦးမှာ သားကိုထားခဲ့ တယ် ပစ်သွားတယ်ဆိုတဲ့ အပြစ်တစ်ခုကလွဲရင် တခြား ဘာအပြစ်များရှိလို့လဲ၊ ဒီအပြစ်လောက်ကကော အနှစ် နှစ်ဆယ်လောက် ရှိတဲ့အခါ နည်းနည်းပါးပါးတောင် လျော့မသွား ကျေမသွားဘူးလား သား၊ ပြီးတော့ ပြောမယ် ဆိုရင် ပွင့်ဦးက သားအပေါ် ကျေးဇူးရှိပါတယ် သားရယ်"

"အဟက် ဟက်"

ရန်ပယ်က တဟက်ဟက်ရယ်ရင်း ဝရန်တာဘက် ထွက်လာပါသည်။ အမေနှင့် အခြေအတင်တွေ မပြောချင်ပါဘူး။ စပြောမိရင် သူ့နှုတ်ဖျားက တရစပ်ထွက်လာမည့် နာကြည်း စကားတို့ဟာ ရပ်တန့်လို့ ရမည်မထင်ပါ။ သူ့ကိုယ်သူလည်း အံ့သြပါသည်။ ပွင့်ဦးလှအပေါ် သူ့ရဲ့နာကြည်းမုန်းတီးမှုတို့ဟာ အနှစ်,နှစ်ဆယ်ကြာတဲ့အထိ ဘာကြောင့် ဒီလောက် ပြင်းထန်သိပ် သည်းဆဲ ရှိရတာလဲ။

အရမ်းမုန်းတယ် ဆိုတာဟာ အရမ်းချစ်ခဲ့လို့လည်း ဖြစ်ရတာ သူ့ကိုယ်သူ နားလည်နိုင်တဲ့အတွက် သူ့စိတ်ကို သူ လျှော့ဖို့ အေးချမ်းဖို့ နောက်ပိုင်းနှစ်တွေ ဆက်တိုက် သူကြိုးပမ်း ခဲ့တာပဲ။ ပွင့်ဦးလှနှင့် တွေ့စရာအကြောင်း မရှိချိန်မှာတော့ သူ



www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းနိုင်လောက်ပြီလို့ သူ့ကိုယ်သူ အထင်မှားနေခဲ့တာ၊ မမျှော်လင့်ဘဲ ဘွားခနဲ တွေ့လိုက်ချိန်ကျတော့ မဟုတ်သေးပါလားလို့ သူ နားလည်ရသည်။

ဘာဖြစ်လို့ အမုန်းက အဲဒီလောက် ထူထပ်နေပြီး အငြိုးက ဒီလောက်ကြီး နေမိပါလိမ့်။ ခုလောက် တွေးလိုက်လျှင်ပင် သူ့တစ်ကိုယ်လုံး ထူပူလာတာကို သူခံစားရသည်။ အပူငွေ့တွေ တရှိန်ရှိန် ထွက်လာနေတာ။ နာကျင်မှုဟာလည်း နှလုံးသားရဲ့ တစ်နေရာမှာ အကောင်အထည်လိုက်ကို ရှိနေတုန်း။ နာတာမှ နှလုံးသားက အောင့်ပြီးကျင်ကာ ကျိန်းကာ သိသိသာသာ နာကျင်လာတာ။ သူ သက်ပြင်းတစ်ချက်ချရင်း ပြန်ဝင်လာခဲ့သည်။

"စာသင်ပေးတဲ့ စာကူကျက်ပေးတဲ့ ကျေးဇူးလား အမေ၊ ဟုတ်ပါတယ်၊ ဒီကျေးဇူးကို သိပါတယ်၊ ဒါပေမဲ့ သားလည်း သူတို့အိမ်မှာ ဘာလိုအပ်လဲ လိုအပ်သရွေ့ကို လုပ်အားနဲ့ အကုန်ပြန်လုပ်ပေးခဲ့တာပဲ အမေ၊ သူစာကျက်ဖို့ ရှိနေရင် သူလျှော်ရမယ့်အဝတ်တွေတောင် ကူလျှော်ပေးခဲ့တာမျိုးလေ၊ ဆရာမကြီး ဝေယျာဝစ္စလည်း အမြဲလုပ်ပေးခဲ့တယ်လေ၊ ကိုဇော်သည်းညည်းဆိုလည်း ဘယ်လောက်ခံခဲ့ရလဲ၊ ဟိုပြေးဒီပြေးနဲ့ ကိုဇော် ခိုင်းသမျှ လုပ်ပေးခဲ့ရတာပဲလေ…





သူ့ကျေးဇူးကိုမေ့တာ မဟုတ်ပေမယ့် ကျေးဇူးပေါ်မှာ အနာက ဖုံးသွားတာလေ၊ ဆပ်ခွင့်ကြုံရင် ဆပ်ချင်ပေမယ် သူ့ဘဝက အခု လိုလေသေးမရှိ ဟိုးမိုးပေါ်ကဘဝပါ၊ ဘယ်သူ့ဆီက ဘာအထောက်အပံ့ အကူအညီမှ မလိုအပ်လွန်းတဲ့ဘဝလေ၊ သားကလည်း အရင်လိုတော့ ရေလေးခွဲပေး လုပ်စရာရှိတာ ကူညီလုပ်ကိုင်ပေးနဲ့ အောက်ကျနောက်ကျ ကျေးဇူးဆပ်ပုံဆပ်နည်းတော့ မဆပ်နိုင်တော့ဘူးလေ၊ သားအနေအထားနဲ့ သားလေ"

ဒေါ်စပယ်က အသံတွေပင် တုန်နေသော သားကို ပြုံးကြည့်ရင်း…

"အင်းပါ သားရယ်၊ ဒါပေမဲ့ မင်းအခု တစ်ခုလေးပဲ တွေးကြည့်လိုက်ပါ၊ မင်းကိုသာ ပွင့်ဦး ပစ်မသွားရင် အဲဒီအချိန်ကသာ မင်းတို့နှစ်ယောက် လက်တွဲပြီး ဘဝကို ထူထောင်လိုက်ကြရင် ပွင့်ဦးရော အခုလို မိုးပေါ်ကဘဝ ရောက်မလား၊ သားရော အောက်ကျနောက်ကျဆိုတဲ့ အနေအထားကလွတ်ပြီး သားအနေအထားနဲ့ သားဆိုတဲ့ ဘဝတစ်ခုကို ရောက်လာပါတော့လား…

မင်းကို သူပစ်သွားခဲ့ခြင်းကြောင့်သာ မင်းရောသူပါ ခုလိုလူတစ်လုံး သူတစ်လုံး ခေါင်းမော့နိုင်တဲ့ဘဝတွေကို ရခဲ့ကြတာလို့ တွက်လို့ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမေ… တစ်ဝက်ပဲ မှန်တယ်၊ သားကိုပစ်သွားပြီး သူ့ရဲ့ရွေးချယ်မှုကြောင့် သူ မိုးပေါ်ကဘဝကို ရောက်သွားတာတော့ မှန်တယ်လေ၊ ဒါပေမဲ့ သား ခုလိုဖြစ်လာတာတော့ သားကံတရားနဲ့သားပါ၊ သူပစ်သွားတာနဲ့ ဘာမှမဆိုင်ပါဘူး၊ ဒါ သားရဲ့ကံတရားနဲ့ သားရဲ့ကြိုးစားမှုပါ"

"ဒါပေမဲ့ မင်းတို့ လက်ထပ်ဖြစ်ခဲ့ကြမယ် ဆိုရင်တော့ သားအခုလောက် ဘယ်လိုလုပ် တိုးတက်အောင်မြင်နိုင်ပါ့တော့မလဲ"

ရန်ပယ်က သူ့အမေကို ပြုံး၍ကြည့်လိုက်ပါသည်။ သူ မငြင်းချင်တော့ပါ။ အမေဟာ ငယ်ငယ်ကတည်းက ပွင့်ဦးလှကို ချစ်ကိုချစ်တာ သူ သိခဲ့တာပဲ။ သူ့အချစ်ကိုသာမက အမေ့ရဲ့ မေတ္တာကိုပါ မထေမဲ့မြင် လုပ်သွားရက်တဲ့ ပွင့်ဦးလှကို သူ နာကြည်းတာ လွန်ပါသလား။

"ထမင်းစားကြပါစို့ အမေရယ်"

စကားကိုဖြတ်ချင်၍ ထမင်းပွဲ ထိုင်လိုက်ရသော်လည်း ဟက်ဟက်ပက်ပက် မဆာသေး၍ ထမင်းစားလို့ မဝင်လှပါ။ အဲဒီနောက်တော့ ရန်ပယ်က ကြာကြာဆက်မနေဖြစ်တော့ဘဲ အမေ့ကို နှုတ်ဆက်၍ ပြန်လာခဲ့ပါသည်။ အမေက အစဖော်လိုက်တော့ ကားမောင်းရင်း ရန်ပယ့်စိတ်ထဲတွင် အတိတ်က အဖြစ်အပျက်တချို့ကို ဖျတ်ခနဲ ဖျတ်ခနဲ ပြန်တွေးမိလာပါသည်။





ပွင့်ဦးလှနှင့် ပတ်သက်၍ တတ်နိုင်သမျှ မတွေးမိအောင် ကြိုးစားနေကာ အတော်ကလေးလည်း အောင်မြင်ခဲ့ပါလျက် ဒီနေ့ညအဖို့တော့ အမေ့ကြောင့် သူ့အတွေးတွေ အကျည်းတန်ရပြီ။ ခေါင်းထဲက အတွေးတွေ အမှတ်ရမှုတွေကို ခေါင်းခါထုတ်ရင်းကမှ ရန်ပယ်သည် သူ ဘယ်ရောက်နေတယ်ဆိုတာ အံ့အားတသင့် သတိပြုမိသည်။

သူ့ကားကို စိတ်ကရည်ရွယ်ရာမရှိဘဲ မောင်းလာခဲ့တာ။ အိမ်ပြန်ဖို့သာ သူ့အာရုံမှာရှိပါလျက် သတိပြုမိချိန်မှာ သူ့ကားဟာ စမ်းချောင်းမြို့နယ်ထဲက လမ်းတစ်ခုပေါ် ရောက်နေခဲ့လေသည်။ ရန်ပယ်က စိတ်ပျက်လက်ပျက်နှင့် ကားကို လမ်းဘေးတစ်နေရာ ထိုးရပ်လိုက်ပါသည်။

ဟိုးအရှေ့မှာ ဆရာမကြီးတို့တိုက်။ ဟိုးအရင်က လုံးချင်းနှစ်ထပ်တိုက်ကလေး နေရာမှာ တိုက်ခန်းကျယ် ခြောက်ထပ်အမြင့်ကြီး ဖြစ်နေပေပြီ။ ပထမထပ်မှာ ဆရာမကြီးနေပြီး အောက်ဆုံးထပ်ကိုတော့ အထည်ဆိုင်ကြီးတစ်ခုကို ငှားရမ်းထားသည်။ အပေါ်ထပ်တွေကတော့ အခန်းတချို့ကိုရောင်း အချို့ကိုတော့ ငှားရမ်းထားတယ်လို့ အမေပြောပြဖူးပါသည်။ ဟော… သူကားရပ်ထားရာ နေရာနှင့် တည့်တည့်လမ်းသွယ်ကလေး ထိပ်က ကန့်ထရိုက်တိုက်ကြီးကတော့ သူ ကြီးပြင်းလူလားမြောက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရာ နေရာပေါ့။ အရင်ကတော့ ဒီတိုက်ကြီးနေရာမှာ နှစ်ခန်းတွဲ နှစ်ထပ်အိမ်ဟောင်းကလေးတစ်လုံး ရှိခဲ့သည်။ အပေါ်ထပ်ညာ ဘက်ခန်းဟာ အမေပိုင်ဆိုင်ခဲ့တဲ့ အခန်းလေးပေါ့။ အဲဒီတုန်းက အဲဒီအိမ်ကလေးဟာ အတော်အိုကာ ဟောင်းစုတ်နေတာ။ အိမ် ရှေ့ကပ်ကပ်ကလေးက သရက်ပင်ကလေးဟာ အခု ခုတ်ပစ်ခံ လိုက်ရပြီဖြစ်ကာ မရှိတော့ပါ။

ဆေးပြာရောင် သုတ်ထားရာက ဟောင်းမွဲမွဲ အရောင် လွှင့်နေတဲ့ သစ်သားဝရန်တာလက်ရန်းကလေးတွင် တံတောင် ထောက်ကာ သရက်ရွက်များကို အကာအကွယ်ယူလျက် "မမ" ဖြတ်လျှောက်သွားတာကို သူ ချောင်းမျှော်ကာ ကြည့်ခဲ့ဖူးသည်။

ဝရန်တာနား ကပ်နေတဲ့ စာကြည့်စားပွဲဟောင်းက လေးမှာ သူ့ကို မမက စာသင်တဲ့အခါ မမမျက်နှာကို ကြည့်မနေ ရဲ၍ ဟန်ပန်အမျိုးမျိုး လှုပ်ရှားနေတဲ့ မမရဲ့လက်ချောင်းလေးများ ကိုသာ သူ ရင်တခုန်ခုန်နှင့် ကြည့်နေမိတတ်ခဲ့သည်။ စာအုပ်ကို ထောင်ကာ သူ မမြင်ရအောင်ထားပြီး မမက စာမေးတဲ့အခါ အမြဲပဲ ရင်တုန်အ,ထစ်နေတတ်ခဲ့တဲ့အတွက် သံကွန်ပါဘူးနီနီ ကလေးနှင့် အခေါက်ခံရတတ်ခဲ့သည်။

မဟောက်ရသေးခင် မျက်စောင်းတစ်ချက် ရှယ်လိုက် ရုံနှင့် သူ မမကို ကြောက်ပါသည်။ အလွန်စာတော်လှတဲ့ မမ





သူ့ကိုအထင်သေးမှာ စိုးရိမ်လှ၍ အလူးအလဲ ကြိုးစားခဲ့ရတဲ့ နေ့ ရက်များနှင့် အခုတွေး အခုပူနွေးနာကျင်လာသော နှလုံးသားတွေ ဖြတ်ကြွေမတတ် ချစ်ခဲ့ဖူးတာတွေလေ။ ဒီအိမ်ကလေးမှာပေါ့။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



"အာ… မသင်ချင်ဘူး ကြီးကြီးရာ၊ အဲဒီကောင်လေးကို မသင်ချင်ဘူး"

"ဟဲ့… ဘာဖြစ်လို့တုန်း ပွင့်ဦးမရယ်၊ တခြားယောကျ်ားလေးတွေဆို ငါမသင်ခိုင်း မကိုင်ခိုင်းပါဘူး၊ ဒီကောင်လေးက အင်မတန် လိမ္မာတဲ့ လူရိုး လူယဉ်ကျေးလေး"

အင်း… ဟုတ်ပါလိမ့်မယ် လူရိုး။

ပေါင်မုန့်အဖြူထည်ကို ကော်ဖီမှာ တို့စားရင်းက ပွင့်ဦးလှက ရှုံ့မဲ့တွေးပါသည်။ အိမ်လာတိုင်း အမြဲတမ်း အမြဲတမ်းကို လူကိုခိုးကြည့် ချောင်းကြည့်တဲ့ ရန်ပယ့်ကိုများ လူရိုးတဲ့။ ကြီးကြီးက ဘာမှလဲမသိဘဲနဲ့။ မေမေက စောစောစီးစီး ကွယ်လွန်ကာ အဖေက နောက်မိန်းမ ခပ်ငယ်ငယ် ယူသွားကတည်းက ကိုကိုဇော်နှင့် ပွင့်ဦးတို့မောင်နှမနှစ်ယောက်ဟာ မေမေ့အစ်မ အပျိုကြီးလက်ထဲ ရောက်ရပါသည်။





ကျောင်းဆရာမဘဝကနေ လက်ထောက်ကျောင်းအုပ်၊ ကျောင်းအုပ် စသဖြင့် အဆင့်ဆင့် တက်လာသမျှ ဒီထက်ဒီဆိုးကာ စည်းကမ်းတင်းကျပ်ပြီး အဆူအပူ အမာန်အမဲ မနည်းလှတဲ့ ဒီကြီးတော်ကို အစ်ကိုလုပ်သူကတောင် ကြောက်ပါလျက် ပွင့်ဦးလှကတော့ တယ်မကြောက်လှပါ။ ကိုယ်မဟုတ်တာမလုပ်ပြီးတာပဲ။ ဘာကိုကြောက်ရမှာလဲ။ တချို့ကိစ္စတွေကျတော့ လူကြီးက လုပ်စေလိုသော်လည်း လူငယ်က မလုပ်လိုတဲ့အခါ မလုပ်ဘဲနေတာ ဆိုးလှချည့်ခေါ်လို့ ရမလား။

ကြီးတော်ကို ဆန့်ကျင်ပြောရဲတာ ပွင့်ဦးလှပင်။ ကိုကိုဇော်က ပြန်မပြော နားမထောင်။ ဒါပေမဲ့ ပွင့်ဦးတို့မောင်နှမတွေ လိမ္မာပါတယ်ဟု ကိုယ့်ကိုယ်ကိုယ်တော့ သတ်မှတ်ထားတာပင်။

"ပိုက်ဆံလည်း တတ်နိုင်ရှာတာ မဟုတ်ဘူး၊ ရန်ပယ့်အမေမစပယ်လေးလည်း ဘယ်လောက် စိတ်ရင်းကောင်းရှာလဲ၊ ဒီအိမ်မှာဆို အစအဆုံး လိုအပ်တာ အမြဲကူညီနေတာပဲ၊ ငါ့ဆိုလည်း သူ့သား ဆရာမကြီးဆိုပြီး အင်္ကျီတွေချုပ်သမျှ အပ်သမျှ တစ်ပြားမှ ချုပ်ခယူတာ မဟုတ်ဘူး"

"အား… ဟား ဟား၊ ကြီးကြီးကလည်းလေ၊ အင်္ကျီချုပ်ခမယူတာနဲ့ပဲ ပွင့်ဦးက သူ့ကို ဂိုဒ်ပေးရမယ်၊ No ပါ, No Way"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့တုံး"

"အာ… မခုတ်တတ်တဲ့ ကြောင်လေးလိုလို ပေကလပ်နဲ့ ကြည့်မရပါဘူး"

"ညည်းက ဗောလောဂျမ်းဒေါ်မ ဆိုတော့ အေးတဲ့ကလေးကို မခုတ်တတ်တဲ့ကြောင် ပြောတာပေါ့၊ သူ့ဟာသူဘာဖြစ်ဖြစ် လုပ်ပေးလိုက်၊ ရန်ပယ့်ကို စာသင်ပေး၊ ဂိုဒ်လုပ်ပေး၊ တစ်ချိန်ပေးလိုက်၊ ခုပဲ ကျောင်းဖွင့်တာ တစ်လကျော်လာပြီ၊ ခုပဲ စသင်တော့၊ ဒီကလေးက ထူးချွန်လွန်းလို့ ဖြစ်ထွန်းမယ့်ကလေးမို့လို့ တွန်းအားလေးပံ့ပိုးပေးရင်ဘာသာစုံထွက်နိုင်တာမို့ ငါနိုင်းတာပါ ပွင့်ဦးရယ်၊ ဟိုးအောက်ဖျားလေး ချိတ်ရုံအောင်မယ့် သူမျိုးဆိုရင် မလုပ်နိုင်းပါဘူးအေ"

"အို… မသိဘူး… မသင်ချင်ဘူး သူ့ကို"

"ပွင့်ဦးတော့ ငါ ခေါက်မိတော့မယ်၊ ကောင်းကောင်းပြောတုန်း သင်မှာလား၊ ရိုက်လွှတ်ရမှာလား ဒါပဲရွေး"

မနက်စာဝိုင်းမှာ ရှိနေတဲ့ ကိုကိုဇော်က…

"ပွင့်ဦးကလည်းဟာ သင်ပေးလိုက်ပေါ့ ဘာဖြစ်တုံး၊ ရန်ပယ်က ခင်စရာကောင်းပါတယ်၊ သူတို့သားအမိနှစ်ယောက်လုံး ခင်ဖို့ကောင်းတာကို၊ အိမ်လာပြီး အစစအရာရာ ဘာလေး





ဖြစ်ဖြစ် ကူညီနေတာပဲ၊ သူတို့လည်း မချောင်လည်တော့ စာကျက်ဂိုဒ် ဘယ်တတ်နိုင်မလဲ၊ ပြီးတော့ ငါတို့လိုဘဝတူပဲ၊ အဖေက နောက်အိမ်ထောင်ပြုသွားတာလေ၊ ဒီသားအမိပဲ နှစ်ယောက်တည်း ရုန်းကန်နေရတာ၊ ကုသိုလ်ရပါတယ်ဟာ"

"သြော်… ကုသိုလ်လိုချင်ရင်တော့ တစ်မျိုးပေါ့၊ ပွင့်ဦးမှကုသိုလ်မလိုချင်ပဲဟာကို၊ ကိုကိုဇော်ကတော့ သင်းကို ဟိုပြေးနိုင်း ဒီပြေးနိုင်း လက်တိုလက်တောင်းနိုင်းလို့ ရနေတော့ စေတနာတွေ ပေါက်နေမှာပေါ့၊ ပွင့်ဦးက အခုကျန်တဲ့အချိန်တွေက တမင် ကိုယ့်အတွက် နားချိန် စာကျက်ချိန် ကျန်အောင်ချန်ထားတာလေ၊ ဒီအချိန်လေး သူ့ပေးလိုက်တော့ ပွင့်ဦး ဘယ်အချိန် သွားနားရမလဲ၊ ဘယ်အချိန်သွားစာကျက်ရမလဲ၊ ကိုယ်ပါ စာကျက်ပျက်တယ်"

"တခြား ညည်းပိုက်ဆံယူပြီး ဂိုဒ်လုပ်တဲ့လူတွေလို အချိန်အပြည့်ကြီးလည် ပေးဖို့မလိုပါဘူး ပွင့်ဦးရယ်၊ ပေးချင်သလောက်ပဲပေး၊ သူများတစ်နာရီ သင်ရတာ သူ့ဆယ်ငါးမိနစ်ဆို ရတယ်၊ ရန်ပယ်လေးက အရမ်းတော်ရှာတာ၊ ဖြစ်မယ့်ကောင်လေးပါဆို"

"ကျွတ်… ကြီးကြီးကလည်း"



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ဦးက ပေါင်မုန့်ကို ကော်ဖီထဲဆောင့်ကာဆောင့်ကာနှစ်ရင်း ပွစိပွစိလုပ်နေပါသည်။ အင်မတန် ချောမောဖြူသန့်လှတဲ့ အဲဒီကောင်ကလေးကို အလကားနေရင်းကို မခင်ချင်တာ။ အိမ်မှာ ဒီလောက်တောင် ဝင်ထွက်နေပေမယ့် ပွင့်ဦးကို သင်းက အရေးလုပ် စကားလာမပြောတဲ့အတွက် ပွင့်ဦးနှင့် မခင်ပါ။ ပွင့်ဦးကလည်း တွေ့တိုင်း မျက်စောင်းထိုးပစ်လိုက်တာသာ။

ပိုဆိုးတာကတော့ တစ်ရက်သောအခါက ညဘက်လမ်းထိပ်စာအုပ်ငှားဆိုင်မှာ ပွင့်ဦးကို လိုက်နေတဲ့ သဘောကျနေတဲ့ ကျောင်းကကောင်လေးတစ်ယောက်က ကားနှင့်လာစောင့်၍ ပွင့်ဦးကလည်း ပဲပေး အထာပေးကာ စကားရပ်ပြောနေကြတုန်း ဒီကောင်လေး ရန်ပယ်က အနားက ခုံတန်းလျားမှာ ရှိနေတာ ပွင့်ဦးက မတွေ့။ အတော်ကို အိုက်တင်များကာ ပြောဆိုနေပြီးမှ ဖျတ်ခနဲ လှည့်အကြည့်မိ ရန်ပယ့်ကို အဲဒီတော့မှ မြင်လျှင် ပွင့်ဦးက ရှက်သွားပါသည်။ အောင်မယ်... သူကလည်း ပွင့်ဦးပဲများနေတာကို မကြိုက်တဲ့ရုပ်နဲ့ ရှုတည်တည် လှမ်းကြည့်နေသေးတာလေ။

သူကများ။ ပွင့်ဦးထက် သုံးနှစ်နီးပါး သူကငယ်သေးတာ။ ဆုံးမချင်သလိုလို မကြိုက်သလိုလို လူကြီးလိုလိုရုပ်နှင့် လာကြည့်နေ၍ ပွင့်ဦးက အမ်းသွားကာ ရန်ပယ့်ကို အဲဒီ





နောက် ပိုလို့ပင် မျက်စောင်းထိုးမိ၊ အဖက်မလုပ်မိ။ လူကြည့်တော့ ချာတိတ်၊ ရုပ်က ဆရာကြီး။ ဟွန်း။

“ကဲ... ပွင့်ဦး၊ ပန်းကန်တွေ လာဆေးဦး၊ တစ်ချပ်ထွက်တစ်ချပ်မဆေးဘူး၊ ပုံပုံထားတယ်၊ ကော်ဖီကို ဘယ်လိုလုပ်နေတာလဲ၊ ဘားလည်းဖိတ်ကုန်ပြီ။ ပေါင်မုန့်ကိုလည်း ထောပတ်ဘူး ယိုဘူး ချပေးထားတာ ကျကျနန သုပ်မစားဘူး၊ ကြီးတော်ဖို့ အစ်ကိုဖို့ အဆင်သင့်လေး ပြင်ပေးဖို့ဝေးလို့ သူ့အတွက်တောင် သူလုပ်ဖို့ပျင်းတယ်”

“ဗိုက်ထဲရောက်ရင် ဒါက ဒါပဲလေ၊ ဗိုက်ပြည့်ပြီးရောပေါ့၊ ယိုသုတ်နေရတာ စိတ်မရှည်ပါဘူး ကြီးကြီးကလည်း”

“အေး... အေး...၊ အဲလို မိန်းမ,မပီသပုံတွေနဲ့တော့ ဘယ်လိုယောကျ်ားမျိုးနဲ့ ရမလဲ ငါ စောင့်ကြည့်လိုက်ဦးမယ်”

ပွင့်ဦးက ရုတ်တရက် ကြီးကြီးကိုကူကာ ပန်းကန်ဆေးပေး၊ အဝတ်ကူလျှော်ပေး၊ မီးသွေးတုံးကြီးကြီးတွေ လာခုတ်ခွဲပေး၊ မီးလုံးမီးချောင်း လာလဲတပ်ပေး၊ ဝေယျာဝစ္စတွေ လာလာလုပ်ပေးနေတတ်တဲ့ ရန်ပယ့်ကို မဆီမဆိုင် ပြေးမြင်မိကာ ကိုယ့်နှာခေါင်းကိုယ် ရှုံ့ပစ်လိုက်ပါသည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်း..."

အသံကျယ်ကြီးမြည်အောင် စားရေးစားပွဲပေါ် စာအုပ်ထပ်ကြီးကို ဆောင့်ချလိုက်သော ပွင့်ဦးလှကို ရန်ပယ်က မျက်လုံးချင်းမဆိုင်ဘဲ လက်နောက်ပစ်၍ ရပ်နေပါသည်။ အမေနှင့်ဆရာမကြီး စီစဉ်လို့သာ နာခံရမည့် အဲဒီ မမပွင့်ဦးလှနှင့် စာမသင်ချင်ပါ။ သူ့ကိုတွေ့တိုင်း အင်မတန်လှပ၍ ပြူးကျယ်ဝိုင်းစက်ရွှန်းလက်နက်မှောင်သော မျက်လုံးကြီးများနှင့် သေချာစိုက်ကြည့်ပြီးမှ အခြောက်တိုက် မျက်စောင်းထိုးသွားတတ်တဲ့ မမပွင့်ဦးလှနှင့် တစ်စားပွဲတည်းထိုင် သူသင်တာ နားထောင်၊ သူ့ဆီစာဆိုရမှာများ စိတ်ကျဉ်းကျပ်လှပါဘိတော့။

သို့ပေမယ့် ရန်ပယ် မမပွင့်ဦးလှကို အထင်ကြီးပါသည်။ သူ ဆယ်တန်းအောင်တဲ့နှစ်က ဂုဏ်ထူးငါးဘာသာပါကာ မြန်မာတစ်ပြည်လုံး အဆင့်ရှစ်ချိတ်တဲ့သူလေ။ နည်းတဲ့အစွမ်း





အစမဟုတ်။ အင်မတန် ချောမောလှပတာနှင့်တန်းတူ ရှိုးကလည်းများသေးကာ ခေတ်ဆန်ဆန် နေထိုင်ပြုမူတတ်ပြီး ထိမထင်တဲ့မျက်နှာကလေးနှင့် မခန့်လေးစားရှိလှသော မမပွင့်ဦးလှလို မိန်းကလေးဟာ ဤမျှလောက် စာတော်တာ အံ့သြစရာ မဟုတ်လား။ စာတော်တဲ့ကောင်မလေးတွေ အများစုဟာ ရိုးရိုးကုပ်ကုပ်အေးအေးချမ်းချမ်းလေးတွေ ဖြစ်ကြတာ များတယ်မို့လား။

ခေတ်နဲ့အညီ ဆံပင်ကို အကြေကောက်ကာ ငယ်ထိပ်ပေါ် လုံးတင်ထုံးနှောင်စည်းထားပြီး အသားညိုစိုစို မျက်ဆံမျက်အိမ်ကြီးကြီးကို ပိုမိုမည်းနက်အောင်ခြယ်သလျက် ရှည်လျားတဲ့ လည်တိုင်ကြော့နံ့သေး နားကွင်းကြီးကြီး ဆွဲထားကာ ထဘီတိုတို ဖိနပ်မြင့်မြင့်နှင့် ကြော့လွင်နေတဲ့ မမပွင့်ဦးလှဟာ နီညိုညိုဆိုးထားတဲ့ နှုတ်ခမ်းတို့ကို မထိတထိ တွန့်ထားသေးသဖြင့် သူ့အသွင်အပြင်ဟာ စာကြိုးစားတဲ့ပုံလည်း တစ်စက်မှမပေါက်ပေ။

အိတ်အကြီးကြီးကို ကြိုးအရှည်ကြီးနှင့်လွယ်၊ လက်ထဲမှာ စာအုပ်တစ်ထွေ့တစ်ပိုက်ကို ရင်ဝယ်ပိုက်လျက် ပျင်းတိပျင်းရွဲပုံစံလို လမ်းလျှောက်တတ်သေးသည်။ အိမ်အလုပ်လည်းအင်မတန်ပျင်းကာ လက်ကြောလည်းမတင်းဟု ဆရာမကြီးထံကသိထားရဖူးသေးသည်။ ဘယ်သူ ဘာလာတင်စီးလို့မှ တစ်ခွန်းမခံမှာကလည်း မျက်နှာပေးမှာ ပေါ်လွင်နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအစ်မကြီးကိုမြင်တိုင်း တထိတ်ထိတ်နှင့် ရင်တွေခုန်ရတဲ့အထဲ အခုသူနှင့်စာသင်ရမည်ဆိုတော့ ရန်ပယ်ထွက်လို့သာ ပြေးလိုက်ချင်သည်။

"ဟော့... ဒီမှာ"

ခေါ်လိုက်သံကို မော့မကြည့်ရဲ၍ ရန်ပယ်က ကုလားထိုင်မှာ ထိုင်ချလိုက်ကာ ခေါင်းကိုငုံ့ထားလျက်သား။

"ဟဲ့... ငါ့ကိုကြည့်"

ရန်ပယ် မော့ကြည့်လိုက်ပါသည်။ ဘုရား... ဘုရား။ ရန်ပယ့်တစ်သက်မှာ သူ့လောက် စွဲလမ်းချင်စရာ ဆွဲဆောင်သော မိန်းမမျိုး မတွေ့ဖူးပါ။

"ကြီးကြီးက အတင်းသင်ခိုင်းလို့ ငါလာသင်တာနော်၊ ကပျက်ကချော် လုပ်လို့ကတော့ ဆက်မသင်ဘူးမှတ်၊ တခြားမှာ ငါ အခုလို Study Guide လုပ်ရင် တစ်ယောက် တစ်ယောက်ကို သောင်းချီရတယ် သိလား၊ အခု ငါ တစ်ပြားမှမယူဘဲ သင်ပေးရမှာနော်၊ သူများတွေထက် နင် တော်ပစေ ကြားလား၊ ကြားရင် ကြားတယ်ပြော"

"ဟုတ်ကဲ့... ကြားပါတယ်"

"အေး... အဲလိုစကားနားထောင်၊ နင် ဒီနှစ် ကိုးတန်းနော် ရန်ပယ်၊ ဘာသာစုံ ဂုဏ်ထူးမှတ် ဖြစ်စေရမယ်၊ ဒါမှ





ဆယ်တန်းအောင်ရင် လေး,ငါးလုံးတင်မှာ၊ နင်ကတော်တယ် တော်တယ်နဲ့ ကြီးကြီးက တစ်ချိန်လုံး ပြောနေတယ်၊ ကိုယ့်ကိုယ်ကိုယ် တော်လှပြီလည်း မှတ်မနေနဲ့၊ ငယ်ငယ်ကတော်ပြီး ကြီးမှဖျင်းသွားတာတွေလည်း တစ်ပုံကြီး၊ အဓိက,ကတော့ ငါပြောမယ့်စကားကို တစ်ခွန်းမကျန် နာခံရမယ်၊ နားထောင်ရမယ်၊ လိုက်နာရမယ်၊ နားလည်လား"

"ဟုတ်ကဲ့"

"နင်က ဘယ်ဘာသာ အတော်ဆုံးလဲ ပြောပါဦး၊ သင်္ချာလား အင်္ဂလိပ်စာလား၊ ဘိုင်အိုလား ဖစ်စစ်စ် ကယ်မစ္စတြီလား"

"မပြောတတ်ဘူးခင်ဗျ၊ အကုန်လုံး ရပါတယ်"

"အောင်မယ်၊ အေးလေ... ကြည့်ကြသေးတာပေါ့၊ ဒီမှာ အခု ထရပ်လိုက်စမ်း"

ရန်ပယ်က မဆိုင်းမတွ ထရပ်လိုက်ပါသည်။ ပွင့်ဦးလှက သူ့ကုလားထိုင်မှာ သူဝင်ထိုင်ချလိုက်ရင်း...

"ငါက ဆရာမ၊ ဆရာမနဲ့တူတဲ့ အရှိအသေကိုပေး၊ ကြားလား၊ စားပွဲကို ငါရောက်ပြီး ငါထိုင်ပြီးမှ နင်ဝင်ထိုင်၊ ငါ နင်တို့အိမ် လာနေတာတွေ့ရင် ငါသယ်လာတဲ့စာအုပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေ လာပြောသယ်၊ ဒီစာရေးစားပွဲ ကုလားထိုင်တွေကိုလည်း ဖုန်တွေ ဘာတွေ သုတ်ထား၊ စားပွဲကိုရှင်းထား"

ပွင့်ဦးလှက မတ်တတ်ဆက်ရပ်နေတဲ့ ရန်ပယ့်ကို စိုက်ကြည့်ရင်း…

"အခု ဘာလုပ်နေတာလဲ၊ ဆရာမ ရောက်ပြီဆို ဘာလုပ်ရမလဲ"

"ဟို… မင်္ဂလာပါ ဆရာမ"

"ဘာ… နင် ငါ့ကိုရွဲ့နေတာလား ဟုတ်လား၊ ငါထိုင်ပြီးရင် နင်ထိုင်တော့လေ၊ အဲဒါကို ပြောနေတာ… ကျွတ်"

ပွင့်ဦးလှသည် ဖမ်းထားတဲ့ ဂိုက်ဆိုက်နှင့်အညီ ဆက်ပြောလိုက်ရပေမယ့် အရမ်းရယ်ချင်သွားတာကို မအောင့်နိုင်ပဲ နှုတ်ခမ်းက တွန့်ကွေးသွားရသည်။ ဒီကောင်လေး ရွဲ့တာ မဟုတ်ဘဲ တကယ် ကယောင်ကတမ်းနှင့် ပြောမိပြောရာ ပြောလိုက်တာ ဆိုတာကိုလည်း သိနေ၍ ပိုရယ်ချင်သည်။

"ငါ့ကိုလည်း ဆရာမလို့ မခေါ်နဲ့၊ ရွဲ့ခေါ်သလိုပဲ"

"ဟုတ်… ဟုတ်ကဲ့… မမပွင့်ဦးလှ"

"အမယ်လေး… မောလိုက်တာ၊ ရေတစ်ခွက် ခပ်စမ်း"

ရန်ဖယ်က အနားရှိသောက်ရေအိုးမှ ရေတစ်ခွက် ကမန်းကတန်း သွားခပ်ယူခဲ့ပါသည်။ အင်း… ဒီလောက်ပျာပျာ





သလဲ နာခံမယ်တောင် ထင်မထားတာ မဆိုးပါဘူး။ ပွင့်ဦးလှက ရေဖန်ခွက်ကိုယူကာ တစ်ငုံ နှစ်ငုံ သောက်လိုက်ရင်း…

"ထိုင်…၊ ဒီနေ့ သင်္ချာစာအုပ် အရင်ထုတ်၊ နင် ဘယ်လောက်ရသလဲ တတ်သလဲ သိရအောင် ကျောင်းမှာ အခု တစ်လကျော်အတွင်း သင်ပြီးတဲ့ အခန်းတွေထဲက ငါ မေးခွန်းတစ်ခု ထုတ်လာတယ်၊ အဲဒါ အရင်ထိုင်ဖြေ၊ ရော့… အမှတ်တစ်ရာဖိုး၊ တစ်နာရီနဲ့ အပြီးဖြေ"

ရန်ပယ်က ဆတ်ခနဲ ခေါင်းတစ်ချက် ညိတ်လိုက်ပြီး မေးခွန်းစာရွက်ကို ဆွဲယူကာ ခေါင်းမဖော်စတမ်း ဖြေပါတော့သည်။ တစ်နာရီဆိုတဲ့ အချိန်ဟာ ဒီမေးခွန်းအတွက် အလွန်နည်းတာ။ သို့သော် ရန်ပယ်က မိနစ်ငါးဆယ်မှာ အားလုံးပြီးသွားပါသည်။ ပွင့်ဦးလှက ပြန်စစ်ခိုင်းသဖြင့် ငါးမိနစ် ပြန်စစ်သည်။ ပွင့်ဦးလှက ရန်ပယ့်အဖြေလွှာစာရွက်ကို ယူကာစစ်ဆေးအမှတ်ခြစ်ပါသည်။ တစ်လုံးမှမမှား။ တစ်ပုဒ်မှမလွဲ။ အမှတ်တစ်ရာပြည့်။

"ဟွန်း… ငါ ဘာသင်ရမယ်မှန်းတောင် မသိတော့ဘူး၊ သင်ဖို့တောင်မှ မလိုဘဲနဲ့"

ပွင့်ဦးလှက ပွစိပွစိ ရေရွတ်မိပါသည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဝက်ကျိုးလာလျှင်တော့ အလွန်စကားနာခံ၍ စာတော်သော မာန်မာနမရှိသော ကောင်ကလေးနှင့် သူ့ကိုအရေးပေး အလိုလိုက်လျှင် နှစ်သက်သဘောကျတတ်သော နဂိုစိတ်ရင်းကောင်းသည့် ကောင်မလေးတို့အကြားက ဆက်ဆံရေးဟာ အတော်သင့်မြတ်လာပါသည်။

ပွင့်ဦးလှသည် ကြီးကြီးနှင့် ကိုကိုဇော်ပင် မခံမရပ်နိုင်တဲ့ သူ့သည်းညည်းကို ခံနိုင်လှတဲ့ ရန်ပယ့်ကို စိတ်ထဲက နှစ်လိုခင်မင်လာပါသည်။

"ရန်ပယ်"

"ဗျာ"

"နင်… ကော်ဖီကို ဘယ်လိုဖျော်တာလဲ"

"ဗျာ… ဟို… ဘယ်လိုဖြစ်နေလို့လဲ မမ"

"အမယ်လေးဟယ်… မျက်လုံးပြူး မျက်ဆံပြူးကြီးနဲ့ အလန့်တကြား မဖြစ်စမ်းပါနဲ့၊ ငါသောက်ဖို့ နင်ဖျော်





ပေးတဲ့ ကော်ဖီက အရမ်းကောင်းလွန်းလို့ ငါ့ဟာငါ အိမ်ရောက်ရင် အိမ်ကကော်ဖီ သောက်လို့မရတော့ဘူး၊ အဲဒါကြောင့် ဘယ်လိုဖျော်တာလဲ မေးတာပါဟယ်၊ နင်က ငါ့ကိုဆိုရင် ဘာဖြစ်လို့ အမြဲသတိဆွဲ ဆက်ဆံနေရတာတုံး"

"မမက စိတ်တိုတတ်တော့ ကျွန်တော် မှားသွားမှာစိုးလို့ပါ"

ပွင့်ဦးလှက ရန်ပယ့် အဖြေကို အင်မတန် ကျေနပ်တာ မျက်လုံးများပါ ရွှန်းစိုတောက်ပတဲ့အထိ ပြုံးရင်း…

"နင်က ကော်ဖီဖျော်လည်း အရမ်းကောင်းတာပဲ၊ အဝတ်လျှော်လည်း ဖြူစင်ပြောင်လက်နေတာပဲ၊ တစ်အိမ်လုံးပဲ နင်ပဲရှင်းလင်းတာဆို အန်တီစပယ် ပြောတယ်၊ စာကလည်း တော်သေး"

"မမက ပိုတော်တာပါ"

"ငါက ကျောင်းစာကလွဲရင် ဘာမှမတော်တာ၊ နင်က မုန့်ဟင်းခါးတောင် ချက်တတ်တယ်ဆိုတော့ ငါ အရမ်းကို လေးစားနေရပြီကောတော်"

"အဟီး… ဒါတွေက ခက်မှမခက်တာ"

"ကော်ဖီဖျော်နည်းပဲ ငါ့ကိုသင်ပေးစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာနည်းမှမရှိပါဘူး၊ ဆုကော်ဖီမှုန့်ကိုပဲ ညနေစာသင်ရင် မမသောက်ဖို့ မနက်ကတည်းက ကျအောင်မီးဖိုပေါ်တင် ဆူအောင်ကြိုပြီး အဖုံးလေးနဲ့အုပ်ပြီး နှပ်ထားခဲ့တာလေ၊ သကြားကလည်း ဒီအတိုင်းမထည့်ဘဲ သကြားရည်ကျိုကျို ထားတာ၊ နောက်ပြီး နွားနို့နဲ့ဖျော်လို့ပါ"

"ဩော်... အဲလိုလား၊ အရသာက ဆိမ့်ပြီးလေးလေးပင် ပင်လေးနဲ့"

"လေးတာက ဆားပါလို့ နေမှာပါ"

"ဘာ... ရန်ပယ်နော်၊ ငါ့ကိုချောက်ချပြီး တလွဲတွေသင် နေတာလား"

"တကယ်ပါ မမရဲ့၊ နွားနို့ကျိုတော့ ဆားလေးနဲ့ကျိုတာ လေ၊ ဒီတော့ ကော်ဖီဖျော်တဲ့ထဲလည်း အဲဒီဆားဓာတ်လေး ပါတာပေါ့"

"ဩော်... အဲလိုလား၊ အိမ်ကျဖျော်ကြည့်ဦးမယ် အဲလို"

"မမ ညကျစာကျက်ရင်း သောက်ရအောင် ပိုဖျော်ပြီး ကျွန်တော် ထည့်ပေးလိုက်မယ်လေ"

"အမယ်လေး... တော်ပါပြီ ရန်ပယ်ရယ်၊ ကြီးကြီးကပြော တယ်၊ ရန်ပယ်တို့က ညည်းလာမှ ကော်ဖီတခုတ်တရဖျော် တိုက်တာတဲ့၊ သူတို့သားအမိက တစ်ခါတစ်ရံမှ သောက်





တာတဲ့၊ ညည်း ကော်ဖီကြိုက်တာသိလို့ အမြဲတကူးတက အဆင်သင့် လုပ်ထားတာတဲ့၊ ဒီမှာ စာသင်ရင်း သောက် ရတာ လုံလောက်ပါပြီ၊ အိမ်တော့ ထည့်မပေးပါနဲ့ဟာ၊ နေပါစေတော့"

သို့သော် အဲဒီရဲ့နောက်ပိုင်းမှာတော့ ညညဆို ရန်ပယ် ဟာ ကော်ဖီပူပူလေး ထည့်ထားတဲ့ အဖုံးပါသော ကြွေပန်းကန် လုံးထူထူကလေးကို ကိုင်းမှကိုင်ကာ နီးနီးကလေးဖြစ်တဲ့ ပွင့်ဦးလှ တို့အိမ်ဘက်ကူးလာပို့တတ်ပါတော့သည်။

တစ်ခါတလေ ပွင့်ဦးလှနှင့် ကိုယ်တိုင်ဆုံပြီး တစ်ခါ တစ်ရံတော့ ပွင့်ဦးလှက အပေါ်ထပ်မှာရှိနေရာက ရန်ပယ်က အောက်ထပ်မှာတင် တစ်ယောက်ယောက်ကို ပေးသွားတတ်ပါ သည်။

မမဖို့... ကော်ဖီ။

အဲသလိုလေးသာ ပြောသွားတတ်ခဲ့ရာ ပွင့်ဦးလှက ဤသို့ဂရုတစိုက် အရေးပေးခံရခြင်း၌ ကျေနပ်နေမိတတ်ပါသည်။

"ကလေးက ည,ညကော်ဖီလာလာပို့ရတယ်လို့၊ ညည်း ကိုယ့်ဟာကိုယ် ဖျော်သောက်တတ်အောင်လေးတော့ သင် ထားဦးပေါ့အေ့"



www.burmeseclassic.com

www.burmeseclassic.com



"အို… ကြီးကြီးကလည်း၊ ပွင့်ဦး ဘယ်လောက်ဖျော်ဖျော် တူမှမတူတာ၊ သူဖျော်သလို မကောင်းပါဘူး၊ လာပေး ပစေပေါ့၊ ပွင့်ဦးကို ကော်ဖီလေးတိုက်ရတာ သူတို့ ဘယ် လောက်မွဲသွားမှာမို့လို့တုန်း"

"မွဲမသွားပေမယ့် ကိုယ်က အတင်စီးကြီးနဲ့ ဗိုလ်ကျနေ သလိုပဲ"

"ကြီးကြီးကလည်းနော်၊ အစစအရာရာ အဲဒီ ရန်ပယ့်ဘက် ကချည်းပဲ"

"ဒီကောင်လေးက ချစ်မွေးပါတာကိုးအေ၊ ငါ ချစ်တယ်"

အရင်က ကြီးကြီး အဲသလိုပြောလျှင် နားကြားပြင်း ကတ်သော်လည်း နောက်ပိုင်းတော့ ပွင့်ဦးလုက မကျေနပ်မရှိ တော့ပါ။

ကြီးကြီးက "ချစ်မွေး"လို့ ဆိုပေမယ့် ပွင့်ဦးကတော့ "ရေစက်"လို့ထင်ပါသည်။ ရှေးရေစက်ပေါ့။ ရှေးရေစက်ကြောင့် သာ လူတွေအချင်းချင်း တွေ့ဆုံချစ်ခင် သံယောဇဉ် ဖြစ်ကြသည် ဟု ပွင့်ဦး ထင်ပါသည်။ ရေစက်ပါလာပြီဆိုလျှင် သံယောဇဉ် မတွယ်မိဖို့ ရှောင်ရှားလို့မရဟု တစ်စတစ်စ ပွင့်ဦး ယူဆလာမိ သည်။





နေမကောင်း ဖျားနာရင်တောင် တခြား စာသင်အိမ် တွေ အချိန်ဖျက်ချင် ဖျက်မည်။ ရန်ပယ့်အိမ် သွားမယ့်ရက် နေ မကောင်းရင်တော့ ပွင့်ဦး အချိန်မဖျက်ရက်ပါ။ သူရောက်လျှင် အိမ်ဝကနေ သူကိုင်လာတဲ့စာအုပ်တွေ ဆီးကြိုယူ၊ သူထိုင်ဖို့ခုံကို ဆွဲထုတ်ပေး၊ အသင့်ဖျော်နှပ်ထားတဲ့ ကော်ဖီဆိမ့်ဆိမ့်နွေးနွေးက လေးကိုချ၊ စာသင်နေတုန်းဖြစ်စေ စာဆိုနေတုန်းဖြစ်စေ ခြင်လာ တတ်တဲ့အိမ်မို့ ယပ်တောင်တစ်ချောင်းနှင့် ပွင့်ဦးကို ခြင်ယပ်ပေး နေတတ်ကာ စာရေးစာဆိုမပျက်။

အိမ်ပြန်ခါနီး စာအုပ်တွေ ပွေ့ပိုက်ပြီး အိမ်ထိပြန် ပို့ပေးတတ်ကာ ရှေ့တစ်လှမ်း ကြိုလှမ်းပြီး အိမ်ပေါက်ဝမှာ ချွတ်ခဲ့သော ပွင့်ဦးရဲ့ဖိနပ်ကို ပြန်ရန်အသင့်စီးလိုက်နိုင်ဖို့ ချွတ်ခဲ့ တဲ့ပုံစံကနေ ဖိနပ်ဦးလေးလှည့်ပြီး ပြင်ချပေးတတ်တဲ့အထိ ရန်ပယ် က အောက်သက်ကြေ အနွံတာခံပါသည်။

ပွင့်ဦးလုတို့အိမ်မှာ အိမ်ဖော်မထားရှိဘဲ နှစ်ရက် တစ်ခါ လာတတ်သည့် အဝတ်လျှော်ကုလားမကိုသာ အဝတ် လျှော်ဖို့ ခေါ်တတ်တာမို့ အင်မတန် ရက်ပျက်တတ်သော ကုလားမ မလာနိုင်တဲ့အခါ ကိုယ်ထူကိုယ်ထ အဝတ်လျှော်ရတတ်ပါသည်။ အဲဒီအခါမျိုးတွေမှာ သူသိလျှင် အတင်းကာရော ရောက်လာပြီး အတင်းဝင်ကူကာ အဝတ်လျှော်ပေးတတ်တဲ့ ရန်ပယ့်ကို အံ့ဩ



www.burmeseclassic.com

www.burmeseclassic.com



တကြီး အားနာရကာ ပြန်လည်ဆွဲလွဲလုသော်လည်းမရ။ တွန်းထုတ်သော်လည်း မရ။

အဝတ်တွေကို လုလျှော်ရင်း သူလည်းရေစို ကိုယ်လည်းရေစို ဆပ်ပြာမြှုပ်တွေ နှစ်ဦးသားမှာ ကပ်ငြိကာ ပေကျံကာ တစ်ယောက်ကိုတစ်ယောက်ကြည့် ရယ်မောရကာ အပြန်အလှန် စေတနာပိုရခြင်း ကြင်နာဖေးမခြင်းတို့နှင့် နှစ်ဦးကြားက သံယောဇဉ်ဟာ မမျှော်လင့်ဘဲ တစ်မဟုတ်ချင်း အဆန်းတကြယ်ကြီးကျယ်ခမ်းနားလာခဲ့တာ။

သူတို့နှစ်ဦးရဲ့ တွယ်တာခြင်း အပြန်အလှန် ရစ်ပတ်ချည်နှောင်မှုဟာ ဘယ်လိုများ စတင်ခဲ့ပြီး အဲ့သလောက်နက်ရှိုင်းနိုင်မာသွားရတယ်ဆိုတာ အဖြေရှာလျှင် ဇဝေဇဝါနှင့် တွေးလိုက်တိုင်း ရင်ခုန်ပူနွေးချင်ဖွယ်ရာ တသသ နစ်ဝင်ကျွဆင်းခဲ့ရသောချစ်ဇာတ်လမ်းတစ်ပုဒ်တည်း။

✤ ✤ ✤





"နင်နဲ့ရန်ပယ်က ဘယ်လိုတုန်း"ဟု ကိုကိုဇော်က သံသယမကင်းမေးလျှင် ပွင့်ဦးလှက "ဘာကို ဘယ်လိုတုန်း"ဟု နဝေတိမ်တောင် ရုပ်နှင့် ပြန်အကြောင်ရိုက်တတ်ပါသည်။

"လိုအပ်တာထက် ပိုသံယောဇဉ်တွယ်နေကြသလိုပဲ၊ ငါမသိဘူး မထင်နဲ့နော်၊ ငါ့လို နီးစပ်တဲ့သူ မပြောနဲ့၊ ဟိုဘက်လမ်းက ထင်အောင့်ညီမတွေ အတင်းပြောနေလို့ ထင်အောင်တောင် သိတယ်"

"ဟင်... ဘာများပြောစရာရှိလို့လဲ"

"နင်တို့ ဒီတိုင်းသွားရင် ဖြစ်သွားကြတော့မှာနော် ပွင့်ဦးမ"

"ဘာဖြစ်သွားမှာလဲ"

"ဩော်... ငယ်ထိပ်ကို ထုလိုက်ရ၊ ကြိုက်သွားဖို့ တဲတဲပဲလိုတော့တာကိုပြောတာ၊ နင်က သူ့ကိုစာသင်နေတာနော် တစ်နည်းအားဖြင့် သူ့ကျူတာပဲ၊ ပြီးတော့ နင်က သူ့ထက်



www.burmeseclassic.com

www.burmeseclassic.com



သုံးနှစ်တောင်ကြီးတာ၊ တစ်ခုခုဆို နင့်အပြစ်ပဲ ပြောကြမှာ ပွင့်ဦး"

"အဲဒီတော့ ဖြစ်မလာသေးတဲ့ အဲဒီအပြစ်ပြောမှာကြီးကို ကြောက်ပြီး ပွင့်ဦးက ဘာလုပ်ရမှာလဲ"

"အေး... အေး... နင့်ကိုပြောရင် အဲသလို ဂျစ်ကန်ကန် နပေနတေ ဆင်ခြေတွေ ထွက်လာမှာ သိပြီးသား၊ ဒါပေမဲ့ ကြည့်လုပ် ကြည့်နေ... ဒါပဲပြောမယ်"

ပွင့်ဦးသည် အစ်ကိုကိုလည်း မကြောက်လှတဲ့ညီမ ဖြစ်လေရာ...

"ကဲ... ဖြစ်ပါပြီတဲ့၊ ဘာဖြစ်လဲ၊ ပွင့်ဦး သုံးနှစ်ကြီးတော့ ရော ဘာပြုလဲ၊ အခုသာ ဆယ့်ခြောက်ဆယ့်ခုနစ်နဲ့ ဆယ့် ကိုးနှစ်ဆယ်ဆိုတော့ သိပ်ကွာသလိုဖြစ်နေတာလေ၊ ဟော... အသက်တွေကြီးသွားတော့ ခြောက်ဆယ်နဲ့ ငါးဆယ့်ခုနစ် ဆိုတာ ဘာမှကွာလှတော့တာ မဟုတ်ဘူး...

ကိုကိုဇော်ကရော ရန်ပယ့်ကို သူပဲ ချစ်လိုက်ရ ခင် လိုက်ရ ခိုင်းလိုက်ရနဲ့ ခုမှ ဘာဖြစ်နေတာလဲ"

"ချစ်တာ ခင်တာက ချစ်တာ ခင်တာပဲလေ၊ ယောက်ဖ လုပ်ဖို့ကတော့ ငချွတ်လေ၊ နင်က စာသင်ပေးနေတဲ့ ကောင်လေး၊ ပြီးတော့ မပြောချင်ပေမယ့် ပြောရရင်





ရန်ပယ်တို့သားအမိက ဒီလောက် ဆင်းရဲချို့တဲ့တာ နင် လည်းအသိပဲ၊ မဖြစ်နိုင်ဘူး"

ပွင့်ဦးသည် ထိုစကားအတွက် စိတ်မကောင်း ဖြစ် သွားမိပါသည်။ ဘာမှလဲ ပြန်မချေပနိုင်။ ရန်ပယ်တို့ သားအမိက နွမ်းပါးရှာတာ အမှန်ပင်။ ပွင့်ဦးတို့က အမေဆုံးကာ အဖေ နောက်အိမ်ထောင်ပြုသွားပေမယ့် အဖေက သူ့အဆင်ပြေရင် ပြေ သလို ကြိုကြိုကြားကြား ထောက်ပံ့ပါသေးသည်။ ကြီးကြီးတစ် ယောက် အမွေဆိုင်အိမ်လေးမှာနေရင်း အမွေဆိုင်ငွေကြေးပစ္စည်း အချို့တို့ ထုခွဲ ငွေတိုးလေးချ အတိုးအပွားလေးရနှင့် ဟန်ဟန် ပန်ပန် နေနိုင်ပါသေးသည်။

ရန်ပယ့် အဖေကတော့ သတင်းကို မကြားရဘဲ စုပ်စ မြုပ်စ ပျောက်သွားခဲ့တာ။ ကြီးကြီးကတော့ ရန်ပယ့် အဖေ နှင့်လည်း ရပ်ဆွေရပ်မျိုးလို မောင်ငယ်လို ရင်းနှီးခဲ့ရင်းစွဲနှင့် ရန်ပယ်တို့သားအမိကို ကြင်နာညှာတာ စောင့်ရှောက်မြဲပါပင်။ သို့ပေမယ့် ရန်ပယ်နှင့် ပွင့်ဦးလှ မေတ္တာမျှကြမည် ဆိုရင်တော့ သဘောတူချင်မှ တူမှာပေါ့။

ရန်ပယ့် အမူအရာ အချိုးအချိတ်ကိုတော့ ပွင့်ဦးလှ ခံစားရိပ်မိနေတာ ကြာပါပြီ။ ကိုကိုဇော် စွပ်စွဲပြောဆိုတာလည်း မမှား။ ရန်ပယ်တစ်ယောက် နှလုံးသားလေး နုနုနယ်နယ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ဦးကို သေမတတ် စွဲလမ်းနေရှာပြီကို ပွင့်ဦး ရိပ်မိရုံမက ပွင့်ဦးဘက်ကလည်း သဒ္ဒါလွန်နေမိပြီကော။ ဆေးကျောင်းအတန်းကြီးက ထူးချွန်ပြည့်စုံသော အစ်ကိုကြီးတစ်ယောက်ကို ပွင့်ဦးလှ ဒုတိယနှစ်တက်ကာစမှာပင် အဖြေပေးမလားလို့ စဉ်းစားကာ အနည်းငယ် လက်ခံတွဲခဲ့သေးသည်။

ရန်ပယ် တစ်ယောက် ကိုးတန်းစာမေးပွဲကြီး ဖြေခါနီးကပ်ကာမှ ထိုကိစ္စကြောင့် ကျွမ်းသဒ္ဒါလန်ကာ ကယောက်ကယက် ဖြစ်ကုန်တာကြောင့် ပွင့်ဦး ကိုယ်ရှိန်သတ်ခဲ့ရပါသည်။ ရန်ပယ့်ကို စိတ်အနှောင့်အယှက်မှ မဖြစ်စေချင်တာ။

"နင် ဒီစာမေးပွဲမှာ ဘာသာစုံဂုဏ်ထူးမှတ် မရလို့ကတော့ နင်နဲ့ငါ အပြတ်ပဲမှတ်ထား၊ နောက်နှစ်လည်း ဆက်သင်ပေးလိမ့်မယ် မထင်နဲ့၊ လမ်းတွေ့တောင် နှုတ်ဆက်ဖို့ မမျှော်လင့်နဲ့"

"ဘာသာစုံဂုဏ်ထူးထွက်ရင်ရော"

"ထွက်ရင် ဆက်သင်မှာပေါ့"

"ဒါပဲလား မမ"

"ဒါပဲမဟုတ်လို့ ဘာဖြစ်ချင်သေးတာလဲ"

မဝ့်မရဲ မျက်လုံးရွှဲတို့နှင့် ငေးစိုက်ကြည့်ပြီး ဘာမှ မဖြေတာကို မသိကျိုးကျွံ ပြုခဲ့ရသည်။ အောင်စာရင်းတွေထွက်





တဲ့နေ့ကတော့ မိုးသေချာမလင်းခင် ငါးနာရီခွဲလောက် အိမ်ရောက်လာပါသည်။ ကြီးကြီးက အိပ်ရာထကာ မီးဖိုထဲဝင်နေပြီမို့ ကြီးကြီးကို သူအသိပေးပြီးသော် ပွင့်ဦးလှကို နိုးပေးခိုင်းဖို့လည်း မဝ့်ရဲ၊ အိမ်အောက်ထပ်မှာ ကြီးကြီးကိုကူရင်း ဂနာမငြိမ်ယောက်ယက်ခတ်နေတာတွေ အပေါ်ထပ်မှကြားပြီး ပွင့်ဦးလှကပဲ အလိုက်တသိ အိပ်ရာကထကာ အောက်ဆင်းလာခဲ့သည်။

အိပ်မှုန်စုန်မွှား ပွင့်ဦးလှကို သွားအဖြီးသားနှင့်ကြည့်ကာ...

"မမ... အဟဲ..."

"ဘာလဲ၊ နင် ခြောက်လုံးမဟုတ်လား၊ ကဲ... သိပြီ ပြန်တော့၊ ငါ ဆင်းလာပြီး ဒါကိုကြားမပြီးမချင်း နင်မပြန်ဘဲ အောက်မှာ ဝရန်းသုန်းကား ဆူညံနေမှာသိလို့ ဘယ်လိုမှဆက်အိပ်လို့ ရမှာမဟုတ်လို့ ဆင်းလာတာ၊ ကဲ...ကဲ... သွားတော့လေ၊ ငါ ပြန်အိပ်ဦးမှာ... ဟား..."

"ဩော်... ဒီကောင်မလေးတော့နော်..."

ကြီးကြီးက မီးဖိုထဲကနေ ကျေနပ်သလို မကျေနပ်သလို ကျူးရင့်သည်။

"ဟီး... ဟီး..."



www.burmeseclassic.com

www.burmeseclassic.com



ရန်ပယ်ကတော့ ပါးစပ်မစိနိုင်။ အပြုံးတွေ တဝေ့ကြီးနှင့်သာ ပွင့်ဦးကို ငေးငေးစိုက်စိုက် ကြည့်လျက်သား။ သူ့မျက်ဝန်းတွေထဲမှာရော အမူအရာတွေမှာပါ ပွင့်ဦးလှအပေါ် မြတ်နိုးချစ်ခင်ခြင်း အရောင်အလျှံတို့ဟာ ဖိတ်ဖိတ်လက်အောင် ထင်းထွက်နေပါသည်။ ပွင့်ဦးပင်လျှင် နေရခက်မိလျက်...

"ကဲ... ပြန်တော့လို့ ပြောနေတာ"

"ဟုတ်ကဲ့ပါ"

ပါးစပ်က ဟုတ်ကဲ့ပါနှင့် တစ်ပြိုင်နက် လှေကားအောက်ဆုံးထစ်မှာ ရပ်နေတဲ့ ပွင့်ဦးလှကို သူက လှေကားရင်းကြမ်းပြင်အနိမ့်မှ လှမ်းပြီးတအားကြီး ကျစ်ကျစ်ပါအောင် ဖက်ထားလိုက်ပါသည်။ ဖွဖွလွလွမဟုတ် အားအင်နှင့် မချင့်မရဲ ညှစ်ဖက်လိုက်တာမို့ ပွင့်ဦးမှာ လန့်လည်းလန့် အသက်ရှူကျပ်ကာ...

"အမယ်လေး..."

သူ့လက်ကိုလည်း ဖြုတ်ထုတ်၊ သူ့ဆံပင်ကိုလည်း ဆောင့်ဆောင့်ကာ ဆွဲပစ်ရင်း ရုန်းထွက်လိုက်ရပါသည်။ ချည်ပုဆိုးတိုတို တီရှပ်ဖြူလေးနှင့် ကောင်ထွားလေး ရန်ပယ်က ပြုံးကျဲကျဲနှင့် နောက်တစ်လှမ်းဆုတ်ကာ ညာလက်သီးဆုပ်ထိပ်မှာ ဘယ်လက်ဝါးကပ်တဲ့ ပုံစံလေးနှင့် တစ်ချက်ခေါင်းညွှတ်ပြီး လှစ်ခနဲ ထွက်ပြေးသွားခဲ့တော့တာ။





"နင်သေမယ်... သိလား"

နောက်က ကမန်းကတန်း လှမ်းအော်လိုက်ရကာ စိတ်ဆိုးပြချိန်တောင် မရလိုက်ဘဲ တဒုန်းဒုန်း ဆူညံခုန်ပေါက်သော ရင်ခုန်သံတွေနှင့် အပေါ်ထပ်ကို အပြေးပြန်တက်ခဲ့ရပါသည်။ အိပ်ရာထဲ ပြန်ဝင်သော်လည်း ဟိုဘက်စောင်းလည်း အချိုးမကျ ဒီဘက်စောင်းလည်း ပြန်အိပ်မရ ရင်တစ်ခွင်လုံး ဆူညံကာ မျက်နှာပြင်လည်း ရှိန်းရှိန်းထအောင် ပူထူနေလျက် ဒေါသပဲထွက်သလိုလိုကြားထဲကနေ ပွင့်ဦးရဲ့ နှုတ်ခမ်းစွန်းကလေးက ကော့တက်ပြုံးနေခဲ့ရပါသည်။

အဲဒီရဲ့နောက် ရန်ပယ် ဆယ်တန်းနှစ်မှာတော့ သူတို့နှစ်ဦးအကြားက တိတ်တခိုး အတွယ်အတာဟာ သိမ်းဖွက်ဟန်ဆောင်လို့ မရနိုင်အောင်ကို အထုအထည် ကြီးမားလာခဲ့ရပါသည်။ မျက်လုံးချင်း တစ်ဆုံကလေးကအစ တစ်ဘဝလုံးစာ သေပျော်မတတ် အရှုံးအမှုး စွဲလမ်းခြင်းဟာ နှစ်ဦးလုံးရဲ့ရင်ထဲ ကိုယ်စီမှာ။

တကယ်တော့ ပွင့်ဦးလှ တက်နေတဲ့ ဆေးတက္ကသိုလ်မှာ ပွင့်ဦးလှဟာ ပုရိသအများရဲ့ အိပ်မက်ကို ပိုင်စိုးရာ အလှသခင်မကလေး ဖြစ်နေခဲ့တာပါ။ ပွင့်ဦးလှ အနားမှာ ဆေးကျောင်းကတင်မက အနယ်အရပ်ရပ်က တက္ကသိုလ်ကောလိပ်တွေပေါင်းစုံ



www.burmeseclassic.com

www.burmeseclassic.com



က လူပျိုရွယ်တို့ဟာ ဝိုင်းဝိုင်းလည် ခြေချင်းလိမ်နေပါသည်။ ကိုယ့်ဘဝအတွက် အသင့်တော်ဆုံး ဖြစ်မည့်သူကို ခေါင်းခေါက် ရွေးလို့ရတဲ့ အနေအထား။ သို့ပေမယ့် ဘယ်သူတစ်ဦးတစ်ယောက် ကိုမှ ရင်ခုန်လို့မရအောင် ပွင့်ဦးလှ နှလုံးသားထဲ၌ ရန်ပယ် ဆို သည့် ဘာမဟုတ်သော ကောင်ကလေးက စုန်းစုန်းနစ် နေရာယူ နှင့်ပြီ။

ရန်ပယ့်လို ကိုယ့်ထက်ငယ်ပြီး ဘဝအာမခံချက် လည်းမရေရာ ကျောထောက်နောက်ခံလည်း ချို့တဲ့လှတဲ့ ယောကျ်ား ပျိုတစ်ယောက်ကို ရွေးချယ်ဖို့ အိပ်မက်တောင် မက်ကြည့်လို့ စိတ်မသက်သာပေမယ့် ကိုယ့်နှလုံးသားကိုတော့ လိမ်ညာလို့ မရ နိုင်ပါတည်း။

"ရန်ပယ်... မင်း ဆေးကျောင်းပဲ လျှောက်မယ် မဟုတ် လားဟင်"

"ဘာဖြစ်လို့ မေးတာလဲဟင် မမ"

"ဆေးကျောင်းပဲ လျှောက်စေချင်လို့ပါ၊ မင်းမျက်နှာလေးက ဆရာဝန်နဲ့ သိပ်လိုက်မယ့် ဆရာဝန်ရုပ်ကလေး၊ အလိုလို နေရင်း ဆရာဝန်ရုပ်လေး ထွက်နေတာ၊ မျက်လုံးလေးက အကြင်နာမျက်ဝန်းလေးလေး၊ မင်း စကားပြောလိုက်တဲ့ အခါကျတော့ ကရုဏာသံလေးနဲ့ တစ်ဖက်သားကို ရောဂါ





တစ်ဝက်သက်သာစေမယ့် အသံလေး၊ အပြုံးကလေးက နူးညံ့ပြီး ဖော်ရွေငြိမ်းချမ်းတယ်"

"အား... မမကလည်းဗျာ၊ ကျွန်တော်တောင် ရှက်လာပြီ"

"မ, ဟုတ်တာတွေချည်းပဲ ပြောနေတာလေ ရန်ပယ်၊ မင်းကို ဂျူတီကုတ်ဖြူဖြူလေးနဲ့ နားကြပ်လေး ပခုံးမှာ ချိတ်ထားတဲ့ပုံ စိတ်ကူးယဉ်ကြည့်ရင် အရမ်းစိတ်ချမ်းသာ ဖို့ကောင်းအောင် Perfect ဖြစ်နေတာ၊ ဆေးကျောင်းပဲ လျှောက်နော်"

ရန်ပယ်က အပြုံးနုနုလေးနှင့် ငြိမ်သက်နေခဲ့သည်။

"ပြောနေတာ ကြားလား"

"ဟော...၊ သူ့လေသံက နူးညံ့ချိုသာရင် ခဏပဲ"

"ပြောနေတာကို ဖြေမှမဖြေဘဲနဲ့ ပြုံးနေတာကိုး"

"မမ"

"........"

"ကျွန်တော် ဆေးကျောင်းမတက်တော့ဘူး"

"ဘာ... နင် ဆရာဝန်အရမ်းဖြစ်ချင်တာ၊ ဆေးပညာ အရမ်းဝါသနာပါတာ ငါသိတယ်လေ ရန်ပယ်၊ ဘာလို့ မတက်ရမှာလဲ၊ ငွေရေးကြေးရေးကြောင့်လားဟင်၊ တို့တွေ တစ်နည်းနည်း စဉ်းစားကြတာပေါ့ ရန်ပယ်၊ ပညာရေး



www.burmeseclassic.com

www.burmeseclassic.com



အတွက် အထောက်အပံ့ အလှူဒါနပြုချင်တဲ့သူတွေ အများကြီးရှိမှာပါ၊ ငါတို့ မဆက်သွယ် မဆက်စပ်မိတာပါ။ ပြီတော့ မ,တို့လည်း တတ်နိုင်သလောက် ကူညီနိုင်ပါတယ် ရန်ပယ်ရယ်၊ ကြီးကြီးကလည်း သူ တတ်နိုင်သမျှ ကူညီမှာ သေချာတယ်၊ နင်က မြန်မာတစ်ပြည်လုံး နံပါတ်ငါးလောက်ထဲတောင် ဝင်နိုင်တာ၊ ဆေးကျောင်းက မမီဘဲ မနေဘူး”

“ဒါကို ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ ကျွန်တော် ဆေးတက္ကသိုလ် မတက်ပါရစေနဲ့ မမ၊ ဆေးတက္ကသိုလ်တက်ရင် အချိန်တွေ ခုနစ်နှစ်လောက်ကို ကျွန်တော် ဘာကောင်မှ မဟုတ်ဘဲ ဆင်းဆင်းရဲရဲ ရုန်းကန်နေရလိမ့်မယ်၊ ပြီးတော့ တကယ်လို့ ဆေးကျောင်းတက်တဲ့လမ်းကို ရွေးလိုက်ရင် ကျွန်တော် M.B.,B.S နဲ့ မတော်လိုက်ချင်ဘူး။ MRCP လိုမျိုး သမားတော်ဘွဲ့မျိုးလည်း ရနိုင်လောက်အောင် ယူနိုင်တဲ့ အနေအထား ကျွန်တော့်မှာ အင်အားမရှိဘူးလေ…

ဟိုမရောက် ဒီမရောက် အသင့်အတင့်လောက်တော့ ကျွန်တော် မဖြစ်ချင်ပါဘူး၊ ကျွန်တော် သာမန်ဘွဲ့တစ်ခုပဲယူပြီး ပိုက်ဆံများများ ဝင်ငွေရအောင်ရှာနိုင်မယ့် အလုပ်





တစ်ခုကို စဉ်းစားနေတယ် မမ၊ ကျွန်တော် အပင်ပန်းခံကြိုးစားနိုင်ပါတယ်၊ အဲဒီ ခုနစ်နှစ်လောက်သော အချိန်အတွင်းမှာ ကျွန်တော် အထိုက်အလျောက် ပြည့်စုံတဲ့လူတစ်ယောက်ဖြစ်အောင် ကြိုးစားမယ်၊ မမက ဆရာဝန်လုပ်ပေါ့၊ မမ M.B.,B.S ဘွဲ့ရပြီးလို့ ဖြေခွင့်ရှိတဲ့အချိန်တစ်ခု လွန်မြောက်ရင် အင်္ဂလန်မှာ MRCP ဆက်တက်နိုင်လောက်အောင်အထိ ကျွန်တော် မျှော်လင့်ထားတယ်၊ မမကို အထူးကုသမားတော် ဖြစ်စေချင်တယ်၊ ကျွန်တော် ပညာထက် ငွေပဲဦးစားပေး ရှာပါရစေနော် မမ၊ ခုနစ်နှစ် ရှစ်နှစ်လောက် အချိန်အတွင်းမှာ ကျွန်တော် ငွေကြေးပြေလည်အောင် မဖြစ်မနေ ကြိုးစားမယ်၊ အဲဒီအချိန်ဟာ မမကျောင်းပြီး ဆရာဝန်ဖြစ်ပြီးတော့ ဘွဲ့လွန်ဆက်တက်နိုင်ဖို့ အဆင်သင့်ဖြစ်တဲ့ အချိန်လောက် ဖြစ်နေရမယ်၊ ပြီးရင်… ပြီးရင်တော့…”

ပွင့်ဦးလှက ရန်ပယ့်ကို ခပ်ငူငူသာ ငေးကြည့်နေမိသည်။ မပြည့်မစုံ ချို့ချို့တဲ့တဲ့ အနေအထားမျှလောက်ကနေ ပွင့်ဦးကို အင်္ဂလန်လွှတ် ပို့ပေးပြီး ဘွဲ့လွန်ယူစေဖို့လောက်အထိကို သူ အကြီးကြီး စိတ်ကူးယဉ်နေတာပါလား။

“ပြီး… ပြီးရင်လေ ကျွန်တော်လေ… မမနဲ့ လက်ထပ်ပါရစေ”



www.burmeseclassic.com

www.burmeseclassic.com



ပုံမှန်အချိန်မှာဆိုရင်တော့ "အောင်မာ... ကဲဟာ" ဆိုပြီး သူ့ခေါင်းကို ကွန်ပါဘူးနှင့် ခေါက်ထည့်ပစ်လိုက်မိမှာ ဖြစ်ပေမယ့် အခုတော့ ပွင့်ဦး ငေးငိုင်နေခဲ့မိပါသည်။ သူ့ရင်ထဲမှာ ပွင့်ဦးအတွက် စေတနာ မေတ္တာတွေ အတိုင်းသား တွေ့လိုက်ရတယ် မဟုတ်လား။ တကယ်တော့ ပွင့်ဦး ရင်ထဲမှာလည်း ဤအတိုင်း အပ်ကျမတ်ကျပဲဆိုတာ သူ မသိလို့ပါလေ။

"မမ"

"..........."

ပွင့်ဦးလှက တိတ်ဆိတ်နေမိသောအခါ ကောင်ကလေးက အတင့်ရဲလာပါသည်။ စားပွဲပေါ်တင်လျက်သား ရှိနေတဲ့ ပွင့်ဦးရဲ့လက်ဖျားလေးတစ်ဖက်ကို လှမ်း၍ အုပ်ကိုင်လိုက်ပါသည်။

"မမကို ကျွန်တော် အရမ်းချစ်တာပဲ၊ တစ်နေ့ကျရင် မမနဲ့ လက်ထပ်ပါရစေနော် မမ၊ ကျွန်တော် ကြိုးစားပါ့မယ်"

ပွင့်ဦးက သူ့လက်ဖျားကလေးကို အသာအယာ ရုန်းထွက်လိုက်ရင်း...

"မင်းကို မ,က ဆရာဝန် ဖြစ်စေချင်တာ၊ ပြီးတော့ မင်းကိုပဲ သမားတော်တစ်ယောက် ဖြစ်စေချင်တာ၊ တကယ်တော့ မက အမှတ်မီလို့ ဆရာဝန်လိုင်း လိုက်ခဲ့တဲ့သူမျိုးပါ၊ မင်းကမှ တကယ် ဆရာဝန် ဖြစ်ချင်ခဲ့တာလေ"





"ကျွန်တော် အခု မဖြစ်ချင်တော့ဘူး၊ မမ မျက်နှာမငယ်ရဖို့ ငွေရှာနိုင်တဲ့သူပဲ ဖြစ်ချင်တော့တယ်"

"မင်း ဆရာဝန်မလုပ်ဘူး ဆိုရင်တော့ မင်းကို ငါမချစ်နိုင်ဘူး"

"ဟင်"

ရန်ပယ့် မျက်လုံးများက တောက်ပြောင်သွားလျက်...

"ဒါဖြင့် ကျွန်တော် ဆရာဝန်ဖြစ်ရင်တော့ မမ ကျွန်တော့်ကို ချစ်မှာပေါ့နော်"

ပွင့်ဦးလှက ရှက်သွေးဖြာသွားသော ပါးပြင်ရဲရဲနှင့် မျက်လွှာကလေးကို ဖျတ်ခနဲ ချလိုက်မိပါသည်။

"မမရယ်... မမ ကျွန်တော့်ကို ချစ်နိုင်တယ် မချစ်နိုင်ဘူး ကသာ အဓိကကျတာပါ၊ ဆရာဝန်ဖြစ်တာ မဖြစ်တာက ချစ်တာနဲ့ မဆိုင်ပါဘူး"

"နင်လျှာမရှည်ပါနဲ့"

"ဟင်... ဖောက်လာပြန်ပြီ"

"မင်းဖြစ်ချင်တာကို ဖြစ်စေချင်တာ၊ ဒါကိုမှ နားမလည်တတ်ရင် နင် ချစ်တယ်ဆိုတာကို ငါက ဘယ်လိုယုံစားရမှာလဲ ပြောစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"အဲလို လေသံကြီးနဲ့ မပြောပါနဲ့ဗျာ၊ ကျွန်တော်က မစ ကို ခန့်ခန့်ညားညား ဂုဏ်ဒြပ်အပြည့်နဲ့ မြင်ချင်တာပါ"

"ရန်ပယ်"

"ဗျာ"

"အဲဒီ စေတနာ မေတ္တာက နင်တစ်ယောက်တည်း ထား တတ်တယ် ထင်နေတာလားဟင်၊ ငါကော မထားတတ် ဘူးလို့ နင်ထင်နေတာလား"

နှစ်ဦးသား စူးစိုက်ရင်ဆိုင်ကြည့်နေမိသော မျက်ဝန်း နှစ်စုံတို့က စိုစွတ်အရည်လဲ့နေခဲ့ပါသည်။

✤ ✤ ✤





ဦးဘရမ်ထွယ်အောင်ကို ပွင့်ဦး စသိခဲ့ရတာက ကိုကိုဇော့်ကြောင့်ပင်။ ကိုကိုဇော် အလုပ်ဝင်နေသော ကိုကိုဇော့် သူဌေး ဦးမြစိန်က ဦးဘရမ်နှင့် မိတ်ဆွေတွေ ဖြစ်ပါသည်။ သူ့ သူဌေးနောက်ကို ဂေါက်ကွင်း၊ စားသောက်ဆိုင်၊ ကလပ်ဘ်တွေ ဘားတွေကအစ နောက်ကလိုက်ရသော ကိုကိုဇော်က ဦးဘရမ် နှင့်ပါ သိကျွမ်းခင်မင်နေပါသည်။

ငါတို့ဘော်ဇိရဲ့ ဘော်ဒါ ကချင်သူဌေးကွာ၊ ဘယ် လိုထောတာ၊ ပိုက်ဆံကို ဘယ်လိုအသုံးကြမ်းတာ ဘာတွေပိုင် တာ၊ ဘာကားစီးတာ စသည်ဖြင့် ကိုကိုဇော့်ထံက ကြားသိနေခဲ့ ပေမယ့် ကိုယ်နဲ့ပတ်သက်စရာလည်း မရှိသလို တိုက်ဆိုင်ကြုံ ကြိုက်မှုလည်း မရှိ၍ မတွေ့မြင် မသိကျွမ်းဖြစ်ခဲ့။

ဘဝဘဝက ရေစက်ဆိုတာ ပါလာတဲ့အတွက် တစ်နေ့သောအခါမှာတော့ ဦးဘရမ်နှင့် ပွင့်ဦးလှ ဆုံမိကြဖို့ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ အဲဒီနေ့က မှတ်မှတ်ရရ ပွင့်ဦးက လစဉ်စာမေးပွဲ အပိုင်းတစ်ပိုင်း နောက်နေ့ ဖြေရမှာမို့ ကျောင်းမသွားပဲ အိမ်မှာ စာကျက်နေခဲ့သည်။

အဲဒီအချိန်ဟာ မြန်မာပြည်မှာ ဆယ်လူလာဖုန်းတွေ စတင်လျှောက်ထား သုံးစွဲနိုင်တဲ့ အချိန်ကာလ။ ကိုကိုဇော့် သူဌေး ဦးမြစိန် ဖုန်းလျှောက်တဲ့ကိစ္စတွေ ကိုကိုဇော် ဆောင်ရွက်ပေးရတုန်း ဦးဘရမ်ထွယ်အောင်လည်း ရန်ကုန်ရောက်လာကာ သူ့အတွက်ပါ လျှောက်ပေးဖို့ ကိုကိုဇော့်ကိုပဲ ဆောင်ရွက်စေပါသည်။ ရုံးကိုသွားကာနီးကျမှ အိမ်မှာ စာရွက်စာတမ်း တစ်ခု တလေ မေ့ကျန်ရစ်တဲ့ ကိုကိုဇော်က အိမ်ကို စာရွက်ဝင်ယူသည်။

မရောက်ခင် ပွင့်ဦးတို့အိမ်က လိုင်းဖုန်းကို လှမ်းဆက်ထားကာ...

"ပွင့်ဦး... ငါတို့ အခု ရုံးကထွက်လာတော့မယ်၊ ဆယ့်ငါးမိနစ်ဆို အိမ်ရောက်မယ်၊ ငါ့ခုတင်ဘေးက စားပွဲအံဆွဲထဲမှာ ပလတ်စတစ်ဖိုင်အိတ် အစိမ်းရောင် အကြည်လေးနဲ့ ထည့်ထားတဲ့ စာရွက်တွေရှိတယ်၊ အဲဒီဖိုင်အိတ်လေး နင်ယူပြီး အိမ်ရှေ့က အသင့်ထွက်စောင့်နေနော်...

အဆင်သင့်နော်၊ ကားရပ်ပြီး မစောင့်ရစေနဲ့၊ ကား လာရပ်တာ မြင်တာနဲ့ ထွက်ပေး၊ ငါမေ့ကျန်တာ အပြစ်





ဖြစ်နေတာဟ၊ စောင့်ပါစောင့်နေရရင် အဆူခံနေရဦးမယ်၊ ကားပေါ်မှာ ဘောဇိပါလာမှာနော်၊ သေချာလုပ်"

စာရွက်စာတမ်းတချို့ပါသော ဖိုင်အိတ်စိမ်းကြည်ကြည်လေးကိုကိုင်ကာ အိမ်ရှေ့ဧည့်ခန်းထဲ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း စာကျက်နေသော ပွင့်ဦးလှသည် ကိုကိုဇော့် ဘောဇိသူဌေးရဲ့ကားကို မျှော်နေတာမို့ အဲဒီကား မဟုတ်တဲ့ တခြားကားတစ်စီး အိမ်ရှေ့လာရပ်သောအခါ မလှုပ်မယှက် အာရုံမစိုက်သာ နေမိသည်။ ကားမှန်ကလည်း မည်းမည်းတွေမို့ ကားထဲလည်း မမြင်ရ။ လာနိုင်ခဲလိုက်တာလို့ပင် တွေးမိသေးကာ အိမ်ရှေ့က သံဘာဂျာတံခါးကို ဖွင့်လျက်သားနှင့် မီရပ်မျှော်ကြည့်ဆဲ "ပွမ်"ခနဲ ဟွန်းသံကျယ်ကြီးက လူကို ခါခနဲ တုန်သွားစေခဲ့သည်။

ရှောခနဲ ကျလာတဲ့ မှန်တံခါးနောက်က ကိုကိုဇော့် မျက်နှာပေါ်လာမှ အပြေးကလေးထွက်လာကာ ဖိုင်အိတ်ကို ကမ်းပေးလိုက်ရပါသည်။

"မြန်မြန်ထွက်လာပါဆို"

ကိုကိုဇော်က ပါးစပ်လှုပ်ရုံ ရေရွတ်ပြစ်တင်လျက် ပွင့်ဦးလှက မျက်စောင်းကြီးတစ်ချက်နှင့်...

"ဘယ်သိမလဲ၊ ခါတိုင်းကားမှ မဟုတ်တာကို... ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခိုက်အတန့် တစ်မိနစ် နှစ်မိနစ်ကလေး အတွင်း ကားနောက်ခန်း မှန်မည်းမည်းနက်နက်တွေ နောက်မှ ဦးဘရမ်ထွယ်အောင်က ပွင့်ဦးလှကို ငေးစိုက်ကြည့်နေကာ မျက်စိကျသွားလိမ့်မည်လို့ ပွင့်ဦး ဘယ်သိခဲ့ပါမလဲ။ နောက်တစ်နေ့မှာပင် အလုပ်အကြောင်း မရမက ရမယ်ရှာကာ ကိုကိုဇော့်အိမ်ကို သူလို ကျောက်စိမ်းကျောကြီးပိုင်တဲ့ သူဌေးမင်းရင့်မကြီးက ရောက်လာလိမ့်မည်လို့ ပွင့်ဦး ဘယ်ကြိုတွေးမိပါ့မလဲ။

ဦးဘရမ်ဟာ တိုင်းရင်းသားပီပီ ဟန်ဆောင်မှုမရှိ၊ ပွင့်ဦးကို နှစ်သက်မြတ်နိုးမှုကို မရှက်တမ်း ပေါ်တင်ပြသခဲ့သူပင်။ ဒုတိယအကြိမ် အကြောင်းမရှိ အကြောင်းရှာ ရောက်လာချိန်မှာတော့ ပွင့်ဦးလှအတွက် စိမ်းလဲ့စို့ရွှဲနေသော ကျောက်စိမ်းအနှစ်သား လက်ကောက်ချောချောတစ်ကွင်း ပါလာခဲ့ပြီ ဖြစ်လေသည်။

"မှားပါတယ်... ငါမှားတာပါ၊ နင့်ကို စာရွက်ထွက်ပေးခိုင်းမိတာကိုက ငါ့အမှား၊ နင့်ကိုလည်း အဲ့သလောက်စွဲမယ် မထင်မိတာပါဟာ၊ ကျွတ်... ပြဿနာပဲ၊ ငါထင်ပါတယ်၊ ဦးဘရမ်လိုလူက ငါ့အိမ်ထိ ဒီကိစ္စလောက်နဲ့ လိုက်မလာလောက်ပါဘူးလို့၊ အခု ဘယ်လိုလုပ်ကြမလဲ၊ သူက ငါ့ကို တိုက်ရိုက် ဘာမှမပြောသေးပေမယ့် ဦးမြစိန်က ပြောလိုက်ပြီ၊ ကချင်ကြီးတော့ ကျဆုံးသွားပြီတဲ့၊ အဲဒါမှ ပြဿနာပဲ၊ ဘယ်လိုလုပ်ကြမလဲ"





"ကိုကိုဇော် အနေသာကြီးပဲဟာ၊ ဘာဂရုစိုက်စရာလိုလဲ၊ အဲ့ဒါကြောင့် သူပေးတဲ့ ကျောက်စိမ်းလက်ကောက်ကို မယူတာလေ၊ ပွင့်ဦး ငြင်းလိုက်တဲ့ဟာကို ကိုကိုဇော် ဘာလို့လက်ခံထားလိုက်သေးလဲ"

"နင်က ငါမက်ပြီး လက်ခံထားတယ်များ ထင်နေလား၊ မက်ကို မမက်တာ၊ လိုကိုမလိုချင်တာ၊ ကြောက်လို့မငြင်းရဲလို့ လက်ခံထားလိုက်ရတာ၊ သဘောပေါက်ထား၊ ငြင်းလိုက်ရင် ဦးမြစိန် ငါ့ကိုဝုန်းမှာပေါ့၊ အလုပ်တောင် ပြုတ်သွားဦးမယ်"

"အသက်ကလည်းကြီး၊ ရုပ်ကလည်း ကျို့တို့ကြမ်းတမ်းနဲ့ မောင်ဇော်ရယ်၊ လူပျိုလူလွတ်ရော ဟုတ်ရဲ့လား"

"အဲဒါတော့ ဟုတ်တယ်၊ တရားဝင်လူပျို၊ အိမ်ထောင်မရှိပါဘူး ကြီးကြီး၊ ဒါပေမဲ့ ကျွန်တော် ပွင့်ဦးနဲ့သဘောမတူပါဘူး၊ သူနဲ့တူတူ ကလပ်ဘ်တွေ ဘားတွေ ကေတီဗီတွေ မာဆာ့ချ်တွေ ကျွန်တော် လိုက်နေရတာလေ၊ မြင်နေတွေ့နေရတာလေ၊ ကျွန်တော့်ညီမနဲ့ ဘယ်လိုလုပ် သဘောတူနိုင်ပါ့မလဲ၊ တကယ် သဘောမတူတာ၊ ဘာလုပ်ရမှန်းတောင် မသိတော့ပါဘူးဗျာ ကြီးကြီးရာ"



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ဦးလှ အတွက်တော့ ဒါဟာ အစောပိုင်းမှာ ရယ်မောစရာကိစ္စ နောက်ပြောင်စရာကိစ္စတစ်ခုလို ဖြစ်ခဲ့ပါသည်။ ကျောက်စိမ်းလက်ကောက်ကို ရန်ပယ်မြင်အောင် စာသင်သွားတုန်း ခဏဝတ်သွားပြပြီး အကျိုးအကြောင်းကို ကောင်လေး ထွန့်ထွန့်လူးအောင် ပြောပြရယ်မောရတာသည်လည်း အရသာတစ်မျိုးလို ဖြစ်ခဲ့တာပင်။ ရန်ပယ် တကယ့်ကို ဆွေ့ဆွေ့ခုန် ထွန့်ထွန့်လူးခဲ့ပါသည်။ ဒေါသတကြီး ဝမ်းပန်းတနည်း မျက်ရည်တောင်လည်ခဲ့ရှာပါသည်။

အဲဒီအခါ ပွင့်ဦး စိတ်မကောင်းပါ။ ရန်ပယ့်ကို ချော့ရပါသည်။

"ကိုကိုဖော်က မငြင်းရဲလို့ ယူထားလိုက်ရတာပါ ရန်ပယ်ရယ်၊ မ,ယူထားတာ မဟုတ်ပါဘူး၊ ပြီးတော့ တစ်နေ့ပြန်ပေးမှာပါ၊ မ,ဝတ်လည်း မဝတ်ပါဘူး၊ အခုက နင့်ကို စချင်လို့ ငါ တမင်သက်သက် ဝတ်လာတာပါအေ... ဟင်း ဟင်း"

"ကျွန်တော့်ကို အဲလို မစ,ပါနဲ့ မမရယ်၊ ကျွန်တော်က ဘာမှမဟုတ်တဲ့ အနုတ်စုတ်ကောင်ဆိုတော့ အဲလိုစ,ရင်တောင် အရမ်းဝမ်းနည်းပြီး ရင်တွေအရမ်းနာပါတယ်၊ ကျွန်တော် သေချာသွားပြီ၊ လုံးဝဆေးကျောင်းမတက်တော့ဘူး၊ ပိုက်ဆံပဲ ရှာတော့မယ်"





"ရန်ပယ်နော်... ဒီစကား မပြောနဲ့"

ဦးဘရမ်ထွယ်အောင်ဟာ ပွင့်ဦးလှရဲ့ကျောင်းကို လိုက်လာပါသည်။ လူကြီးတစ်ယောက်ပုံစံ မဟုတ်ဘဲ တကယ့်ကို အတွေ့အကြုံမရှိသော လူငယ်လူပျိုကလေးလို နည်းလမ်းမျိုးတွေနှင့် ပွင့်ဦးကိုလိုက်သည်။ ဒီကိစ္စဟာ ပွင့်ဦးတို့ သူငယ်ချင်းအုပ်စုထဲမှာလည်း ရယ်စရာ မောစရာ ပျော်စရာ စိတ်လှုပ်ရှားစရာ တစ်မျိုး ဖြစ်ခဲ့တာပင်။

ငွေကိုလမ်းခင်း၍ ပရမ်းပတာ ပိုးပန်းသော ဦးဘရမ်ကြောင့် မဆီမဆိုင်သော ပွင့်ဦးသူငယ်ချင်းတွေပင်လျှင် Branded ဖိနပ်တွေ အိတ်တွေ ရေမွှေးတွေ ဖောချင်းသောချင်း လက်ဆောင်တွေရကြသည်။ ဟိတ်ကြီးဟန်ကြီးနှင့် အထက်စီးမနေဘဲ ပွင့်ဦးရှေ့၌ ယုန်သူငယ်တပည့်ကလေးနှယ် ပြားပြားဝပ် အနွံတာခံ အညှံခံကာနေသော ဦးဘရမ်ဟာ သနားစရာတောင် ကောင်းလှပါသည်။

ဒါတွေဟာ သူ ဟန်ဆောင်နေတာ မဟုတ်မှန်းလည်း အားလုံးရိပ်မိနားလည်အောင် ပွင့်ဦးကို သူ အရူးအမူး မွှန်ထူအောင် ချစ်နေပုံက သူငယ်ချင်းတွေပါ သနားအားနာလာကြတဲ့ အထိပါ။

"ပွင့်ဦး... နင် ဘာလုပ်မှာလဲ၊ စောစောစီးစီးဆုံးဖြတ်နော်၊ ဒီလူကြီးက သနားဖို့ကောင်းလာပြီ၊ ရပ်မချော့မယ့်



www.burmeseclassic.com

www.burmeseclassic.com



အသားဖြူဖြူ မျက်ခုံးမွေးမွေးနဲ့ သူ့ပုံစံကြီးကိုက ချစ်စရာ ခင်စရာကြီးလိုတောင် ဖြစ်လာပြီ၊ နင်က ပြန်ဆို ပြန်တာပဲ၊ နင့်စကားလည်း အရမ်းနားထောင်ရှာတယ်ဟာ၊ နင်ပြော သလို ပညာအရည်အချင်းက ခုနစ်တန်းလောက်ပဲ တတ် တယ်ဆိုပေမယ့် ချမ်းသာတာက ကြောက်ဖို့လန့်ဖို့တောင် ကောင်းတာ၊ လက်ခံရင်လည်း ခံလိုက်ဟာ"

ပွင့်ဦးသူငယ်ချင်းတွေဟာ ပွင့်ဦးနှင့် ရန်ပယ့်ဇာတ်လမ်း တိတ်တခိုးလေးကို မသိကြပါ။ ရန်ပယ့်ကို သိကြသော်လည်း ပွင့်ဦး Guide လုပ်နေတဲ့ တပည့်လေးလို့ပဲ သိကြတာ။ လမ်းထဲကလူတွေ ရိပ်မိနေကြသလိုမျိုး အမြင်အတွေ့ မများ၍ သူတို့မရိပ်မိပါ။ ပွင့်ဦးလှသည် တစ်စတစ်စ ကျဉ်းထဲကျပ်ထဲ ရောက်လာပါသည်။

ရန်ပယ့်ကို ပွင့်ဦးလှ ချစ်ပါသည်။ ဦးဘရမ်ကို ပွင့်ဦးလှ မချစ်ပါ။ သို့ပေမဲ့ သူတို့နှစ်ယောက်လုံး ပွင့်ဦးကို အရူးအမူး အသည်းအသန် အူအသည်း ပြောင်းဆန်မတတ် ချစ်နေကြတာကို ပွင့်ဦး သိသည်။ အပူသောကဖိစီးကာ စာအားနည်းချင်နည်းချင် ဖြစ်လာတတ်သော ရန်ပယ့်ကို ထိန်းရတာလည်း တစ်လုပ်။





"ရန်ပယ်နော်... နင် ရီဇာ့လ်ထွက်လာလို့မှ Whole Bruma ဝမ်းတူတဲန်း မဝင်ရင် နင်နဲ့ငါ သေခန်းပြတ် ရှင်ခန်းပြတ်နော်၊ လှည့်ကိုကြည့်တော့မယ် မထင်နဲ့၊ ဟိုလူကြီးနဲ့ ယူလိုက်မယ်မှတ်"

"ကျွန်တော့်ကို ခြိမ်းခြောက်တဲ့ အနေနဲ့တောင် အဲဒီစကားမျိုး မပြောပါနဲ့ မမ၊ Whole Burma ဝင်အောင်လုပ်ပါ့မယ်၊ ကျွန်တော့်ကို မထားခဲ့ပါနဲ့၊ တောင်းပန်ပါတယ်"

တဖြည်းဖြည်းနှင့် ဆယ်တန်းစာမေးပွဲတွေ ဖြေရချိန်ရောက်လာပါသည်။ ဦးဘရမ်ထွယ်အောင်ဟာ ကိုကိုဇော်ကိုလည်း တိုက်ရိုက်ဖွင့်ပြောလာခဲ့ပါပြီ။

"ငါတော့ သေသာ သေလိုက်ချင်တော့တာပဲ၊ ဦးဘရမ်က အခု သနားတော့ သနားပါတယ်၊ အရမ်းဏ္ဍမြေ့ရရနေတယ်၊ ကလပ်ဘ်တွေ ကေတီဗီတွေ သွားဖို့ကြုံလည်း အရမ်း အေးအေးဆေးဆေးပဲ နေတော့တယ်၊ မိန်းမကိစ္စလုံးဝကင်းကင်းရှင်းရှင်းနေတယ်၊ လုံးဝပြောင်းလဲသွားပြီ၊ ဒါပေမဲ့ဟာ ခုနစ်တန်းတောင် သေချာမအောင်တဲ့ သူလိုလူနဲ့ ငါ့ညီမ ဆရာဝန်လောင်းကို ငါ ဘယ်လိုသဘောတူရမလဲ၊ ပြီးတော့ အခုသာ ပြောင်းလဲသွားပေမယ့် အရင်က ဘယ်လိုပွေ ဘယ်လိုရှုပ်ယှက်ခတ်နေခဲ့လဲ ငါအသိဆုံးဟာ၊ ငါ သဘောမတူနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးလည်း ဘာကြောင့်မှန်းတော့ မသိဘူး၊ ဒါပေမဲ့ ဒီလူနဲ့ သဘောမတူဘူး၊ သူနဲ့စာရင် ရန်ပယ်ကမှ ဆင်းရဲပေမယ့် သဘောတူချင်သေးတယ်"

"ပွင့်ဦး… နင်နဲ့ ရန်ပယ်က ချစ်နေကြတယ် မဟုတ်လား"

"………"

"ဖြေစမ်းပါမှန်မှန်… ငါ မသိဘူး ထင်နေလား"

"ဟုတ်… ဟို… ချစ်… ချစ်နေတယ်"

"ရန်ပယ်က ဘယ်နည်းနဲ့မှတော့ စိတ်တီးစိတ်ပြတ်ဘဝကို လျှောက်လှမ်းမယ့်သူ မဟုတ်ပါဘူး၊ ရန်ပယ် စာမေးပွဲပြီးရင် နင် ရန်ပယ်နဲ့သာ ခိုးပြေးတော့ ညီမလေးရာ"

"ဟာ… ကိုကိုဇော်ကလည်း"

"ဒီတစ်နည်းပဲရှိတယ်၊ နင် အေးအေးဆေးဆေး လုပ်နေရင်တော့ ဦးဘရမ် လက်ထဲ နင်ပါသွားမှာပဲ၊ အခုတော့ သူက အနုနည်းပဲ အောက်ကျခံ ပိုးပန်းနေပေမယ့် မရဘူးထင်ရင် အကြမ်းနည်းလည်း သုံးရင်သုံးလာမှာပဲ ပြောမရဘူး၊ နင် ပုံမှန်အေးအေးချမ်းချမ်းနဲ့တော့ ရန်ပယ်နဲ့ လက်ထပ်ခွင့်ရမှာ မဟုတ်ဘူး ယုံ၊ ငါပါ ပြဿနာရှာခံရမှာ ပွင့်ဦး၊ ဦးမြစိန်ဆီကနေ အလုပ်ပြုတ်သွားနိုင်တာထိ ထားလိုက်၊ ဦးဘရမ်မှာ တပည့်တပန်းတွေနဲ့၊ သူ့တပည့်တွေ





ဆိုတာ မှော်ထဲမှာ အင်မတန် လက်ယှဉ်တဲ့ လူမိုက်တွေကများတာ…

ဦးဘရမ်က နင့်ကို အရမ်းစွဲနေ ချစ်နေတာ ငါပါသိနေတယ်၊ နင့်ကိုမရလို့ သွေးရူးသွေးတန်းတွေ လျှောက်ထင်ရာလုပ်မှာတောင် ငါတွေးကြောက်နေတာ၊ သူနဲ့လည်း ငါ သဘောမတူချင်ဘူး၊ နင်… နင့်ချစ်သူနဲ့ နင့်ဘာသာခိုးရာလိုက်သွားတယ် ဆိုရင်မှ ငါပါသက်သာဦးမယ်၊ နို့မို့ရင် မလွယ်ဘူး ထင်တယ်ဟာ"

အခြေအနေ အရပ်ရပ် အကြောင်းကြောင်းတို့ဟာ ဦးဘရမ်ကို ပွင့်ဦးလှ လေးလေးနက်နက် ရင်ဆိုင်စကားပြောဖြစ်ဖို့ ဖန်လာပါသည်။ ရှေ့ပိုင်းကတော့ ဒီလူကြီးကို ဟောက်တဲ့အခါဟောက်၊ ငေါက်တဲ့အခါငေါက်၊ နောက်တဲ့အခါနောက် နေခဲ့မိတာပင်။ နောက်ဆုံးတော့ ဦးဘရမ်နှင့် ပွင့်ဦးလှတို့ အင်းယားလိပ်ဟိုတယ်ရဲ့ ကော်ဖီဘားကလေးမှာ ချိန်း၍ဆုံတွေ့ဖြစ်ကြပါသည်။ အဲဒီနေ့က ဦးဘရမ်ထွယ်အောင်သည် လူပျိုပေါက်ကလေးအလား ရှက်ကြောက်နေခဲ့သေးသည်ကို ပွင့်ဦးလှ ဘယ်တော့မှ မမေ့ပါ။

"ပွင့်ဦးမှာ ချစ်သူရှိပါတယ် ဦးဘရမ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘရမ်၏မျက်နှာက ရုတ်ခြည်းပျက်ကာ ကျကယ်ရာမဲ့သလို ဖြစ်သွားပြီး ရုတ်တရက် ပြောမိပြောရာ ပြောလိုက်သလို...

"ရပါတယ်... ကိစ္စမရှိပါဘူး"

ရပါတယ်တဲ့...။ ပွင့်ဦးလှ ဘာဆက်ပြောရမှန်း မသိလောက်အောင် ဖြစ်ရသည်။ ကိစ္စမရှိပါဘူးတဲ့။ ဘယ်လိုပင် ဖြစ်စေ နောက်မဆုတ်နိုင် မပြင်နိုင်ဘူးဆိုတဲ့ အဓိပ္ပာယ်ပေါ့။

"လက်ထပ်ပါရစေ... မင်းကို ကိုယ်သိပ်ချစ်တာပါ၊ ကိုယ့်သက်တမ်းမှာ မိန်းမတွေအများကြီး တွေ့ခဲ့ဖူးပါတယ်၊ ဒါပေမဲ့ ဘယ်သူ့ကိုမှ ကိုယ်မစွဲလမ်းပါဘူး၊ နှစ်ခါပြန်မတွေ့ချင်ပါဘူး၊ အလေးအနက်လည်း မရှိခဲ့ပါဘူး၊ လက်လည်း လက်မထပ်ချင်ခဲ့ပါဘူး၊ မင်းက ကိုယ့်အတွက် တခြားဘယ်မိန်းမနဲ့မှ မတူပါဘူး ပွင့်ဦးလှ၊ မင်းကို ကိုယ့်ကိုယ်ကိုယ် အံ့အားသင့်ရလောက်အောင် မတွေးတတ်အောင် ချစ်နေမိတာပါ၊ လက်လွှတ်ခံဖို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး၊ မင်း ဖြစ်ချင်တာ အကုန်ဖြစ်ရပါစေမယ်၊ မင်းမုန်းတဲ့သူကိုလည်း သတ်ပေးနိုင်သလို မင်းချစ်တဲ့သူကိုလည်း နန်းတော်ဆောက်ပေးနိုင်ပါတယ်"

ဘုရား...။





မြန်မာစကား မကျွမ်းတကျွမ်းပေမို့ပဲ။ သူ့စကားတွေကို ပွင့်ဦးလှပင် ဖျားရသည်။ သူ့စကားတွေဟာ လုပ်ကြံဖန်တီး လှပသက်ဝင်စေတာမျိုး မဟုတ်၍ စိတ်ထဲရှိသလို အဖြောင့်တိုက် အမှန်တရားတွေသာဖြစ်၍ ပွင့်ဦးလှ နားထဲ ဖြူစင်ကာ နားထောင်ကောင်းနေစေတာပင်။

"ရှင် ကျွန်မကို ဘာဖြစ်လို့ အဲလောက် ချစ်နေရတာလဲ ဦးဘရမ်၊ လူတစ်ယောက်က တခြားလူတစ်ယောက်က အဲသလောက်တောင် ချစ်ဖို့ဆိုတာ ဖြစ်နိုင်လို့လား"

"ဖြစ်နိုင် မဖြစ်နိုင်၊ မင်း ကိုယ့်ကို ချစ်ကြည့်လိုက်ပါ"

ဘုရားရေ။ အင်မတန် ပြောတတ်တဲ့ လူကြီးပေပဲ။

"ကျွန်မကို ဘာကြောင့် ချစ်တာလဲ"

"မင်းကလှတယ်၊ ငယ်တယ်၊ ခေတ်မီတယ်၊ ပညာတော်တယ်၊ ကိုယ်က ရုပ်ဆိုးတယ်၊ အသက်ကြီးတယ်၊ တောထဲနေခဲ့တော့ တုံးတယ်။ ပညာမတတ်ဘူး၊ ကိုယ့်မှာမရှိတာတွေ တန်းညှိလို့မရဘဲ မင်းက မြင့်မားပိုင်ဆိုင်နေတဲ့အတွက် မင်းအချစ်ကို တောင်းရတာ အားနာမိပါတယ်၊ ကိုယ့်ဘက်က မင်းထက် အဆမတန် မြင့်မြင့်မားမားပေးနိုင်တာကတော့ အချစ်ရယ်၊ ငွေရယ် နှစ်ခုလုံး မင်းကြိုက်သလိုသုံးပါ၊ ဘယ်တော့မှ မကုန်ခန်းစေရပါဘူး ပွင့်ဦးလှ၊ သေတဲ့အထိ ပေးသွားမှာပါ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မိန်းမ ဖြစ်သွားလို့ ကိုယ့်ကို ချက်ပြုတ်ကျွေးပြုစုပေးဖို့လိုမျိုးလည်း မလိုပါဘူး၊ ကိုယ့်ကိုလက်ထပ်ပြီးကိုယ့်အချစ်ကို ခံယူနေရင် ကျေနပ်ပါပြီ၊ မင်း ကိုယ့်ကိုပြန်မချစ်ချင်ရင်လည်း ရပါတယ်၊ ကိုယ်ကပဲ ချစ်ပါရစေ"

ရန်ပယ် ဆိုတဲ့ အသည်းထဲစူးနစ်အောင် ချစ်ခဲ့ရသူလေးသာ မရှိလျှင် ဒီလူကြီးစကားတွေက ကြွေဆင်းလောက်ပါသည်။ ဒီလောက်ထိအောင်ပဲ ချစ်သတဲ့လား။ ပွင့်ဦးလှ သူ့ကိုသနားများပင် သနားမိသည်။ မျက်လွှာလေးကိုချကာ ငြိမ်သက်နေမိရင်း ခေါင်းထဲမှာ အတွေးအကြံ အိပ်မက်တွေများစွာ ရောင်စုံခြယ်နေမိခဲ့ပါသည်။

"ပွင့်ဦး မုန်းတဲ့သူကိုတောင် သတ်ပေးနိုင်တယ်တဲ့လား ဦးဘရမ်"

ဦးဘရမ်ထွယ်အောင်က ပြုံးလိုက်ပါသည်။ ပြုံးလိုက်သောအခါ သူ့ညာဘက်ပါးပြင်တစ်ဖက်ထဲ၌ ပါးချိုင့်တစ်ချက်ပါ၍ သူက ထင်သလောက် ရုပ်မဆိုးသလိုပေ။

"မင်းချစ်တဲ့သူကိုလည်း နန်းတော်ဆောက်ပေးနိုင်ပါတယ်လို့ ပြောပြီးပြီပဲ"

"တကယ်တော့ ပွင့်ဦးက ရှင့်ကို ငြင်းဖို့လာခဲ့တာပါ ဦးဘရမ်"





"အခု တွေဝေသွားပြီလို့ ဆိုလိုတာလား ပွင့်ဦးလှ"

ပွင့်ဦးလှသည် လူကဲခတ်တော်တဲ့ ဦးဘရမ်ကို သဘောကျမိပါသည်။ ကျောင်းဆက်မတက်ခဲ့လို့ ပညာအရည်အချင်း မရှိပေမယ့် ဒီလူကြီးမှာ လူတစ်ယောက်၌ ရှိသင့်ရှိအပ်သော အခြားအရည်အချင်းများတော့ ရှိပုံပါပင်။

"တစ်ခုပဲ တောင်းဆိုပါ့မယ်၊ ကိုယ့်ကို မချစ်နိုင်ရင်နေပါ၊ မင်းချစ်ခဲ့ဖူးတဲ့သူကိုတော့ မေ့ပစ်ပေးရမယ် ပွင့်ဦးလှ၊ အဲဒါကလွဲရင် မင်း ဘာကိုမဆို ငါ့ကိုခြယ်လှယ်နိုင်ပါတယ်"

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



(၇)

နုနယ်သည် ပြေးစက်ပေါ် ခြေလှမ်းမှန်မှန်နှင့် ပြေးနေရာမှ ရုတ်တရက် မျက်လုံးများ ကျယ်တောက်သွားရကာ ရှေ့ကပြေးစက်ရဲ့ ခလုတ်လေးကို လှမ်းနှိပ်၍ စက်ကိုရပ်တန့်လိုက်ပါသည်။

ဒေါ်ပွင့်ဦးလှ ………

တွေ့ချင်သူကို အဆုံးမတော့ တွေ့ရပြီ။ အဖြူရောင်အတွင်းအင်္ကျီ၊ အဖြူရောင်ဘောင်းဘီရှည်ပွပွနှင့် အနွေးထည်လိုမီးခိုးရင့်အစင်းအင်္ကျီရှည်ကြီးဝတ်ကာ လက်ကိုပိုက်၍ ခြံထဲမှာလမ်းလျှောက်နေသော ပွင့်ဦးလှ ပုံသဏ္ဌာန်က စိတ်နှင့်လူမကပ်သလိုလို မကျန်းမာသလိုလို ဆုတ်ဆိုင်းလေးကန်နေသည်။

ဆံပင်တွေအားလုံး ငယ်ထိပ်ပေါ် ကပိုကရို ထုံးတင်ထား၍ ဆံမျှင်တစ်ချို့က နားနှစ်ဖက်နားနှင့် ကုပ်ပိုးစပ်တို့၌





ခပ်သွယ်သွယ် လွတ်ကာ လွင့်ကျနေသည်။ နှစ်ထပ်တိုက်ရဲ့ဆင်ဝင်အစပ်မှာတော့ ပွင့်ဦးလှရဲ့ကိုယ်ရေးလက်ထောက်ဆိုတဲ့အမျိုးသမီး။ လေယာဉ်ငယ်ပေါ်၌ အတူစီးကာ ပါလာစဉ်ကတည်းက ပွင့်ဦးလှအပေါ် စိုးရိမ်တကြီး ဂရုစိုက်လှတဲ့ ထိုအမျိုးသမီးဟာ သူ့မမကို မတ်တတ်ရပ်ကာ သွားလေရာ လိုက်ကြည့်၍စောင့်ဆိုင်းနေတာ ဖြစ်သည်။ ထိုင်တောင်မနေဘဲ ရပ်စောင့်နေသည်။ ပွင့်ဦးလှ ခြံထဲမှာ ဘယ်လောက်ကြာကြာ လျှောက်နေမလဲတစ်ချိန်လုံး တုတ်တုတ်မလှုပ် ရပ်ကြည့်နေမည့် ပုံသဏ္ဌာန်နှင့်ဖြစ်သည်။

နုနယ်က စက်ပေါ်ကဆင်းကာ အဝတ်လဲခန်းဘက်လျှောက်လာခဲ့ပါသည်။

"နုနယ်… ဘယ်လဲ"

"ငါ… တော်ပြီ၊ ဗိုက်အောင့်လို့ နှင်းမြ၊ ဘာမှမဖြစ်ဘူး၊ အခုမှရောက်ကာစဟာ၊ နင်တို့ အေးဆေးလုပ်၊ ငါအောက်မှာ ကော်ဖီသောက်ရင်း စောင့်နေမယ်"

နုနယ်က အားကစားလုပ်တဲ့ တီရှပ်နှင့် ဘောင်းဘီတိုကလေးကို ဒီကိုဝတ်လာခဲ့တဲ့ ဂါဝန်တိုလေးနှင့် အမြန်လဲဝတ်လိုက်ပါသည်။ မျက်နှာသစ်တယ် ဆိုရုံလေးသစ်ပြီး အောက်ထပ်ကို တစ်ယောက်တည်း ဆင်းလာခဲ့သည်။ အောက်ထပ်ရဲ့ကျယ်



www.burmeseclassic.com

www.burmeseclassic.com



ပြောလှတဲ့ နေရာတစ်ပြင်လုံးဟာ မိုးလုံလေလုံ ရေကူးကန်ကြီး ဖြစ်ကာ အစွန်းတစ်ဖက်မှာတော့ Light food လေးတွေရနိုင်တဲ့ ကော်ဖီဘား အသေးစားလေးတစ်ခု ရှိသည်။

ဒါတွေကို ကျော်ဖြတ်ကာ နုနယ်က ခြံထဲဆင်းလာခဲ့ပါသည်။ နုနယ်ကို ဦးစွာလှမ်းမြင်သူက ပေါ်တီကိုအောက်မှ မခင်မျိုးသွယ်။ နုနယ်ကိုမြင်လျှင် သူက လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ဘာကြောင့်ပါလိမ့်။ နုနယ် ဘာလုပ်မလဲကို အာရုံစိုက်၍ လိုက်ကြည့်နေကာ နုနယ် ဦးတည်လျှောက်သွားနေတာက ပွင့်ဦးလှထံ ဖြစ်နေလျှင် ခင်မျိုးသွယ်က ရှေ့ကို တစ်လှမ်း နှစ်လှမ်း တိုးလာပါသည်။

သူတို့သခင်မကို ဘာအနှောင့်အယှက် ပေးမလို့လဲဆိုတဲ့ ပုံစံမျိုးကို သည်းလှတယ်ဟု အမြင်ကတ်စွာ နုနယ်က ပွင့်ဦးလှထံ ပို၍အပြေးကလေး လှမ်းသွားလိုက်သည်။ ပွင့်ဦးလှက နုနယ်ဘက်ကို ကျောပေးရပ်ကာ အနီးက ပန်းစင်ကလေးကို မော့ငေးကြည့်နေသည်။

"မြတ်လေးငုံ ဖူးစမို့ ညိုပြာရီ ထူးတဲ့ရာသီ…
ပျိုပြုံစုစိုက်ပျိုးလို့ ဝတ်မှုန်နီ ပွင့်လန်းလို့ချီ"

သာယာတိုးတိတ်သော သီချင်းညည်းသံလေးက ပွင့်ဦးလှထံမှ ပျံ့လာသည်။ ဘာသီချင်းမှန်း နုနယ် မသိပါ။





သို့သော် ညက်ညောသာယာသော သူ့အသံလေးက ကောင်းလှ၍ နုနယ်က ခဏလေးရပ်ကာ နားထောင်မိသည်။

"မမ"

ခင်မျိုးသွယ်ထံမှ လှမ်း၍ အသိပေး သတိပေးလိုက်သံ ဖြစ်သည်။ ထိုအသံကြောင့် ပွင့်ဦးလှက လှည့်ကြည့်လာကာ နုနယ်ကို မမျှော်လင့်ဘဲ ဘွားခနဲတွေ့လျှင် သူ့ရင်ဘတ်ကို သူ ဖိလိုက်ကာ မျက်လုံးဝိုင်းကျယ်သွားပါသည်။

"အမယ်လေး… လန့်လိုက်တာ"

"မမ… နေကောင်းသွားပြီလား"

"ဪ… မင်းကိုး၊ ဘယ်က ဘယ်လို ရောက်လာတာလဲ ဟင်၊ လန့်လိုက်တာ တအားပဲ"

"နုနယ် ဒီဖစ်တ်နက်စ်စင်တာမှာ လာကစားနေတာပါ၊ သူငယ်ချင်းတွေနဲ့ တူတူလေ၊ တစ်ပတ်ကျော်ပဲ ရှိပါသေးတယ်၊ ဒီစင်တာကြီး ဘယ်သူပိုင်တာလဲ စုံစမ်းလိုက်တော့ အောင်ရိုးမတံခွန် ထရိတ်ဒင်းကုမ္ပဏီက ဦးဘရမ်ထွယ်အောင်ရဲ့ဇနီး ဒေါ်ပွင့်ဦးလှ ပိုင်တာလို့ သိရတာနဲ့ တစ်နေ့နေ့တော့ မမနဲ့ ဆုံရမှာပဲလို့ မျှော်လင့်ထားတာပါ"

ပွင့်ဦးလှက နုနယ့်စကားပြောပုံကို စိုက်ကြည့်ကာနေသည်။ တကယ်ပုံမှန်ဆို ခုလိုပြန်တွေ့ချိန်မှာ သာမန်ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့အပြုံးမျိုး၊ ဒါမှမဟုတ် ဝမ်းမသာရင်လည်းပဲ ပုံမှန်အပြုံးမျိုးနှင့် နှုတ်ဆက်ရမည် ဖြစ်ပါလျက် ဒီမိန်းကလေး မျက်နှာပေါ်မှာရှိနေသော မျက်လုံး နှုတ်ခမ်းတို့က ဒီထက်ပိုတဲ့ အမူအရာတစ်ခုကို ဘာကြောင့် ဖော်ပြနေတာလဲ။ သူက အပေါ်စီးကလိုလို၊ အပြုံးနှုတ်ခမ်းစွန်း တစ်ဖက်က ဘာကြောင့် နောက်တစ်ဖက်ထက် ပိုမိုကွေးတက်နေတာလဲ။

"ဝမ်းသာပါတယ်၊ ဒီမှာ လာကစားလို့ ကျေးဇူးလည်း တင်ပါတယ်၊ ကစားလိုက်ဦးလေ"

ထွက်သွားဖို့ပြင်လိုက်တဲ့ ပွင့်ဦးလှရဲ့ ခြေတစ်လှမ်းဘက်ကိုပဲ နုနယ်က ခြေတစ်လှမ်း လိုက်တိုးလိုက်ပါသည်။ ပွင့်ဦး ခြေလှမ်းက ရပ်သွားရသည်။

"ဒီနေ့အဖို့ နားလိုက်ပါပြီ၊ သူငယ်ချင်းတွေက မပြီးသေးဘူးလေ၊ အဲဒါကြောင့် နုနယ် အားနေတာပါ"

"ဒါဖြင့် ဟိုနားက ကော်ဖီဘားလေးမှာ ကော်ဖီသောက်ရင်း စောင့်ရင် စောင့်လိုက်လေ"

ပွင့်ဦးလှက ခြေလှမ်းထပ်ပြင်သည်။ နုနယ်ကလည်း သူ့အတိုင်း ခြေလှမ်းထပ်ပြင်လိုက်ပါသည်။ နုနယ်နှင့် ပွင့်ဦးလှ ပုံသဏ္ဌာန်က ထုပ်ဆီးတိုးသလို ခပ်ဆန်ဆန်။

"မမနဲ့ စကားပြောနေလို့ မရဘူးလား"





နုနယ်ရဲ့ မေးဟန်ကို ပွင့်ဦးလှ တစ်ခဏ စိုက်ကြည့်နေပြီးမှ...

"ပြောစရာ ထူးထူးခြားခြား ရှိလို့လား သမီး၊ ပြောစရာရှိရင်တော့ ပြောပါ"

"ဟား... နုနယ်က အဲလိုမထင်ဘူး သိလား၊ နုနယ်ကို တွေ့လိုက်ရင် မမက မမကိုအသက်ကယ် စောင့်ရှောက်ထားတဲ့ ဆရာဝန်ကြီးဇနီးမို့လို့ဝမ်းသာအားရနဲ့ အိမ်ထဲကို ဖိတ်ပြီး ကော်ဖီလေး ဘာလေးတိုက် ဧည့်ခံမယ် ထင်ထားတာကို"

ပွင့်ဦးလှက အိမ်ဘက်တစ်ချက်ဝေ့ကြည့်လိုက်ရင်း...

"ဒီအိမ်က အမြဲနေတဲ့အိမ် မဟုတ်တော့ အိမ်ထဲမှာ ဧည့်ဝတ်ပြုစရာပစ္စည်း ပြည့်ပြည့်စုံစုံ မရှိလို့ပါ"

"အမြဲမနေဘူးဆိုတော့ ဘယ်လိုအခါမျိုးမှာမှ နေတာလဲမမ၊ တခြားတစ်အိမ်နဲ့ နှစ်အိမ်ခွဲနေတာလား"

"တို့အမျိုးသား ခရီးသွားနေမှ တို့က ဒီမှာနေတာပါ၊ သူရှိနေရင် တို့ ဟိုအိမ်မှာပဲ နေတယ်လေ၊ ပုံမှန်ကတော့ ဒါက အလုပ်လည်း ဖွင့်ထားရင်းမို့ ဝင်နားလို့ရအောင် ဆောက်ထားတာလည်း ဖြစ်တယ်"

"မမအမျိုးသား ခရီးသွားရင် ဟိုဘက်အိမ်မှာ နေလို့အဆင်မပြေလို့လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ဦးလှက နုနယ်ကို အံ့ဩဟန်ပြ၍ ကြည့်ရင်း…

"တို့အမျိုးသား ခရီးသွားတဲ့အခါ ဟိုအိမ်မှာ တို့တစ်ယောက်တည်းဆိုတော့ အထီးကျန်သလို ခံစားရလို့လို့ဖြေရင် ကဗျာဆန်သွားမလား၊ အင်း… အဲလိုပဲ သူ မရှိရင် လွမ်းသလိုခံစားရလို့ ဒီဘက် လာနေလိုက်တာပါ"

"မမနဲ့ မမယောက်ျား အသက်ဘယ်လောက် ကွာလဲဟင်"

"ဆယ့်ခြောက်နှစ်"

"ဟင်… အဲလောက်ကွာတာလား၊ အဲဒါဆို မမယောက်ျားက မမကို အရမ်းချစ်မှာပဲနော်၊ ကိုကြီးနဲ့ နုနယ်လိုပေါ့… အဟင်း"

နုနယ်က ပြုံးစိစိ အမူအရာလေးနှင့် ပြောတာကို ပွင့်ဦးလှက စိုက်၍သာ ကြည့်နေမိပါသည်။

"မမမှာ ကလေးမရှိဘူးလားဟင်"

"မရှိဘူး၊ အိမ်ထောင်သက်က အနှစ်နှစ်ဆယ်ကျော်သွားပါပြီ၊ ကလေးမရဘူး၊ တစ်ယောက်ယောက် ချို့ယွင်းလို့နေမှာပေါ့၊ တကယ်လို့များ အိမ်ထောင်ဦးလောက်ကတည်းက ကလေးရခဲ့ရင် ကလေးက ဖွေးနုနယ်နီးပါးလောက်တောင် ရှိနိုင်တယ်၊ ဒါနဲ့ အသက်ဘယ်လောက်ရှိပြီလဲ မေးလို့ရလား ဖွေးနုနယ်"





"နှစ်ဆယ်သုံး မပြည့်သေးဘူး"

"ဩော်… ငယ်လိုက်တာနော်"

"အိမ်ထောင်ကျဖို့ ငယ်နေသေးတာကို ပြောတာလား မမ၊ ဟင်း ဟင်း… နုနယ်က နှစ်ဆယ့်သုံးပေမယ့် ကိုကြီးက သုံးဆယ့်ရှစ်မို့လို့ စောစောပဲ လက်ထပ်လိုက်ကြတာပါ၊ ဒါဆို မမက လေးဆယ်ကျော်လောက် ရှိမှာပေါ့နော်"

ပွင့်ဦးလှ မျက်ဝန်းများက ဖျတ်ခနဲ အရောင်တစ်ခု ဖြတ်ပြေးသွားတာ မြင်ရလျှင် နုနယ်က ကျေနပ်သဘောကျသွားသလို တဟက်ဟက် ရယ်လိုက်မိပြီး…

"မမက ကိုကြီးရဲ့ Study Guide ဆို၊ Guide လုပ်ပေးတဲ့သူက ကျောင်းသားထက်တော့ ကြီးမှာပဲလေ၊ ဒါပေမဲ့ ကြည့်ရတာ မမက အရမ်းအသက်ကြီးပုံလည်း မရဘူး၊ ဒီတော့ ကိုကြီးထက် အလွန်ဆုံးကြီးရင် သုံးလေးနှစ်လို့ တွေးလိုက်တာပါ"

ပွင့်ဦးက ပြုံးလိုက်ပါသည်။ ခေါင်းတစ်ချက်ညိတ်ရင်း…

"ဟုတ်တယ်၊ ရန်ပယ့်ထက် တို့က သုံးနှစ်ကြီးပါတယ်"

"ဆယ်တန်းကို ဂိုဒ်လုပ်ခဲ့တာလား"



www.burmeseclassic.com

www.burmeseclassic.com



"သြော်… ရန်ပယ် ပြောမပြဘူးလား၊ ကိုးတန်း ဆယ်တန်း နှစ်နှစ်ဂိုဒ်လုပ်ခဲ့တာပါ"

"ဒါဖြင့် ကိုကြီးနဲ့ မမက နှစ်နှစ်တောင် ခင်မင်ရင်းနှီးခဲ့တာပေါ့၊ ဒါပေမဲ့ ဘာဖြစ်လို့ တစ်ယောက်နဲ့တစ်ယောက် မသိချင်ယောင် ဆောင်နေခဲ့ကြတာလဲ"

မေးပြီး နုနယ်က ပွင့်ဦးလှ မျက်နှာကို စူးစူးရဲရဲ စိုက်ကြည့်နေလိုက်ပါသည်။ တကယ့်ကို မသိမသာ ပါးပါးကလေး မျက်နှာပျက်သွားတယ် ထင်ရပေမယ့် ပွင့်ဦးလှက ထင်သလောက်တော့လည်း ဟန်မပျက်ပါ။

"မသိချင်ယောင် မဆောင်ပါဘူး၊ တို့ လေယာဉ်ပေါ်က ဆင်းပြီး ဆေးရုံကို ပါသွားခါနီးတုန်းက ရန်ပယ့်ကို သင့်ခ်ယူး ရန်ပယ်လို့ နှုတ်ဆက်ခဲ့သေးတာပဲ"

"ဒီလောက်ပဲလား မမ"

"တို့ တစ်ချိန်လုံး ရင်ပတ်အောင့် အသက်ရှူကျပ်ပြီး ဝေဒနာခံစားနေခဲ့ရတယ်လေ၊ စကားလည်း ပြောနိုင်အားမရှိဘူး"

"ဒါပေမဲ့ ဘိချ်မှာတုန်းက တစ်ခါ တည့်တည့်ကြီး ဆုံကြသေးတယ်လေ မမ၊ အဲဒီတုန်းက တစ်ယောက်ကို တစ်ယောက် နှုတ်မဆက်ကြဘူးလေ၊ မသိချင်ယောင် ဆောင်လိုက်ကြတယ် မဟုတ်လား"





ပွင့်ဦးလှက သက်ပြင်းတစ်ချက် ခိုး၍ ကျိတ်၍ ရှိုက်လိုက်ပါသည်။ ဒီကလေးမလေး ဘာကို အလိုရှိပါသနည်း။

"အနှစ်နှစ်ဆယ်လေ သမီး၊ မတွေ့ကြတာ အနှစ်နှစ်ဆယ် အတွင်းမှာ အပိန်အဝ အကြီးအရင့်ကအစ အများကြီး ပြောင်းလဲသွားနိုင်ကြတာပဲ၊ ရုတ်တရက် ဖြတ်လျှောက်သွားရင်း အမှတ်မထင် ကျော်ဖြတ်သွားကြတာ မမှတ်မိလိုက်ကြလည်း အပြစ်မရှိဘူး ထင်ပါတယ်"

"ဒါဖြင့် အခု မှတ်မိသွားကြပြီ၊ ပြန်ဆုံကြပြီ၊ ပြန်ဆုံရတာကလည်း မမ heart attack ရတာမျိုးကို ကိုကြီးက အရေးပေါ် အသက်ကယ်ရတာမျိုးနဲ့ ကြုံကြတာ၊ ပြန်ပြီးတော့ ခင်မင်ပတ်သက် ဝင်ထွက်နှုတ်ဆက်ကြဖို့ အစီအစဉ် မရှိဘူးလား၊ အဲဒါက အံ့ဩစရာလို ဖြစ်နေလို့ပါ၊ ပုံမှန်ဆို မမ ဆေးရုံတက်နေတုန်း ကိုကြီးကလည်း သွားမကြည့်အားတောင် သတင်းမေး ဖုန်းတစ်ချက်လောက်တော့ ဆက်သင့်တဲ့ သဘောရှိတယ်လေ၊ မမကလည်း ဆေးရုံက ဆင်းလာပြီးရင် အသက်ကယ်ထားတဲ့ ကိုကြီးကို အိမ်ရောက်လာပြီးဖြစ်ဖြစ် ကျေးဇူးတင်စကား သေချာပြောသင့်သေးတာမျိုး မဟုတ်လား…"

နုနယ်ရဲ့ ပြုံးတာလည်းမဟုတ် မပြုံးတာလည်း မဟုတ်သော အမူအရာကို ပွင့်ဦးလှက တစ်ခဏ ငေးကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အကျိုးမရှိသော လုပ်ရပ်တွေ၊ စကားတွေ ဘာကြောင့် လာလုပ်နေတာပါလိမ့်။ သံသယမကင်း မသင်္ကာနေတာလား။ ပွင့်ဦးလှဘက်မှ ဝန်ခံဖို့ ပြောပြဖို့ ဝန်မလေးသော်လည်း သူ့ ယောကျ်ားက အသိပေးပုံမရတဲ့ ကိစ္စကို ကိုယ်က ဘယ်လိုဝင် စီမံခန့်ခွဲရပါ့။ သိရလို့ ဘယ်လောက်များ ကျေနပ်မှုရနိုင်မယ့် ကိစ္စမို့ စစ်ဆေးနေရပါသလဲ ကလေးမရယ်။

"ဟုတ်ပါတယ်၊ တို့ ကောင်းကောင်းနေမကောင်းသေးလို့ ပါ၊ သေချာ နေကောင်းရင် လာခဲ့ပါဦးမယ်လေ"

ဒီစကား ကြားရပြန်တော့လည်း နုနယ် ရင်ထဲ မကျေမချမ်း အောင့်သက်သည်။ အထူးတလည် ဘာမှမရှိဟန် ပြောနေသော အမျိုးသမီးထံမှာ အထူးတလည် တုန်လှုပ်မှု နုနု ကလေးတစ်ခုကို တွေ့နေရ၍လည်း အသက်ရှူနှုန်း ပြင်းလာ အောင်ပင် နုနယ် စိတ်တွေ လှုပ်ရှားနေခဲ့ရပါသည်။

✤ ✤ ✤





(၈)

"ဒေါ်မေရေ... အဲဒီမှာ အားလုံးအဆင်သင့် ဖြစ်ပြီလား၊ ဒီမှာ ဟင်းရည်အိုး ကောင်းကောင်းပွက်နေပြီ၊ ရတော့မယ် နော်"

မီးဖိုထဲက ထွက်ပေါ်လာသော အသံမှာ တက်ကြွ လန်းဆန်းနေသော ရန်ပယ့်ရဲ့အသံ ဖြစ်ပါသည်။

"အားလုံး အဆင်သင့်ပါပဲ ဆရာကြီး၊ ငါတို့ဆရာကြီးက တော့ အံ့ပါ့၊ ရှားပါတယ်၊ ဘာမဆို သူ ချက်တတ်နေ တာပဲ၊ ကျုပ်တော့ အလုပ်ပြုတ်တော့မှာပဲ"

ဒေါ်မေရဲ့ ချစ်စနိုးပွစိစိသံကို နားဆင်ရင်း နုနယ်က ထမင်းစားပွဲပေါ် တံတောင်နှစ်ဖက်ထောက်၊ လက်ဖဝါးနှစ် ဖက်ထဲ ဝါးနှစ်ဖက်ကိုထည့်ထောက်ကာ ခပ်ငူငူ ထိုင်နေပါသည်။ မကြာခင်



www.burmeseclassic.com

www.burmeseclassic.com



ရန်ပယ်က အုန်းနို့ဟင်းရည်ထည့်ထားသော ကြွေအုပ်ကို အောက်ခံပန်းကန်ပြားခံ၍ လက်နှစ်ဖက်နှင့်မ,ကာ သယ်ယူလာသည်။

"သုံးဆောင်နိုင်ပါပြီခင်ဗျာ"

အုပ်ကို စားပွဲပေါ်ချပြီး နုနယ်ရှေ့က ခေါက်ဆွဲမုန့်ဖတ်၊ အကြော်၊ ကြက်သွန်နီ၊ မုန့်ကြွပ်၊ နံနံပင်အစုံ ထည့်ထားပြီးသော မုန့်ပန်းကန်ကိုဆွဲ၍ ဟင်းရည်ခပ်ထည့်ပေးရင်း နုနယ်ကို ငုံ့ကြည့်သည်။

"ဒီချာတိတ်မ သေချာမှ နိုးသေးရဲ့လား ဒေါ်မေ"

"ဟီး ဟီး... နိုးတစ်ဝက် အိပ်တစ်ဝက် ထင်တယ် ဆရာကြီး"

ရန်ပယ်က ပန်းကန်ကို နုနယ်ရှေ့ပို့ ဇွန်းတပ်၊ နုနယ်ရဲ့ခေါင်းကို လက်ဝါးနှင့်အုပ်ကာ တစ်ချက် နှစ်ချက် လှုပ်လိုက်ရင်း...

"ကဲ... စား... စား... ခင်ဗျား စားချင်တယ်ဆိုလို့ ချက်ကျွေးတာ၊ ဘယ်မှာမှ ဝယ်မရတဲ့ စေတနာမေတ္တာအုန်းနို့ခေါက်ဆွဲ"

နုနယ်က လှုပ်နဲ့နဲ့နှင့် ဇွန်းကိုင်မြှောက်လိုက်ရင်း...

"ကိုကြီးရော"

"စားမှာပေါ့ အတူတူ၊ အများကြီး ချက်ထားတာနော်၊ ပြီးရင် ဒက်ဒီတို့အိမ် သွားပို့ဦးမလား"





"ကိုကြီး သဘောပေါ့"

"စားပြီးရင် သွားပို့ကြတာပေါ့၊ ကဲ... စား... စား...၊ ပွကုန်မယ်"

နုနယ်သည် စားပွဲမှာ ထိုင်လိုက်သည်နှင့် ဘယ်တုန်းက ယူလိုက်မှန်းမသိသော စာအုပ်တစ်အုပ်အားမှာဖွင့်ကာ စာတစ်ဖက်ဖတ် ခေါက်ဆွဲတစ်ဖက်စားနေသော ကိုကြီးကို ကိုယ်တိုင်လည်းစားရင်း ခပ်ငေးငေး ကြည့်နေမိပါသည်။ ကိုကြီးဟာ အားလပ်ရက် အားလပ်ချိန်တွေမှာ အပေါင်းအသင်းတွေနှင့် အချိန်ဖြုန်းခဲ့ပြီး အိမ်မြဲလှပါသည်။ သူ့အပေါင်းအသင်းတွေက ဆုံတွေ့ချင်လျှင်လည်း အိမ်ကိုဖိတ်ခေါ်လိုက်တတ်သည်ဖြစ်၍ ကိုကြီးအိမ်သည်ပင် အပေါင်းအသင်းတို့ရဲ့ စားအိမ်သောက်အိမ် ဖြစ်ရသည်။

ဆေးရုံ ဆေးခန်းနှင့် သူ့အမေအိမ်ကလွဲလျှင် တွေ့တွေ့ရာရာ ဘယ်မှ မသွားသလောက်ပင်။ သွားဖို့ရှိလျှင်လည်း နုနယ်နှင့်တတွဲတွဲတည်း။ အလုပ်ချိန်ကလွဲလျှင် နုနယ်ရဲ့မျက်စိအောက်မှာ ရှိနေတယ်လို့ ပြောလို့ရပါသည်။ အလုပ်နှင့် စာအုပ်ကလွဲလျှင်လည်း တခြားတွေ စိတ်မဝင်စားတတ်။ တကယ်တော့ ကိုကြီး ဘဝနေထိုင်ပုံနည်းစနစ်ဟာ ကဏ္ဍနည်းနည်းကလေးနှင့် ခြောက်ကပ်ကပ်တော့ဆန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ပယ်က စာဖတ်မပျက်ဘဲ ကုန်သွားတဲ့ သူ့ပန်းကန်ထဲ ခေါက်ဆွဲဖြည့်နေရာမှ နုနယ်ထံ ဖျတ်ခနဲကြည့်သည်။

"ဟင်... စားလို့ မကောင်းဘူးလား၊ ထပ်မယူဘူးလား"

"တော်ပြီ... အီတယ်"

"ဒီလောက်ကြီး မအီပါဘူး၊ မကောင်းဘူးလား နုနယ်"

"စားလို့ အရမ်းကောင်းပါတယ်၊ နည်းနည်းအီတော့ တစ်ထိုင်တည်း နှစ်ပန်းကန် မစားနိုင်လို့ပါ၊ ခဏနေမှထပ်စားမယ်၊ ကိုကြီးလုပ်လို့ ကစားထားလို့ရှုပ်ပှိုက်နေတဲ့ နုနယ်ရဲ့ဗိုက်တော့ ပူလာတော့မှာပဲ"

"ဟား ဟား... တစ်ခါတလေစားတာပဲကွာ၊ ဒီဗိုက်က တော်ရုံမပူပါဘူး"

ရန်ပယ်က နောက်တစ်ပန်းကန် ဆက်စားနေသည်။ နုနယ်က ဒေါ်မေပေးတဲ့ လိမ္မော်ရည်တစ်ခွက်ကို ဖြည်းဖြည်းသောက်နေရင်း ရန်ပယ့်ကို စိုက်ကြည့်နေပါသည်။ အင်မတန်ချစ်မြတ်နိုးခြင်းအကြားထဲကို မကျေနပ်နိုင်ခြင်းတစ်ချက်က တိုးဝင်လာပြန်သည်။

"ကိုကြီး"

"အင်း"

"နုနယ် အခု ဆော့နေတဲ့ Fitnness Center ကြီးကို ဘယ်သူပိုင်လဲ သိလား"





"ကိုယ် ဘယ်သိပါ့မလဲ နုနယ်ရဲ့၊ သူဌေးတစ်ယောက်ယောက် ပိုင်မှာပါ"

"အဲဒါ ဒေါ်ပွင့်ဦးလှ ပိုင်တာ"

ခပ်သွက်သွက်စားနေတဲ့ ရန်ပယ့်လက်များက ရုတ်တရက် ရပ်တန့်သွားပါသည်။ နုနယ်ထံ အကြည့်ချက်ချင်းရောက်မလာဘဲ စာအုပ်ပေါ်မှ နေရာမရွေ့တော့သော မျက်လုံးများက တစ်ခဏကြာမှ ပင့်မော့ကာ နုနယ်ကို လှမ်းကြည့်လာသည်။

"ဘယ်လိုလုပ် သူ့ Gym ကို ရောက်သွားတာလဲ"

"နှင်းမြ ကစားလက်စ Gym ပဲလေ၊ နှင်းမြကခေါ်လို့ လိုက်ကစားကြတာဆိုတော့ အဲဒီမှာ ကစားနေရင်းနဲ့မှ သူပိုင်တယ်ဆိုတာ သိလာတာ"

"........."

ရန်ပယ်က အုန်းနို့ခေါက်ဆွဲဆက်စားနေသည်။ နှစ်ခုတစ်ပြိုင်နက်လုပ်ဖို့ အာရုံမရတော့သလို စာအုပ်ကိုတော့ ပိတ်၍ တွန်းလိုက်ပါသည်။

"Gym ကြီးက အရမ်းကောင်းတာပဲ၊ ပစ္စည်းတွေကလည်း အကုန်သားနားတယ်၊ အောက်ထပ်က ရေကူးကန်ကြီးဆိုရင် နိုင်ငံခြားရုပ်ရှင်တွေထဲက အတိုင်းပဲ၊ သူက အရမ်းချမ်းသာတယ်နော်၊ ဟိုးအရင်ကတည်းက သူချမ်းသာတာလား၊ သူ့ယောကျ်ားက ချမ်းသာတာလား"

"........."

www.burmeseclassic.com



"သူ့ယောက်ျား ချမ်းသာတာနေမှာပါ၊ ငယ်ငယ်ကတည်းက သူပိုက်ဆံအရမ်းရှိရင် Study Guide တောင် ဘယ်လုပ်ပါ့မလဲနော်၊ သူ့စာပဲ သူကျက်မှာပေါ့၊ သူကတော်တော်လှတာနော်၊ အရမ်းလှလွန်းအားကြီးတော့ အရမ်းချမ်းသာတဲ့ယောက်ျားက မျက်စိကျသွားတာနေမယ်၊ သူ့ယောက်ျားက ကချင်တဲ့၊ နာမည်က ဦးဘရမ်ထွယ်အောင်တဲ့၊ အဲဒါ ကိုကြီး သိလား"

"………"

"ကိုကြီး သိလားလို့… မေးနေတယ်လေ"

"အင်း… သိတယ်လေ၊ သိသားပဲ"

"သူ့ယောက်ျားနဲ့ရော ကိုကြီးခင်လား"

"မခင်ပါဘူး နုနယ်ရယ်"

"ကိုကြီးတို့နှစ်ယောက်က ကိုကြီးဆယ်တန်း ဖြေပြီးတာနဲ့ Guide လုပ်စရာ မရှိတော့တာနဲ့ တစ်ခါတည်း မတွေ့ကြတော့တာလား"

"အင်း…"

"အဲဒါ တစ်မျိုးကြီးပဲနော်၊ ဒါနဲ့ ကိုကြီးကို သူ Guide လုပ်တာ၊ ကိုကြီးက ခြောက်ဘာသာဂုဏ်ထူးနဲ့ Whole Burama Forth ထွက်ခဲ့တယ်ဆိုတော့ သူလည်း ဘယ်ခေပါ့မလဲ၊ သူက ဘာနဲ့ဘွဲ့ရတာလဲ"

"………"





"သူက ဘာကျောင်းတက် ဘာဘွဲ့ရတာလဲလို့ ကိုကြီး"

"သူလည်း ဆေးကျောင်းတက်တယ်၊ ဒါပေမဲ့ ဘွဲ့မရဘူး၊ ယောက်ျားယူတော့ ကျောင်းထွက်လိုက်တယ်"

"ဟင်… နှမြောစရာကြီးနော်၊ ဆေးကျောင်းကိုတောင်စွန့်လွှတ်ပြီး ဒီယောက်ျားကို ယူလိုက်တယ်ဆိုတော့ ဒီလူကြီးကို သူ တော်တော်ချစ်လို့ နေမှာပဲနော်၊ စိတ်ဝင်စားစရာပဲ၊ အရမ်းလှတဲ့ ဆေးကျောင်းသူလေးနဲ့ အရမ်းချမ်းသာတဲ့ ကျောက်စိမ်းကချင်သူဌေးကြီးနဲ့ဇာတ်လမ်း၊ သူ့ထက် ဆယ့်ခြောက်နှစ်ကြီးတယ်ဆိုတော့ အဲဒီအချိန်မှာ ဒီလူကြီးက သုံးဆယ့်ခြောက်နှစ်ပေါ့၊ အရွယ်ကောင်းပဲနော်၊ သူတို့အချစ်ဇာတ်လမ်းက တစ်မျိုးလေးဆန်းပြီး စိတ်ဝင်စားဖို့ကောင်းမှာ သေချာတယ်"

ရန်ပယ်က နုနယ်ကို မျက်မှောင်ကုတ်ကြည့်ရင်း…

"သူ့ထက် ဆယ့်ခြောက်နှစ်ကြီးတာ နုနယ်က ဘယ်လိုလုပ်သိတာလဲ"

"သူပြောတာလေ"

"ဘာ…"

"ဟုတ်တယ်လေ၊ သူ့ Gym မှာ ကစားနေမှတော့ သူနဲ့တစ်ခါတလေတွေ့ပြီး စကားလေး ဘာလေးတော့ ပြောဖြစ်တော့တာပေါ့ ကိုကြီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရန်ပယ်က ထိုင်ရာက ထရပ်လိုက်ရင်း

"ဒေါ်မေ... ငါးဆင့်ချိုင့်နဲ့ မုန့်ပြင်ထည့်လိုက်ပါဦး၊ နုနယ်တို့ ဒက်ဒီအိမ် သွားပို့ရအောင်"

"ဆရာကြီးအမေအိမ်ရော"

"မထည့်နဲ့တော့ အမေက မတည့်ဘူး ဒေါ်မေ"

ပြောပြီးလျှင် ရန်ပယ်က ထမင်းစားပွဲဆီမှ လှည့်ထွက်သွား၍...

"ကိုကြီး..."

"........"

"ကိုကြီး... နုနယ် စကားပြောနေတယ်လေ"

"ဒါတွေ ဘာအရေးကြီးတာမို့လဲ၊ နောက်မှပြောလည်း ရတာပဲ"

"အို... အခုပြောလက်စဟာကို၊ နောက်မှ မပြောချင်ပါဘူး၊ အခုပဲ"

နုနယ်က ရန်ပယ့်နောက် ပြေးလိုက်လာရင်း အိပ်ခန်းထဲ ရောက်လာပါသည်။

"ကိုကြီးဆိုနေ... ဘာဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ နုနယ်ရယ်၊ အရေးမှ မကြီးတာတွေဟာ"

"မဟုတ်ပါဘူး၊ ကိုကြီး တစ်ခုခုပဲ၊ အဲဒီပွင့်ဦးလှအကြောင်း ပြောလိုက်ရင် ကိုကြီးမျက်နှာက တစ်မျိုးကို ဖြစ်ဖြစ်နေ





တယ်၊ ပွင့်ပွင့်လင်းလင်းလည်း ဘာမှမပြောပြဘူး၊ သိပ်ဟောင်းကျွမ်းဟောင်းဆိုလည်း ရိုးရိုးသားသား နှုတ်မဆက်ဘူး၊ အဲဒါ ဘာဖြစ်လို့လဲ၊ ဘာလျှို့ဝှက်ချက် ရှိလို့လဲ၊ သူက ကိုကြီးရည်းစားဦးလား... ပြော"

ရန်ပယ်နှင့် နုနယ် မျက်နှာချင်းဆိုင် ဖြစ်သွားပါသည်။ ရန်ပယ်က ခါးနှစ်ဖက်ထောက်ကာ နုနယ်မျက်နှာကို ခပ်စိုက်စိုက် ကြည့်နေသည်။ စိတ်ပျက်တဲ့ မျက်ဝန်းများနှင့်။ ခုနဟင်းရည်ထည့်ပေးနေစဉ်က ချစ်ကြည်ယုယသော မျက်ဝန်းများ မဟုတ်တော့။ ခပ်စိမ်းစိမ်း မျက်ဝန်းများဖြစ်သွား၍ နုနယ် ဝမ်းနည်းသွားပါသည်။

"သူ... သူ... ကိုကြီး သိပ်ချစ်ခဲ့ရဖူးတဲ့ ရည်းစားဦး မဟုတ်လား"

"မဟုတ်ဘူး"

"ဟင်... တကယ် မဟုတ်ဘူးလား"

"မဟုတ်ဘူး... မဟုတ်ဘူး၊ ဒီလောက်ပဲတော်တော့ နုနယ်၊ ကိုယ် သူ့အကြောင်းတွေ မပြောချင်ဘူး၊ သူ့ကို ကိုယ် သဘောမကျဘူး၊ နားလည်ရဲ့လား၊ နုနယ်နဲ့လည်း မခင်မင် မပတ်သက်စေချင်ဘူး၊ နုနယ် အဲဒီ Gym က ထွက်လိုက်ပါ၊ တခြား ဘယ်မှာကစား ကစား ကြိုက်တဲ့ဆီ ကစား၊ သူ့ဆီတော့ သွားမကစားရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... ဘာဖြစ်လို့လဲ ကိုကြီးကလည်း၊ ကစားလက်စကြီးကို ပိုက်ဆံတွေလည်း သွင်းထားပြီးသားကို"

"ပိုက်ဆံက အရေးမကြီးဘူး၊ သူ့ကို ကိုယ်မကြိုက်ဘူး၊ သူ့ကာရိုက်တာကို လုံးဝမကြိုက်ဘူး၊ နားလည်လား၊ လုံးဝမပတ်သက်နဲ့... ဒါပဲ"

မဟောက်စဖူး ဟောက်သံနှင့် အပြောခံလိုက်ရတာကြောင့် အံ့သြဝမ်းနည်းသော မျက်နှာလေးနှင့် နုနယ် တိတ်ဆိတ်သွားရပါသည်။

✤ ✤ ✤





(၉)

"သူက စာအရမ်းတော်တာတဲ့၊ သူ ဆယ်တန်းအောင်တုန်းက ဂုဏ်ထူးခြောက်လုံးရယ်၊ မြန်မာတစ်ပြည်လုံး အဆင့်ရှစ်ထွက်တာတဲ့၊ လှကလည်း အရမ်းလှ၊ အဲဒီတုန်းက ဆေးတက္ကသိုလ် လိပ်ခုံးမှာ သူက Queen ပဲတဲ့၊ လိုက်ကြတဲ့ လိုက်ကြတဲ့ ယောက်ျားလေးတွေဆိုတာ ကျောင်းပေါင်းစုံနယ်ပယ်စုံကတဲ့၊ အရမ်းကို လူကြိုက်များတာတဲ့၊ ယောက်ျားတွေ တအားကြွေကြတာတဲ့"

နေခြည် ပြောနေတာကို နားထောင်ရင်း နေကြာစေ့ခွံတွေကို လက်ခုပ်ထဲကနေ စားပွဲပေါ် မှောက်ချလိုက်ပါသည်။

"ဟုတ်မှာပေါ့"

မပြောချင် ပြောချင်လည်း ပြောမိသည်။ အမွှန်းတင်စကားတွေ ကြားရတာ နေကြာစေ့တောင် ဆက်စားလိုစိတ်



www.burmeseclassic.com

www.burmeseclassic.com



မရှိ။ သက်တူရွယ်တူလည်း မဟုတ်ဘဲ ကိုယ့်ထက်အသက်နောက် တစ်ဆလောက် ပိုကြီးတဲ့ ဒီပွင့်ဦးလှကို နုနယ်ရင်ထဲ မနာလိုသလို ခံစားရသည်။ အခုတောင် အသက်လေးဆယ်စွန်းနေတဲ့ အရွယ်မှာ သူ့အလှက ဒီလောက်စွဲမက်စရာ ကောင်းနေတာ။ အသက်ဆယ့်ကိုး နှစ်ဆယ်တုန်းက ဘယ်လိုနေမလဲ။

ကိုးတန်း ဆယ်တန်း နှစ်နှစ်။ နေ့စဉ်နဲ့အမျှ စားပွဲမှာ မျက်နှာချင်းဆိုင်ပုံစံလား၊ ဘေးချင်းတိုက်ပုံစံလား၊ နီးနီးကပ်ကပ် အတူထိုင် စာသင်နေရင်း တစ်ယောက်ကို တစ်ယောက် အကြိမ်ပေါင်း ထောင်သောင်းကြည့်မိကြ ပြုံးမိကြမှာပဲ။ စာထဲမှ ကိုကြီး စိတ်ဝင်စားခဲ့ပါ့မလား။ ဟင့်အင်း... သူ့ကို ခိုးငေးနေမှာပါ။

"တော်ပြီဟာ"

နုနယ်က စကားဖြတ်ဖို့ ကြိုးစားသည်။

"မတော်နဲ့ဦး၊ အရေးကြီးတဲ့ အပိုင်းက ခုမှလာမှာလေ"

"ဘာလဲ"

"သူက အားလုံးကို ငြင်းတာတဲ့။ ယောကျ်ားတွေဆိုတာ အငြင်းခံရလေ စွဲလမ်းလေ၊ ဘယ်သူ့ကိုမှ လက်မခံလေ ပိုသည်းသည်းလှုပ်ထလေ"

"နင့်ဟာက ဒါပဲလေ၊ ဘာများ အရေးကြီးလို့လဲ"





"နင် ဘာဖြစ်နေတာလဲ နုနယ်၊ နင် စုံစမ်းခိုင်းလို့လည်း စုံစမ်းပေးရသေးတယ်"

"ကဲ... ဒါဖြင့်လည်း ပြောဟာ၊ နင့်ဦးလေး ဝမ်းကွဲကလည်း ဒီပွင့်ဦးလှကို အမွှမ်းတင်လွန်းတယ်၊ သူပါကြိုက်ခဲ့လားတောင် မသိဘူး"

"အေး... ကြိုက်ခဲ့မှာပေါ့၊ ငါ့ဦးလေး ပွင့်ဦးလှအကြောင်း ပြောတာများ တံတွေးတောင်သီးမယ်၊ မေးမိတာတောင် အနည်းငယ် မှားသွားတယ်"

နေခြည်က တခိခိရယ်မောနေသော်လည်း နုနယ် မရယ်နိုင်။ ဒီကိစ္စနှင့် ပတ်သက်လျှင် ရင်ထဲမှာ အမြဲလိပ်ခဲတည်းလည်း တင်းတင်းကျပ်ကျပ် ခံစားနေရတာ ဘာကြောင့်ပါလိမ့်။ အရင်က ဘာပဲဖြစ်ဖြစ် ခုချိန်မှာ ကိုကြီးက ဒီအမျိုးသမီးအပေါ် ခါးခါးသီးနေတာလည်း သိနေပါလျက်နှင့်။ အဲလို အကြောင်း ခိုင်ခိုင်လုံလုံမရှိဘဲ ခါးသီးနေတာကိုလည်းပဲ သံသယတစ်ခုဝင်နေတာ။ နာမည်တောင် အပြောမခံချင်လောက်အောင် ဖြစ်နေရတာက ဘာကြောင့်လဲ။

"ဒီလိုဟ... ဇာတ်လမ်းကခုမှ..."

နေခြည်က စကားပြန်သည်။

"ပွင့်ဦးလှက ကျောင်းမှာ သူ့ကိုလိုက်သမျှ ကျောင်းသားတွေ၊ ဆရာဝန်ဖြစ်ပြီးသားတွေ၊ စစ်ဗိုလ်တွေ၊ အင်ဂျင်နီယာ



www.burmeseclassic.com

www.burmeseclassic.com



တွေ အားလုံးကို တစ်ယောက်မှ ပြန်မကြိုက်တော့ သူ့မှာ ရည်းစားမရှိဘူးလို့ လူအများက သိထားကြပေမယ့် ငါ့ ဦးလေးတို့အုပ်စုက သူတို့နဲ့တစ်လမ်းထဲ တစ်ရပ်ကွက်ထဲ နေတဲ့ အာအိုင်တီက သူငယ်ချင်းတစ်ယောက် ရှိတယ်၊ အဲဒီတစ်ယောက်ကတော့ ပွင့်ဦးလှမှာ ရည်းစားရှိတယ်လို့ ပြောတယ်တဲ့၊ တစ်ရပ်ကွက်ထဲမှာတဲ့"

"ဘယ်သူလဲ"

"နာမည်တွေ ဘာတွေလဲ အဲဒီတုန်းကတော့ ပြောပြခဲ့တယ် ထင်တယ်တဲ့၊ ဒါပေမဲ့ ငါ့ဦးလေးက သူသိတဲ့လူလည်း မဟုတ်တော့ နာမည်ကိုတော့ မေ့သွားပြီတဲ့၊ ဒါပေမဲ့..."

နုနယ်က အသက်ကို ပင့်ရှူလိုက်ပြီး ပြန်မထုတ်မိသေးဘဲ နေခြည့်ကို စိုက်ကြည့်နေမိသည်။

"သူနဲ့ကြိုက်နေတာက သူ့ထက်ငယ်တဲ့ သူ Guide လုပ်ပေးနေတဲ့ ဆယ်တန်းကျောင်းသားလေးတဲ့"

နုနယ်သည် အောင့်ထားမိတဲ့ အသက်ကိုလည်း ရှူမထုတ်မိဘဲ အမောတကြီး လေကိုထပ်ရှိုက်မိကာ အသက်ရှူမှားသွားလေသည်။ ဖျဉ်းခနဲ တစ်ကိုယ်လုံး ပူပူထူထူ ဖြစ်လာရပြီး နှလုံးခုန်သံကလည်း တဒိတ်ဒိတ်တိုးကာ ဆောင့်ကာ မြည်ဟီးလာသည်။

"သူ ဂိုဒ်လုပ်နေတယ်ဆိုကတည်းက သူ့ထက်တော့ ငယ်ပြီပေါ့ဟာ၊ အဲဒီတော့ တခြားကျောင်းသားလည်း ဖြစ်နိုင်





သလို နှင့်ကိုကြီးလည်း ဖြစ်နိုင်တာပဲလေ၊ သူတို့နှစ်ယောက် ချစ်နေတာ တရားဝင် မကြေညာပေမယ့် တစ်ရပ်ကွက်လုံး မြင်တာနဲ့ ရိပ်မိနေတာမျိုး ကြည်နူးစရာလေးတဲ့၊ မျက်စိအောက်ကကို အပျောက်မခံကြတာတဲ့"

နှင်းမြက နုနယ်ကို အကဲခတ်ရင်း...

"နင် အဲလောက်ကြီးလည်း ဖြစ်မနေနဲ့၊ တခြားလူလည်း ဖြစ်နိုင်တယ်၊ တကယ်လို့ ကိုကြီးဖြစ်နေရော ဘာဖြစ်တုန်း၊ ဖူးစာမပါလို့ပဲ လွဲပြီး အိမ်ထောင်အသီးသီး ကျနေပြီဥစ္စာ"

"အေးလေ... သူ ရည်းစားတစ်ယောက်မကလို့ ဆယ်ယောက်ရှိရှိ ငါ ဘယ်လိုမှ မနေပါဘူးဟာ၊ ခုဟာက သူနဲ့ ကြိုက်ခဲ့ဖူးတာသာဆိုရင် ငါ့ကို ဘာလို့လိမ်ပြောလဲ၊ ကိုကြီး လိမ်နေတာကို ဒေါကန်တာ၊ အရမ်းစိတ်တိုတာ"

နုနယ်အသံလေးက ကတုန်ကယင် ဖြစ်လာသည်။

"လိမ်တာမဟုတ်ဘဲ သူနဲ့ တကယ် မကြိုက်တာလည်း ဖြစ်ရင်ဖြစ်မှာပေါ့ဟာ"

နုနယ်သည် စားပွဲပေါ်ချထားတဲ့ သူ့ဖုန်းလေးကို ကောက်ယူကာ နှိပ်လေသည်။

"ဟဲ့... ဘာလုပ်ဦးမလို့လဲ၊ ဘယ်သူ့ဆီ ဆက်တာလဲ"

"ကိုကြီးဆီ... ငါမေးစရာရှိလို့"

"ဩော်... သူ အလုပ်ရှုပ်ရင် ရှုပ်နေမှာကို၊ အိမ်ကျမှမေးလည်း ရတာကို"



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး… အခုမေးရမှ၊ ခုချက်ချင်းမေးမယ်"

နုနယ် ဖုန်းခေါ်နေစဉ် နှင်းမြက နေခြည့်ကိုတော်တော့ ဆက်မပြောနဲ့ဆိုတဲ့ ပုံစံမျိုး မျက်ခုံးရှုံ့၍ မျက်ရိပ်ပြလျှင် နေခြည်က ပခုံးလေးတွန့်ကာ ရယ်ကျဲကျဲ လုပ်နေပါသည်။

"ဟယ်လို… နုနယ်၊ ဘယ်ကဆက်နေတာလဲ၊ ထူးထူးခြားခြား ကိုကြီး အလုပ်များနေတယ် ကလေးရ"

"ကိုကြီး… ကိုကြီးက ဟိုဒေါ်ပွင့်ဦးလှနဲ့ တစ်ရပ်ကွက်ထဲ နေခဲ့တာလား"

နုနယ်ရဲ့ ဆိုင်းမပါ ဗုံမဆင့် ကမူးရှူးထိုး ဒဲ့တိုး ပြောချလိုက်သော မေးခွန်းနောက်မှာ တစ်ဖက်က အသံတိတ်သွားပြီး သက်ပြင်းချသံက သိသိသာသာ ထွက်ပေါ်လာသည်။

"နုနယ်… ဘယ်လိုဖြစ်တာလဲကွာ၊ ဒီကိစ္စပဲ ဘာဖြစ်လို့ ခေါင်းထဲရောက်နေတာလဲ၊ ဒုက္ခပါပဲ"

"ဒါလေးမေးတာ ဘာဖြစ်လို့ ဒုက္ခဖြစ်ရတာလဲ ကိုကြီး၊ သိပ်ကိုလျှို့ဝှက်စရာကိစ္စ ဖြစ်နေလို့လား၊ တစ်ရပ်ကွက်ထဲနေမနေက ပြောလို့မရတဲ့ကိစ္စမို့လို့လား"

"မင်းအခု သူ့ဆီက သိရပြီမဟုတ်လား နုနယ်၊ ကိုယ့်ကို ဘာဖြစ်လို့ ထပ်မေးနေသေးတာလဲ"

ကိုကြီးရဲ့စကားက တစ်ရပ်ကွက်ထဲ နေခဲ့ပါသည်ဟု ဝန်ခံပြီးသား ဖြစ်သွားပြီမို့ နုနယ် ရင်ထဲ အင့်ခနဲနေအောင် အလုံးဆို့သွားရပါသည်။





"ကိုကြီးပါးစပ်ကမှ မပြောတာ၊ ဘာဖြစ်လို့ သူနဲ့ပတ်သက်သမျှ လျှို့ဝှက်နေရတာလဲ၊ တစ်ရပ်ကွက်ထဲနေတယ်ဆိုတာကလည်း အခု သူများပြောလို့သိမှ ဝန်ခံတယ်"

"ဝန်ခံတယ် ပြောရအောင် တစ်ရပ်ကွက်ထဲနေခဲ့တာ အပြစ်မို့လို့လား"

ကိုကြီးလေသံက မာလာ၍ နုနယ် ဝမ်းနည်းကာ မျက်ရည်တွေ လည်လာပါသည်။ ရင်ထဲမှာလည်း ဘာကိုမှန်းမသိ ခံစားရူးရှုလာသည်။

"အပြစ်မဟုတ်ရင် ပြောလေ၊ မပြောဘဲ ဖုံးထားတာက ဖုံးထားလောက်တဲ့ လျှို့ဝှက်လောက်တဲ့ အကြောင်းရင်းရှိလို့ ဖြစ်မှာပေါ့၊ ဘာဖြစ်လို့ အဲဒီလောက် မပြောချင်ရတာလဲ၊ လျှို့ဝှက်ရတာလဲ ဆိုတာကိုက အကြီးဆုံးမကျေနပ်စရာကိစ္စပဲ၊ မေးရင်လည်း မကြိုက်ဘူး၊ ကိုယ်တိုင်လည်း မပြောဘူး၊ ဒီကိစ္စနဲ့ ပတ်သက်တိုင်း နုနယ်ကို ဒေါသဖြစ်တယ် စိတ်ဆိုးတယ် အော်တယ်၊ ကိုကြီးကိုယ်ကိုကြီးလည်း နည်းနည်းပြန်သုံးသပ်ကြည့်ဦး၊ ရည်းစားဖြစ်ခဲ့တာလောက်ဆိုရင်လည်း ဘာမှဒီလောက် ဘူးခံငြင်းနေစရာအကြောင်း မရှိဘူး၊ ဒီထက်မက ဘာတွေအထိ ဖြစ်ခဲ့ကြလို့လဲ… ဟင်"

"ကျွတ်…"



www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်းပါ ကိုကြီးရဲ့ ဘာတွေများ ဖုံးဖိရလောက်အောင် ဖြစ်ခဲ့ကြတာမို့လို့လဲ"

"ဘာမှမဖြစ်ခဲ့ဘူး"

"မယုံဘူး၊ ယုံကိုမယုံတော့ဘူး၊ နုနယ် မသိသေးတဲ့အဖြစ်အပျက် အကြီးကြီးတစ်ခု ဖြစ်ကိုဖြစ်ခဲ့လိမ့်မယ်"

နုနယ်အသံသည် ရှိုက်သံအစွက်စွက်နှင့် တုန်ခါနေသည်။

"ကဲ... တော်ပြီ... တော်ပြီ နုနယ်၊ ဒီမှာ အလုပ်လုပ်နေတယ်၊ မင်း ဒီကိစ္စနဲ့ ဖုန်းထပ်မခေါ်နဲ့တော့... ဒါပဲ"

"မခေါ်ဘူး... မခေါ်ဘူး၊ သူ့ဆီပဲ အကုန်မေးမယ်... ဒါပဲ"

နုနယ်က ဖုန်းကိုပိတ်၍ စားပွဲပေါ် ဆောင့်ချလိုက်ပါသည်။ တရှိုက်ရှိုက်နှင့် မျက်ရည်တွေလည်း ပိုးပိုးပေါက်ပေါက်ကျလာသည်။ နုနယ်ဘက်က စကားနားထောင်ရုံနှင့် အပြန်အလှန် conversation ကို ခန့်မှန်းနိုင်သော နေခြည်နှင့် နှင်းမြကတော့ နုနယ်ကို တိတ်တိတ်ဆိတ်ဆိတ်သာ ငေးကြည့်နေကြပါသည်။

✤ ✤ ✤





ရန်ပယ်က ဆေးခန်းရောက်ရောက်ချင်း လူတွေမခေါ်သေးဘဲ ဆေးခန်းက အသင့်စီစဉ်ပေးထားသော အူဖုံခေါက်ဆွဲပြုတ်တစ်ပွဲကို ပူပူနွေးနွေး စားနေရင်းက မျက်မှောင်ကကုတ်ကာ မျက်နှာကလည်း အလိုမကျ ဖြစ်နေပါသည်။

နုနယ်ဟာ ငယ်သေးတဲ့သူပီပီ သဝန်တိုတတ်လွန်း စိတ်ကောက်တတ်လွန်းတာ သူ အသိဆုံး။ ဒီလိုမိန်းကလေးမျိုးကို ဒေါ်ပွင့်ဦးလှ ဒီလိုကိစ္စမျိုးတွေ ဘာကိစ္စ ညှော်ထောက်ခံဆွေးနွေးနေရပါသနည်း။ ဒီအကြောင်းအရာတွေကို ပြန်သတိမရချင်မတွေးချင်သော ရန်ပယ်သည် နုနယ် ခုလိုပြောဆိုပေါက်ကွဲလျှင်လည်း စိတ်ရှုပ်ပါသည်။

တကယ်တော့ နုနယ် သံသယဖြစ်လောက်အောင်အထိတော့ သူတို့ဇာတ်လမ်းဟာ ဘာမှထူးခြားသော အဖြစ်အပျက်ရယ်တော့ မရှိခဲ့ပါ။ သိပ်ချစ်ခဲ့ဖူးကြသည်၊ ပြီးတော့ သိပ်နာကြည်းမိသည်။ ဒါလောက်ပါပဲ။ သို့ပေမဲ့ ပွင့်ဦးလှနှင့် အပြ



www.burmeseclassic.com

www.burmeseclassic.com



အပျက်ကို ရန်ပယ် ဘယ်တော့မှ အစပြန်မဖော်ချင်ပါ။ အခုတွေး ရင်း အခုနာကြည်းမှန်းတီး ဖြစ်နေတာကို ရန်ပယ်ပင် အံ့အား သင့်မိသည်။

ဒီအကြောင်းတွေ ပြန်ပြော ပြန်အသစ်ဖြစ်ရမှာစိုး ရိမ်လို့ပင် လုံးဝဘူးခံငြင်းပစ်တာ။ မသိဘူး၊ မပတ်သက်ဘူးနှင့် သူ တမင်လိမ်ညာငြင်းခဲ့မိတာ။ လိမ်ညာတာ ပေါ်သွားတော့ အဖြစ်အပျက်ကို နနယ်က အရှိထက် ပိုမိုကာ သံသယဝင်နေပြီ။ နနယ်ဘက်ကို မစပ်စုပါနှင့် မပတ်သက်ပါနှင့် စသည်ဖြင့် သူ တားလို့မရမှာ သူသိသည်။ နနယ်က ဇွတ်တရွတ်ဆန် ခေါင်းမာ သူလေ။

ကဲပါလေ… စဉ်းစားနေတာက ကြာပါတယ်။

ရန်ပယ်က တူနှင့်ဇွန်းကိုချကာ သူ့ရဲ့ခေါက်ဝေါ လက်အပြားလေးထဲမှ လိပ်စာကတ်အချို့ကို ဆွဲထုတ်လှန်လှော ရှာသည်။ ခင်မျိုးသွယ် လေယာဉ်ကအဆင်း ပေးလိုက်ကတည်းက ဒီဝေါလက်လေးထဲ ထိုးထည့်ထားလိုက်တာပါ။ တစ်ကတ်ချင်း ရှာဖွေသော် ခင်မျိုးသွယ်ရဲ့ကတ်ကတော့ ထွက်လာသည်။ ပွင့်ဦးလှ ကတ်ကို မတွေ့ပါ။

ရန်ပယ်က ကြာကြာမစဉ်းစားဘဲ ခင်မျိုးသွယ်ဖုန်း နံပါတ်ကိုသာ နှိပ်၍ခေါ်လိုက်ပါသည်။

"ဟယ်လို… အမိန့်ရှိပါ"





"မခင်မျိုးသွယ်လားခင်ဗျ"

"ဟုတ်ပါတယ် ဆရာကြီး"

"ဪ… ကျွန်တော့်နံပါတ်မှန်း သိတယ်လား"

"ဟုတ်ကဲ့… အရေးပေါ်လာရင် သုံးနိုင်အောင် ဆရာကြီး ဖုန်းနံပါတ်ကို ကျွန်မ မှတ်ထားတာပါ။ အမိန့်ရှိပါ ဆရာ ကြီး"

"ဒေါ်ပွင့်ဦးလှနဲ့ စကားပြောချင်လို့ပါ၊ သူ့ကတ်ပျောက် သွားလို့ ကျွန်တော် ဒီကိုပဲ ခေါ်လိုက်တာ"

"ဆရာကြီး ခဏပါနော်… မမ အိပ်နေလား ကျွန်မကြည့် ပါဦးမယ်"

သူ ဖုန်းကိုကိုင်၍ တစ်ခဏ စောင့်နေခိုက် လက် များတို့၌ ချွေးစေးတို့ စိုစွတ်စေးထန်းလာတာ သတိပြုမိသည်။ ရင်ဘတ်ထဲကလည်း ဒုတ်ဒုတ်နှင့် မြည်သံဟာ သိသိသာသာ ပြင်းထန်လာပါသည်။ သူ ဖုန်းဆက်မိတာ မှားများမှားသွားပြီ လား။

"ဟယ်လို"

တစ်ဖက်က ချိုမြသြရှသောအသံကို ကြားလျှင် ရန်ပယ့် နားထင် နားရွက်များတစ်ဝိုက် ရှိန်းခနဲ ပူနွေးသွားပါ သည်။ နောက်ဆုံး ပေလီမှာဆုံတဲ့ အဖြစ်အပျက်ကို ဖယ်လျှင် ရန်ပယ့်တစ်သက်၌ ထိုအသံကိုကြားလိုက်ရတိုင်း ဒီလိုပဲ နားထင်



www.burmeseclassic.com

www.burmeseclassic.com



နားရွက်ဖျားတွေ ပူရှိန်းသွားတတ်ခဲ့ရတာပင်။ ထိုအသံကို သူ ရှဲ့စိတ်နှင့် နာခံခဲ့ရသည်။ ထိုအသံ၌ တော်လှန်နိုင်စွမ်းအားမရှိခဲ့။ ထိုအသံသည် သူ့အတွက် အမြဲ ဟိုးမိုးမြင့်ထက်က။ သူသည် အမြဲတမ်း ထိုအသံတစ်ခုအောက်၌ တစ်ကိုယ်လုံး သေးငယ်ကျုံ့ ဝင်သွားသလို ခံစားခဲ့ရသည်ချည်းပင်။

"ရန်ပယ်… ဘာပြောစရာရှိလို့လဲဟင်"

"ခင်ဗျားကို သတိပေးထားချင်တာ ရှိလို့ပါ"

သူ့အသံက ဆတ်ဈတ်ထောင့်နေသည်။ ပုံမှန်လေသံနှင့် ပြောလိုသော်လည်း အလိုလို မကျေချမ်းသံ ပေါက်နေပါသည်။

"ဘာများလဲ"

"ဖွေးနုနယ်နဲ့ ပတ်သက်ဖို့ ခင်ဗျား မကြိုးစားပါနဲ့"

"ဘာရယ်… ဘာပြောလိုက်တာလဲ ရန်ပယ်… နားမလည်ဘူး"

"ခင်ဗျား ကျွန်တော့်မိန်းမနဲ့ တတ်နိုင်သမျှ စကားမပြောပါနဲ့"

"………"

တစ်ဖက်က ခေတ္တတိတ်နေပြီးလျှင်…

"အံ့ဩစရာကြီး"

"ကျွန်တော် ပြောတဲ့ထဲမှာ ဘာမှအံ့ဩစရာ မပါပါဘူး ဒေါ်ပွင့်ဦးလှ"





"ဟုတ်လား၊ အထူးအဆန်းတွေ ပြောနေတာတောင် မအံ့ဩရဘူးလား၊ အံ့ဩစရာမဟုတ်ရင်တော့ ရယ်ရစရာပဲဖြစ်လိမ့်မယ်၊ အနှစ်နှစ်ဆယ်ကျော်မှာ ပထမဆုံးလှမ်းဆက်သွယ်တဲ့ ဖုန်းကွန်ဗာဆေးရှင်းက အဲသလို မျက်ကန်းတောတိုးစကားမျိုး ဖြစ်နေမယ် မထင်မိတာလေ"

"ခင်ဗျား… မဆီမဆိုင် အပိုတွေ လျှောက်ပြောမနေနဲ့ ဒေါ်ပွင့်ဦးလှ၊ ခင်ဗျားကို ကျွန်တော့်မိန်းမနဲ့ပတ်သက်မနေတာ နီးစပ်နေတာ စကားတွေပြောနေတာ ကျွန်တော်မလိုချင်ဘူး"

"မလိုချင်ရင် မင်းမိန်းမကို ကိုယ့်ဘာသာ ထိန်းထားလေ ရန်ပယ်ရဲ့၊ ငါ့ကို ဘာလို့လာပြောနေတာလဲ၊ ငါ့ Gym ကို ဝင်လာတယ်၊ ငါ့ကို အတင်း စကားလက်ဆုံကျဖို့ ကြိုးစားတယ်၊ တစ်ခုမှ ငါ မဖန်တီးဘူး၊ သူဖန်တီးနေတာ၊ မင်းတားရမှာက မင်းမိန်းမကိုပဲ ရန်ပယ်၊ မိန်းမကိုမနိုင်လို့ ငါ့ကိုလာပြောနေတာ ဆိုရင်တော့ ကိုယ့်မိန်းမအပေါ်တောင် စကားမအောင်တာ ငါ့အပေါ် စကားအောင်လေမလား ထင်တစ်လုံးနဲ့ မျှော်လင့်ချက်ထားနေတဲ့ မင်းအမှားပဲလို့ ပြောချင်တယ်"

အချက်အလက်ကျနသော ပွင့်ဦးလှ စကားတို့ကြောင့် ရန်ပယ် အောင့်သက်သက် ဖြစ်ရကာ ပိုလို့လည်း စိတ်တိုရသည်။



www.burmeseclassic.com

www.burmeseclassic.com



“မိန်းမကိုလည်း တားထားတယ်၊ သူ ခင်ဗျား Gym ကိုလည်း အခု လာမကစားတော့ပါဘူး”

“ဟုတ်ရဲ့လား၊ ခုနကအထိ လာသွားသေးတာလေ၊ ဈေးကြီးပေး မဲန်ဘာဝင်ထားပြီး ကောင်းကောင်းကစားတယ်လည်း မရှိပါဘူး၊ တို့မှာ ခြံထဲတောင် ဆင်းမလျှောက်ရဲအောင်ပဲ၊ အပေါ်ထပ်ကနေ မှန်ချပ်ကြီးတွေကပ်ပြီး ငါဘယ်တော့ဆင်းလာမလဲ ခြံထဲပဲ တစ်ချိန်လုံး ချောင်းနေတာ၊ ငါ့မှာ သူရောက်နေရင် အိမ်တွင်းပုန်းနေရတာကဒုက္ခကတစ်မျိုး၊ ဒါကိုများ ငါ့ဘက်ပြဿနာလာရှာနေရသေးတယ်လို့ ရန်ပယ်ရယ်၊ ငါ့မှာဖြင့် သူ စကားလာပြောမှာကြောက်လို့ မပြောချင်လွန်းလို့ ပတ်ပြေးနေရတဲ့ဘဝ”

သူ တားမြစ်လိုက်တုန်းက သွားမကစားတော့ပါဘူးလို့ ပြောခဲ့တဲ့ နုနယ်၊ နောက်တစ်ရက် အဲဒီ ဂျင်မ်ကထွက်လိုက်ပြီး လာမေးတော့ ထွက်လိုက်ပြီလို့ ဘောက်ဆတ်ဆတ်ဖြေတဲ့နုနယ်။ ခုချိန်ထိ ဒီနေ့ထိ သွားနေတုန်း ဆိုပါလား။ ပွင့်ဦးလှစကားက အမှန်ဖြစ်မှာပါ။ နုနယ်ဟာ ဒီကိစ္စအပေါ် အသည်းအသန် သံယယကြီးပြီး တအားကို သိချင်နေတာ မဟုတ်လား။ ကိုယ့်ဘက်လူက ကိုယ့်စကားမအောင်၊ ကိုယ့်ဘက်တာက မလုံတာမို့ လှမ်းဆက်မိတာပင် ရန်ပယ် သိက္ခာကျရပါသေးသည်။





“အဲဒါဆိုလည်း ခင်ဗျား ဘာကိစ္စ သူ့ကိုလက်ခံစကားပြောနေသေးသလဲ၊ ပြောတဲ့စကားတွေထဲမှာလည်း ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်တွေ ဘာကိစ္စ ထည့်ထည့်ပြောနေရတာလဲ”

“ဘာရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်လဲ၊ ဘာမှမပြောမိပါလား၊ ဘာမှလဲ မအောက်မေ့မိပါဘူး၊ ငါ ဘာများပြောမိလို့လဲ”

“တစ်ရပ်ကွက်ထဲ တစ်လမ်းထဲ နေခဲ့တာတွေ ဘာညာခင်ဗျားပဲ သူ့ကို သွားပြောတာလေ၊ ဒေါ်ပွင့်ဦးလှ ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော့်မိန်းမက အသက်လည်း ငယ်သေးသလို ကလေးလည်း ဆန်ပါတယ်၊ သိပ်လည်း သဝန်တိုတတ်ပါတယ်၊ ခင်ဗျား သူ့ကိုမခံချင်အောင် မထိတထိ သွားသွားဆွနေရင် ခင်ဗျားဘက်မှာ ဘာမှထူးပြီး အကျိုးမရှိပေမယ့် ကျွန်တော့်ဘက်ကို သူ ပြဿနာလာလာရှာနေတာ ကျွန်တော် သိပ်စိတ်ရှုပ်ပါတယ်ဗျာ၊ ဒါကြောင့် တောင်းပန်နေတာပါ၊ ဘာမှမပြောတာအကောင်းဆုံးပါပဲ၊ သူ မေးလာသမျှ ဘူးခံငြင်းပစ်တာအကောင်းဆုံးပါပဲ”

ပွင့်ဦးလှသည် နှုတ်ခမ်းလေးချင်း ပွတ်ချေကာ မသဲမကွဲ ပြုံးနေမိပါသည်။ ရန်ပယ့် စကားများကြောင့် စိတ်မကောင်း ဖြစ်မိကာ နာနာကျင်ကျင်လည်း ခံစားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် ရန်ပယ်၊ ဒီနေ့ ဒီအချိန်ထိ သူ မခံချင်အောင် ဘာမှလုပ်ဖို့ ရည်ရွယ်ချက်မရှိသလို လုပ်လည်းမလုပ်ခဲ့ပါဘူး၊ လုပ်လို့လည်း ဘာအကျိုးမှ ဖြစ်ထွန်းမှု မရှိဘူးဆိုတာ တို့ သိပါတယ်၊ သူ အတင်းစကားလာပြောတဲ့အခါတွေမှာ မဖြေနိုင်ဘူးလို့ ငြင်းလို့မကောင်းလို့ အလိုက်အထိုက် စကားပြောမိတာမျိုးကလွဲရင် တို့ဘက်က ဘာစကားမှ မကျွံခဲ့ပါဘူး၊ မင်း ခုနပြောလိုက်တဲ့ မင်းနဲ့ငါ တစ်ရပ်ကွက်ထဲ နေခဲ့ကြတယ်ဆိုတဲ့ အကြောင်းအရာမျိုးဆိုရင်လည်း တစ်ကြိမ်မှ သူ့ကို မပြောခဲ့မိပါဘူး"

"အဲသလိုတော့ မျက်စိမှိတ် မညာနဲ့လေ ဒေါ်ပွင့်ဦးလှ၊ ခင်ဗျား မပြောဘဲ သူက ဘယ်ကနေ သိလာမှာလဲ"

"နင်နဲ့ ငါနဲ့ တစ်လမ်းထဲ`တစ်ရပ်ကွက်ထဲ နေတယ်ဆိုတာ အဲဒီတစ်လမ်းလုံး တစ်ရပ်ကွက်လုံးလည်း သိတာပဲလေ၊ လျှို့ဝှက်ချက်မှ မဟုတ်တာ၊ သိတဲ့သူက သူ့ကိုပြောနိုင်တာပဲ"

"အဲဒီရပ်ကွက် အဲဒီလူတွေနဲ့လည်း သူ ဘာအဆက်အစပ်မှ မရှိဘူး၊ ခင်ဗျားကလွဲရင် ပြောမယ့်သူ မရှိဘူး"

"ငါက သူ့ကိုပြောရက်နဲ့ မပြောဘူးလို့ လိမ်နေတယ်လို့ ဇွတ်ကိုစွပ်စွဲနေတာလား"

"ဒါပဲရှိတာပဲ မဟုတ်လား"





ပွင့်ဦးလှသည် တဆတ်ဆတ် တုန်လာသော နှုတ်ခမ်းလေးကို ဖိကိုက်ကာ ဖုန်းကိုလည်း ပိတ်ချပစ်လိုက်ပါတော့သည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



## (၁၀)

အမေ့အိမ်လာတဲ့ ညနေတွေဆိုလျှင် နေ့လယ်လောက်ကတည်းက နုနယ် လိုက်ချင်ဦးမလား ဖုန်းဆက်မေး၊ မလိုက်ဖြစ်လျှင်လည်း အမေ့အိမ်ကို အသွားလမ်းမှာ နုနယ်ဆီ ဖုန်းဆက်ကာ ဘာစားချင်လဲ ဘာဝယ်လာခဲ့ရမလဲမေး၊ နှစ်ကြိမ် သုံးကြိမ်လောက်တော့ ဖုန်းဆက်ဖြစ်မြဲ။ ဒီနေ့တော့ နေ့လယ်ကတည်းက နုနယ်ထံ ဖုန်းဆက်မရ။ ဖုန်းမကိုင်ပါ။ အမေ့အိမ်အလာလမ်းမှာလည်းပဲ ဖုန်းခေါ်မရ။ သူငယ်ချင်းတွေနှင့် ဘယ်ရောက်နေပြီး ဖုန်းသံမကြားဘဲ ဖြစ်နေမလဲ မသိပါ။

အမေ့ထံ ရောက်တော့မှ သူ အံ့သြရသည်။

"မနက်က နုနယ် လာသွားတယ် သား"

"ဟုတ်လား... ဘာလာလုပ်တာလဲ အမေ"

"စားစရာတွေလည်း ဝယ်လာတယ်၊ တကယ်တော့ သူ မေးချင်တာရှိလို့ လာတာပါ"





"ဘာမေးတာလဲ အမေ"

အမေက ရန်ပယ့်မျက်နှာကို စိတ်မသက်မသာကြည့်ရင်း...

"သားနဲ့ ပွင့်ဦးလှ ဟိုးငယ်ငယ်က ရည်းစားဟောင်းတွေလားဆိုတာ သူမေးတာ"

"ဟာ..."

ရန်ပယ် စိတ်ရှုပ်သွားကာ သက်ပြင်းတစ်ချက်ရှိုက်ရင်း...

"အမေ ဘယ်လိုဖြေလိုက်လဲ"

"ဘယ်လိုဖြေရမလဲ သား၊ အမေက လူကြီးလေ၊ လူကြီးသူမဆိုတာ ဘယ်လိုလုပ် ညာလို့ကောင်းမလဲ၊ ပြီးတော့ ဒီကိစ္စက ပိုတောင်ညာဖို့ မသင့်သေးတယ်၊ ဖုံးကွယ်ထားစရာကိစ္စလည်း မဟုတ်ပါဘူး၊ ဟိုးတုန်းကကိစ္စပဲလေ၊ ဟုတ်တယ်လို့ပဲ အမေ ပြောလိုက်တာပေါ့"

ရန်ပယ်က ထိုင်နေသော ဆက်တီတွင် ခြေပစ်လက်ပစ်လျှော့ကာ ခေါင်းကိုမော့မှီ မျက်စိမှိတ်ထားလိုက်မိသည်။ ဒီကိစ္စဟာ အကျယ်အကျယ် မငြိမ်းဖွယ်ဆိုတာမျိုး ဘာမဟုတ်တာလေး ထင်ရရာက တဖြည်းဖြည်း ပြဿနာတစ်ခု ဖြစ်လာပြီ။ ဒါဟာ သူ့အပြစ်ပါပဲ။ စောစောစီးစီးကတည်းက အမှန်အတိုင်း ပြောပြလိုက်လျှင်ပင် ဒီလောက်ထိ ရေးကြီးခွင်ကျယ် ဖြစ်လာမည်မထင်။



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ဦးလှနှင့် ပတ်သက်သမျှကို ပြန်မတွေးချင် ပြန်မပြောချင်လွန်း၍ အစကို ပြန်မဖော်ချင်၍ ဘူးပိတ်ငြင်းလိုက်မိတာ သူ စမှားတဲ့အမှား။ အစပြန်မဖော်ချင်သည်မှာ တကယ်တော့ သူခံစားရလွန်းလို့ပါ။ ရက်ရက်စက်စက် သစ်စိမ်းချိုးချိုးကာ သူ့ကို ထားရစ်ခဲ့သော ပွင့်ဦးလှဟာ သူ ကြေကြေကွဲကွဲ မျက်ရည်ကျ ဒူးထောက်တောင်းပန်ခဲ့ခြင်းကိုပင် ပစ်ပစ်ခါခါ မျက်နှာလွှဲသွားရက်နိုင်ခဲ့တာ သူ ဘယ်တော့မှ မမေ့ပါ။ ဒီလောက်ထိ မေ့ဖျောက်ကာ စကားစပ်မခံ အစမဖော်ဘဲ နေခဲ့တာတောင်မှ တိုက်ဆိုင်မှုကလေးတွေ ကြုံလာတိုင်း သူ့ရင်ထဲ ခါးခါးသီးသီး ပြန်လည်နာကျင်နေရတုန်းပဲ မဟုတ်လား။

"ငြင်းလိုက်ရောပေါ့ အမေရယ်"

ရန်ပယ် စိတ်ပျက်လက်ပျက်နှင့် ညည်းညူမိသည်။

"အမေက ဘာလို့ငြင်းရမှာလဲ သား၊ ဟုတ်နေတာပဲဟာ၊ ယောကျ်ားလေးတစ်ယောက် ငယ်တုန်းအရွယ်က ရည်းစားတစ်ယောက် ထားခဲ့မိတာကရော ဘယ်လောက်ထိ ပြစ်မှုကြီးလို့လဲ၊ သဘာဝပဲဟာ့၊ ဝန်မခံရဲစရာ ဘာရှိလို့လဲ။ ဆိုးဆိုးရွားရွား အဖြစ်အပျက်မျိုးလည်း မဟုတ်တာ၊ တစ်ချိန်က ချစ်ခဲ့ကြဖူးတယ် ဆိုတာထက် ဘာမှလဲ မပိုခဲ့ဘူး၊ လိမ်ပြောလိုက်မှ ပိုဆိုးမှာ၊ နုနယ်ပုံစံက အရမ်းကို ဆီးရီးယပ်စ်ဖြစ်နေတယ်၊ ပေါ့ပေါ့လေး လိမ်ပြောလိုက်လို့နောက်





မှ တခြားကသိရင် ပိုမဆိုးပေဘူးလား၊ အခုတောင် သူ့မျက်နှာက ပျက်သွားလိုက်တာ…

ဘာကြောင့် ဒီလောက် မျက်နှာပျက်ရပါလိမ့်လို့တောင် အံ့ဩမိတယ်၊ သူ့ကို ဘာဖြစ်လို့လဲလို့ အမေမေးတော့ သားက သူ့ကိုလိမ်ညာထားတယ်လို့ ပြောတယ်၊ သား အမှန်တိုင်း ပြောမထားလို့ သူ ခုလောက်ဖြစ်တာ၊ အမေကပါ လိမ်မိရင် တစ်နေ့နေ့ သူသိတဲ့အခါ ပိုဆိုးတော့မပေါ့ သား"

အမေပြောတာလည်း မှန်တော့ မှန်ပါသည်။ အမေ့၌ အကြောင်းပြချက် ခိုင်လုံသည်။ သူ လိမ်ညာခဲ့ခြင်း၌သာ အကြောင်းပြချက် မယ်မယ်ရရ မခိုင်လုံ။

သူ နုနယ်ကို ချစ်ပါသည်။ သူချစ်သော မိန်းကလေး သူချစ်သော ဇနီးသည်ထံ၌ သူဟာ တစ်ချိန်က အခြားသောမိန်းမတစ်ယောက်ကို အသည်းကြွေတမျှ နှင့်နှင့်သည်းသည်း ချစ်မြတ်နိုးခဲ့ဖူးသည်ဆိုသော စကားကို ဝန်မခံလို မကြားစေရက်တာပင်။ သူကိုယ်တိုင်လည်း နှလုံးအသည်း ကွဲအက်မတတ် နာကျင်နာကြည်းခဲ့ရတာကို ပြန်ကိုမတွေးချင်တော့တာပင်။ သူ့ရဲ့သတ္တိနည်းမှုဟာ သေးငယ်သော ပြဿနာကို ချဲ့ထွင်ကြီးမားစေခဲ့ပြီထင်သည်။

ရန်ပယ်က ဖုန်းကိုထုတ်ကာ သူတို့အိမ်ရဲ့လိုင်းဖုန်းကို ဆက်သွယ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

"ဒေါ်မေ… ကျွန်တော်ပါ၊ နုနယ်ရှိလား"

"နုနယ်က မနက်ဆယ်နာရီခွဲလောက်ကတည်းက အပြင်သွားတာပဲ ဆရာကြီး၊ ခုထိပြန်မလာသေးဘူး"

"ဟုတ်ပြီ… ဟုတ်ပြီ… ဒါပဲနော်"

သူက နောက်ထပ်နံပါတ်တစ်ခု နှိပ်နေပြန်၍…

"သားရယ်… စိတ်သက်သောင့်သက်သာထားပါ၊ ထမင်းအရင်စားလိုက်ပါဦးလား"

"ကျွန်တော် ထမင်းမစားတော့ဘူး အမေ၊ နုနယ်ကိုလိုက်ရှာခေါ်ရဦးမယ်၊ သူ့မိဘအိမ်ပဲ သွားမယ်ထင်တယ်"

ကလေးဆန်သော နုနယ်လေးသည် နေမကောင်းများလျှင်ပင် ဝိုယိုတတ်ကာ သူ့ဒက်ဒီ မာမီကို ဖုန်းဆက်ချွဲနွဲ့လှမ်းခေါ်တတ်သူပင်။

"ဟယ်လို"

"ဟယ်လို… ဒက်ဒီလား၊ ကျွန်တော်ပါ ရန်ပယ်ပါ၊ နုနယ်များ ဒက်ဒီတို့အိမ် ရောက်နေလားလို့ပါ"

"ဘာလဲ သူဖုန်းမကိုင်ဘူးလား၊ ဒီကောင်မလေး ဒီအတိုင်းပဲ မောင်ရန်ပယ်၊ မွန်းလွဲကတည်းက လာတယ်၊ ခုနက မှောင်တော့မှာမို့ ပြန်တော့လို့ပြောတာ မပြန်ဘူး လုပ်နေတယ်၊ မင်းကို တစ်ခုခု စိတ်ကောက်နေတာ ဖြစ်လိမ့်မယ်၊ အခု ဘယ်ကဆက်တာလဲ၊ ဆေးခန်းမှာလား"





"ကျွန်တော် ဒီနေ့ ဆေးခန်းမရှိပါဘူး ဒက်ဒီ"

"ဒါဆို လာခဲ့လေ၊ လာခေါ်လိုက်စမ်းပါကွာ၊ ဒီမှာတူတူထမင်းစားပေါ့"

"ဟုတ်ကဲ့ ဒက်ဒီ၊ ကျွန်တော် အခုလာခဲ့ပါ့မယ်"

ဖုန်းကိုပိတ်၍ ရန်ပယ်က အမေ့ကို မော့ကြည့်လိုက်ပါသည်။

"ဟုတ်တယ်… ဟိုရောက်နေတယ်လေ၊ ကျွန်တော်လိုက်ခေါ်ရင်း ဟိုအိမ်မှာပဲ ထမင်းစားလိုက်တော့မယ်နော်"

"အေးပါ သားရယ်၊ မြန်မြန်သွားလိုက်၊ နုနယ်က မင်းကိုတော်တော့်ကို သဝန်တိုတာကိုး၊ အမေ့ကိုလည်း ပွင့်ဦးလှနဲ့ ရင်းနှီးလား၊ ပွင့်ဦးလှက အမေ့ကို ဘယ်လိုခေါ်လဲ၊ အမေကရော ဘယ်လိုခေါ်လဲကအစ ပွင့်ဦးလှကို အမေချစ်သလား ဆိုတာထိ မေးတာ"

ရန်ပယ်က ခပ်လျော့လျော့ပြုံးရင်း…

"အမေ ဘယ်လိုဖြေလိုက်လဲ"

"သမီးကို ချစ်သလောက်တော့ ဘယ်ချစ်ပါ့မလဲ သမီးရယ်လို့၊ ဖြေလိုက်ပါတယ်"

ရန်ပယ်က ထရပ်ရင်း အမေ့ပခုံးနှစ်ဖက်ကို ခပ်တင်းတင်း တစ်ချက်ဖက်လိုက်သည်။ လူကြီးမို့ ဘယ်ညာလို့ကောင်းပါ့မလဲ ဆိုပေမယ့် ဒီဟာကတော့ အမေညာလိုက်တာပဲ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား။ ပွင့်ဦးလှကို အမေသိပ်ချစ်တာ သူအသိခဲ့ဆုံးလေ။ ဟိုး အရင်က ချစ်တာထားပါတော့။ သားလုပ်သူကို အသည်းခွဲသွား ပြီးတဲ့နောက်မှာတောင်မှ အဲဒီပွင့်ဦးလှကို တဖွဖွ တ,တတ အမေချစ်ဆဲချစ်မြဲဆိုတာ ရန်ပယ် သိသည်။ နုနယ်ကို သူနှင့် လက်ထပ်တော့မည့်သူရယ်လို့ ချွေးမတစ်ယောက်အဖြစ် အမေချစ် ချစ်ခင်ခင် နေခဲ့တာသာရှိလျက် အသည်းနှလုံးထဲက နှစ်နှစ်ကာကာ ကြီး မြတ်နိုးချစ်ခင်တာမျိုး မရှိဘူးဆိုတာ ရန်ပယ် ခံစားရိပ်မိ နိုင်ပါသည်။

သူ အမေ့အိမ်က ထွက်လာကာ မှောင်ရီပျိုးစလမ်းမ ပေါ်က ကားတန်းကျပ်ကျပ်ထဲ ပျင်းရိငြီးငွေ့စွာ ကားမောင်းလာ နေရင်းက အတွေးတွေ ဟိုသည်ပြေးလွှားနေသည်။ ထိုအတွေးတို့ က မရောက်ချင်သည့် နေရာသို့လည်းရောက်သည်။ ဒါကြောင့် သူ ဒါတွေအသစ်မဖြစ်ချင်ခဲ့တာပေါ့။

ပွင့်ဦးလှ…။

သူ့အပေါ် ငဲ့ညှာသော မဟာကရုဏာရှင်မကြီးက သူ စာမေးပွဲဖြေအပြီးအထိတော့ စောင့်ခဲ့ပါသည်။ စာမေးပွဲအပြီး နောက်တစ်ရက်မှာပဲ သူ့ကို ခံစားချက်ကင်းမဲ့သောမျက်နှာနှင့် ရက်စက်သောစကားကို ဆိုခဲ့တာ။

"ရန်ပယ်… နင်လည်း စာမေးပွဲပြီးပြီ၊ ငါဆက်ဟန်ဆောင် နေစရာ မလိုတော့ဘူး၊ ဒီနေ့ နင်နဲ့ငါ ဇာတ်လမ်းအဆုံး





ပဲ၊ ငါ လက်ထပ်တော့မယ် ရန်ပယ်၊ ခုချိန်စပြီး နင်လည်း နင့်လမ်း နင်လျှောက်တော့"

"မမ… ကျွန်တော့်ကို အဲလိုမျိုးမနောက်ပါနဲ့"

"ဩော်… ခက်ရချည်ရဲ့၊ မနောက်ပါဘူး ရန်ပယ်ရယ်၊ ငါလည်း ငါ့အတွက် အကောင်းဆုံးလူကို ရှာတွေ့ပြီးမို့လို့ ပါ၊ သူဘယ်သူလဲ နင်လည်းသိပြီးသားပါ ရန်ပယ်ရယ်၊ ဒီလောက် အဘက်ဘက်က ပြည့်စုံမိုးပျံနေတာထက်ကို လျှံထွက်နေတဲ့သူကို ငါ ငြင်းနိုင်လိမ့်မယ်လို့ နင်ထင်လား ဟင် ရန်ပယ်"

"မမ… မမ သူ့ကို တကယ်မချစ်ဘူးလေ၊ ကျွန်တော် သိပါတယ်၊ ဒီလူကြီးနဲ့ ကိုကိုဇော်မျက်နှာကြောင့် ဆက်ဆံ နေရတာ မဟုတ်လား၊ သူပေးတဲ့လက်ဆောင်တွေလည်း မမ တကယ်မမက်တာ ကျွန်တော်သိတာပဲ၊ မမ ကျွန်တော် မခံချင်အောင် ပြောနေတာ မဟုတ်လား"

"ရန်ပယ်ရယ်… နင် မခံချင်အောင်ပြောတော့ ဘာအကျိုး ဖြစ်ထွန်းမှာမို့လို့လဲ၊ ငါသူ့ကို တကယ်လက်ထပ်တော့မှာ၊ ကတိလည်းပေးလိုက်ပြီ၊ ငါလိုချင်တဲ့ ဘဝမျိုး သူ့ဆီမှာ ရနိုင်တယ် ရန်ပယ်၊ နင့်ဆီမှာ ငါမရနိုင်ဘူး၊ ဒီလိုပြော ရတာ တကယ်စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ ငါအရမ်း ချမ်းသာတဲ့ သူဌေးကြီးတစ်ယောက်ရဲ့ကတော် ဖြစ်ရဖို့ကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေလှုပ်ရှားအောင်ကို အိပ်မက်မျိုးစုံ မက်နေတယ် သူနဲ့ယှဉ်လိုက်ရင် အားလုံးကို ငါရနိုင်ပြီ၊ ငါမရနိုင်တာမရှိတော့ဘူး"

"မမကို ချမ်းသာအောင် ထားနိုင်ဖို့ ကျွန်တော်ကြိုးစားမှာပါ၊ ကျွန်တော် ကျောင်းမတက်တော့ဘူးလို့ မမကိုပြောသားပဲ၊ ကျွန်တော် ပိုက်ဆံအများကြီးရအောင် ရှာပါ့မယ်၊ မမဖြစ်ချင်သလို ဖြစ်ရပါစေ့မယ်၊ ကျွန်တော့်ကို ခဏထဲ စောင့်ကြည့်ပါ"

"ဟင့်အင်း... ရန်ပယ်၊ မင်းက ခုမှ သုညကနေ စရမှာလေ၊ မင်း ဘယ်လောက်ကြိုးစား ကြိုးစား ကုသိုလ်ကံကလည်းရှိသေးတယ်၊ ဦးဘရှမ် ဘယ်လောက်ချမ်းသာသလဲ မင်း သိလား၊ နောက်ဆယ်နှစ်လည်း မင်း အဲလောက် မချမ်းသာနိုင်သေးဘူးလေ၊ ဖြစ်မလာသေးတာတွေဟာ ဘာတစ်ခုမှ မရေရာဘူးလေ၊ အခု ချက်ချင်းလက်ငင်း ရှေ့ကို ရောက်နေတဲ့ ရွှေပုံ ငွေပုံ ကျောက်စိမ်းပုံပေါ်ပဲ အဆင်သင့် တက်လိုက်ပါရစေ ရန်ပယ်ရာ၊ နင် ငါ့ကို မနှောင့်ယှက်ပါနဲ့တော့... နော်"

ရန်ပယ်သည် ခုချက်ချင်း ဤအဖြစ်အပျက် အသစ်ပြန်ဖြစ်နေသလို ခေါင်းကို ကြမ်းတမ်းစွာ ယမ်းခါလိုက်မိကာ "ဟင့်အင်း"လို့တောင် ပါးစပ်မှ ယောင်ယမ်းရေရွတ်လိုက်မိလေ





သည်။ မီးပွိုင့်အလွတ် နောက်ကားတွေရဲ့ ဟွန်းသံတတီတီကိုခံယူရင်း ကမန်းကတန်း ကားကိုမောင်းထွက်ရသည်။ သူ့မျက်ဝန်းထဲတွင် မျက်ရည်စတချို့ စို့စွတ်လာခဲ့ပါသည်။

ဟိုးတုန်းကတော့ အတိအလင်း အသည်းအသန် သူ ငိုကြွေးခဲ့ရတာ။ အခုတော့ ရန်ပယ်သည် စိုစွတ်လာသော မျက်ဝန်းအိမ်စပ်တို့ကို လက်ဖနောင့်နှင့် ခပ်ကြမ်းကြမ်း ပွတ်သုတ်လိုက်ရလေသည်။ တောက်...။ ဒီမိန်းမနှင့် ဘာကြောင့်များ ပြန်ဆုံရပါသနည်း။

ရွှေတောင်ကြားလမ်း ယောက္ခမတို့ အိမ်ခြံဝင်းထဲ ကားကိုကွေ့ဝင်လာကာ ကားရပ်၊ အိမ်ထဲရောက်တဲ့အထိ နုနယ် အရိပ်အယောင်ကိုမတွေ့။ မကြာခင် ယောက္ခမထီးကြီးသာ အိမ်ရှေ့ကို ထွက်လာသည်။ ယောက္ခမထီးသည် အောင်မြင်သောစီးပွားရေးလုပ်ငန်းရှင်လည်းဖြစ်သည့် အားလျော်စွာ မည်သူ့အပေါ်မဆို ဆက်ဆံရေးက ညက်ညောပြေပြစ်လှပါသည်။

"ထိုင်... မောင်ရန်ပြေ၊ ဒီနေ့ ဆေးခန်းမရှိဘူး ဟုတ်လား၊ အဲလို ရက်ခြား ရက်ခြား နားပေးမှကွ၊ တစ်သက်လုံး တောက်လျှောက် ဒါပဲလုပ်သွားရမှာ၊ ကိုယ့်စွမ်းအားတွေကို စောစောစီးစီး ကုန်မသွားစေနဲ့ပေါ့၊ ကဲ... ကဲ... ထမင်းစားမယ်မဟုတ်လား၊ မင်းလာမယ် ဆိုတာနဲ့ ဒက်ဒီတောင် မစားသေးဘူး၊ တူတူစားရအောင်၊ ရီရီရေ... သွား



www.burmeseclassic.com

www.burmeseclassic.com



နုနယ်တို့သားအမိ သွားခေါ်စမ်း၊ မောင်ရန်ပယ် ရောက်
ပြီလို့၊ ထမင်းစားကြစို့လို့"

အပေါ်ထပ်တက်ခေါ်သော ကောင်မလေး ဆင်းလာ
သောအခါ နုနယ်ရဲ့မာမီသာ နောက်ကပါလာသည်။

"သမီးက ခေါင်းကိုက်လို့ ထမင်းမစားချင်ဘူးတဲ့ ဒက်
ရယ်"

"ထမင်းမစားချင်လည်း တစ်ခုခု လာစားရမှာပေါ့၊ အဒေ
ကြီးက တစ်ခါတည်း ပါအောင်ခေါ်လာတာ မဟုတ်ဘူး...
နုနယ်... နုနယ်"

ဦးလင်းရှိန်က လှေကားအောက်ခြေနားသွားရပ်ကာ
အပေါ်ထပ်ကို လှမ်းအော်ခေါ်ပါသည်။

"နုနယ်... ထမင်းမစားချင်လည်း တစ်ခုခုစား၊ ဆင်းလာခဲ့"

အတန်ကြာခေါ်ပြီးလျှင် နုနယ်သည် အဖေ့ကို
မလွန်ဆန်နိုင်ကာ စူပုပ်ပုပ် လိမ်ဖယ် လိမ်ဖယ်နှင့် ဆင်းလာပါ
သည်။

"သမီး မစားချင်ပါဘူးဆို"

"ထမင်းမစားနဲ့လေ၊ ဘာလုပ်ပေးရမလဲပြော"

"ရယ်ဒီမိတ်ပလာတာလေး ကြော်ပေးမယ် သမီးလေး
ကြက်သားဟင်းလည်းရှိတော့ ပလာတာလေးနဲ့စားလိုက်...
လာ"





ယောက္ခမတွေ ဖေးဖေးမမ ပြောပေးနေကြတာကို
ချက်နှာပူချင်ကာ ရန်ပယ်က နုနယ်ကို လှမ်းကြည့်နေမိပါသည်။
ကြောခင်က ငိုထားဟန်ရှိတဲ့ မျက်နှာပြောင်လေးနှင့် နုနယ်က
ရန်ပယ့်ကို မျက်စောင်းတစ်ချက် လှမ်းထိုးလိုက်လျှင် နုနယ်ရဲ့
စိတ်ဆိုးမှုဟာ အရှိန်အဟုန် သိပ်ကြီးမပြင်းထန်လောက်တာ
ရန်ပယ် ရိပ်စားမိရသည်။

"ဒက်ဒီ... ကျွန်တော် နုနယ်ကို စကားနည်းနည်းပြော
လိုက်ပါဦးမယ်၊ ဒက်ဒီတို့ ဆာနေမယ် မစောင့်ပါနဲ့၊ စား
နှင့်ပါခင်ဗျ"

"အေး... အေး... ဒါဖြင့် ဒက်ဒီတို့ စားနှင့်မယ်၊ စကား
ပြောပြီးရင် လာကြ"

ယောက္ခမတွေ ထမင်းစားခန်းဆီ ဝင်သွားလျှင်
ရန်ပယ်က နုနယ်ထံ လျှောက်သွား၍ နုနယ်ရဲ့လက်တစ်ဖက်ကို
ဆွဲကာ အိမ်ပြင်ကို ခေါ်လာခဲ့ပါသည်။

"နုနယ်... ကိုယ့်ကို ဘာစိတ်ဆိုးနေလဲ၊ ဘာပြောချင်လဲ...
ပြော"

"နုနယ် ဘာမှပြောစရာမလိုဘူး၊ ကိုကြီးပဲ ပြောရမှာ"

"အိုကေ... ကိုယ်ပြောမယ်"

"... ... ..."



www.burmeseclassic.com

www.burmeseclassic.com



"နုနယ် လာမေးတာ အမေက ပြောပြလိုက်တယ်၊ ဆေးလိုက်တော့ ခုလိုသိလိုက်တော့ နုနယ် ခုလိုမကျေမနပ်ဖြစ်ရတယ် မဟုတ်လား၊ ဒါမျိုးတွေကို မကြုံချင်လို့ ကိုယ် နုနယ်ကို မပြောခဲ့တာပါ"

"မဆိုင်ဘူးလေ ကိုကြီးရဲ့၊ ကိုကြီး စောစောစီးစီး အမှန်အတိုင်း ပြောခဲ့ရင် နုနယ် ဘာမှစိတ်ဆိုးနေစရာ သံသယဖြစ်နေစရာ အကြောင်းမရှိဘူး၊ ရည်းစားထားခဲ့ဖူးတာ ကိုကြီးပြောလို့ သိထားပြီးသားပဲ၊ ဘယ်သူမှန်းသာ မသိတာ၊ စိတ်လည်းမဝင်စားလို့ မမေးတာ၊ အခု သူနဲ့တွေ့တယ်ဆိုရင် အဲဒါ သူပဲလို့ ကိုကြီး တစ်ခွန်းတည်း ဝန်ခံလိုက်ရင် နုနယ် ဘာမှဖြစ်နေစရာ အကြောင်းမရှိဘူး...

အခု ကိုကြီးက ပထမ မသိချင်ယောင်ဆောင်တယ်၊ နောက် သိကြတယ်ဆိုတာ ပေါ်သွားတော့ စာသင်တဲ့ ဂိုက်ဒ်ပါလို့ပဲ လိမ်ပြန်တယ်၊ ထပ်ထပ်သိရသမျှ တစ်ခုချင်းကိုသာ မတတ်သာလို့ ဟုတ်တယ်လို့ ဝန်ခံလိုက်ရတယ်၊ ပြည့်ပြည့်စုံစုံ ဘာမှပြောမပြဘဲ ဖုံးကွယ်ထားတယ် လျှို့ဝှက်ထားတယ်၊ အဲဒါ ဘာကြောင့်လဲ၊ ဘာတွေဖြစ်ခဲ့လို့လဲ၊ ဒါတွေတွေးပြီး နုနယ်ဘယ်လောက်ပူလောင်ရတယ် ခံစားရတယ်ထင်လဲ ကိုကြီး၊ ကိုကြီး မသိဘူးလား"





ရန်ပယ်က သက်ပြင်းတစ်ချက်ချကာ နုနယ်ပခုံးလေးကို ဆုပ်ကိုင်လိုက်ပါသည်။

"ဒါတွေပြန်မပြောချင် အသစ်ပြန် မဖြစ်ချင်တော့တာက လွဲရင် တခြားအကြောင်း မရှိပါဘူး နုနယ်"

"ပြန်ပြောတော့ ဘာဖြစ်လို့လဲ၊ အသစ်ပြန်ဖြစ်စရာလည်း ဘာအကြောင်းမှ မရှိဘူး၊ တစ်ခုပဲရှိတယ်"

နုနယ်မျက်လုံးလေးထဲမှာ ရစ်သိုင်းလာသော မျက်ရည်စတို့က ခြံထဲက လရောင်ကြောင့် လင်းတောက်နေသည်။

"ကိုကြီး သူနဲ့ပတ်သက်လို့ ခုထိခံစားနေရတုန်း၊ ခုထိ ဒဏ်ရာတွေ မကျက်သေးတုန်း၊ သူ့အတွက် ကိုကြီးရင်ထဲမှာ နေရာတစ်ခုရှိနေတုန်းမို့လို့ပေါ့၊ အဲဒီအသိက နုနယ်ကို အရမ်းခံစားရစေတယ်၊ နုနယ် အရမ်းဝမ်းနည်းတယ်"

"အဲလိုမဟုတ်ပါဘူး နုနယ်ရယ်"

"အခု ကိုကြီးမျက်နှာ ဘာကြောင့်ပျက်နေတာလဲ"

"နုနယ် စိတ်ထိခိုက်နေတော့ ကိုယ်လည်း ဘယ်လိုလုပ် စိတ်ကောင်းနိုင်ပါ့မလဲ နုနယ်ရယ်၊ ဒါကြောင့်ပါ"

"ဘာခံစားချက်မှ မရှိတော့ဘူးဆိုရင် ဖြစ်ရပ်တစ်ခုလိုပဲ ပေါ့ပေါ့ပါးပါး ပြန်ပြောနိုင်ရမှာပေါ့၊ ခံစားချက်ရှိနေလို့သာ ကိုကြီး မပြောနိုင်တာလေ"

"သူလည်း အိမ်ထောင်ကျသွားတာ ကြာပြီ၊ ကိုလည်း နုနယ်ကို သိပ်ချစ်မိလို့ လက်ထပ်ခဲ့တာပါ၊ ဒီအခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဘာခံစားချက် ရှိနေရဦးမှာလဲ၊ ဒီစကားက နုနယ် ကိုယ့်ကို မယုံကြည်ရာကျတယ်၊ ကိုယ့်သိက္ခာကိုလည်း ထိခိုက်ပါတယ် နုနယ်"

"မယုံကြည်တာကတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကိုကြီး လျှို့ဝှက်လိမ်ညာနေတာ အကြိမ်ကြိမ်ဆိုတော့ ဘယ်လို လုပ် စင်းလုံးချော ယုံရမလဲ၊ ကိုကြီး သိက္ခာကိုတော့ နုနယ် မစော်ကားပါဘူး၊ ဒီအချိန်မှာ ကိုကြီးလို ဂုဏ်သိက္ခာ နဲ့ ယောကျ်ားတစ်ယောက်က ဘာမှအမှားအယွင်းလုပ်မှာ မဟုတ်ဘူးဆိုတာ နုနယ် သိပြီးသား"

"ဒါဆိုလည်း ကိုယ်စိတ်ညစ်ရအောင် ဘာလို့ ခုလိုလုပ် နေလဲ နုနယ်ရယ်၊ ရှေ့အတွက် ကိုယ့်သိက္ခာကို ယုံကြည် တယ်ဆိုရင် ပြီးပြီပဲ"

"ဟင့်အင်း... နုနယ် သိနေတယ်၊ ဟောဒီရင်ထဲက ခံစား ပြီးတော့ကို သိနေတယ်၊ ကိုကြီး သူ့ကိုသိပ်ချစ်ခဲ့တယ် ဆိုတာ၊ ခုချိန်ထိ မမေ့နိုင်သေးလို့ ဖွတ်မေ့ဖျောက်ထားရ တယ်ဆိုတာ၊ မိန်းမတစ်ယောက်က ဒီလိုသိမ်မွေ့တဲ့ ခံစား ချက်ကို အလိုလို ရိပ်မိနိုင်စွမ်း ရှိပါတယ် ကိုကြီး၊ ကိုကြီး သူ့ကို ခုထိမမေ့နိုင်အောင် ချစ်ခဲ့တာကို အရမ်းဝမ်းနည်း ရတာ၊ နုနယ်ကို အခုချစ်တဲ့ အချစ်ထက် အများကြီးပိုချစ် ခဲ့လိမ့်မယ်လို့ နုနယ် သိနေတယ်၊ ရိပ်မိနေတယ်"





"မဟုတ်ရပါဘူး နုနယ်ရယ်၊ နုနယ်ကို ကိုယ်သိပ်ချစ်တာ ပါ၊ ဒီအချိန်ထိ ကိုယ့်ဘာသာနေလာခဲ့ပြီးမှ နုနယ်နဲ့တွေ့ မှ သိပ်ချစ်မိလို့ ကိုယ်လက်ထပ်ဖို့ ကြိုးစားခဲ့တာပေါ့"

"နုနယ်နဲ့ မတွေ့ခင် မနေ့ကအထိ ကိုကြီး သူ့ကိုချစ်နေ တုန်းပဲ မဟုတ်လား၊ မမေ့ဘူး မဟုတ်လား၊ သူကထားရစ် ခဲ့လို့သာ ကိုကြီး ကျန်ရစ်ခဲ့ရတာ မဟုတ်လားဟင်၊ ပြော ပါ... သူကထားခဲ့တာ မဟုတ်လား"

ရန်ပယ်က သက်ပြင်းတစ်ချက်ရှိုက်ကာ နုနယ်ပါး ပြင်ပေါ်က မျက်ရည်စီးကြောင်းလေးကို တိတ်တဆိတ် သုတ်ဖယ် ပေးနေမိသည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



## (၁၁)

ခန်းမထဲကို ဝင်လာတဲ့ မိန်းကလေးသုံးယောက်ကို ပွင့်ဦးလှက လက်ပိုက်၍ ရပ်ကြည့်နေပါသည်။ အတော်ချွဲကြီးတဲ့ မိန်းကလေးပဲ။ အဝတ်လဲခန်းထဲ သူတို့ဝင်သွားတာကို မလှမ်းမကမ်းထိ သွားရပ်စောင့်နေလိုက်ရင်းက အချိန်ကြာလာတဲ့အခါ ပွင့်ဦးလှရဲ့ တိုတောင်းထိခိုက်နေသော စိတ်တို့က မရှည်နိုင်တော့ဘဲ အဝတ်လဲခန်းထဲထိ ဝင်သွားလိုက်ပါသည်။

စိမ်ပြေနဲ့ပြေ အဝတ်အစားလဲနေကြသူက အခန်းထဲမှာ သူတို့သုံးယောက်သာ လောလောဆယ်ရှိနေသည်။ တစ်ကိုယ်စာလေးတွေ ကာရံထားတဲ့ ပါတေးရှင်းနောက်ကွယ်မှာ အဝတ်လဲရင်း ချွတ်လိုက်တဲ့ အင်္ကျီအဝတ်တို့ကို ပါတေးရှင်းပေါ် လွှားခနဲ တင်လိုက်တာကြည့်ရင် အင်္ကျီအရောင်ကြောင့် ဘယ်အနောက်မှာ နုနယ်ရှိနေသလဲဆိုတာ ပွင့်ဦးလှ သိရပါသည်။





"ငါ အဲဒီလေဒီကို အတော်ရင်ခံနေပြီ၊ ဟိုးတစ်နေ့ကဆို ငါတို့ကား ခြံထဲဝင်လာတော့ ခြံထဲမှာ သူရှိနေတာလေ၊ ဖြတ်ခနဲလှည့်ပြီး အိမ်ပေါ်တက်သွားတာ အဖက်မတန်တဲ့ ဒီဗိုင်းနဲ့"

"ဟုတ်ပ၊ ဒါပေမဲ့ အဲဒီလိုတက်သွားတော့လည်း ပြီးတာပဲပေါ့ဟယ်၊ သူ့မျက်နှာက တင်းတင်းပုပ်ပုပ်နဲ့ ကြည့်ရှုရမှ မသာယာတာ"

"နုနယ်ရယ်… နင် သူ့ကို ခေါင်းထဲက ထုတ်ထားစမ်းပါ၊ နင့်ဟာက တွေ့တော့လည်းတွေ့လို့၊ မတွေ့တော့လည်း မေ့မထားနိုင်ဘဲ ပြောနေပြန်ရော၊ နင်က ကိုကြီးမိန်းမစင်ပေါ်က၊ ပြီးတော့ သူက အဘွားကြီး၊ နင်က ခေတ်၏ သမီးပျိုအလန်းစား၊ အကွာကြီးပါဟာ၊ ဘာက်မဟုတ်တာကို"

ပွင့်ဦးလှသည် ကျယ်ကျယ်လောင်လောင် ပြောနေတဲ့ စကားများကို လက်ပိုက်ရပ်နားထောင်နေရင်း ခပ်မဲ့မဲ့ တစ်ချက်ပြုံးမိပါသည်။ ဒီချာတိတ်မတွေဟာ နေရင်းထိုင်ရင်း သူ့ကိုဆွဲနေပြဿနာရှာနေကြတာပါလား။

"ငါမကျေနပ်ဘူးဟာ"

"နင်ကလည်း ဘာကိုမကျေနပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုမှ မကျေနပ်ဘူး၊ ငါမွေးခါစမှာ သူတို့နှစ်ယောက်က ချစ်နေခဲ့ကြတာကို တွေးလိုက်ရင် ရင်နာတယ်ဟာ၊ ဒီမိန်းမကြီးကို သိပ်မုန်းတာပဲ"

"ဟား ဟား ဟား"

ပွင့်ဦးလှက မပြီးနိုင် မစီးနိုင် သူတို့ အင်္ကျီလဲနေကြတာကို မစောင့်နိုင်တော့ပေ။

"ကဲ... အနောက်ထဲက ခေတ်၏သမီးပျိုအလန်းစားသုံးယောက်၊ ပြောစရာရှိလို့ စောင့်နေပါတယ်၊ အပြင်ကို ခဏကြွကြွပါ၊ အင်္ကျီလည်း ဆက်လဲဖို့လိုမယ်မထင်လို့"

လူကြီးမဆန်ဘူးပဲဆိုဆို ပွင့်ဦးလှက ခံစားချက်ကိုပဲ ဦးစားပေးကာ ခပ်တင်းတင်းလေသံနှင့် ပြောလိုက်သော် အနောက်ဘက်က စကားသံများ တိခနဲ ရပ်တန့်တိတ်ဆိတ်သွားလေသည်။ ချက်ချင်း ခဏပင် ပါတေးရှင်းအကွယ်မှ ခေါင်းလေးတွေ အသီးသီး ပြူထွက်ကြည့်ကြပြီးလျှင် နနယ်က အံ့အားတသင့် ဒေါသဖြစ်တဲ့ မျက်နှာကလေးနှင့်...

"ဟင်... ရှင် ဘာဖြစ်လို့ သူများတကာ အဝတ်လဲနေတဲ့ အခန်းထဲဝင်ပြီး သူများပြောတာတွေ ချောင်းနားထောင်နေရတာလဲ"

"ဒီ ဖစ်တ်နက်စ်စင်တာ တစ်ခုလုံးက တို့ပိုင်တာဆိုတာတော့ သတိရကြစေချင်တယ်၊ အဝတ်လဲခန်းဖြစ်ဖြစ် ဘာဖြစ်ဖြစ် နေရာတိုင်းကို တို့ ဝင်ခွင့်ရှိပါတယ်၊ နောက်ပြီး ချောင်းနားထောင်နေတယ် ပြောရအောင်ကလည်း တို့က ဘယ်ချောင်ထဲမှာ ပုန်းနေလို့လဲ၊ စကားပြောစရာရှိလို့ လိုက်ဝင်လာခဲ့တာပါ၊ မင်းတို့ဘာသာ တို့အတင်းပြောနေမိတာတော့ မင်းတို့ကိစ္စပါ"





နနယ်က ပါတေးရှင်းပေါ် လွှားထားသော အင်္ကျီကိုဆွဲ၍ ဖြတ်ခနဲ ပြန်စွပ်ချလိုက်ကာ ပါတေးရှင်းအကွယ်မှထွက်လိုက်ပါသည်။ အသားညိုဝါဝါအရောင်ဖြစ်သော်လည်း သူမဝတ်ထားတဲ့ ခရမ်းရင့်ရင့် ဝတ်စုံဟာ အသွေးကျလှ၍ သူကိုယ်၌ လှပကြော့ရှင်းနေသည်။ သူမရဲ့အရပ်က နနယ်ထက် အတော်မြင့်၍ မျက်လွှာကိုပင့်ကာ မော်ကြည့်နေရတာကိုက တပန်းရှုံးတယ်ခံစားနေရတဲ့အပြင် ကိုယ့်လောက် ဘယ်လိုမှ မနုပျိုနိုင်ဘဲ အသက်ကြီးရင့်မှန်း သိသာနေတဲ့ကြားက သူမရဲ့ခမ်းနားတောက်ပ ရင့်ကျက်သော အလှအရှိန်အဝါဟာ ကိုယ့်ကို သေးကွေးမှိန်ဖျော့သွားစေအောင် အမြဲတလက်လက် ဝင့်ကြွားနေတာကိုလည်း ဘယ်လိုမှ မရှုစိမ့် ကြည်ဖြူနိုင်အောင် ဖြစ်ရလေသည်။

"ဘာပြောချင်လို့လဲ ဒေါ်ပွင့်ဦးလှ"

နနယ်က ခပ်တည်တည်ပဲ မေးလိုက်သည်။

"မင်းတို့သုံးယောက်ကို ဒီစင်တာရဲ့ မင်ဘာအဖြစ်ကနေ ရပ်နားဖို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုရှင့်၊ ကျွန်မတို့ကို ဒီက နှင်ထုတ်နေတာလား"

ပွင့်ဦးလှက ဝင်မေးလိုက်သော နှင်းမြကို တစ်ချက်မျှငဲ့ရုံ ငဲ့စောင်းကြည့်လိုက်ကာ နုနယ်ဘက်သို့သာ ပြန်လှည့်လျက်...

"ဒီတစ်လက လဝက်ပဲ ရှိသေးတဲ့အတွက် ဒီတစ်လလုံးစာကို ပြန်အမ်းငွေမှာ ထည့်ပေးမယ်၊ မင်းတို့ယူထားတာ သုံးလလား ခြောက်လလား တစ်နှစ်လား ဘာပဲဖြစ်ဖြစ် ယူထားတဲ့ ပက်ကေ့ချ် ကျသင့်ငွေထဲက နောက်ကျန်တဲ့ လတွေအားလုံးစာ ပြန်အမ်းပေးမယ်"

နုနယ် မျက်နှာက နီမြန်းတင်းမာလာပါသည်။

"ကျွန်မကို ရှင် မရှုစိမ့်တာ ရင်မဆိုင်ဝံ့တာက ထားပါတော့၊ ကျွန်မသူငယ်ချင်းတွေက ဘာကြောင့်ပါရတာလဲ"

"မင်းသူငယ်ချင်းတွေ ဖြစ်နေလို့လေ"

"ရှင်... ကျွန်မနဲ့ပတ်သက်ပြီး တစ်ခုခုကို ကြောက်နေတာလား"

"ကြောက်စရာ ရင်မဆိုင်ဝံ့စရာ ဘာအကြောင်းမှ မရှိဘူး ဖွေးနုနယ်၊ တို့က ကျန်းမာရေးမကောင်းတဲ့အတွက် ဘာမှ အာရုံအနှောက်မခံနိုင်ဘူး၊ အလကား နေရင်း ထိုင်ရင်း ကိုယ့်ပိုင်နက်ထဲ ဝင်ထွက်သွားလာ၊ ကိုယ့်ကို စော်ကား အတင်းပြော ကုန်းချောနေတာတွေကို သည်းခံနေစရာ ဘာအကြောင်းမှ မရှိဘူးလို့ ယူဆလို့ပဲ"





"ရှင့်ကို ကျွန်မက ဘာတွေများ စော်ကားကုန်းချောနေမိလို့လဲ"

"အခု ဆက်ဆံနေပုံကိုက စော်ကားနေတာပါ၊ ငါ့မှာမင်း ဒီလိုဆက်ဆံနေတာကို ခံယူဖို့ ဘာအပြစ် ဘာအကြောင်း ရင်းမှ ရှိမနေဘူး၊ ကုန်းချောတာက မင်းကိုယ်မင်း သိရမှာပေါ့"

"မသိဘူး၊ ဘာကိုပြောနေတာလဲ"

ပွင့်ဦးလှက မချိုသာသော အပြုံးတစ်ခုနှင့် နုနယ်ကို စိုက်ကြည့်ရင်း...

"မင်းယောက်ျားဆီမှာ မဟုတ်ကဟုတ်ကတွေ လီဆည်ပြောထားတာလေ၊ ဘာရည်ရွယ်ချက်မှန်းလဲမသိဘူး၊ မင်း အဲ့သလို လုပ်ကြံပြောသည်ဖြစ်စေ မပြောသည်ဖြစ်စေ ဘာအကြောင်းမှ ထူးခြားစရာ မရှိပါဘူး ဖွေးနုနယ်၊ တို့နဲ့ ရန်ပယ်ကြားမှာ ဘယ်လိုအနေအထား အခြေအနေရှိရှိ မင်း မဟုတ်တာတွေ လုပ်ကြံလီဆည်ပြောလိုက်တဲ့အတွက်တော့ ကောင်းကျိုးဖြစ်လာစရာ ဘာမှမရှိဘူးဆိုတာ မင်းနားလည်ထားသင့်တယ်"

နုနယ်က နှုတ်ခမ်းကလေးတွေ တရှုရှုတုန်အောင် ဒေါ်ပွလာကာ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ဘာတွေပြောနေလို့လဲ၊ ရှင် ဘာတွေလာပြောနေတာလဲ ဒေါ်ပွင့်ဦးလှ၊ ကျွန်မကပဲ ရှင်တို့နှစ်ယောက်ကြားကို သပ်လျှိုသွေးခွဲနေသလိုလို၊ ရှင် ဘာကိုကောက်ချက်ချပြီး ပြောနေတာလဲ၊ ကျွန်မယောကျ်ားကို ကျွန်မ ဘာစကားမျိုးပြောပြော၊ ရှင်က ကြားထဲက ဝင်ဆင်ဆာဖြတ်နေစရာ မလိုဘူး"

"အေး… အဲဒါဆိုရင် တို့အကြောင်း မဟုတ်ဘဲနဲ့မပါပါစေနဲ့၊ တို့နဲ့ ရန်ပယ် တစ်ရပ်ကွက်ထဲ တစ်လမ်းထဲနေခဲ့ဖူးပါတယ်လို့ မင်းကို တို့က ဘယ်တုန်းကအစီရင်ခံမိဖူးလို့လဲ၊ ဒါက ဘယ်လိုဖြစ်ပြီး တို့စကား ဖြစ်ရတာလဲ၊ အဲသလို ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်တွေ မင်းနဲ့ဆွေးနွေးနေဖို့ စိတ်ကူးလည်းမရှိဘူး၊ အချိန်လည်းမရှိဘူး"

"ဩော်… ဟက် ဟက်……"

နုနယ်က ခေါင်းကလေးမော့ကာ တမင်ရယ်သံပြုရင်း…

"ဒါက ကျွန်မ ကုန်းချောတာ မဟုတ်ပါဘူး ဒေါ်ပွင့်ဦးလှရဲ့၊ ဒီကိစ္စကို ကျွန်မ သိတယ်ဆိုတော့ ကိုကြီးက ရှင်ပြောတယ်လို့ သူ့အလိုလို ထင်လိုက်တာပါ၊ ကျွန်မကလည်း ဖြေရှင်းမနေတော့တာပါ၊ ဒီလောက်ပါပဲ၊ ဒါက ဘယ်လောက်အပြစ်ကြီးသွားလို့ပါလိမ့်၊ ရှင်တို့နှစ်ယောက်လုံးက မပြောလည်း ကျွန်မက တခြားက သိနိုင်တာပဲလေ"





"သိနိုင်တာ ဘာဆန်းလို့လဲ၊ ဘယ်လောက်လျှို့ဝှက်တဲ့ကိစ္စမို့လို့လဲ၊ အကြောင်းတိုက်ဆိုင်ရင် ဒီထက်မကတာတွေလည်း မင်းသိနိုင်တာပဲလေ၊ သိချင်ရင် အခုသိခွင့်ရနေတဲ့လမ်းကြောင်းတွေကပဲ လိုက်စုံစမ်းချည်ပေါ့၊ သိရပြီးရင်တော့ တို့က ပြောပါတယ်၊ တို့ဆီက သိရပါတယ် မဖြစ်စေနဲ့လေ ဖွေးနုနယ်၊ ဒါကတော့ သက်သက်မဲ့တိုက်ခိုက်တာပဲ၊ တို့ကတော့ မင်းကို တိုက်ခိုက်ဖို့လည်း စိတ်မဝင်စားသလို မင်းရဲ့အတိုက်ခိုက်ခံဖို့လည်း စိတ်မဝင်စားဘူး"

နုနယ်နှင့် ပွင့်ဦးလှ တစ်ယောက်မျက်နှာကို တစ်ယောက် ခပ်တင်းတင်း စေ့စေ့စိုက်ကြည့်ကာ နေကြရင်းက နုနယ်မျက်နှာလေးက ဖျတ်ခနဲ ပြောင်းကာ ပျက်သွားရပါသည်။ စိတ်ထဲပေါ်လာတာကို မထိန်းနိုင်တတ်တဲ့သူပီပီ…

"ဒါ… ဒါကို… ဒီအကြောင်းကို ရှင် ဘယ်လိုသိတာလဲ ဒေါ်ပွင့်ဦးလှ၊ ကျွန်မနဲ့ ကိုကြီးကြားက ဒီစကားတွေကိုလေ"

ပွင့်ဦးလှက သက်ပြင်းတစ်ချက် ချလိုက်ပါသည်။ ခပ်ကြောကြော စီးပိုးလိုလျှင်တော့ မခိုးမခန့်လေး ပြုံးလိုက်ရုံပါပင်။ အခုတော့ ဖွေးနုနယ်ရဲ့ ထိတ်ထိတ်ပျာပျာ အမူအရာနှင့် ဖျော့တော့သွားသော မျက်နှာကြောင့် သက်ပြင်းသာ ချမိတော့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့နှစ်ယောက်ထဲ ပြောကြတာကို တို့သိနေတယ်ဆိုမှတော့ မင်းမှ တို့ကိုမပြောတာ၊ မင်းရဲ့ကိုကြီးပဲ ပြောတာပေါ့"

"ဘာ... ရှင် ဆေးထိုးနေတာတော့ မဟုတ်ပါဘူးနော်"

"ဆေးထိုးတယ်ဆိုတာ ဘာလဲ နားမလည်ဘူး၊ မင်းကို တို့က ဘာဆေးထိုးရမှာတုန်း"

"ရှင့်ကို ကိုကြီးက ဒါတွေ ဘယ်တုန်းက ပြောတာလဲ၊ ရှင်တို့နှစ်ယောက်က စကားပြောခွင့် ဘယ်တုန်းက ရသွားတာလဲ"

"ရန်ပယ်... ဖုန်းဆက်ပြောတယ်လေ"

နနယ်သည် ရင်ဝကို ဆောင့်တွန်းခံလိုက်ရသလို အွန့်ခနဲ မြည်မတတ် အောင့်သက်သွားရပါသည်။ ကိုကြီးဖုန်းဆက်တယ်၊ ကိုကြီး ဒီမိန်းမဆီ ဖုန်းဆက်တယ်။ ထပ်ခါ ထပ်ခါ အသံတိတ်အော်ဟစ်ပေါက်ကွဲမိခြင်းက ရင်ထဲက ဟိုးအတွင်းဘက် တစ်နေရာမှာသာ။ ခုနေခါ ဘေးမှာ ကိုကြီးရှိရင် ကိုကြီးပခုံးကို ကိုင်ကာ ကိုယ့်ခွန်အားလေးနှင့် တွန်းကာယမ်းကာ အော်အော် မေးလိုက်ချင်သည်။ သို့ပေမယ့် ရှိနေတာက ဒီအမျိုးသမီးသာ။

ရန်ပယ် ဖုန်းဆက်တယ်လေ ဆိုတော့ ကိုကြီးက လှမ်းဆက်တာပေါ့။ ကိုကြီး ဆက်လိမ့်မယ်လို့ ထင်ကိုမထားပါ။ ထင်မထားမိတာတောင်မှ ကိုကြီးထံမှာ ပွင့်ဦးလှရဲ့ ဆက်သွယ်





ရန်နံပါတ် ရှိမနေစေချင်၍ ပွင့်ဦးလှရဲ့ Contact Card ကို ကိုကြီးရဲ့ဝေါလက်ထဲက နှိုက်ယူထားတာ။ ကိုကြီးဟာ သူ့ ကတ်ကိုမထုတ်ထားမိခင်ကတည်းက ပွင့်ဦးလှ ဖုန်းနံပါတ်ကို သူ့ဖုန်းထဲမှတ်ကာ Save ထားပြီးသားလား။

ဖွေးနနယ်ရဲ့ ရင်ထဲက တုန်လှုပ်မောဟိုက်မှုသည် တစ်ကိုယ်လုံးကို ပူထူလာစေပါသည်။ နနယ်သည် ကိုယ့်ကိုယ်ကိုယ် သဝန်တိုတတ်မှန်း သိပေမယ့် ဤမျှသဝန်တိုတတ်လိမ့်မည် ထင်မထား။ ကိုကြီးက အသက်ကြီးကြီး ကိုယ်က ပျိုမြစ်နနယ်သူမို့ ကိုယ့်ကိုသာ ကိုကြီးက သဝန်တိုရလိမ့်မည်လို့ အပေါ်စီးက ယူဆတွေးထင်ခဲ့မိတာ။ အခုတော့ တစ်ကြိမ်တစ်ခါမှ မခံစားဖူးသေးသော ဝန်တိုပူလောင်မှုကို နနယ်ခံစားဖူးပေပြီ။

ရှေ့မှရပ်နေသော ကိုကြီးရဲ့ငယ်ချစ်ဦး ပွင့်ဦးလှကို မှန်းမှန်းတီးတီး စိုက်ကြည့်နေမိကာ ဘာစကားမှ မပြောနိုင်ဘဲ ဆွံ့အနေသည်။

"ကဲပါလေ၊ တို့တွေ ဆက်ဆွေးနွေးစရာ အကြောင်းအရာလည်း မရှိတော့ဘူး ထင်ပါရဲ့၊ ရှေ့က ရုံးခန်းမှာ မင်းတို့ရဲ့မှတ်တမ်းကို ပြန်စစ်ခိုင်းထားပါတယ်၊ မင်းတို့ထွက်လာရင် သွင်းထားတဲ့ မင်ဘာကြေးငွေနဲ့ အချိန်ကာလကို သူတို့ check လုပ်ပြီး ပြန်အမ်းငွေကို အဆင်သင့်ပြင်ထားကြပါလိမ့်မယ်၊ မင်းတို့ရဲ့ မင်ဘာကတ်လေးတွေ ပြန်အပ်သွားဖို့ပါ၊ မအပ်ဖြစ်လည်းပဲ ကိစ္စမရှိပါဘူး၊ ဒီနေ့ကစပြီး



www.burmeseclassic.com

www.burmeseclassic.com



မဲင်ဘာစာရင်းက အလိုအလျောက် ပယ်ဖျက်ပြီးသား ဖြစ်သွားပါလိမ့်မယ်...

ဒီလိုလုပ်တဲ့အတွက် အားတော့နာမိပေမယ့် အခြေအနေ အရပ်ရပ်အတွက် ဒါက အကောင်းဆုံးဖြစ်ပြီး နှစ်ဦးနှစ်ဖက် စိတ်လက်ရှင်းလင်း သက်သာရာ ရစေတယ် ထင်ပါတယ် ဖွေးနုနယ်"

"နုနယ် သွားကြစို့... ရန်ကုန်မြို့မှာ ဖစ်တ်နက်စ်စင်တာတွေ ရှိက်သတ်တောင် မကုန်ဘူး ပေါလွန်းလို့၊ ဒီအန်တီကြီး ပြောတာလည်း ဟုတ်တယ်၊ ဒီကထွက်လိုက်ရင် နင်လည်းအကုသိုလ်နည်းတယ်...

ဒီမှာ အန်တီ၊ အန်တီက ဒီစင်တာပိုင်ရှင်ဆိုတော့ သမီးတို့ကို ဝင်ပြီးသားမဲင်ဘာအဖြစ်ကနေ ပြန်ထုတ်ပယ်တာ ဘာမှမပြောချင်ပါဘူး၊ အန်တီ့ Right ပါ၊ ဒါပေမဲ့ အန်တီလည်း နုနယ်ရဲ့အမျိုးသားနဲ့ အဆက်အသွယ်မရှိနောင်အရှည်သဖြင့် ကင်းကင်းရှင်းရှင်း နေပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"

နှင်းမြက မိုးမိုးဇတ်ဇတ် သွက်သွက်လက်လက် ဝင်ပြောလိုက်ပြီးလျှင် ငူငူကြီး ရှိနေတဲ့ ဖွေးနုနယ်လက်ကိုဆွဲကာ ဦးဆောင် ထွက်လာခဲ့ပါသည်။

✤ ✤ ✤





(၁၂)

ကျယ်ဝန်းလှတဲ့ ထမင်းစားခန်းကြီးထဲမှာ ထမင်းစားစားပွဲရှည်ကြီးက လူဆယ့်ရှစ်ယောက်စား စားပွဲရှည်ဖြစ်၍ တစ်ဖက်ထိပ်နှင့် တစ်ဖက်ထိပ်ဟာ ဝေးကွာလှပါသည်။ ဟိုးတစ်ဖက်ထိပ်က ဦးဘရမ်ထွယ်အောင်ရဲ့ မျက်နှာသည် သူ့ရှေ့က ဆယ့်ရှစ်လက်မအမြင့် ဖယောင်းတိုင်နှစ်တိုင်မှ မီးရောင်ကြောင့် နီမြန်းမြန်း အရောင်ဟပ်နေသည်။ သူသောက်နေတဲ့ မြန်မာငွေ ကျပ်သိန်း ၇၀ တန်ဆိုတဲ့ Pomerol ဝိုင်ရဲ့အရှိန်ကြောင့်လည်း ဖြစ်ပေမည်။

ပွင့်ဦးလှသည် သူ့မရှေ့မှ ဟင်းပန်းကန်ငယ်များထဲမှ ဟင်းတချို့ကို စိတ်မပါလှဘဲ တူနှင့်ညှပ်စားနေရင်းက ဖျတ်ခနဲ မရည်ရွယ်ဘဲ အမှတ်ရမိသည်မှာ ကျဉ်းမြောင်းသေးကုပ်သော မီးဖိုချောင်ငယ်လေးထဲမှာ ရန်ပယ့်အမေ နယ်ထားသော ထမင်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် ငါးပိရည် ငရုတ်သီးမှုန့်ရဲရဲတို့ကို ရန်ပယ့်အမေက တစ်ယောက် တစ်လှည့် ခွံ့သမျှ သူမနှင့်ရန်ပယ် ဖင်ထိုင်ခုံပုလေးတွေပေါ်ထိုင်ရင်း ပါးစပ်လေးဟ,ကာ တစ်လုတ်စီ အလှည့်ကျစားခဲ့ဖူးတဲ့ မြင်ကွင်းပင်။

အို… ခုချိန်မှာ အဲသလို ထမင်းရယ် ငါးပိရည်ရယ် ငရုတ်သီးမှုန့်ရယ် စပ်စပ်နယ်ထားတာကို အန်တီခွံ့ကျွေးတာလေး စားချင်လှစမ်းပါဘိ။ ကိုယ့်အတွေးနှင့်ကိုယ်မို့ ဦးဘရမ်ထွယ်အောင် လှမ်းကြည့်အကဲခတ်နေတာကို သတိမပြုမိပါ။

"မင်း ဘာတွေတွေးနေတာလဲ၊ ထမင်းကို ဘယ်လိုစားနေတာလဲ"

"ဟင်… ရှင်… ပွင့်ဦး သိပ်နေမကောင်းလို့ပါ ဦး"

ပါးစပ်ထဲ အလွယ်ကူဆုံးရောက်လာသောအကြောင်းပြချက်ကို ပေးအပြီးတွင် ဦးဘရမ်က သူ့လက်ထဲက ဇိုင်ခွက်ကို စားပွဲပေါ် ဆောင့်ချလိုက်ပါသည်။

"အဲဒါကြောင့် မင်းကို ဆေးသွားစစ်ဖို့ ပြောတယ်မဟုတ်လား"

"ပွင့်ဦး စစ်ပြီးပါပြီ၊ နှလုံးအထူးကုသမားတော်က ပွင့်ဦးနှလုံးကို စတန့်ထည့်ဖို့ ပြောတယ်၊ ဂျပန်က နှလုံးခွဲစိတ်အဖွဲ့ လာဖို့ရှိတယ်တဲ့၊ အဲဒီအချိန်ကို စောင့်နေတာပါ"





"ဘာဖြစ်လို့ စောင့်နေမှာလဲ စင်ကာပူကို ခုချက်ချင်းသွား ခုချက်ချင်း လိုအပ်တာလုပ်လို့ရတယ်၊ မင်း ဘာဖြစ်လို့ ခေါင်းမာတာလည်း ပွင့်ဦး"

"ဒီမှာလည်း လုပ်လို့ရနေတာကို ရေခြား မြေခြား သွားမလုပ်ချင်လို့ပါ"

"မင်း ဘာဖြစ်လို့ မြန်မာပြည်က ဆေးလောကကို မြန်မာဆရာဝန်တွေကို သံယောဇဉ်ကြီးကြီး ဖက်တွယ်နေရတာလဲ၊ ကိုယ့်အသက် ကိုယ့်ကျန်းမာရေးအတွက် အကောင်းဆုံးနည်းလမ်းကို သုံးရမှာ မဟုတ်ဘူးလား"

ပွင့်ဦးလှက ဦးဘရမ်ကို လှမ်း၍စိုက်ကြည့်လိုက်မိရင်း…

"ပွင့်ဦး ကိုယ်တိုင် ဒီဆေးပညာကိုချစ်ပြီး ဆရာဝန်ဖြစ်ဖို့ မျှော်မှန်းချက်ထားခဲ့ဖူးသေးတာပဲလေ ဦး၊ ဦးနဲ့လက်ထပ်ဖို့ ဦးက ကျောင်းဆက်မတက်ရဘူးလို့ ပြောတဲ့စကားကို နားထောင်ပြီး ပွင့်ဦး ကျောင်းထွက်လိုက်ရတာလေ၊ အခုဒီက ပွင့်ဦးတို့အရွယ် သက်တူရွယ်တူ ဆရာဝန်တွေထဲမှာ ပွင့်ဦး သူငယ်ချင်းတွေ အများကြီးပဲ၊ ပွင့်ဦး သူတို့အတော်များများနဲ့လည်း တိုင်ပင်ကြည့်ပြီးပါပြီ၊ စတန့်ထည့်တာ ဒီမှာလည်း ကောင်းကောင်းလုပ်နိုင်နေတာပဲ၊ အခုက ဂျပန်က ဆရာဝန်အဖွဲ့ကတောင် လာထည့်ပေးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကဆရာဝန်တွေကို ငါမကြိုက်ပါဘူးဆို"

"ဦး ဘာဖြစ်လို့ ဒီကဆရာဝန်တွေကို အမြဲနှိမ်ချပြောချင်နေရတာလဲ၊ အဲလို အမြဲပြောတတ်တာ ပွင့်ဦး မကြိုက်ဘူး"

"မကြိုက်ရင် လဲသေငဲလ"

"………"

"မင်းလည်းပဲ မင်းရည်းစားဟောင်း တစ်ယောက်အတွက်နဲ့ ဆရာဝန်မှန်သမျှကို အလကားနေရင်း အကောင်းမြင်အထင်ကြီးနေတာ ငါမကြိုက်ဘူး"

ပွင့်ဦး မျက်နှာလေးက ပြောင်းလဲသွားရပါသည်။

"ဘာဆိုင်လို့လဲဦး၊ ဦးဘရမ် မူးနေပြီထင်တယ်၊ ဝိုင်တစ်ပုလင်းလုံး ကုန်တော့မယ်"

"ငါမမူးဘူး ပွင့်ဦး၊ မင်း ငပလီက ပြန်လာကတည်းက ပြောင်းလဲလာတာ ငါမသိဘူးလို့ မင်းထင်နေတာလား၊ မင်း ဟိုမှာ ရန်ပယ်ဆိုတဲ့ကောင်နဲ့ ပြန်တွေ့လာတာ ငါ သိပါတယ်၊ မင်းတို့ချင်း ဘယ်လိုအပတ်အသက် အဆက်အသွယ်ရှိနေသလဲမှ မသိတာ၊ ဒီကောင်ရဲ့မိန်းမကတောင် မင်းကို မကြည်မလင် ဖြစ်နေတယ် မဟုတ်လား၊ ဒါလည်း ငါ သိတာပဲ"

ပွင့်ဦးမျက်နှာလေးက ညိုးကာ ပျက်ယွင်းလာရပါသည်။





"ပွင့်ဦးတို့ အဆက်အသွယ် မရှိပါဘူး ဦးဘရမ်၊ ဟိုမှာတွေ့တာလည်း မတော်တဆ သွားဆုံတာ ပွင့်ဦး ဘာတတ်နိုင်မှာလဲ၊ နောက်လည်း ပတ်သက်စရာမရှိပါဘူး၊ သူ့မိန်းမကလည်း သူ့ဘာသာ ပွင့်ဦးရဲ့ဂျင်မ်မှာ လာကစားတာ၊ ဦးဘရမ်ကို ကျော်လင်းနိုင် ထင်ရာမြင်ရာတွေ သတင်းပို့တိုင်း အကုန်အမှန်လို့ ယုံစားမနေပါနဲ့"

"အိမ်မှာ သုံးစွဲနေသမျှ ဖုန်းအလုံးတိုင်းရဲ့ အဝင်အထွက်ကိုလည်း ငါ စစ်ပြီးပြီ ပွင့်ဦး၊ မင်းအကောင်ဆီက ခင်မျိုးသွယ်ဖုန်းကို အဝင်ခေါ်ထားတာ တွေ့တယ်"

ဩော်…။ တစ်အိမ်လုံးရှိသမျှ ဖုန်းအဝင်အထွက်တွေပါ လိုက်စစ်ထားပြီးဆိုတော့ ဦးဘရမ်စိတ်ထဲ မတင်ကျမှု မကျေနပ်မှုဟာ အခုမှမဟုတ် ကာလတစ်ခု ရှိနေပြီပေါ့။ ဦးဘရမ်ထွယ်အောင်လို လူတစ်ယောက်အဖို့ ဘာကိုပဲသိချင်သိချင် ငွေအင်အား လူအင်အားသုံး၍ စုံစမ်းရန်မှာ ခက်ခဲတဲ့ကိစ္စတစ်ခု မဟုတ်။ ဒီလောက်ကလေးမျှနှင့် ပွင့်ဦးကို သူ မကျေမချမ်း သံသယဖြစ်နေတာဟာ ရယ်ချင်ဖို့တော့ ကောင်းသည်။ သူကျတော့ မယားငယ်လို့ မခေါ်နိုင်ရုံလေးတမယ် တစ်ယောက်ပြီး တစ်ယောက် ပတ်သက်နေခဲ့တာလေ။

အိမ်ထောင်သက် ရှစ်နှစ်လောက်အထိ ဦးဘရမ်ထွယ်အောင်ထံမှာ ထိုကိစ္စမျိုး သတင်းမကြားခဲ့ရ။ အဲဒီရဲ့နောက်



www.burmeseclassic.com

www.burmeseclassic.com



မှာ ပထမဦးဆုံး ဦးဘရမ်ရဲ့အိမ်ပြင်ပ သမုဒယဇာတ်လမ်းသစ်ကို ကြားသိခဲ့ရချိန်မှာ ပွင့်ဦးလှ ပူလောင်ပေါက်ကွဲခဲ့ရပါသည်။ ဦးဘရမ်ကို ချစ်သည်ဖြစ်စေ မချစ်ဘူးဖြစ်စေ ဒီလိုကိစ္စမျိုး စ,ကြားရချိန်မှာတော့ ဆတ်ဆတ်ခါ ဖျပ်ဖျပ်လူး ခံစားခဲ့ဖူးတာပင်။ အဲဒီတုန်းက အိမ်တွင်းရေးဟာ ရန်တွေဖြစ် ဂုန်းဒိုင်းတွေကြဲ ဆူညံပေါက်ကွဲနေခဲ့သည်။

နှစ်တွေကြာလာတော့လည်း ထိုသို့သော ကိစ္စမျိုးအပေါ် ပွင့်ဦး ရိုးသွားခဲ့ရပေသည်။ ဦးဘရမ်ဟာ ပွင့်ဦးကိုတော့ချစ်နေသေးဆဲဖြစ်သော်လည်း ဒီကိစ္စမျိုးတွေကို မရှောင်ကြဉ်နိုင်ခဲ့တော့ပါ။ ဦးဘရမ်လို အနေအထားနှင့် လူတစ်ယောက်အဖို့ ယုန်ကမတိုးလျှင်သော်မှ ပိုက်ကတိုးဝင်လာလိမ့်မည်ဆိုတာ၊ မြင်းကမလှုပ်သော်မှ ခုံကလှုပ်တော့မည်ဆိုတာကိုလည်း ကြိတ်မှိတ်နားလည်ခဲ့ရတော့သည် မဟုတ်လား။ ကြာတော့ ပွင့်ဦးလည်း ထုံသွား ဟုန်သွား ရိုးသွားတော့သည်သာပင်။

ဦးဘရမ် အခြားတစ်ဖက်ကို အာရုံကျနေပြီး ကိုယ့်ဘက် အာရုံမလှည့်လျှင်ပင် လွတ်လပ်တယ် သက်သာတယ်လို့ ခံစားလာရသည်။ ကိုယ့်ဘာသာအေးအေးသက်သာ ပျော်သလိုနေလို့ရတယ်လို့ ကျေနပ်တတ်လာပါသည်။ ဒါဟာ အစကတည်းက ဦးဘရမ်ကို ပွင့်ဦးလှ လေးလေးနက်နက် မချစ်ခဲ့လို့ပေါ့။





"မင်း တခြားဖုန်းအသစ်တွေ ဘာတွေ ထပ်ဝယ်သုံးနေသေးလား"

"ဟင့်အင်း… မသုံးပါဘူး၊ ပွင့်ဦးမှာ ဖုန်းအလုံးပေါင်းများစွာ သုံးနေရလောက်အောင်လည်း အလုပ်လည်းမများ အပေါင်းအသင်းလည်း မများပါဘူး ဦးဘရမ်၊ ပြီးတော့ ဦးဘရမ် စစ်ဆေးတွေ့ရှိတဲ့ တစ်ကြိမ် မမျိုးဆီ သူ့ဖုန်းဆက်တာကလွဲရင် နောက်ထပ် ဆက်သွယ်မှုလည်း လုံးဝမရှိပါဘူး"

"အဲဒီတစ်ကြိမ်ကကော ဘာကိစ္စကြောင့် သူဆက်တာလဲ"

ပွင့်ဦးလှ နှုတ်ဆွံ့သွားရပါသည်။ အမှန်အတိုင်းပြောလျှင် သူ့မိန်းမနဲ့ မဆက်ဆံဖို့ လှမ်းတားမြစ်တာပါဟု ပြောရမည်။ ဒါဆိုရင် နောက်ဆက်တွဲ ရှင်းပြစရာတွေ တရှည်တလျားထွက်ပေါ်လာပေမည်။ ကျန်းမာရေးသတင်းမေးတာပါဟု လွှဲပြောလျှင်ကော။ ဒါဆိုရင်လည်း သူက မင်းကို စိတ်ပူနေလို့ မင်းကျန်းမာရေးကို မေးရတာလားဟု ဦးဘရမ် မေးတော့မှာ ပွင့်ဦးကြိုသိနေပါသည်။

စဉ်းစားရင်း နှုတ်ဆိတ်သွားချိန်ဟာ မမျှော်လင့်ဘဲ စက္ကန့်ပိုင်းမှ မိနစ်အထိ ကြာညောင်းသွားခဲ့သည်။ ဦးဘရမ်ထွယ်အောင်က လက်ထဲကတူကို ထမင်းစား စားပွဲပေါ် အသံမြည်အောင် ဆောင့်၍ပစ်ချလိုက်ကာ ကုလားထိုင်ကို နောက်သို့ကြမ်းတမ်းစွာတွန်း၍ ထရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ... မပြောနဲ့၊ အဲဒီကိစ္စအကြောင်းကို မင်း မပြောနဲ့"

"ဦး..."

ပွင့်ဦးလှက တုန်တုန်လှုပ်လှုပ်လေး လှမ်းခေါ်ကာ ဦးဘရမ် ထွက်သွားရာနောက်သို့ ခပ်သွက်သွက် ပြေးလိုက်ခဲ့ပါသည်။

"ဦး... ဦးဘရမ်၊ တကယ်တော့ ဘာမှ မယ်မယ်ရရရှိတဲ့"

"တော်တော့... ပြောစရာမလိုဘူး၊ ရှင်းပြစရာမလိုဘူး၊ မင်း သိထားဖို့က ကမ္ဘာပျက်နေပြီ ဆိုရင်တောင် တခြားလူတွေလို ကိုယ်က သွေးရူးသွေးတန်း တုန်လှုပ်ပြေးပေါက်မှားနေမယ့်သူမျိုး မဟုတ်ဘူး ပွင့်ဦး၊ မင်းနဲ့ကိုယ် ဘယ်နည်းနဲ့ ရှင်သန်ရပ်တည်ကျန်မလဲဆိုတာ **Plan A, Plan B** နှစ်မျိုးလောက် နည်းလမ်းရှာဖွေတွေ့ရှိထားပြီးသား ဖြစ်နေမယ့်သူပဲ"

ပွင့်ဦးလှသည် ရင်ဝမှ မောဟိုက်သလို အသက်ရှူမဝ ဖြစ်လာကာ ထမင်းစားခန်း အခန်းကူးနံ့ရဲ ကျောက်လွှာချပ်ကလေးတွေကို လက်ထောက်အားပြုရင်း ရပ်ကျန်ရစ်ခဲ့ပါသည်။ ခင်မျိုးသွယ် လာတွဲတာကို ပြန်လည်အားပြုရင်း အိပ်ခန်းရှိရာ ဖြည်းဖြည်းလှမ်းလာခဲ့ရပါသည်။

✤ ✤ ✤





ဒေါ်စပယ်က ပွင့်ဦးလှရဲ့ပခုံးကလေးကို ထွေးဖက်လိုက်ရင်း...

"သိပ်လည်း စိတ်မပူပါနဲ့ သမီးရယ်၊ ဦးဘရမ်ထွယ်အောင်က သမီးနဲ့ ရန်ပယ် အဆက်အသွယ်များ ရှိနေမလား တွေးပူပြီး သမီးကို သက်သက်ခြောက်တာ ဖြစ်ပါလိမ့်မယ်"

ပွင့်ဦးက ခေါင်းလေးယမ်းခါရင်း...

"မဟုတ်ဘူး အန်တီ၊ ဦးဘရမ် အကြောင်း သမီးပိုသိတာပေါ့၊ သူက စိတ်လည်းသိပ်ကြီးတဲ့အပြင် လုပ်သမျှ ကိုင်သမျှက တိုးတက်အောင်မြင်နေတော့ သိပ်လည်း ဂုဏ်မောက်တယ်၊ အရာရာ နိုင်ရမှ ပိုင်ရမှ ဆိုတဲ့ အတ္တစိတ်လည်း ကြီးပါတယ်၊ သူ့အလုပ်အကိုင်တွေနဲ့ ပတ်သက်တဲ့ အနှောင့်အယှက်တွေကို သူ ဘယ်လိုရှင်းလင်းပစ်ခဲ့သလဲ သမီးအသိဆုံးပါ၊ ဒါကြောင့် သမီး စိတ်ပူတာပါ၊ ရန်ပယ့်



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ခုခု အနှောင့်အယှက်ပေးမှာ သမီး စိုးရိမ်တယ် အန်တီ၊ ရန်ပယ်က သူ့ပညာနဲ့ သူ့လူနာကလွဲရင် ဘာမှ ပါးနပ်လူရည်လည်တာ မဟုတ်ဘူးလေ၊ ရိုးရိုးကြီးစခန်း သွားသူမျိုးလေ"

"အေးပါ... ဟုတ်ပါတယ်၊ အန်တီလည်း ရန်ပယ့်ကို အနည်းအကျဉ်းတော့ သတိပေးပါ့မယ်၊ ဘာမှမဖြစ်သေးဘဲ စိုးရိမ်တကြီးတွေ သွားလုပ်ရင်လည်း ရန်ပယ်ကပါ ထူပူပြီး ထင်ရာတွေ လုပ်နေဦးမယ်၊ သူကလည်း ခုနောက်ပိုင်း အလုပ်တာဝန်ကများ အချိန်အားနည်းတော့ စိတ်တိုတတ်လာတယ် သမီးရဲ့၊ အန်တီကြည့်ပြောပါ့မယ်ကွယ်"

ငပလီကစ,တဲ့ အဖြစ်အပျက်တို့ရဲ့ အစအဆုံးကို ဒေါ်စပယ့်ကို လိုသော်ရှိ မလိုသော်ရှိ ပွင့်ဦး အားလုံးအသိပေးတာ ဖြစ်ပါသည်။ ဖွေးနုနယ်ရဲ့အခန်းကဏ္ဍ အပြည့်အစုံကိုလည်း အပိုအလိုမရှိဘဲ ပြောပြသည်။ ပွင့်ဦးနှင့် ဖွေးနုနယ် ကြားက အဖြစ်အပျက် ပွင့်ဦးနှင့် ရန်ပယ့်အကြားက စကားတို့အားလုံးကို ဒေါ်စပယ် သိရှိထားလျှင် ပြဿနာတစ်စုံတစ်ရာ ရှိပါက ကြားဝင် အကြံပေး ဖြေရှင်းနိုင်မယ် ထင်မိလို့ပင်။

"သမီးရော နေကောင်းရဲ့လား ပွင့်ဦး"

"ကောင်းပါတယ် အန်တီ၊ တစ်ခါတလေမှ နေလို့ထိုင်လို့ တင်းကျပ်ပြီး မောပြီး မကောင်းတာပါ၊ စတန့်ထည့်ဖို့ ရက်ချိန်းစောင့်နေပါတယ်"





"ဦးဘရှမ်ထွယ်အောင် စိတ်ကျေနပ်အောင် စင်ကာပူသွားလုပ်လိုက်လည်း ပြီးရောပေါ့ သမီးရယ်၊ ဘယ်မှာလုပ်လုပ် ကိုယ်နေကောင်းဖို့ လိုရင်းပဲ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် အန်တီ၊ ဒါပေမဲ့ အခုလာမယ့် ဂျပန်သမားတော်အဖွဲ့ကြည့်မယ့် လူနာထဲ စာရင်းထည့်ပေးထားတဲ့ ဆရာဝန်ကြီးက သမီးသူငယ်ချင်းရဲ့ ဦးလေးပါ၊ သူ့ကို အပူကပ်ပြီး စာရင်းသွင်းထားပြီးမှ ပြန်ထွက်ရမှာလည်း အားနာဖို့ ကောင်းတာလေ"

"ဘာပဲဖြစ်ဖြစ် အိမ်ထောင်တစ်ခုရယ်လို့ တည်ဆောက်ပြီးခဲ့ရင် ဘယ်နည်းလမ်းနဲ့ ငြိမ်းငြိမ်းချမ်းချမ်း တည်မြဲမလဲ ကိုပဲ ရွေးချယ်စဉ်းစားပြီး စခန်းသွားရမှာပဲ သမီး၊ သမီး ခင်ပွန်းက သမီးကို သိပ်ချစ်ပါလိမ့်မယ် ပွင့်ဦးရယ်"

"ဟင်း ဟင်း ဟင်း... အန်တီရယ်၊ အန်တီက ရိုးစင်းတဲ့ ဘဝခရီးလမ်းကို အေးအေးမှန်မှန် လျှောက်နေတဲ့သူမို့ ပွင့်ဦးတို့အိမ်ထောင်ရေးအကြောင်း ရင်မောစရာ စိတ်မသက်သာစရာ မခံချိစရာတွေကို လုံစေ့ပတ်စေ့ ပြောမနေတော့ပါဘူးလေ၊ အတိုချုပ် ပြောရရင် အရွယ်ရှိသရွေ့ ငွေရှိသရွေ့ သူ့အချစ်တွေက ကုန်နိုင်မှာကို မဟုတ်တာပါ"

ဒေါ်စပယ်ရဲ့ အတွေးအဖက်က ပိုမိုတင်းကျပ်သွားရင်း...



www.burmeseclassic.com

www.burmeseclassic.com



"တရားဝင် နောက်ထပ် ဒုတိယအိမ်ထောင်တွေ ဘာတွေတော့ မရှိဘူးမို့လား"

"အဲလိုတော့ ခုထိမရှိသေးဘူးပေါ့ အန်တီ"

"အဲဒါပွင့်ဦးကိုပဲ သူ တန်ဖိုးထားလို့ပေါ့ သမီး"

"အစောပိုင်းကတော့ ပွင့်ဦးလည်း ပူလောင်ပေါက်ကွဲခဲ့ပေမယ့် နောက်တော့ စိတ်လျှော့ထားပါတယ် အန်တီ၊ သိပ်ပြည့်စုံချမ်းသာတဲ့ ယောကျ်ားလေ၊ သူလိုချင်တာ ဘာမဆိုရရတယ်ဆိုတဲ့ စိတ်အပြည့်ရှိတဲ့ ယောကျ်ားလေ၊ ပွင့်ဦးကိုယ်တိုင် ဘယ်သူမှ ရိုက်မပေးစားဘဲ ရွေးချယ်ခဲ့တဲ့ ယောကျ်ားလေ… လို့"

"သမီးရယ်"

ဒေါ်စပယ်သည် မျက်ရည်စတို့ ရစ်လည်သော မျက်ဝန်းကို အားတင်းပုတ်ခတ်နေရပါသည်။ သူ့ကို ထမင်းနယ်နိုင်းပြီး သူနယ်ပေးထားတဲ့ ထမင်းကို ဇွန်းလေးနှင့် စိတ်မပါလက်မပါ ဖြည်းဖြည်းစားနေတဲ့ ပွင့်ဦးကို လက်တစ်ဖက်တည်းနှင့် ဖက်ထားရတာပင် အားမရ။ ချစ်ခင်သနားလှ၍ လက်နှစ်ဖက်နှင့် ကျပ်ကျပ်ဖက်ကာ ပခုံးကလေးဖြစ်ဖြစ် ငုံ့ကာမွှေးချင်မိသေးသည်။

"တီး… တောင်"

အိမ်ရှေ့ကဘဲလ်သံကြောင့် အကြည်က တံခါးသွားဖွင့်သည်။ ဧည့်ခန်းမှာပဲ ထိုင်စောင့်နေသော ခင်မျိုးသွယ်က ဧည့်





သည်ကို မြင်ပြီးနောက် ပွင့်ဦးထံ တစ်ချက်လှမ်းကြည့်လိုက်ပုံကြောင့် ပွင့်ဦးရင်ထဲ ထိတ်ခနဲ ဖြစ်ရသည်။ ရန်ပယ်… ရန်ပယ်များလား။ အတွေးမှားကြောင်း ချက်ချင်းသိရပါသည်။ အိမ်ထဲလှမ်းဝင်လိုက်သော ဖွေးနုနယ်သည် ထမင်းစားခန်းငယ်ထဲက ထမင်းစားပွဲမှာ အတူရှိနေသည့် ဒေါ်စပယ်နှင့် ပွင့်ဦးကိုမြင်ကာ ချက်နှာက ကွက်ခနဲ မည်းညိုသွားပါသည်။ ထမင်းစားနေတဲ့ ပွင့်ဦးလှကို ပခုံးလေးလှမ်းဖက်ထားတဲ့ ဒေါ်စပယ့်ကို ကြည့်တဲ့ အကြည့်ကလည်း တအံ့တဩ တနင့်တသည်း။

ပွင့်ဦးလှက စားလက်စဇွန်းလေးကို အသာချလိုက်ပါသည်။

"ပွင့်ဦး ပြန်တော့မယ်လေ အန်တီ"

"ဟင်… အေး… အေး… ပြန်တော့မလို့လား သမီးရယ်"

ပွင့်ဦးလှက အသာထရပ်ကာ အိမ်ရှေ့ခန်းသို့ ထွက်လာချိန်တွင် ခင်မျိုးသွယ်က ပွင့်ဦးအိတ်ကိုပါယူကာ ပြန်ဖို့အသင့်ထ,ပြီးပြီ။ ပွင့်ဦးလှက သူ့ကို မီးဝင်းဝင်းလက်သော မျက်ဝန်းတို့နှင့် ကြည့်နေသော ဖွေးနုနယ်ကို တစ်ချက်တော့ ယဉ်ကျေးမှုအလို့ငှာ ပြုံးပြလိုက်ပါသည်။ ဒီမိန်းကလေး ဘယ်လိုမှ ပြန်ပြုံးပြလိမ့်မည် မဟုတ်တာကိုလည်း သိပြီးသားပင်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



## (၁၃)

ကြီးမားသောလက်ဖွဲ့ဘူးကြီးကို ရန်ပယ်က ကိုင်သယ်ခဲ့ပါသည်။ ရှားရှားပါးပါး အားရက်နားရက်မှာ ဇနီးဖြစ်သူနှင့်အတူ ပွဲလိုက်တက်ပေးရပေမပေါ့။ မင်္ဂလာဆောင်ရှင်ဟာ နုနယ်ရဲ့အဖေရဲ့ စီးပွားရေးမိတ်ဆွေဖြစ်၍ သူ မအားလျှင်တောင် နုနယ်သွားရမှာ။ သူက တိုက်တိုက်ဆိုင်ဆိုင် လာအားနေတော့ အတူတွဲကာ ပွဲတက်ပေးရတော့တာပင်။ နုနယ်ရဲ့အဖေက တုပ်ကွေးမိကာ ဖျားနာနေ၍ အမေပါနှစ်ယောက် မလာဖြစ်တော့ဘူး မဟုတ်လား။

ခုတလော မသာယာ မကြည်သာတဲ့ သူနဲ့နုနယ်ကြားက ဆက်ဆံရေးကိုလည်း အကောင်းဆုံးဖြစ်အောင် အားထုတ်မွမ်းမံဖို့ သူ့မှာ တာဝန်ရှိတယ် မဟုတ်လား။ အရာရာကို မကျေနပ် ရန်လိုနေတဲ့ နုနယ်ရဲ့ဆက်ဆံရေးကြောင့် သူ စိတ်ပျက် စိတ်





မချမ်းမြေ့ရပေမယ့် နုနယ် ခံစားချက်ကိုလည်း နားလည်စာနာပါသည်။ တကယ်တော့ တစ်စုံတစ်ရာ ဘာမှဖြစ်လာနိုင်စရာလဲ အကြောင်းမရှိတဲ့ ဒီပြဿနာကို နုနယ် စိတ်ထားတတ်လျှင်တော့ ခုလိုတွေဖြစ်စရာ မရှိပေဘူးပေါ့။

သို့ပေမဲ့ သူယူထားတာက ကိုယ့်ထက်များစွာငယ်ရွယ်တဲ့ မိန်းကလေးငယ်လေးလေ။ မိန်းမတစ်ယောက်ကို လက်ထပ်ယူပြီးလျှင် အတတ်နိုင်ဆုံး စိတ်ချမ်းမြေ့အောင် ထားပေးရမည်ဆိုတာကိုတော့ လူကောင်းတစ်ယောက်ပီပီ သူခံယူထားပြီးသားပင်။ သို့သော် အိမ်တွင်းရေးအခြေအနေတွေကြောင့် သူလည်း ခုတလော မပျော်ရွှင်ပါ။

ရန်စကာ စောင်းမြောင်းကာ မသိမသာ တိုက်ခိုက်နေသော နုနယ်ကြောင့် ပျော်ရွှင်သာယာနေရမည့် အိမ်ထောင်ဦးလပိုင်းများဟာ သာယာနာပျော်ဖွယ်မရှိ။ ချစ်လို့ယူထားတဲ့မိန်းမပေမယ့်လည်း နုနယ်ရဲ့မကျေချမ်းနိုင်မှုတို့ကို သူ စိတ်ပျက်မိပါသည်။ သို့သော် ဤပြဿနာရဲ့အရင်းအမြစ် အခြေခံဇစ်မြစ်ဟာ သူတမင်တကာ မလုပ်ပေမယ့် သူနဲ့ပတ်သက်ပြီး စတင်ခဲ့ရတာပဲဟု ဖြေသိမ့်၍ ရန်ပယ် သည်းခံရသည်။

လောကကြီးမှာ ဘာဆိုဘာမှ မဟုတ်ဘဲနဲ့လည်း ပြဿနာတစ်ခုဟာ ဖြစ်ချိန်တန်လျှင် ပတ်ဖြစ်နေတတ်တော့တာပင်။ သူနှင့် ပွင့်ဦးလှဟာ ခုချိန်မှာ ပတ်သက်ဆက်သွယ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



လည်း မဟုတ်၊ မရိုးမဖြောင့် မဖြူမစင်လည်း ဘယ်သူ့ဘယ်သူမှ သဘောထားမရှိ။ သို့သော် အခြေအနေလေးတွေက မပြေးသော် ကန်ရာရှိ သူစကားချန်မိတာ နားအေးချင်ရုံနှင့် ဖုံးဖုံးအုပ်အုပ်ထား မိတာတွေဟာ စစ်စစ်ပေါက်ပေါက် လိုက်အဖြေရှာသော နုနယ်လို မိန်းကလေးမျိုးနှင့်ကျတော့ အပြစ်ဖြစ်လာရပါသည်။

သူမကို ပြောချင်မိသည်မှာ လောကကြီး၌ သူ့ဟာနှင့်သူ ရှိနှင့်သော ပြင်ဆင်မရသည့် ကိစ္စရပ်တချို့အပေါ် မသိချင် မမြင်ချင် မကြားချင် ကင်းကင်းနေတတ်ခြင်းဟာ ချမ်းသာခြင်းတစ်မျိုး ဆိုတာကိုပင်။ အရာရာကို စေ့စေ့စပ်စပ် စစ်စစ်ပေါက်ပေါက် ရှာဖွေခံစားနေခြင်းဟာ မိမိကိုယ်တိုင်ရဲ့ ပူလောင်မှုကို မိမိဘာသာ ရှာယူတာသာ ဆိုတာ နားလည်စေချင်သည်။

"ဩော်... ဆရာကြီးပါ ပါလာတယ်၊ ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်၊ မအားလပ်တဲ့ကြားက လာချီးမြှင့်တာ"

အဝင်ဝ ကြိုဆိုနေတဲ့ နေရာနားက သတို့သမီး အမေက ပျူပျူငှာငှာ ဆီးကြိုနှုတ်ဆက်ပါသည်။

"ဟုတ်ကဲ့ခင်ဗျာ... ကျွန်တော် ဒီနေ့ အားပါတယ်"

"ကျေးဇူးတင်ပါတယ် ဆရာကြီး၊ သမီး နုနယ်၊ နေရာချပေး လိမ့်မယ်၊ သမီးဒက်ဒီတို့နဲ့ တစ်ဝိုင်းတည်း ထားထားတယ်"

ရှေ့နားက အာရာလုပ်နေသော လူငယ်လေးကို လက်ညှိုးညွှန်ကာပြော၍ ရန်ပယ်နှင့် နုနယ်တို့ အာရာလူငယ်





လေးနောက်က လိုက်ပါသွားလိုက်ပါသည်။ ဘယ်မှသိပ်မရောက်လှသော ရန်ပယ်အဖို့ နိုဗိုတယ်ဟိုတယ်ကြီးဟာ အသစ်အဆန်း ဖြစ်နေသည်။ သူ မင်္ဂလာဆောင်တုန်းကတော့ ဆီဒိုးနားမှာကျင်းပ ဖြစ်လိုက်တာမို့ နိုဗိုတယ်ကို သူ မရောက်ဖူးသေးပါ။

သူတို့ကို နေရာချပေးသော စားပွဲသည် မင်္ဂလာစင် မြင့်နှင့်ကပ်ရပ် ထိပ်ဆုံးဝိုင်းပြီးလျှင် ဒုတိယဝိုင်းပင်။ နုနယ်မိဘ တွေနှင့် တစ်ဝိုင်းတည်း စီစဉ်လိုက်၍ ထိပ်ဆုံးနားရောက်နေရ တာဖြစ်ပါမည်။ သူတို့လာချိန်ဟာ မစောလွန်း နောက်မကျလွန်း ၍ ခန်းမထဲမှာ လူအတော်အသင့် ရောက်နေပြီ။ ရန်ပယ်တို့ စားပွဲမှာ လူမပြည့်သေးဘဲ နေရာတချို့ လွတ်နေပါသေးသည်။

ကံဆိုတာမျိုးက နိမ့်နေလျှင် ဆိုးချိန်တန်လျှင် ကိုယ့်ဘာသာ ငြိမ်ငြိမ်ထိုင်နေရင်းလည်း ခေါင်းပေါ်တည့်တည့် အုန်းသီး ကြွေကျချင် ကြွေကျနိုင်တာမျိုးပေတည်း။

"ဒေါက်တာရန်ပယ်လား"

နှစ်ယောက်ခြားလောက်က ပါဝါမျက်မှန်နှင့် အမျိုး သမီးတစ်ဦး၍ အပြုံးနှင့် နှုတ်ဆက်ပါသည်။

"ဟုတ်ပါတယ်ခင်ဗျ"

"ဩော်... ဟိုးငယ်ငယ်က တစ်ခါနှစ်ခါတော့ ဆုံဖူးတယ် လေ၊ ရုပ်တော့ ပြောင်းမသွားလို့ တူပါတယ်လို့ ကြည့်နေ တာ၊ ကျွန်မက ပွင့်ဦးလှ သူငယ်ချင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

ရန်ပယ်ရဲ့ "ဩော်"သံဟာ စိတ်ပျက်လက်ပျက် ခပ်တိမ်တိမ် ထွက်လာသည်။ လှည့်မကြည့်ဘဲနှင့် ခုလောက်ဆို နနယ် မျက်နှာစူပုပ်သွားလောက်ပြီဆိုတာ ရန်ပယ် အသေအချာ သိပါသည်။

"ပွင့်ဦးတို့အိမ်ပါပါလာဖူးတယ်လေ၊ အဲဒါကြောင့် ဒေါက်တာရန်ပယ့်ကိုလည်း တွေ့ဖူးနေတာ"

"ဟုတ်ကဲ့"

"ပွင့်ဦးနဲ့ တွေ့သေးလားဟင်"

"အာ... ဟို... မတွေ့ဖြစ်ဘူးခင်ဗျ"

"ဟုတ်လား၊ ကျွန်မတို့လည်း သူ အိမ်ထောင်ကျပြီး နှစ်နှစ်လောက်ထိပဲ တွေ့ဖြစ်ကြတယ်၊ နောက် သူက စင်ကာပူ ပြောင်းနေလိုက်သေးတယ် ကြားတာ၊ အဲဒီကတည်းက မတွေ့ဖြစ်တော့တာ ခုထိပဲ၊ သူ့ဖုန်းနံပါတ်တို့ လိပ်စာတို့ ရော သိလားဟင်"

"အာ... ကျွန်တော်လည်း မသိဘူးခင်ဗျ၊ အဆက်ပြတ်နေတော့..."

အမျိုးသမီးက သူ့ပိုက်ဆံအိတ်ထဲမှာ ဗစ်ဇစ်တင်းကတ်လေးတစ်ခု ရှာဖွေထုတ်ယူရင်း ရန်ပယ့်ထံကမ်းကာ...





"ဟုတ်လား... ကျွန်မကတ်လေး ယူထားပါဦး၊ ဒေါက်တာ့ လိပ်စာကတ်လေးလည်း တစ်ဆိတ်၊ ပွင့်ဦးနဲ့ အဆက်အသွယ်ရရင် ပြောပေးပါနော်၊ ကျွန်မ အဆက်အသွယ်ရရင်လည်း ဒေါက်တာ့ကို ပြောပါ့မယ်"

"အား... ဟုတ်ကဲ့... ဟုတ်ကဲ့"

ရန်ပယ်က တိုက်ပုံအိတ်ထဲက ဝေါလက်လေးထုတ်ကာ ဗစ်ဇစ်တင်းကတ်လေးကို ထိုအမျိုးသမီးထံ သူ့ဟာယူကိုယ့်ဟာကမ်းလိုက်ရပါသည်။ စကားစပြတ်ချင်၍ အဲဒီဘက်မကြည့်တော့ဘဲ ရှေ့မှရေဖန်ခွက်ကြည်ကြည်ကို လှမ်းဆွဲယူကာ တစ်ကျိုက်မော့သောက်လိုက်ပါသည်။

"ရင်တွေပူကုန်ပြီလား"

တီးတိုးရန်စလိုက်သော နနယ်ကို လှည့်ကြည့်ကာ သူ သက်ပြင်းတစ်ချက် ချမိသည်။ ဘာမှတော့ ပြောမနေတော့ပါ။ တုံ့ပြန်ပြောနေလျှင် အကျယ်အကျယ် မငြိမ်းဖွယ်တွေ ဖြစ်ရုံပင်။ စိတ်မပါလှသော်လည်း ပြေလည်မှုရှေ့ရှု၍ အပြုံးတစ်ခု တပ်ဆင်လိုက်ရင်း နနယ်ရဲ့ ပေါင်ပေါ်က လက်ဖျားလေးတစ်ဖက်ကို လှမ်း၍ဆုပ်ညှစ်လိုက်လျှင် နနယ်က ဖျတ်ခနဲ ရုန်းသွားပါသည်။

ရန်ပယ် သက်ပြင်းချရသည်။ အခြားသော ကြီးကြီးမားမား အခက်အခဲပြဿနာ မရှိဘူးဆိုတောင် အိမ်ထောင်ရေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုရဲ့ ရှောင်လွှဲမရတဲ့နားမလည်မှု ပဋိပက္ခဆိုတာတွေဟာ ဒါမျိုးတွေဖြစ်မှာပင်။ လူတွေများလာကာ ပွဲကမထုတ်သေး၍ ရန်ပယ်ခပ်ငူငူ ထိုင်နေဆဲ ခန်းမထဲကို လူတစ်စု ဝင်လာပါသည်။

လူတစ်စုလို့ ဆိုရသည်မှာ ရှေ့ကဧည့်သည်တစ်ယောက်ကို ကြိုဆိုသူ အာရှာက ခေါ်လာတဲ့နောက်မှ ကိုယ်ရံတော်လိုလို လူသုံးဦးလောက် ပါလာတာမို့ အုပ်စုလိုက်ကြီးလို ဖြစ်နေတာပင်။ ရှေ့ဆုံးလူဟာမြန်မာနှင့်မတူ၊ နိုင်ငံခြားသား Asian တစ်ယောက်နှင့်သာ တူသည်။ မျက်လုံးအစ်အစ် အသက် ၅၅ နှစ်လောက်ပေမယ့် စတိုင်ကျကျ ဝတ်ဆင်ထား၍ ထောင်ထောင်မောင်းမောင်း သူ့ပုံစံက ခပ်ထင်းထင်း။

အမှတ်တမဲ့ လှမ်းကြည့်နေမိရင်းက ရန်ပယ် ထိုသူကို သိလာပါသည်။ လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ဆယ်က အပြင်မှာ တစ်ကြိမ်သာ မြင်ဖူးသော်လည်း ဒီလူကို သူ မေ့နိုင်ပါရိုးလား။ ထိုသူကို အာရှာက ထိပ်ဆုံးစားပွဲသို့ခေါ်ကာ နေရာချသည်။ ထိုစားပွဲနား ရောက်ကာမှ သူက ရန်ပယ်တို့စားပွဲဆီ လှမ်း၍ကြည့်ကာ မထိုင်သေးဘဲ ရပ်ကြည့်နေပါသည်။ ခဏမျှအကြာမှာတော့ သူက သူ့ဘေးကလူစုကို တစ်စုံတစ်ရာပြောကာ ရန်ပယ်တို့စားပွဲဆီ လျှောက်လာပါသည်။

ဦးဘရမ်ထွယ်အောင် ရန်ပယ့်နံဘေးကပ်ရပ်ခုံလွတ်မှာ ဝင်ထိုင်လိုက်သည်နှင့် ရန်ပယ့်တစ်ကိုယ်လုံးဟာ ကြိုးနှင့်တုပ်





နှောင်စည်းလိုက်သလို ကျပ်တည်းကျဉ်းကျုတ်သွားပါသည်။ ခင်ဗျားဘာလာလုပ်တာလဲ ဦးဘရမ်ထွယ်အောင်။ ရန်ပယ့်စိတ်ထဲ ကျဉ်းကျပ်ကာ လူကပူထူလာပေမယ့် ရန်ပယ့်နဂိုဗီဇမှာ လူပုံအလယ်၌ ရုပ်ပျက်ဆင်းပျက် ရန်းရင်းဆန်ခတ် ပြဿနာအဖြစ်ခံလိုသူ မဟုတ်ပေ။

ပြီးခဲ့တဲ့ အပတ်က အမေ့အိမ်မှာ ပွင့်ဦးလှနှင့် ဖွေးနုနယ် အမှတ်မထင် တိုက်တိုက်ဆိုင်ဆိုင် သွားကြုံကြိုက်တာရော၊ ပွင့်ဦးလှကို ဖက်ထားတဲ့ အမေ့အပြုအမူကြောင့်ရော အမေ့အိမ်သို့ ပွင့်ဦးလှ အမြဲတစေ ဝင်ထွက်နေတယ်ဟု အထင်လွဲမှားနေတာကြောင့်ရော ဖွေးနုနယ်သည် ခုရက်ပိုင်းတွေအတွင်း စိတ်နာကြည်းထိခိုက်နေသလို ကျားမလေးနှယ် ရန်စွယ်တငေါ်ငေါ်ဖြစ်နေသည်။ သူ့အပေါ်လည်း မထိတထိ ရိသဲ့သဲ့ ဆက်ဆံနေပါသည်။

ဒါကို သူ အတတ်နိုင်ဆုံး လိုက်လျောဆက်ဆံပေးနေချိန်မှာ အခြေအနေပိုဆိုးမယ့် အဖြစ်အပျက်မျိုး မဖြစ်စေလို။ ဦးဘရမ်ထွယ်အောင်ဟာ ပွင့်ဦးလှအပေါ် ရန်ပယ်နှင့် ပတ်သက်ပြီး ထောက်ချက်စစ်ချက်တွေ ရှိနေတာကိုလည်း ပွင့်ဦးလှပြောပြသမျှ အမေကတစ်ဆင့် သိပြီးဖြစ်ပါသည်။ ဒီအကြောင်းကြောင်းတွေကြောင့် ရန်ပယ်သည် နံဘေးမှာ ဦးဘရမ်ထွယ်အောင်လာထိုင်လိုက်သည့်အခါ စိတ်ကျဉ်းကျပ် ထူပူလာမိတာပင်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝထဲကနေ သူ့ရဲ့ငယ်ချစ်ဦးကို ဆွဲထုတ်သွားခဲ့တဲ့ ဝေးကွာစေခဲ့တဲ့ အကြမ်းဖက်သမားရယ်လို့လည်း နာကြည်းစိတ်က ပြန်ပေါ်လာတာမို့ လှည့်မကြည့်ဘဲ ရေခဲတုံးလို အေးစက်ငြိမ်သက်စွာသာ ထိုင်နေလိုက်သည်။

"ဒေါက်တာရန်ပယ်ပါနော်"

"........"

နှုတ်တောင်ဆက်လိုက်သေးပြန်သည်။ ရန်ပယ်က ဖြည်းညှင်းစွာ လှည့်ကြည့်လိုက်ပါသည်။ မကြားချင်ယောင်ဆောင်လို့မှမဖြစ်ဘဲ။

"ဒေါက်တာရန်ပယ်နော်၊ ကျွန်တော့်ကိုတော့ မသိဘူးထင်တယ်၊ ကျွန်တော် ဘရမ်ထွယ်အောင်ပါ။ ကျွန်တော့် မစ်စစ်က ပွင့်ဦးလှပါ"

ရန်ပယ်ထက်စာလျှင် နံဘေးက နုနယ်က ဆတ်ခနဲ တုန်လှုပ်သွားပါသည်။ ရန်ပယ်က တည်တည်ကြည်ကြည်နှင့်သာ ခေါင်းတစ်ချက်ဆတ်ရင်း...

"သြော်... ဟုတ်ကဲ့"

"Nice to meet you ဒေါက်တာ"

ဦးဘရမ်ထွယ်အောင်က ထိုင်လျက်မှပင် လက်တစ်ဖက်ကမ်းလာသည်။ ရန်ပယ်က သူ့လက်တစ်ဖက်ကို ပြန်ကမ်းလိုက်ရပါသည်။ ဒီလက်တွေ အေးစက်မနေပါစေနဲ့။





"ဟုတ်ကဲ့... တွေ့ရတာ ဝမ်းသာပါတယ်"

"ဟိုဘက်က ဒေါက်တာ့မစ်စစ်ထင်တယ်၊ ဘရမ်ထွယ်အောင်ပါခင်ဗျာ"

ဦးဘရမ်ထွယ်အောင်က နုနယ်ဘက် ကိုယ်ကိုင်းကာကြည့်၍ ခပ်ပြုံးပြုံး လှမ်းပြောလိုက်ပါသည်။ နုနယ်က နှုတ်ခမ်းတင်းတင်းစေ့ကာ ပြန်စိုက်ကြည့်နေရင်း ဘာစကားမှ တုံ့ပြန်မပြောပါ။ လောကဝတ်တို့ လူမှုရေးတို့ကိုလည်း စိတ်မပါလျှင် နားမလည်နိုင်ဆိုတဲ့ ရုပ်ပင်။

"တွေ့လိုက်လို့ လာနှုတ်ဆက်တာပါ၊ ဟိုးအရင်ကတည်းက ကျွန်တော်က သိပေမယ့် ဆုံတွေ့ဖြစ်ဖို့လည်း အခြေအနေ အကြိုးအကြောင်း မရှိဘူး မဟုတ်လား၊ ကြုံတုန်း ဒေါက်တာ့ကိုလည်း မေးချင်လို့ပါ၊ ကျွန်တော့် မစ်စစ်ရဲ့ကျန်းမာရေးအခြေအနေလေး"

"မပွင့်ဦးလှရဲ့ ကျန်းမာရေးအခြေအနေနဲ့ ပတ်သက်လို့ ကျွန်တော် ကောင်းကောင်းမသိပါဘူး ဦးဘရမ်ထွယ်အောင်၊ ပေလီမှာတုန်းက အရေးပေါ် အခြေအနေ ကြုံတော့ Emergency care လုပ်ပေးလိုက်ဖူးတာပဲ ရှိပါတယ်၊ နှလုံးအထူးကုသမားတော်နဲ့ ဆက်ပြဖို့တော့ သူ့ရဲ့ပါဒနယ်အစစ်စစ်တဲန့်ကို ပြောလိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်... ဒေါက်တာတို့ချင်းလည်း ရင်းနှီးကြတော့ ကျွန်တော်က နောက်ပိုင်းလည်း ဒေါက်တာနဲ့ ဆက်ဆွေးနွေးတိုင်ပင်ဖြစ်မယ် ထင်တာ"

"မတိုင်ပင်ဖြစ်ပါဘူး ဦးဘရန်ထွယ်အောင်၊ ကျွန်တော်ကလည်း အထွေထွေရောဂါကုတဲ့သူမို့ သူ့အတွက် တကယ်တမ်း ပိုသင့်တော်တာက နှလုံးအထူးကုပါ"

"ပွင့်ဦးက သူ့နှလုံးကုသမှုအတွက် ကျွန်တော်က SGH ကိုသွားဖို့ ခေါ်နေတာ မလိုက်ဘူး၊ စင်ကာပူထိသွားကုဖို့ မလိုဘူး၊ ဒီမှာပဲကုမယ်နဲ့ ခေါင်းမာနေတာလေ ဒေါက်တာ၊ အဲဒါကြောင့် ဒေါက်တာ့ရဲ့ Openion လည်း ကျွန်တော်က မေးကြည့်ချင်တာ၊ သူ့နှလုံးအတွက် သွေးကြောချဲ့ဖို့ စတန့်ဆိုလား ထည့်ရမယ်လို့တော့ သူပြောတာပဲ၊ အဲဒါ ဘယ်မှာလုပ်ရင် ကောင်းမယ် ထင်ပါလဲ"

"SGH မှာတော့ အစစအရာရာ ပိုပြည့်စုံပါတယ်၊ အဲဒီမှာကုသဖြစ်ရင်လည်း ကောင်းပါတယ်၊ ဒီမှာလည်း လုပ်တော့ လုပ်နိုင်နေတာပါပဲ"

"ကျေးဇူးပါပဲ ဒေါက်တာ၊ ဘာပဲဖြစ်ဖြစ် ပေလီတုန်းက ကျွန်တော့်ဇနီးကို အသက်ကယ် Emergency care လုပ်ပေးခဲ့တဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်၊ ဒီအတွက် ကျေးဇူးတင်ကြောင်း ဘာမှသေချာမပြောဖြစ်ခဲ့တဲ့ အတွက်လည်း ပျက်ကွက်မှု ဖြစ်ခဲ့ပါတယ်"





"ကျေးဇူးတင်ဖို့ မလိုအပ်ပါဘူး၊ ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်မျက်စိရှေ့ ရောဂါဝေဒနာ တစ်ခုခု ခံစားနေရရင်တော့ ဘယ်ဆရာဝန်မဆို ကူညီကယ်တင်ကြရမှာပါပဲ၊ ကျင့်ဝတ်ပါ ဦးဘရမ်ထွယ်အောင်"

"ဟုတ်ကဲ့... ကဲ... ဖြည်းဖြည်းထိုင်ပါဦး၊ ကျွန်တော့်နေရာကို ပြန်လိုက်ပါဦးမယ်"

"ဟုတ်ကဲ့"

အတည်ငြိမ်ဆုံး ဆက်ဆံလိုက်နိုင်တယ်လို့တော့ ရန်ပယ် ကိုယ့်ကိုယ်ကိုယ် ထင်ပါသည်။ ဖြစ်သင့်သော အနေအထား ပြောသင့်သောစကားတို့ ပြောလိုက်ရတယ်လို့လည်း ယူဆပါသည်။ ဦးဘရမ်ထွယ်အောင်ဟာ သူ့ဇနီးအသက်ကို စောင့်ရှောက်ထားဖူးလို့ ကြုံတုန်း ကျေးဇူးတင်စကား လာပြောရုံမဟုတ်မှန်းကိုတော့ ရန်ပယ် သိသလို နုနယ်လည်း သိမှာပင်။

ပြုံးနေတဲ့ နှုတ်ခမ်းများနှင့် မျက်ဝန်းမှေးအစ်အစ်တစ်စုံဟာ ရန်ပယ့်ကိုရော နုနယ်ကိုရော မိနစ်ပိုင်းအတွင်း တလှစ်လှစ် ထွင်းဖောက်အကဲခတ်သွားခဲ့တာကို ခံစားရသည်။ ဘယ်လိုပင်ဖြစ်စေ သူ မုန်းတီးတဲ့ ဒီလူကို အခုလို တိုးတက်လာတဲ့ ရလဒ်ကောင်းနှင့် ဆက်ဆံလိုက်နိုင်တာကို ရန်ပယ်ကျေနပ်ရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမဲ့ သူ့ရင်ထဲ ဘာကြောင့် အခါးမာတ်တစ်မျိုး ခါးသက်စိမ့်ပျံ့လာပါသနည်း။ အခုထက်ထိ ဒီလူကို ခါးအန်နေအောင် သူ နာကြည်းမုန်းတီးတုန်းပင်။ သေချာသည်။ သူ မုန်းတီးနေဆဲ။ သူ့အမုန်းအာဃာတရဲ့ အရောင်ဟာ ဘယ်လောက်တောင် တောက်ပထင်ရှားနေခဲ့ပါသလဲ သူမသိပါ။

“ကိုကြီး... ဒီအဘိုးကြီးကို ခုထိအတော်မုန်းနေသေးတာပဲ... ဟက် ဟက်”

အပြန်ကားပေါ်မှာ နုနယ်က ရယ်သွမ်းသွေးလိုက်တော့ သူစိတ်တိုသွားပါသည်။

“ဒီလူက မင်းအမြင်မှာ သဘောကျစရာပုံ ထွက်နေလို့လား နုနယ်၊ ခင်မင်ချင်စရာပုံရော ပေါက်နေလို့လား၊ ဟုတ်တယ်... ကိုယ်သဘောမကျဘူး၊ ပွင့်ဦးလှယောက်ျားမို့ ကိုယ်က သဘောမကျတာလို့ မင်းစွပ်စွဲမှာ စိုးရိမ်လို့ အတွက်နဲ့တော့ မကြိုက်တဲ့လူကို ကြိုက်ဟန်ဆောင်မပေးနိုင်ပါဘူး”

“ဒါလေးပြောတာ ဒီလောက်တောင် ကိုကြီး မခံချင်ပေါက်ကွဲတယ်ဆိုတော့ ကိုကြီးရင်ထဲက အာဃာတတွေ အမုန်းအငြိုးတွေက တော်တော်နက်ရှိုင်းခဲ့တာပဲနော်”

“နုနယ်...”





ရန်ပယ်က လမ်းဘေးတစ်နေရာမှာ ကားကိုထိုးရပ်လိုက်ပါသည်။

“ဒီကိစ္စနဲ့ပတ်သက်ပြီး ကိုယ် တော်တော်စိတ်ရှုပ်နေပြီ နုနယ်၊ နုနယ်ရဲ့စကားနာထိုးတာ ရိတာ ငေါ့တာတွေကို ကိုယ်ခံယူနေရတာလည်း စိတ်ပျက်နေပြီ၊ ဒါမျိုးတွေကို မလိုလားလို့ ပေလီမှာတုန်းက မသိပါဘူးလို့ ကိုယ်ဘူး ကွယ်ငြင်းခဲ့မိပါတယ်၊ ဟုတ်ပါတယ်... အဲဒါ ကိုယ်မှားတယ်...

ဒါပေမဲ့ ရည်ရွယ်ချက်ကို မင်း တစ်ချက်ပြန်တွေးကြည့်ပါဦး နုနယ်၊ ကိုယ် မဟုတ်တာလုပ်ချင်လို့ ညာတာလား၊ ကိုယ် သူ့ကို ဆုံကိုမဆုံချင်တာ ပတ်ကိုမပတ်သက်ချင်တာ၊ မင်းကို စိတ်ထိခိုက်စေမယ့် ရှေ့ဆက်အပတ်အသက် အဆက်အစပ် ဆိုတာမျိုးလည်း ဘယ်တော့မှ ရှိလာမှာ မဟုတ်ဘူး နုနယ်၊ ကိုယ်ယောက်ျားကောင်းပါ၊ လူကောင်းပါ၊ ဘယ်သူ့မျက်နှာမှ မထောက်ဘူး ဆိုရင်တောင် အရာအားလုံးထက် ကိုယ့်ဂုဏ်သိက္ခာကို ကိုယ်အမြဲထောက်မယ့် လူစားပါ...

မရိုးမသား ဖောက်ဖောက်ပြန်ပြန်ဆိုတဲ့ အခြေအနေမျိုးတွေ ကိုယ့်ဘက်မှာ ဘယ်တော့မှ ရှိလာမှာ မဟုတ်ဘူး၊ ကိုယ့်ဘက်မှာ မရှိဘူးဆိုလို့ သူ့ဘက်ကများ လိုက်ပတ်



www.burmeseclassic.com

www.burmeseclassic.com



သက်နေရင်ရော ဆိုတာမျိုးလည်း မင်း လုံးဝတွေးစရာ မလိုဘူး နုနယ်၊ ပွင့်ဦးလှဆိုတဲ့ မိန်းမက အင်မတန် စိတ်ပြတ်တဲ့ အသည်းမာတဲ့ မိန်းမစား၊ သူလိုချင်တဲ့ဘဝကို သူ ရအောင်ဆုံးဖြတ်ရယူသွားပြီးမှ ဘာမဟုတ်တဲ့ ကိုယ့်လိုလူကို လာပြန်ပတ်သက်နေမယ့် မိန်းမလည်း မဟုတ်ဘူး၊ ပွင့်ဦးလှက နောက်ပြန်လှည့်တတ်တဲ့ မိန်းမတစ်ယောက် မဟုတ်ဘူးဆိုတာ စိတ်ချထားလိုက်ပြီး မင်းရဲ့ စိုးရိမ်ပူပန်မှုတွေ မခံချင်မှုတွေကို ရပ်တန့်လိုက်ပါ နုနယ်၊ ကိုယ် တောင်းပန်ပါတယ်”

တည့်တည့်လှည့်ကြည့်ကာ စိတ်ရောလူပါ နင့်နင့်သီးသီး ထိထိခိုက်ခိုက် ပြောနေသော ရန်ပယ့်ကို နုနယ်က ငေးစိုက်နားထောင်နေရင်းက မပီပြင်သော အပြုံးကလေးနှင့် မျက်ရည်လည်လာလေသည်။

“သိပါတယ် ကိုကြီး”

“………”

“ကိုကြီး ကိုယ်ကျင့်တရားသိက္ခာကို နုနယ် ယုံကြည်ပြီးသားပါ၊ အခု နုနယ်က ကိုကြီးတို့ ဖောက်ပြန်သွားမှာစိုးလို့ သဝန်တိုနေတာ မဟုတ်ဘူး၊ ကိုကြီး ဘယ်တော့မှ နားလည်မှာလည်း မဟုတ်ပါဘူး၊ ကိုကြီး သိရဲ့လား၊ ဒီကိစ္စနဲ့ပတ်သက်ရင် ကိုကြီးရဲ့စကား၊ ကိုကြီးရဲ့လှုပ်ရှားမှု





ကိုကြီးရဲ့ဒေါသ မာန အတ္တတွေထဲမှာ ဟိုးတစ်ချိန်က သူ့ကို ကိုကြီး သိပ်ချစ်ခဲ့တယ်ဆိုတာ ပေါ်လွင်နေတုန်းပဲ၊ အမေလည်း တူတူပဲ၊ အမေနဲ့ကိုကြီး ဒေါ်ပွင့်ဦးလှကို ဘယ်လောက်ချစ်ခဲ့ဖူးတာ နုနယ်နှလုံးသားက အလိုလိုသိနေပါတယ်၊ အဲဒါကို မနာလိုဘူး၊ အဲဒါကို ဝမ်းနည်းတယ်၊ နှမြောတယ်၊ သူနဲ့ပတ်သက်ရင် ကိုယ့်ကိုယ်ကိုယ် ဘာမဟုတ်တဲ့လူလို့ ခုထိသတ်မှတ်ပြီး သူ့ပုံရိပ်ကို ဟိုးအမြင့်မှာ ကိုကြီးထားထားတယ်၊ ကိုကြီး သိပ်ကိုချစ်ခဲ့ပြီး ကျန်ရစ်ခဲ့ရတာကို ခုထိနာကျင်နေတုန်းပဲ…

နုနယ် ခုလို ဖြစ်နေတာကို ကိုယ့်ကိုယ်ကိုယ်လည်း အဓိပ္ပာယ်ရှိတယ်လို့ မယုံကြည်ပါဘူး၊ ခုလောလောဆယ် ဖြစ်တည်နေတာလည်း မဟုတ်တဲ့ လွန်လေပြီးသော တစ်ခါက အချစ်တစ်ခုကို အခုကိုယ်ရထားတဲ့ အချစ်တစ်ခုနဲ့ နုနယ် ယှဉ်ပြိုင်နေမိတာဟာ ကိုယ့်ဒုက္ခ ကိုယ်ရှာနေတာပဲ ဆိုတာလည်း နုနယ် နားမလည်လို့ မဟုတ်ဘူး၊ အဲဒီဝန်တိုမှုကို ဘယ်လိုမှ ထိန်းချုပ်နိုင်စွမ်း မရှိတာပါ…

သူ့ကို ကိုကြီး ခုချိန်မှာ မလိုချင် မလိုအပ်တော့ပေမယ့် သိပ်ကိုလိုချင်ခဲ့ လိုအပ်ခဲ့ဖူးတဲ့ ကာလတစ်ခု ရှိခဲ့တယ်လေ၊ နုနယ်ကို လက်ထပ်ခွင့်တောင်းတဲ့ အချိန်မှာ အဲဒီလောက် လိုအပ်တောင့်တမှုမျိုး မပါဝင်ခဲ့ဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



နုနယ် ခံစားလို့ရနေတယ်၊ ဒီခံစားချက်က လွယ်လွယ်နဲ့ ပျောက်ပျက်မှာလည်း မဟုတ်ဘူး ကိုကြီး၊ ခုချိန်မှာ နုနယ် ဆုတစ်ခု တောင်းလို့ရရင် ပေလီက အချိန်တစ်ခုကို ပြန်ရောက်လိုက်ချင်ပါတယ်၊ သူ့ကို မသိပါဘူးလို့ ကိုကြီး ငြင်းလိုက်တဲ့ အချိန်မှာ အားလုံးကို ရပ်ထားခဲ့ချင်တယ်"

နုနယ်ရဲ့ပါးပြင်ပေါ် မျက်ရည်ပေါက်လေးများ စီးလျောကျလာပါသည်။

✤ ✤ ✤





(၁၄)

လက်ထဲပါလာတဲ့ အိတ်တချို့ အထုပ်တချို့ကို ရန်ပယ်က ဒေါ်မေ့လက်ထဲ ကမ်းလိုက်ပါသည်။ ဒေါ်မေ့နောက်နားက ရပ်ကြိုနေတဲ့ နုနယ်ရဲ့ပခုံးလေးကို လှမ်းဖက်လိုက်ရင်း...

"ဒီနေ့ ဘယ်သွားသေးလဲ နုနယ်"

"ဟင့်အင်း... အိမ်မှာပဲ"

"ပျင်းနေမှာပေါ့၊ နုနယ်ဖို့ အခွေတွေတောင် ပါလာတယ်၊ ပါ့ထ်ဝမ်းက တပည့်လေးတစ်ယောက်က သူတို့အိမ်မှာ ကွာလတီကောင်းတဲ့ HD ခွေတွေ ရောင်းတဲ့ဆိုင်ရှိတာတဲ့၊ သူနဲ့မှာလိုက်တာလေ၊ ဇာတ်ကားကောင်းလေးတွေပါတယ်၊ ကြည့်ရအောင်နော်... နုနယ်"

"ဟုတ်..."

"ဒေါ်မေရေ... လူနာတွေ ကန်တော့လိုက်တာတွေ မုန့်ပုံးတွေရော အသီးတွေရော တွေ့တယ်၊ ချယ်ရီသီးတွေပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ရေချိုးပြီး ဘုရားတင်ဖို့ဖယ်ပြီးရင် နုနယ် စားရ
အောင် အခန်းထဲ ယူလာပေးနော်"

"ဟုတ်ကဲ့ ဆရာကြီး၊ ဒီမှာလည်း ပက်ကင်ထုပ်ဘူးလေး
တစ်ဘူး ဆရာကြီး၊ ဘာလေးလဲ မသိဘူး"

"ဩော်... အဲဒါလည်း လူနာရှင်တစ်ဦး လာပေးသွားတာ
ပဲပြောတယ်၊ ဆေးခန်းကကောင်တာမှာပဲ ထားခဲ့တာတဲ့
လက်ဆောင်ပစ္စည်း တစ်ခုခု ဖြစ်ပါလိမ့်မယ်၊ ပေး...
ပေး... ဘယ်သူပေးတာလဲ မသိဘူး"

ဒေါ်မေ့လက်ထဲက အနက်ရောင်ကြိုးဆွဲအိတ်အမာ
လေးကို ရန်ပယ်က လှမ်းယူခဲ့ကာ နှစ်ယောက်သား အိပ်ခန်းဆီ
လျှောက်လာခဲ့ပါသည်။ အခန်းထဲရောက်လျှင် ရန်ပယ်က အိတ်
လေးထဲက ဘူးမာမာလေး တစ်ခုကို ထုတ်ယူလိုက်ပါသည်။
အနက်နှင့် ရွှေရောင်စပ်ကာ ပြုလုပ်ထားသော နာရီဘူးလိုလှပ
သည့် ဘူးမာမာကလေးပေါ်မှာ ရွှေရောင်ဖဲကြိုးလေးနှင့် ကတ်
ပြားလေး ချိတ်ထားတာမို့ ဖတ်ကြည့်လိုက်လျှင်...

"To,

Mrs. Yan Pae.

Sincerely,

........"

"မစ်စစ်စ်ရန်ပယ် အတွက်တဲ့... ဘယ်သူလဲ မသိဘူး"





ဘူးလေးကိုကိုင်ရင်း နုနယ်ဘက် လှည့်ပြောလိုက်
လျှင် နုနယ်မျက်နှာလေးက တစ်မျိုးလေး ဖြစ်သွားရပါသည်။
ဗီရိုဖွင့်လက်စ ရန်ပယ်လဲဖို့ အင်္ကျီထုတ်ယူပေးဟန် ပြင်နေရာမှ
ဆက်မထုတ်ဘဲ နုနယ်က လှည့်လျှောက်လာသည်။

မစ်စစ်စ် ရန်ပယ်အတွက်...။

ဤအသုံးအနှုန်းက နုနယ်ရဲ့အာရုံကို တွန်းလှုပ်
အဖြေထုတ်လိုက်သလိုပင်။ ရန်ပယ့်လက်ထဲမှဘူးကို နုနယ်က
လှမ်းယူလိုက်ပါသည်။

"လူနာတစ်ယောက်ယောက်က ကိုယ့်အစား ကိုယ့်ဇနီးကို
လက်ဆောင်ပေးတာ ဖြစ်မှာပါ၊ ဘယ်သူလဲတော့ မပါဘူး"

"လူနာတစ်ယောက်ယောက်လို့ မထင်ပါဘူး"

"ဟင်..."

နုနယ်က ဘူးပေါ်က ရွှေရောင်ဖဲကြိုးကို ဖြေသည်။

"ဘာဖြစ်လို့လဲ၊ လူနာမဟုတ်ရင် ဘယ်သူဖြစ်မှာလဲ နုနယ်
ရဲ့"

"ကိုကြီးကို နုနယ် အမြဲပြောနေကျလေ၊ ကိုကြီးက ပညာ
တွေ သိပ်တော်တော့ ပတ်ဝန်းကျင်နဲ့ ဆက်သွယ်မှုအာရုံ
မှာ ညံ့ဖျင်းသွားတယ်ဆိုတာ"

နုနယ်သည် ပြုတ်သွားသော ရွှေရောင်ဖဲကြိုးကို
ခုတင်ပေါ်ပစ်တင်ကာ ဘူးကိုဖွင့်လိုက်ပါသည်။ ဘူးထဲမှာအဖွင်း



www.burmeseclassic.com

www.burmeseclassic.com



ဘက်က ရွှေရောင်ပိုးသားစနှင့် မွမ်းမံအလှဆင်ထားကာ အလယ်ဗဟိုတွင် ဝိုင်းစက်၍ အရည်ရွှဲစိမ်းမြနေသော ကျောက်စိမ်းလက်ကောက်တစ်ကွင်းက ခမ်းနားစွာ တည်ရှိနေပါသည်။

ရန်ပယ်က တန်ဖိုးကြီးပုံရတဲ့ပစ္စည်းကို အံ့အားတသင့် ငေးကြည့်နေမိဆဲ နနယ်က ဘူးအဖုံးရဲ့အတွင်းဘက်မှာရှိနေတဲ့ဂရမ်တီဆာတီဖီကိတ်ကတ်လေးကို ဖွင့်ကြည့်လိုက်ပါသည်။ ကတ်ပေါ်မှာတော့ ဟောင်ကောင်ကုမ္ပဏီတစ်ခုရဲ့တံဆိပ်၊ ကျောက်စိမ်းသားရဲ့တန်ဖိုးသတ်မှတ်ဆင့်၊ လက်ကောက်ရဲ့ကျသင့်တန်ဖိုးစသဖြင့် ရေးထားတဲ့ အင်္ဂလိပ်ဘာသာစာတွေကို တွေ့ရပါသည်။

Code = ------

Stone = Jadeite Jade

Stone quality = AAA

Carved by Blue Nile (Hong Kong)

5800 US.

"ဟား ဟား ဟား..."

နနယ်က သရော်တော်တော် ရယ်မောလိုက်ကာ ကျောက်စိမ်းလက်ကောက်လေးကိုမ,၍ အောက်ဘက်အခံမှာ ရေးထားတဲ့စာကို ဖတ်ကြည့်လိုက်ပါသည်။ မဖတ်ခင်ကတည်းက မှန်းနိုင်ပြီးသားပင်။ ဤမျှတန်ဖိုးကြီးတဲ့ ကျောက်စိမ်းကို အခြားဘယ်သူက နနယ်ကို လက်ဆောင်ပေးပါမည်နည်း။ ကျောက်စိမ်း





တွင်းသူဌေးဖြစ်တဲ့ ဦးဘရမ်ထွယ်အောင်ထံကအပြင် တခြားဘယ်သူရှိနိုင်မလဲ။ ဒီမှာတော့ ဒီလက်ကောက်ကို ဟောင်ကောင်ကုမ္ပဏီတစ်ခုက ကွင်းခတ်အချောကိုင်ထားပြီး ရောင်းတယ်ဆိုပေမယ့် မြန်မာပြည်ထဲက သူ့လုပ်ကွက်တွင်းက ထွက်သွားတဲ့ ကျောက်စိမ်းဖြစ်နိုင်တာပင်။ ဟောင်ကောင်က ကျောက်စိမ်းလက်ဝတ်ရတနာရောင်းတဲ့ ကုမ္ပဏီဟာ သူ့ရဲ့စီးပွားဖက် ဖြစ်နိုင်တာပင်။

"ကျောက်စိမ်းအစစ်လား နနယ်"

"ဟုတ်တယ်၊ ဘယ်လောက်တန်ဖိုးရှိလဲရာ သိလား ကိုကြီး၊ သိန်းခြောက်ဆယ်ကျော်တန်တယ်၊ ဘယ်သူပေးတာလဲရော သိလား၊ ကိုကြီးရဲ့ ဒေါ်ပွင့်ဦးလှနဲ့ ဦးဘရမ်ထွယ်အောင်က ပေးတာ"

"ဟာ"

"အဲဒါ ဘာလုပ်တာလဲ၊ အဲဒါ သက်သက်ကျောတာလေ ကိုကြီး၊ ရင့်တာ ကျောတာ ချေတာ၊ ဒီလောက်တန်ဖိုးကြီးတဲ့ပစ္စည်းတစ်ခုကို လက်ဆောင်ပေးရကမ်းရလောက်အောင် ဘာအကြောင်းမှမရှိဘူး၊ ဘာကျေးဇူးမှလဲမရှိဘူး၊ တမင်သက်သက်လုပ်တာ"

တုန်၍ ဆတ်၍ လှိုင်းခတ်နေသော နနယ်ရဲ့အသံကလေးကြောင့် ရန်ပယ့်မျက်နှာလည်း မှိုင်းအုံ့လာပါသည်။

"ပေး... ပေး... နနယ်၊ ဒါကို လက်ခံလို့မဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရန်ပယ် လှမ်းလိုက်သောလက်နှင့်ဝေးအောင် လက်ကောက်ကိုင်ထားတဲ့ သူ့လက်ကို နုနယ်က ရှောင်၍ရွှေ့ပစ်လိုက်ရင်း…

"ကိုကြီး ပြန်ပေးစရာ မလိုပါဘူး၊ ဒါကိုအကြောင်းပြုပြီး ကိုကြီးနဲ့ ဒေါ်ပွင့်ဦးလှလည်း ထပ်တွေ့စရာ မလိုပါဘူး၊ နုနယ်ဘာသာ ဖြေရှင်းမယ်"

"ကျွတ်… ပြီးရော… ပြီးရော၊ ပြန်ပေးမယ်ဆို ပြီးရော၊ ဒါပေမဲ့ ဒီအဖြစ်အပျက်ပေါ်မှာ အရမ်းဖိစီးခံစားမနေနဲ့တော့ နုနယ်၊ သူတို့အတွက်က ဘာမှမဖြစ်လောက်တဲ့ တန်ဖိုးမို့လို့ ဒါကို အမှတ်တမဲ့ ပေးလိုက်တာဖြစ်မှာပါ၊ ဟိုတစ်နေ့က မင်္ဂလာပွဲမှာ ဦးဘရမ်ထွယ်အောင် ပြောသွားတာပဲ၊ သူ့ဇနီးကို အသက်ကယ်ပေးတဲ့အတွက် ကျေးဇူးတင်တဲ့ လှူဘ်ဆောင်မျိုး ဖြစ်ပါလိမ့်မယ်၊ နစ်နစ်နာနာ တွေးမနေပါနဲ့"

"ဆရာဝန်တစ်ယောက်က လူနာတစ်ယောက်ကို ကြုံလို့ကြိုက်လို့ နာရီပိုင်းလောက် စောင့်ရှောက်ကုသမှုပေးတာကို သိန်းခြောက်ဆယ်ကျော်ဖိုး ကျေးဇူးတင်စရာလား၊ ဘာဖြစ်လို့ ကိုကြီးက လျှော့ပေါ့တွေးပေးနေရတာလဲ၊ နုနယ်က နစ်နစ်နာနာ တွေးနေတာမဟုတ်ဘူး၊ ကိုကြီးကသာ ဖြေဖြေလျှော့လျှော့ တွေးလွန်းနေတာ"





"နုနယ်ရယ်…"

ရန်ပယ်က ဘာမှဆက်မပြောတတ်တော့ဘဲ စိတ်ပျက်လက်ပျက်သာ ညည်းတွားလိုက်ပါသည်။ ဒီကိစ္စကြီးဟာ မပြီးနိုင်မစီးနိုင် ဘယ်လောက်ထိအောင်များ အရှည်ဆက်လက်ပြီး တအုံ့နွေးနွေး ဖြစ်နေဦးမှာပါလိမ့်။ ဘာကြောင့် မပြီးစီးနိုင်ရတာလဲ။ ဦးဘရမ်ထွယ်အောင် ဒီလက်ကောက်ကို ပို့ပေးလိုက်တာဟာ ဘာသဘောလဲ။ ဒါဟာ ပွင့်ဦးလှရဲ့အစီအမံ မဟုတ်လောက်ဘူးလို့တော့ ရန်ပယ် ယုံကြည်နေမိပေမယ့် ထုတ်တော့မပြောတော့ပါ။ တော်ကြာ ပွင့်ဦးလှကို အကောင်းမြင်ပြန်တယ်ဆိုတဲ့ စွပ်စွဲချက်ကို သူ လက်ခံနေရပါဦးမည်။

"သက်သက်မဲ့ကို အကျောတင်ကာ ရိုးရိုးသားသား သိပ်ကျေးဇူးတင်လို့ လက်ဆောင်ပေးချင်ရင် အိမ်တိုင်ရာရောက် လေးလေးစားစား လာပေးပေါ့၊ သိန်းခြောက်ဆယ်ကျော်တန်တဲ့ ပစ္စည်းကို ဆေးခန်းကောင်တာမှာ ပေးသွားတယ်၊ ဘယ်လောက် စီးပိုးထားသလဲ"

နုနယ်ရဲ့အသံဟာ ဆတ်ဆတ်ခါလို့ နေဆဲပင်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



ခြံဝင်းထဲကို အရှိန်နှင့် တရကြမ်းကွေ့ဝင်လာကာ သတ်သတ်မှတ်မှတ် ပါကင်ထိုးရမည့်နေရာထိ မရောက်သေးခင် မြက်ခင်းပြင်နှင့် အနီးစပ်ဆုံး လမ်းခုလတ်မှာ ရပ်တန့်လိုက်တဲ့ ကားကို အလန့်တကြား လှမ်းကြည့်ကာ ပွင့်ဦးလှက ရင်ဘတ်ပေါ် လက်ကလေးတစ်ဖက် ဖိတင်လိုက်ပါသည်။ လန့်လိုက်တာ။ ဘယ်သူများပါလိမ့်မလဲ။

အနားမှာ ကျော်လင်းနိုင်ရော ကိုဝဏ္ဏပါ ရှိနေကာ နှစ်ဦးစလုံးက ကားဆီခြေလှမ်းပြင် အကဲခတ်ကြသည်တွင်...

"ထားလိုက်... ထားလိုက်... ဘာမှမလုပ်နဲ့"

ဦးဘရမ်ထွယ်အောင်က ခပ်အေးအေး ဟန့်တားလိုက်၍ နှစ်ဦးလုံး ခြေလှမ်းရပ်သွားပါသည်။

ခုတလော ဦးဘရမ်ထွယ်အောင်က အိမ်မှာပဲ အနားယူနေကာ ပွင့်ဦးလှ အနားမှာပဲနေသည်။ ဒီနေ့အဖို့ ဖစ်တ်နက်စ်စင်တာဆီ ပွင့်ဦးလှ သွားမည်လုပ်တော့ ဦးဘရမ်ထွယ်အောင်က သူပါလိုက်ပါမည်ဆိုကာ ပါလာသည်။





တကယ်တမ်းတော့ ပွင့်ဦးလှအတွက် အိမ်သည် ပျော်စရာမကောင်း။ အထီးကျန်ဖို့သာ ကောင်းသည်ဖြစ်၍ အိမ်ခြံထဲကထွက်ကာ ဘယ်ကိုပဲသွားရရ လာရရ စိတ်လွတ်လပ်ကာ မွန်းကျပ်မှုတို့ ပြေလျော့သက်သာရသည်ပင်။ ဦးဘရမ်ထွယ်အောင် ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ထိုအိမ်ဟာ ပွင့်ဦးလှအတွက် အသက်ရှူမဝစရာ အပိတ်အလှောင် တစ်ခုလို့ ခံစားခဲ့ရသည်မှာ ကြာပါပြီ။ အိမ်ကနေ အပြင်ကိုထွက်စရာ အကြောင်းပြတစ်ရပ်ခိုင်လုံနေဖို့ရာအတွက်ပဲ ဒီဖစ်တ်နက်စ်စင်တာကို တည်ထောင်ဖွင့်လှစ်ခဲ့တာပင်။

ဒီနေရာကို နောက်ထပ်အိမ်တစ်လုံးလို နားခိုရာတစ်ခုလို ပွင့်ဦးလှ ရောက်လာတတ်ကာ ဦးဘရမ် အိမ်မှာမရှိဘဲ ခရီးသွားနေတဲ့အချိန်ဆိုလျှင် ဒီမှာတောင် ရက်ဆက်၍ ညအိပ်ချင်အိပ်နေလိုက်တတ်ပါသေးသည်။ ဒီအိမ်ထဲ တစ်ယောက်တည်း ဟိုဟိုဒီဒီ လှည့်ပတ်လျှောက်နေရတာကိုပင် အလကားနေစိတ်ချမ်းသာနေသည်။ ကိုယ့်ကိုယ်ကိုယ် အိမ်ထောင်သည်လို့ပင် မတွေးမိဘဲ မေ့လျော့ကာ တစ်ကိုယ်ရေ တစ်ကာယသမားလိုလို ဤအိမ်ထဲ၌ ခံစားရသည်။

ဒီကို ဦးဘရမ် လိုက်လာမည်ဆိုတော့ ပွင့်ဦးလှ မကြိုက်ပါ။ သို့ပေမယ့် ကန့်ကွက်ဆန့်ကျင်စကား မဆိုခဲ့ပါ။ ထိုပကတိကိုလည်း ခံနိုင်ရည်မရှိသည်ဖြစ်၍ ဦးဘရမ်နှင့် ဆက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



လျှင် အတတ်နိုင်ဆုံး အပြေလည်ဆုံး အနေအထားမျိုးနှင့် ဆက်ဆံသည်ချည်းပင်။ ဘယ်တော့မှ ဆန့်ကျင်ဘက် မပြုခဲ့သည်မှာ နှစ်ပေါင်းများစွာ ရှိခဲ့ပြီ။

ရန်ပယ့်ကို သစ်စိမ်းချိုး,ချိုးကာ ထားရစ်ခဲ့ပေမယ့် ကိုယ့်ဘက်အပိုင်းကဏ္ဍကို မေ့ထားလျှင် ဦးဘရမ်ရဲ့ ဖူးဖူးမှုတ် အချစ်ကို ခံရတဲ့ဘဝ၌ ပွင့်ဦးလှ ကျေနပ်နိုင်အောင် နေခဲ့သည်ပင်။ လက်ထပ်ခါစက သူမကို မိုးမမြင်လေမမြင် ချစ်လှတဲ့ ဦးဘရမ် ကြောင့် ချစ်နှစ်သက်သူနှင့် ကွေကွင်းရခြင်းဆင်းရဲကို ပွင့်ဦးလှ ခပ်ပါးပါးသာ ခံစားခဲ့ရတယ် ထင်ပါသည်။

ငယ်လည်း ငယ်သေးသည်။ ရွှေဘုံနတ်နန်းကို ခုန်တက်လိုက်ရတာလည်း ဖြစ်သေးသည်။ အရူးအမူး ချစ်မြတ်နိုးသည့် ခင်ပွန်းသည်ကိုလည်း ပိုင်ဆိုင်ထားသေးသည်။ ပြီးတော့ ပွင့်ဦးလှဟာ မိမိစိတ်နှင့် မိမိဘာသာ ဆုံးဖြတ်ပြီးသားကို နောင်တရလျက် နောက်ကြောင်းကို လွမ်းတသသ နောင်တရတတ်သည့် စိတ်နှလုံးမျိုးလည်း မရှိပါ။

ဦးဘရမ်ဟာ ကိုယ့်ကိုချစ်လှတဲ့ ခင်ပွန်းသည်။ သူ့ကိုချစ်သည်ဖြစ်စေ မချစ်သည်ဖြစ်စေ သူနှင့်ကိုယ်ဟာ တစ်ဘဝတည်း တစ်သားတည်း ဖြစ်သွားပြီဆိုတဲ့ ခံယူချက်နှင့် ကိုယ်ထားရမည့်စိတ်ကိုလည်း သိနားလည်သည်။ လေး,ငါးနှစ်ကိုတော့ ချမ်းချမ်းမြေ့မြေ့ ဖြတ်သန်းနိုင်ခဲ့ပါသည်။ အဲဒီရဲ့နောက်မှာတော့





ဦးဘရမ်ရဲ့ဖူးဖူးမှုတ် အလေးထားမှုတို့ကလည်း အနည်ထိုင်လာကာ ပွင့်ဦးလှကိုယ်တိုင်ကလည်း ဒီအပေါ် အသာယာလျော့လာတာ အမှန်။ အသစ်အဆန်းတို့သည် လေးငါးနှစ်ကြာတော့လည်း ရိုးသွားတော့သည်သာ။ ဘာမှမရှိခင်က စိန်တစ်ပွင့်ရလျှင်ပင် ပျော်ရွှင်ကျေနပ်ရသော်လည်း စိန်တွေ ရွှေတွေ ကျောက်သံပတ္တမြားတွေ Set လိုက်များစွာ ပိုင်ဆိုင်ရပြီးချိန်၌ ဘာကမှ အသစ်မဖြစ်တော့ပါ။

အဲဒီရဲ့နောက်ပိုင်း အိမ်ထောင်သက်ရှစ်နှစ်လောက်ရှိချိန်မှာ ဦးဘရမ်ရဲ့အိမ်ပြင်ပက ခြေလှမ်းအမှား ဇာတ်လမ်းကို ကြားသိရတဲ့အခါ ပွင့်ဦးလှ ခံစားချက်တို့က တစ်ခါပြန်လှုပ်ခတ်ရပြန်သည်။ ပေါက်ကွဲလိုက်ရတာ၊ နာကျင်လိုက်ရတာ၊ နာကြည်းလိုက်ရတာ။ သို့သော် ဒါတွေသည်လည်း အကြိမ်ကြိမ်ဖြစ်လာတော့ အသစ်မဟုတ်တော့ပြန်ပေ။ ခံနိုင်ရည်ရှိကာ အထိအခတ်ရယ်လို့ပင် မခံစားရတော့ပြန်ပေ။

ခုချိန်မှာတော့ ပွင့်ဦးလှသည် ကိုယ့်ကိုယ်ကိုယ် ဒီပရက်ရှင်ရနေသလား တွေးမိလောက်အောင်ပင် ဘဝ၌ ဘာကိုမှ မတုန်လှုပ် မခံစား မထူးခြားတော့ဘဲ လူဖြစ်နေရတာကိုပင် ငြီးငွေ့သလို ရိုးအီလာသည်မှာ ကြာပြီ။ လောကကြီးမှာ လိုချင်တာ မျှော်လင့်တာ အသစ်မရှိတော့တဲ့အခါ ဘဝဟာ နေချင်စရာအကြောင်းရှာဖို့ ခက်လှလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား"

ဦးဘရမ်ထွယ်အောင်က ခပ်တိုးတိုး ရယ်မောရင်း နံဘေးစားပွဲပေါ်က ဆတ်သားကင်တစ်ဖက်ကို တူနှင့်ညှပ်ယူစား လိုက်ပါသည်။ ဖစ်တ်နက်စ်စဲင်တာ တည်ရှိရာ ခြံဝင်းကြီးရဲ့မြက် ခင်းပြင်ပေါ်မှာ "ဥ"ပုံသဏ္ဌာန် ကြိမ်ခုံကြီးတွေနှင့် ထိုင်နေကြတဲ့ သူတို့ထံ ရဲရဲတင်းတင်း လျှောက်လာသူမှာ ကားပေါ်ကဆင်းလာတဲ့ ဖွေးနုနယ်ပင်။

ဖွေးနုနယ်ကိုမြင်သည်နှင့် ပွင့်ဦးလှ မျက်နှာကပျက် သွားရသည်။ ဒီမိန်းကလေးနှင့် ဆုံရတိုင်း စိတ်နောက်ကျိလှလွန်း၍ ဆုံကို မဆုံတွေ့ချင်ပေ။ သူ့ကိုတွေ့မြင်ရတာ ပင်ပန်းသည်။ ဘာလာလုပ်ပြန်ပါလိမ့်ဟု စိတ်အနှောင့်အယှက် ဖြစ်လွန်းရချိန်မှာ ဦးဘရမ်ထံက ရယ်သံကြောင့် ဦးဘရမ်ကို တအံ့တသြ လှည့်ကြည့် မိရင်း…

"သူနဲ့ ဦးဘရမ် ဘာကိစ္စရှိလို့လဲဟင်"

"ဘာမှမရှိပါဘူးလေ၊ ကိုယ်က မင်းဆီ ရန်ပယ်ရောက်လာ လိမ့်မယ် ထင်တာ၊ ခုတော့ သူ ရောက်လာတာကိုး၊ အာဂ ပဲ"

"ဟင်…၊ ဦးဘရမ်… ဘာ… ဘာများ…"

"ဟား ဟား ဟား…၊ ကိုယ် သူ့ကို လက်ဆောင်လေး တစ်ခု ပေးတာပါ ပွင့်ဦးရယ်၊ မင်းအသက်ကို ရန်ပယ်က





အရေးပေါ်စောင့်ရှောက်ထားတယ် မဟုတ်လား၊ ဒီအတွက် ကျေးဇူးဆပ်သင့်တယ်လေ၊ ကောင်မလေးက မာနရှိတာ ကိုး… ဟဲ ဟဲ"

ဦးဘရမ်ထွယ်အောင် စကားမဆုံးခင်ပင် နုနယ်က အနားနားရောက်လာကာ စကားတွေကိုလည်း တစွန်းတစ်စကြား လိုက်ရပါသည်။ နုနယ်ကို ပွင့်ဦးလှက စိတ်ရှုပ်ရှုပ်နှင့်ကြည့်ရင်း…

"ထိုင်ပါဦး ဖွေးနုနယ်"

"မထိုင်တော့ပါဘူး ဒေါ်ပွင့်ဦးလှ၊ သတ္တဝါနဲ့ လက်နက်နဲ့ မမျှ မအပ်မစပ်ဖြစ်နေတဲ့ ပစ္စည်းကို လာပြန်ပေးတာသက် သက်ပါ"

နုနယ်က သူတို့ရှေ့က စားပွဲပေါ်ကို ဘူးထည့်ထား တဲ့ ဆွဲအိတ်လေး ချပေးလိုက်ရင်း မျက်နှာထား ခပ်တင်းတင်းနှင့် ပင်…

"ဆရာဝန်တစ်ယောက်ဆိုတာ သွားရင်းလာရင်း မျက်စိ ရှေ့မှောက် ကျန်းမာရေးစိုးရိမ်ရတဲ့ အခြေအနေနဲ့ လူနာ တစ်ယောက်ကိုဆုံရင် သူဌေးကတော်မှ ဆင်းရဲသားမှ ငယ်ချစ်ဟောင်းမှ ရန်သူမှ ခွဲခြားမနေပါဘူး၊ ခရီးသွားဟန် လွှဲ စောင့်ရှောက်ကယ်တင်မှာချည်းပါပဲ၊ ဒါကြောင့် သိန်း ချောက်ဆယ်ကျော် လက်ဆောင်မျိုး လက်မခံနိုင်ပါဘူး ဒေါ်ပွင့်ဦးလှ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကိစ္စ..."

"ဒီမှာ မစ်စစ်စ်ရန်ပယ်"

ဦးဘရမ်က ပွင့်ဦးစကားကို လက်ကာ၍ ဖြတ်လိုက်ပါသည်။

"ကျေးဇူးသိတတ်သူဆိုရင် ကိုယ့်ကို ကျေးဇူးပြုထားဖူးသူကို ကျေးဇူးဆပ်ဖို့ အသိတရားရှိကြမှာချည်းပါပဲဗျာ၊ ဒါ မင်္ဂလာရှိတဲ့ မြန်မာမလေ့ မဟုတ်ဘူးလား၊ ကျွန်တော့် မိန်းမရဲ့အသက်ဆိုတာ ကျွန်တော် ဘယ်လိုလုပ် တန်ဖိုးဖြတ်လို့ ရမလဲ မစ်စစ်စ်ရန်ပယ်၊ ဒီ Jade bracelet က သိန်းခြောက်ဆယ်ကျော်ပဲ တန်ပါတယ်၊ Just ဒါဟာ ပစ္စည်းတစ်ခုပါပဲ၊ ဂါရဝလက်ဆောင်အနေနဲ့ ပေးတဲ့အခါ ကျွန်တော် ဘယ်သူ့ကိုမှ အပေါ်စား မပေးတတ်ဘူးဗျ၊ ခင်ဗျားတို့ကိုမှ အထူးတလည် မဟုတ်ပါဘူးဗျာ၊ ဘယ်သူမဆို လက်ဆောင်အဖြစ် အထိမ်းအမှတ် တစ်ခုခုအတွက် တစ်စုံတစ်ခုပေးရင် ဒီလိုပစ္စည်းပဲ ကျွန်တော်ပေးနေကျပါ"

"အဟင်း ဟင်း... ဦးဘရမ်ထွယ်အောင်တို့က သိပ်ချမ်းသာကြွယ်ဝနေလို့ သိန်းခြောက်ဆယ်တန်လက်ဆောင်က ဘာမှမဟုတ်ပေမယ့် ကျွန်မတို့ကလည်း မလျော့ကျမပတ် ဖြစ်နေတဲ့ အင်အားပြလက်ဆောင်မျိုးကို ထိုက်သင့်တဲ့ ကိုယ့်ဘက်က ပေးဆပ်စိုက်ထုတ်မှု ဘာမှလုပ်မထားဘဲနဲ့ ဝမ်း





သာအားရ လက်သင့်ခံရလောက်အောင် မရှားပါးသေးလို့ပါ ဦးဘရမ်ထွယ်အောင်၊ လက်မခံနိုင်တာ ဆောရီးပါ၊ ရိုင်းတယ် မမှတ်ပါနဲ့၊ ကျွန်မကို ခွင့်ပြုပါဦး"

"မစ်စစ်စ်ရန်ပယ်"

လှည့်ထွက်လိုက်တဲ့ နုနယ်က ခေါ်သံကြောင့် တစ်ချက်လှည့်ကြည့်လိုက်ချိန်မှာ ဦးဘရမ်ထွယ်အောင်က ထိုင်ရာမှ ထရပ်လိုက်ပါသည်။ သူ ထရပ်တော့ ပွင့်ဦးလှကပါ ယောင်ကန်းကန်း ထရပ်လိုက်ပါသည်။

ဦးဘရမ်ထွယ်အောင်က လက်နှစ်ဖက် ပိုက်ကာ မျက်နှာက ပြုံးပြုံးကြီး...။

"ကျွန်တော်က ကျေးဇူးတရားကို သိတတ်လို့ ခင်ဗျားတို့ လင်မယားရဲ့ အထင်လွဲမှုကို ခံရတယ် ဆိုရင်တော့ စိတ်မကောင်းစရာပါ၊ ဒေါက်တာရန်ပယ်ကိုတော့ ကျွန်တော် တစ်ခုတော့ ပြောချင်ပါတယ်၊ တိုက်ရိုက်မပြောတော့ပါဘူး၊ ခင်ဗျားကပဲ ပြောပေးပါ၊ ကျေးဇူးတရားဆိုတာ သိတတ်ရတယ်၊ သိပြီးတဲ့နောက် ပြန်မဆပ်ဖြစ်ရင်တောင် ကျေးဇူးတော့ မကန်းနဲ့လို့၊ ဒါလေးတော့ ပြောလိုက်ပါ"

"ဦးဘရမ်..."

ပွင့်ဦးလှအသံက ခပ်ဆတ်ဆတ်နှင့် တုန်ယင်စွာ ထွက်ပေါ်လာသည်။ နုနယ်သည် ဦးဘရမ်ထွယ်အောင် စကား



www.burmeseclassic.com

www.burmeseclassic.com



တွေကို လုံးစေ့ပတ်စေ့ နားမလည်လိုက်သော်လည်း ပွင့်ဦးလှရဲ့ မျက်နှာပျက်ပျက်ကြောင့်တော့ စိတ်ထဲထင့်ခနဲနှင့်ပင် လှည့်ထွက်လာခဲ့ပါသည်။

✤ ✤ ✤





(၁၅)

"ကိုယ်ကဒီလူဆီက ကျေးဇူးတစ်ခုခု အကြွေးတင်နေလိမ့်မယ်လို့ မင်း ထင်နေတာလား နုနယ်"

ရန်ပယ့်အသံက ဒေါသနှင့် မာကျောနေပါသည်။

"သူက ဒီသဘော ပြောလိုက်တာပဲလေ ကိုကြီး"

"သူပြောတဲ့စကားကို နားလည်းမလည်ဘူး၊ ကိုယ်တိုင်ကြားတာ မဟုတ်တဲ့အတွက် ဘာမှလဲ ထင်မြင်ယူဆချက်မပေးတတ်ဘူး၊ သေချာတာက ဒီလူ့ဆီက ကိုယ် ဘယ်လိုကူညီစောင့်ရှောက်မှုမျိုးမှ မရယူခဲ့ဘူးတာပဲ၊ နေပါဦး နုနယ်၊ မင်းက ကိုယ်ပြောတာကို ယုံမှာလား၊ သူပြောတာကို ယုံမှာလား"

နုနယ်သည် ရန်ပယ့်ကို စူးစူးကြီး ကြည့်နေရာမှ မျက်ရည်တွေ တလိမ့်လိမ့်ကျကာ တရှိုက်ရှိုက် ငိုလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ဘာဖြစ်လို့ ငိုရပြန်တာလဲ နုနယ်"

"နုနယ်... နုနယ် အရမ်းစိတ်ညစ်လာပြီ သိလား၊ တကယ်ဆို နုနယ်တို့ အိမ်ထောင်သက်လေးက သုံးလမပြည့်တပြည့် ရှိပါသေးတယ်၊ အိမ်ထောင်ဦးလေးပဲ ရှိပါသေးတယ်၊ စကားအခြေအတင်ပြောရတာ တစ်ယောက်ကို တစ်ယောက် ဒေါသထွက်ရတာတွေ ဘယ်နှကြိမ်တောင် ရှိနေပြီလဲ၊ ဒီကိစ္စနဲ့ချည်းပဲ ပြဿနာဖြစ်နေရတယ်၊ ဒီကိစ္စနဲ့ ပတ်သက်ရင် ကိုကြီးက နုနယ်ကို အမြဲဒေါသထွက်တယ်"

"ဒီကိစ္စနဲ့ ပတ်သက်ပြီး မင်းရော ကိုယ့်ကို ရန်လိုခဲ့တာ စကားနာထိုးခဲ့တာ ပေါက်ကွဲခဲ့တာ ဒေါသဖြစ်တာတွေ မဖြစ်ခဲ့ဘူးလား"

"ဟုတ်တယ် ဖြစ်ခဲ့တယ်၊ အဲလိုဖြစ်နေကြရတာကို အရမ်းခါးသီးနေပြီ၊ မခံစားနိုင်တော့ဘူး၊ ပင်ပန်းနေပြီ မောနေပြီ"

"ကိုယ်လည်း ဒီတိုင်းပဲလေ၊ ခု ပစ္စုပ္ပန်အခြေအနေမှာ လောလောဆယ်မှာ ကိုယ်လည်း ဘာမှလုပ်မနေဘဲနဲ့ နေ့စဉ်ရက်ဆက် ဖြေရှင်းနေရတာ ကိုယ်လည်းပင်ပန်းနေပြီ နုနယ်"

"အဲဒါတွေ ဘာဖြစ်လို့ ဖြစ်နေရတာလဲ၊ နုနယ်တို့လင်မယား ကြားထဲမှာမှ ဒီကိစ္စတွေ ဘာလို့ အကြိမ်ကြိမ် ထပ်ခါထပ်ခါ လာဖြစ်နေရတာလဲ"





နုနယ်က ပေါက်ပေါက်ကွဲကွဲ အော်ဟစ်လိုက်ပါသည်။ ရန်ပယ်က နာနာကျင်ကျင် စိတ်ပျက်လက်ပျက် ပြုံးလိုက်ရင်း...

"အဲဒါ ဘာမှမရှိတဲ့ ပြဿနာတစ်ခုကို မင်း အစဆွဲထုတ်ပြီး ရှုပ်ထွေးအောင် လုပ်ခဲ့လို့ပဲ နုနယ်"

"ဘာ... နုနယ် အပြစ်ပေါ့"

"မင်းကို ကိုကြီး အပြစ်မတင်ပါဘူး၊ ဒါ့ပေမဲ့ မင်းအစတွေလျှောက်ဆွဲထုတ်လို့ ဒါတွေ ဆက်တိုက်ဖြစ်ခဲ့ရတာပဲ၊ တစ်ခါတလေမှာ တချို့သောကိစ္စတွေဟာ ကိုယ့်စိတ်ကို အနှောင့်အယှက် ဖြစ်စေသော်လည်း လျစ်လျူရှုဥပေက္ခာပြုပြီး နေလိုက်သင့်တာမျိုးရှိတယ်...

ကိုယ့်အတွက် ကောင်းသောခံစားချက် မဖြစ်စေသော်လည်း ဒါလေးကို ဆုပ်ကိုင်ပြီး ပုံကြီးမချဲ့သင့်တာတွေရှိတယ်၊ မျိုသိပ်လိုက်သင့်တာတွေ ရှိတယ် နုနယ်၊ အခုကိစ္စမှာ ကိုယ်နဲ့ ပွင့်ဦးလှ တစ်ချိန်က ပတ်သက်ခဲ့ဖူးတာဟာ ဘယ်လိုမှ ပြုပြင်လို့ရတော့တဲ့ အတိတ်မဟုတ်ဘူး၊ မင်းကို စိတ်ချမ်းသာစေချင်လွန်းလို့ ဒီနောက်ကြောင်းကို ပြန်ပြင်ဖို့ ကိုယ် သေအောင်ကြိုးစားလည်းပဲ ဘယ်လိုမှ ပြင်မပေးနိုင်တော့ဘူး နုနယ်...



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ကိုယ်တကယ်ချစ်လို့ မြတ်နိုးလို့ လက်ထပ်ခဲ့တာပါ၊ ဒါပေမဲ့ ပွင့်ဦးလှကို တစ်ချိန်တုန်းက ဘာဖြစ်လို့ သိပ်ချစ်ခဲ့ရသလဲလို့ မင်း နာကျင်ခံစားနေတော့ရော ကိုယ် ဘာလုပ်ပေးလို့ရသလဲ၊ ဟိုတုန်းကဟာ ဟိုတုန်းက အခုဟာက အခုလေ၊ အဲဒီ ဟိုတုန်းကဆိုတဲ့ နောက်ကြောင်းအဖြစ်အပျက်တွေကို ဖျက်ပစ်လို့သာရစတမ်းဆိုရင် မင်းနဲ့မတွေ့ဖူးကတည်းက ကိုယ့်ခံစားချက်အတွက် ကိုယ်ဖျက်ပစ်ခဲ့တာကြာပြီပေါ့ နုနယ်၊ ရှုံးနိမ့်ခဲ့တာ လဲပြိုခဲ့တာ နာကျင်ခဲ့တာတွေကို ဘယ်သူက တသသ စမြုံ့ပြန်နေချင်မှာလဲ၊ ဒီဒဏ်ရာတွေ နာကျင်မှုတွေကို ကိုယ်ကကော အသက်ထက်ဆုံး ပွေ့ပိုက်နေချင်ပါ့မလား၊ ဒါပေမဲ့ သူ့အလိုလိုဖြစ်နေတယ်...

ဟုတ်တယ်... ဝန်ခံတယ်၊ မင်းကျေနပ်အောင်ပြောမယ်၊ ကိုယ် ပွင့်ဦးလှကို အချစ်ကြီးလို့ အမျက်ကြီးခဲ့တယ်ကဲ... အဲသလို ကြားရတော့ မင်း ပျော်လား"

"ကိုကြီး..."

နုနယ်က ကလေးလို တအီးအီး အော်ငိုချလိုက်ပါသည်။

"မင်းအတွက် စိတ်ချမ်းသာစရာ ပျော်ရွှင်စရာ မဟုတ်တဲ့ ဝန်ခံချက်တစ်ခုကို မင်း ဘာကြောင့် အတင်းတူးဆွနေခဲ့တာလဲ၊ မင်းကိုယ်မင်း ဒုက္ခပေးနေခဲ့တာ မဟုတ်ဘူးလား၊ မင်း ဘာဖြစ်ချင်နေတာလဲ နုနယ်ရယ်၊ အဲဒီ တစိမ့်စိမ့်ဝန်တိုနာကျင်မှုလေးကို သာယာနေတာလား၊ မင်းအတွက် အကျိုးရလဒ် ဘာများရှိတာမို့လို့လဲ...

အခုတော့ တစ်ဆင့်ပြီးတစ်ဆင့် တစ်ရစ်ပြီးတစ်ရစ်နဲ့ ပြဿနာတွေက တဖြည်းဖြည်း အရှိန်ရလာတယ်၊ အရှိန်တက်လာတယ်၊ တကယ်တော့ အခု အဖြစ်အပျက်တွေဟာ ရှိကိုရှိမနေရမယ့်အရာ၊ ပေလီက ပြန်လာပြီး လေဆိပ်မှာ လေယာဉ်ပေါ်က ဆင်းလိုက်တဲ့အချိန်ကတည်းက ပြီးဆုံးသွားရမယ့်ကိစ္စတွေ၊ အခုထိ လနဲ့ချီပြီး မင်းဆုပ်ကိုင်ထားတယ်၊ လွှတ်ချလိုက်ပါတော့၊ လွှတ်ချပစ်လိုက်သင့်နေပါပြီ နုနယ်...

အခုလည်းပဲ ဦးဘရမ်ထွယ်အောင် ဘာပဲပြောလိုက်ပါစေ၊ ဘာသဘောနဲ့ ပြောလိုက်ပါစေ၊ မင်း ဒါတွေကို မေ့လိုက်ပါတော့၊ ကိုယ်သူ့ဆီက ဘာအကူအညီ အစောင့်အရှောက်မှ မယူခဲ့ဖူးပါဘူးဆိုတဲ့ စကားကို ယုံစားပေးပြီးတော့ အားလုံး အဆုံးသတ်လိုက်ပါတော့၊ ကိုယ့်ကိုဆက်ပြီး စစ်ဆေးမေးမြန်းမနေတော့ဘဲ ခေါင်းထဲက အပြီးထုတ်ပစ်လိုက်ပါတော့"

နုနယ်ရဲ့ရှိုက်သံက ခပ်တိုးတိုး ထွက်ပေါ်နေဆဲပင်။ ငေးငေးငိုင်ငိုင်ကလေးနှင့် စိုက်မိစိုက်ရာ စိုက်ကြည့်နေသည်။






www.burmeseclassic.com

www.burmeseclassic.com



ဦးဘရမ်ထွယ်အောင် ဘာအဓိပ္ပာယ်နှင့် ပြောသလဲ သိချင်နေခဲ့ပြန်တာပါ။ မတင်မကျမှုတိုင်းကို အဖြေတစ်ခုရအောင် သူမ,ထုတ်ချင်မိသည်။ ရှင်းရှင်းသိချင်မိသည်။ သိရတဲ့အတွက် မသိရတဲ့အတွက် လက်ခံရမည့် အကျိုးအပြစ်ကိုလည်း တွေးမနေမိပါ။

ကိုကြီးပြောတာ ဟုတ်ပါတယ်လေ။ တကယ်တော့တချို့သောအရာတွေဟာ သိခွင့်မရတာကမှ ပိုကောင်းသေးတာပါ။ နေရာတကာ အရာရာကို သိနေရခြင်းဟာလည်း အခါခပ်သိမ်း စိတ်ချမ်းသာမှုကို ပေးစွမ်းနိုင်တာမှ မဟုတ်ဘဲ။

အခုကြည့်လေ။

ပွင့်ဦးလှကို အချစ်ကြီးလို့ အမျက်ကြီးခဲ့တယ်တဲ့။ အချစ်ကြီးခဲ့တယ်တဲ့။ သူ အချစ်ကြီး ချစ်ခဲ့သတဲ့။ နုနယ်ပါးပြင်ပေါ် မျက်ရည်ဥကလေးတွေက တလိမ့်လိမ့် စီးသွယ်ကျလာရပြန်သည်။ အဲဒီစကား မကြားလိုက်မိခဲ့ရင် ကောင်းမှာ။ မပြောဘဲနေပါတော့လား ကိုကြီးရယ်။

"တူတူ... တူတူ..."

ရန်ပယ်က မြည်လာတဲ့ဖုန်းကိုကိုင်ကာ အခန်းပြင်ထွက်သွားပြီး ဖုန်းပြောနေပါသည်။ ကိုကြီးရဲ့အသံသဲ့သဲ့ကို နုနယ်ကြားနေရသည်။ သိပ်မဝေးလှတဲ့ နေရာပေမယ့် ကိုကြီးက ခပ်အုပ်အုပ် ပြောနေသလိုမို့ လုံးစေ့ပတ်စေ့ မကြားရ။ နားစွင့်သော်လည်း မသဲမကွဲ သဲ့သဲ့သာ စကားလုံးတွေ ရောထွေးနေသည်။





ကဲ... မိနုနယ်။ ညည်းဘာကြောင့် သိချင်နေပြန်ပါသလဲ။

ရန်ပယ်က အခန်းထဲ ပြန်ဝင်လာပါသည်။ ဟိုဘက်ဒီဘက် နှစ်ခါလောက် အပြန်အလှန် လျှောက်နေပြီးလျှင် ဆတ်ခနဲ နုနယ်ဘက်လှည့်လိုက်ကာ...

"ကဲ... ကိုယ်လည်း အခုကစပြီး ပွင့်ပွင့်လင်းလင်းပဲပြောမယ်"

"........"

နုနယ်က ရန်ပယ့်ကို ဇဝေဇဝါလေး လှမ်းကြည့်မိသည်။

"ပွင့်ဦးလှရဲ့အစ်ကို ကိုကိုဇော် ဖုန်းဆက်တာ"

"ဟင်..."

"သူတို့ကြီးတော် ကိုယ့်ကျေးဇူးရှင် ဆရာမကြီးရှိတယ်၊ သူက ကိုယ့်ကို တွေ့ချင်တယ်လို့ ပြောတယ်၊ ဒီတစ်ရက်နှစ်ရက်အတွင်း အားတဲ့နေ့ လာပါဦးတဲ့။ ဘယ်လိုနည်းနဲ့ဖြစ်ပါစေ ဆရာမကြီးကို ကိုယ်သွားတွေ့ကို တွေ့ရမယ် နုနယ်၊ အဲဒီအိမ်မှာ ဆရာမကြီးနဲ့ ကိုကိုဇော်ပဲ နေတာ၊ ပွင့်ဦးလှ မနေဘူး။ သူနဲ့ တွေ့စရာအကြောင်းလည်းမရှိဘူး၊ ဒါပေမဲ့ ပွင့်ဦးလှ ငယ်ငယ်က နေခဲ့တဲ့အိမ်၊ သူနဲ့ပတ်သက်တဲ့ အိမ်တစ်အိမ်ကို ကိုယ်သွားမှာဖြစ်တဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



မင်းစိတ်ထဲမှာ ထင့်နေမယ်ဆိုရင် မင်းလိုက်ချင် လိုက်ခဲ့နိုင်ပါတယ် နနယ်"

နနယ်က ငေးငေးလေးနှင့်ပင် ခေါင်းကိုယမ်းလိုက်ပါသည်။

"ဟင့်အင်း... နနယ် မလိုက်ဘူး"

✤ ✤ ✤





ဝါ့ဒ်( ... ... )ရဲ့ အပြင်ဘက်မှပတ်ကာ အထူးကြပ်မတ်ကုသဆောင် ICU ဘက်သို့ ရန်ပယ်က လျှောက်လာခဲ့ပါသည်။ ဒီဝါ့ဒ်အပိုင် ဆရာဝန်ကြီးဟာ သူ့ထက်စီနီယာဖြစ်သူဖြစ်ပေမယ့် ပုဂ္ဂိုလ်ရေးအရ သူနှင့်ရင်းနှီးခင်မင်မှု အထိုက်အလျှောက်ရှိပါသည်။ သို့သော် ရန်ပယ်က သူ့ထံဆက်သွယ်မနေတော့ပါ။ တကယ်တော့လည်း ရန်ပယ်ဟာ ဒီ ICU ကို ဆရာဝန်ကြီးတစ်ဦးအနေနှင့် ရောက်လာတာ မဟုတ်ပေ။ လူနာတစ်ဦးကို အခြေအနေကြည့်ဖို့ သတင်းမေးပုံစံနှင့် ရောက်လာတာ သက်သက်သာဖြစ်၍ သူ့ကြောင့် အလုပ်မပိုစေလိုတော့တာပင်။

ဒီဝါ့ဒ်နှင့် ရန်ပယ် မစိမ်းပါ။ နှစ်ပေါင်းရှည်ကြာ ဒီဝါ့ဒ်ထဲမှာ တာဝန်ကျခဲ့တဲ့ မေထရွန်ကြီးတွေ စစ်စတာတွေနှင့် ရန်ပယ် ရင်းနှီးပါသည်။ သိပ်မရင်းနှီးသော်လည်း ရန်ပယ့်ကို ဆရာဝန်ကြီးတစ်ယောက်အဖြစ် သိထားသော သူနာပြုတချို့လည်း ရှိနေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်လျှောက်သွားရင်းကပင် လုံချည်ပြာဝတ် သူနာပြုတစ်ဦးက သူ့ကို ခေါင်းလေးညွှတ်၍ နှုတ်ဆက်လိုက်ကာ တအံ့တသြနှင့် ...

"ဆရာကြီး... ဒီဘက်ကို လာလည်တာလားရှင့်"

"ဪ... ကျွန်တော် ICU ထဲထားတဲ့ လူနာတစ်ယောက်ကိုကြည့်ချင်လို့ပါ"

"ဟုတ်လား ဆရာကြီး၊ ဘယ်သူလဲဟင်၊ ဒီထဲမှာ နှစ်ယောက်ရှိတယ်"

"ဦးတင်ထွဋ်ပါ"

"ဪ... ဆရာကြီးအသိမိတ်ဆွေ ထင်တယ်"

"ဟုတ်ကဲ့"

"လာပါ ဆရာကြီး၊ ဆာရီးဆစ်စ်လူနာ ဆရာကြီး၊ very bad condition ပါ၊ နယ်ကလာတာ ဆရာကြီးရဲ့ တောင်သာဘက်က လူနာပါ၊ သူတို့အဆင်ပြေသလို နယ်ဘက်မှာပဲ ကုသနေတာပေါ့လေ၊ မိတ္ထီလာမှာတော့ ဆေးရုံတစ်ကြိမ် တက်ဖူးတယ်၊ အခုမှ သူတို့အမျိုးတွေထဲက အတင်းရန်ကုန်ခေါ်လာ ဆေးရုံတင်ပေးလိုက်တာပါ၊ ရောက်လာကတည်းကတော့ အခြေအနေကမကောင်းပါဘူး၊ ခရီးပန်းလိုက်တာလည်းပါမယ်၊ ဆေးရုံရောက်တာ ဒီနေ့က စတုတ္ထနေ့ပါ၊ မနေ့ကစပြီး အခြေအနေက တော်တော်မကောင်းပါဘူး"





စကားတပြောပြောနှင့် ရှေ့ကဦးဆောင်သွားသော သူနာပြုဆရာမရဲ့နောက်က လိုက်လာရင်း အထူးကြပ်မတ်ကုသဆောင်ထဲဝင်လာခဲ့ပါသည်။ တံခါးဝမှာပင် ဖိနပ်ချွတ်လဲ၊ ပိုးသတ်ထားတဲ့ ဝတ်ရုံရှည်၊ ခေါင်းဆောင်း၊ နှာခေါင်းစည်းတို့ကိုပါ လူနာကြည့်ဖို့အတွက် ထပ်၍ဝတ်ဆင်လိုက်ရပြီးသော် ဆရာမ ညွှန်ပြတဲ့ လူနာရဲ့ခုတင်နံဘေး သူ ရောက်လာပါသည်။

ခုတင်ပေါ်က လူနာကို မြင်မြင်ချင်း လုပ်သက်ရဆရာဝန်တစ်ယောက်ရဲ့ မျက်စိအမြင်နှင့်ပင် ဘယ်လိုမှ မရလောက်တော့တဲ့ လူနာဆိုတာ ရန်ပယ် တန်း၍ခန့်မှန်းနိုင်ပါသည်။ အရိုးပေါ်အရေတင်နီးပါးနှင့် ဗိုက်တစ်ခုတည်း ကွက်ဖောင်းနေကာ အသားရောင်က ဝါမွဲမွဲဖြစ်နေပြီ။ တွင်းလို ဟောက်ပက်ချိုင့်ကျနေသော မျက်လုံးအိမ်ပေါ် မျက်ခွံအရေခွံပါးကလေးက တလှုပ်လှုပ် လှုပ်ကာ မှေးမှိတ်ကျနေပါသည်။ နှာခေါင်းမှာ အောက်ဆီဂျင်ပိုက်တပ်ထားကာ ပါးစပ်က အတန်ငယ်ပွင့်ဟနေသည်။

ICU ခန်းရဲ့ ဝတ်စုံဟာ ပွချောင်၍ လူနာရဲ့ရင်ဘတ်ပေါ် ကပ်နေသည့်နေရာတွင် အသက်ရှူတိုင်း ရင်ဘတ်ရဲ့ အနိမ့်အမြင့်ကိုတင်မက နှလုံးခုန်တိုးနေတဲ့ တဒုတ်ဒုတ်စည်းချက်အတိုင်းပါ လှုပ်ရှားနေတာကို မြင်နေရပါသည်။

လူနာပေါင်းမြောက်မြားစွာတို့ရဲ့ နောက်ဆုံးအချိန်တွေကို ရန်ပယ် အကြိမ်ကြိမ် အခါခါ မြင်တွေ့ဖူးပြီး ဖြစ်သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဘယ်တော့မှ သူ့မျက်စိထဲ ရိုးမသွားတတ်ပေ။ ဒီလိုအချိန်မှာ ဖြစ်ပျက်နေတဲ့ လူနာတို့ရဲ့ အဆုံးစွန် မကျန်းမာသော ရုပ်လက္ခဏာသည် ရန်ပယ့်ကို အမြဲပင် စိတ်မချမ်းမသာ ဖြစ်စေပါသည်။ လူနာရှင်တို့ရဲ့ ပူလောင်သောကနှင့် အားကိုးတကြီးအကြည့်တို့ကိုလည်း အမြဲပဲ စိတ်နှလုံး ထိခိုက်စာနာမိမြဲပင်။

"ဆရာကြီး ဘာလိုသေးလဲ မသိဘူး၊ ဒီမှာ လူနာရဲ့ကော့စ်ပါ"

"ဟုတ်ကဲ့၊ ကျွန်တော် ဘာမှမလိုပါဘူး ဆရာမ၊ ခဏကြည့်ပြီး သွားမှာပါ၊ ဆရာမ လုပ်စရာရှိတာလုပ်ပါ"

"ဟုတ်ကဲ့ ဆရာကြီး၊ ဒါဖြင့် ကျွန်မ ဝါ့ဒ်ထဲ ခဏပြန်ဦးမယ်၊ ဟိုမှာတော့ ICU ရဲ့နာ့စ် ရှိပါတယ်၊ ဆရာကြီးလိုရင် သူ့ကို..."

"ဟုတ်ကဲ့ပါ၊ ကျေးဇူးပဲ ဆရာမ"

သူနာပြုက အပြုံးနှင့်နှုတ်ဆက်ကာ ICU ထဲမှ ပြန်လည်ထွက်ခွာသွားပါသည်။

ရန်ပယ်သည် လူနာရဲ့ဆေးကုသမှတ်တမ်းကို ငြိမ်သက်စွာငုံ့၍ဖတ်နေမိသည်။ နှစ်ရှည်လများ အလွန်အကျွံ အရက်သောက်ခဲ့တဲ့ လက္ခဏာပင်။ လက်ရှိအခြေအနေမှာတော့ လူနာရဲ့အသည်းဟာ သူ့လုပ်ငန်းဆောင်တာကို သူ အလုပ်မလုပ်နိုင်တော့ပါပြီ။ နယ်မှာတုန်းက ထိထိရောက်ရောက် ဖိဖိစီးစီး ကုသလာခဲ့သော မှတ်တမ်းမှတ်ရာ မရှိပါ။





ကော့စ်ဖိုင်လ်ကို ရန်ပယ်က ခုတင်ခေါင်းရင်းဘက်နား ပြန်တင်ထားလိုက်ပြီး လက်နှစ်ဖက်ကို ပိုက်ချိတ်၍ လက်တစ်ဖက်က မေးစေ့ကို ပြန်အုပ်ကိုင်ထောက်ထားသော ပုံစံနှင့် လူနာကို အတန်ကြာ ငြိမ်သက်စွာ ငေးစိုက်ကြည့်နေမိပါသည်။ သူ့ရဲ့ငေးစိုက်ကြည့်နေမိချိန်ဟာ ဘယ်လောက်တောင် ကြာနေပြီ သူ မသိပါ။ လူနာရဲ့ရင်ဘတ်ပေါ်က တလှပ်လှပ်ကလေး ဖုတ်လိုက် ဖုတ်လိုက် ဖြစ်နေသည့် အကျီရဲ့အလှုပ်ကို အကြိမ်အရေအတွက် လိုက်ရေတွက်နေမိသလို သတိလက်လွှတ် ဖြစ်နေမိသည်။

သူ့နံဘေးနား ဖျတ်ခနဲ တစ်စုံတစ်ဦး ရောက်လာသလို ခံစားလိုက်ရတော့မှ နံဘေးကို လှည့်ကြည့်လိုက်မိသည်။ သူ့နံဘေးတွင် သူ့လိုပင် ICU ထဲဝင်သည့် ဝတ်ရုံထပ်မံခြုံလွှမ်းဝတ်ဆင်ထားသည့် လူရွယ်တစ်ယောက် ရပ်နေသည်။ သူ့ကိုလည်း ဘယ်သူများလဲဟု တွေးနေဟန် ဇဝေဇဝါ ကြည့်နေပါသည်။ ခဏအကြာမှာတော့ လူရွယ်က ရန်ပယ့်ကို ဆရာဝန်တစ်ယောက်ဟု သတ်မှတ်လိုက်ပုံရသည်။

"အခြေအနေ ဘယ်လိုရှိပါသလဲ ဆရာကြီး"

အသားညိုညိုတွင် ရိုးသားဖြူစင်သော မျက်ဝန်းများက နဂိုကြည်လင်သော အခံရှိပုံရသော်လည်း အခုတော့ သောကရိပ်တို့ ဝေသီမှုန်မှိုင်းနေပါသည်။ အသက်နှစ်ဆယ်နှင့် အစိတ်ကြားရှိပုံရသော ထိုလူငယ်ကလေးထံမှာ လူရည်မလည်မှု ကိုးနွံမှု

www.burmeseclassic.com



တို့နှင့်အတူ နွမ်းပါးသော အရိပ်အရောင် အငွေ့အသက်ကိုပါ ပေါ်ပေါ်လွင်လွင် မြင်နေရပါသည်။

"မင်းက လူနာရှင်လား"

"ဟုတ်ကဲ့ပါ ခင်ဗျ၊ ကျွန်တော် ရန်အေးပါ"

"အခြေအနေကတော့ မင်းမျက်မြင်ပဲ ညီလေး၊ အခြေအနေ မကောင်းဘူး၊ ဒီပုံစံနဲ့ နောက်ဆုံး မတတ်သာလွန်းမှ ခုလို ရန်ကုန်ကို ဆေးရုံလာမတက်ခင် လူနာက မကျန်းမာတာ နှစ်နဲ့ လနဲ့ ချီနေပြီဆိုတာလည်း မင်းတို့အသိဆုံး ဖြစ်မှာပါ"

ရန်ပယ်ရဲ့နူးညံ့ကြင်နာသော လေသံတွင် လူငယ်ရဲ့ မျက်ဝန်းများက မှုန်ရီသွားပါသည်။

"ဒါဖြင့်... ဆရာကြီး၊ ပြန်... ပြန်ပြီးတော့..."

ရန်ပယ်က ခေါင်းကို ခပ်လေးလေး နှစ်ချက်လောက် ယမ်းလိုက်ရင်း...

"ပြန်ကောင်းဖို့ မျှော်လင့်ချက် မရှိဘူး ညီလေး၊ မင်းက လူနာနဲ့ ဘာတော်လဲ"

"သားပါ"

ရန်ပယ်သည် ရင်ထဲ၌ တစ်စုံတစ်ရာ ထိုးစိုက်ခွဲမွှေလိုက်သလို ချက်ချင်း စကားမပြောနိုင်ဘဲ တစ်ခဏ ဆို့နစ်နေမိလေသည်။





"သားလား"

ခပ်တိုးတိုး ရေရွတ်လိုက်မိကာ...

"မင်းအမေရော"

"အမေက ဆုံးသွားပါပြီ"

"မင်းတစ်ယောက်တည်းလား၊ မွေးချင်းရှိသေးလား"

"မရှိပါဘူး၊ ကျွန်တော် တစ်ယောက်တည်းပါ"

"အသက်မွေးဝမ်းကျောင်းက ဘာအလုပ် လုပ်ကြတာလဲ"

"အိမ်မှာ ဆိုင်လေးရှိတော့ ကျွန်တော်က ဆိုင်လည်းရောင်းပါတယ်၊ တစ်ခါတလေ တောင်သူအလုပ်လည်း လိုက်လုပ်ပါတယ်၊ အခုကတော့ အဖေ့ကို ဆေးကုရင်း ဆိုင်လည်းမဖွင့်နိုင်တော့ပါဘူး၊ တောင်သူပဲ လုပ်ပါတယ်၊ သူ့ရာသီချိန်နဲ့ စိုက်စရာရှိတာ စိုက်တာပေါ့"

ရန်ပယ်သည် စဉ်းစားစရာတွေ ခေါင်းထဲပြည့်ကျပ်သွားကာ ဇဝေဇဝါနှင့်...

"မင်းအဖေကကော အရင်က ဘာလုပ်လဲ ညီလေး"

"ဟိုးအရင်ကတော့ အဖေက ပဲလှော် နှမ်းလှော် ကုန်သည်အသေးပေါ့၊ နောက်တော့ အဖေက အရက်တအား သောက်တော့ အလုပ်အကိုင်လည်း မမှန်တာနဲ့ အဲဒီအလုပ် မလုပ်ဖြစ်တာ ကြာပါပြီ၊ နောက် အိမ်မှာပဲ ဈေးဆိုင်လေး



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ထားတာပါ၊ လွန်ခဲ့တဲ့နှစ်ကတည်းက အတော်မကျန်းမာတော့ ဆေးလည်းကုရ ဆိုင်လည်းပြုတ်တာပါပဲ ဆရာကြီး"

"မင်းကရော ကျောင်းပညာရေးက ပြီးသွားပြီလား"

"ကျွန်တော် အဝေးသင် တက်ပါတယ်၊ ဒီနှစ် မြန်မာစာ နောက်ဆုံးနှစ်ပါ"

ဩော်... ဘာပဲဖြစ်ဖြစ် ပညာတော့ သင်ဖြစ်ခဲ့ သင်ဖြစ်နေတာကို တော်ပါသေးရဲ့လို့ တွေးမိပါသည်။

"မင်းတို့ကို ဒီကိုခေါ်လာတဲ့ ကိုဇော်နဲ့က ဘယ်လိုအဆက်အစပ် ရှိတာလဲ"

"ဩော်... ဆရာကြီးက ဦးဇော်တို့နဲ့ အသိလား၊ ဦးဇော်တို့သားအမိက အဖေနဲ့က အမျိုးမဟုတ်ပေမယ့် အမျိုးလိုပဲ ကောင်းပါတယ်ခင်ဗျာ၊ ကြီးကြီးက အဖေ့ကို ကူညီပါတယ်၊ သုံးလေးနှစ်တစ်ကြိမ်တော့ အဖေက ကြီးကြီးကို သွားတွေ့တတ်ပါတယ်၊ ကျွန်တော်လည်း ပါပါလာတော့ ကြီးကြီးတို့ ဦးဇော်တို့နဲ့ ခင်မင်ပါတယ်၊ ကျေးဇူးရှင်တွေပါ၊ ဦးဇော်ညီမ အန်တီပွင့်ဦးကလည်း ဆုံရင် မုန့်ဖိုးအများကြီးပေးပြီး အမြဲကူညီစောင့်ရှောက်ပါတယ်၊ ကျောင်းတော့ ဘွဲ့ရအောင်တက်ဖို့ လိုတာဘာမဆို လှမ်းပြောဖို့ အမြဲမှာပါတယ်...





ကျွန်တော်လည်း ရန်ကုန်ရောက်တဲ့အခိုက် တွေ့လို့ကြုံလို့ မုန့်ဖိုးပေးရင်တော့ ယူလိုက်ပါတယ်၊ တခြားတော့ တကူးတက အကူအညီ လှမ်းမတောင်းဖူးပါဘူး ဆရာကြီး၊ အခုတော့ မိတ္ထီလာက ဆရာဝန်က ရန်ကုန်မှာ ဆေးရုံသွားတက်သင့်တယ်ပြောလို့ ကျွန်တော်က ကြီးကြီးတို့ဆီ ဖုန်းဆက်ပြီး လှမ်းပြောပြတာပါ၊ ကြီးကြီးက အခုချက်ချင်း ရန်ကုန်လာဖို့ စီစဉ်ဆိုပြီး တစ်ရက်နှစ်ရက်ကြာတော့ ဦးဇော်က ကားနဲ့လာခေါ်ပေးတာပါ ဆရာကြီး၊ ကြီးကြီးတို့အိမ်မှာပဲ ကျွန်တော် တည်းပါတယ်"

ကြားရသမျှစကားအားလုံးတို့အတွက် ရန်ပယ်ရှင်ထဲတွင် ဘယ်လိုခံစားရမှန်း မသိအောင် တသိမ့်သိမ့်နှင့် ဝမ်းပန်းတနည်း ဆို့ဆို့နှစ်နှစ် ခံစားရလေသည်။ လည်ချောင်းတွေခြောက်ကာ ရင်ဝမှာ အလုံးတစ်လုံးက လာဆို့နေသည်။ နှစ်ပေါင်းများစွာ ဘာကိုမှမသိဘဲ ကိုယ့်ပညာရေး ကိုယ့်အလုပ် ကိုယ့်ရပ်တည်မှု၊ ကိုယ့်ကိစ္စတွေနှင့်သာ လုံးချာလိုက် ရပ်တည်နေခဲ့မိတဲ့သူဟာ တာဝန်ဝတ္တရားများစွာလည်း ပျက်ကွက်ကာ အဖြစ်မှန်တို့နှင့်လည်း ဝေးကွာလျက် ကိုယ့်အကြောင်းကလွဲလျှင် တခြား ဘာကိုမှ မစူးစမ်း မလေ့လာ မဝေခွဲခဲ့မိ။ အတ္တကြီးတဲ့ လူတစ်ယောက်လိုသာ ဖြစ်နေခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရန်ပယ်သည် ရင်ထဲတွင် ရုတ်တရက်အတွင်း အပြစ်တွေအများကြီး ပြည့်တက်လာသလို ခံစားမိကာ သတိမထားမိခင် အတွင်းပင် မျက်ရည်လည်လာခဲ့သည်။ သူသိထားသမျှဟာ အမှားတွေပါလား။ ဒီလိုသိမြင်ထားမိအောင်လည်း သူ့ကိုဖုံးကွယ်လိမ်ညာသူက လိမ်ညာခဲ့သည် မဟုတ်လား။ အဲသလို သတင်းအမှားကို ရထားခဲ့လို့လည်း သူတို့သားအမိကို စွန့်ထားပစ်ခွာသွားခဲ့တဲ့ သူ့ရဲ့အဖေဟာ အလွန်တရာ စီးပွားရေးပြေလည်ပြီး ပြည့်စုံကြွယ်ဝနေတယ် သူ ထင်ခဲ့မိသည်။ ဒါကြောင့်လည်း သူ့ဟာနှင့်သူ အဆင်တပြေရှိနေမည့် အဖေ့ကို သူ ဆက်သွယ်ဖို့ မကြိုးစားခဲ့မိပါ။

"မင်းအဖေကို ရန်ကုန်ကနေ ပြန်ခေါ်သွားနိုင်ဖို့ မျှော်လင့်ချက်မရှိတော့ဘူး ရန်အေး၊ ဒီအခြေအနေအတိုင်းက နောက်ထပ် အလွန်ဆုံးခံ (၄၈)နာရီလောက်ပဲ၊ တခြားလည်း အကြောင်းကြား ခေါ်စရာ မိသားစုဝင် မရှိဘူးဆိုတော့ မင်းအဖို့တော့ အခြေအနေကို လက်ခံဖို့ပဲ ကြိုးစားပါဦးလေး"

"ဟုတ်…"

လူငယ်က နှာသီးဖျားလေးတွေ ရဲတက်လာပါသည်။

"ဒီ… ဒီမှာ ဒီလိုကိစ္စဖြစ်ရင် ကျွန်တော်… ကျွန်တော် အဆင်ပြေအောင်လုပ်ဖို့ လွယ်ပါ့မလား မသိဘူးဗျာ၊ ရန်ကုန်မှာ ကျွန်တော် မကျွမ်းကျင်တော့လေ"





"အဲဒီအတွက် ပူပင်သောက မဖြစ်ပါနဲ့ ရန်အေး၊ ငါ အားလုံးတာဝန်ယူပါတယ်၊ ငါက မင်းအစ်ကိုကြီး အရင်းပါ"

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



(၁၆)

"အဖေက ဟိုးငယ်ငယ်ကတည်းက ဆရာမကြီးနဲ့ ရပ်ခွေ ရပ်မျိုးလို ကြီးပြင်းလာကြတာ၊ မောင်နှမတွေလိုပဲ၊ ကိုယ်ငယ်ငယ်ကတည်းက အဖေက ကိုယ်တို့သားအမိကို ထားရစ်ခဲ့ပြီး အိမ်ကထွက်သွားတာလေ၊ အညာနဲ့ ဒီနဲ့ ကုန်ကူးတဲ့အလုပ်ကို လုပ်နေတော့ ခရီးခဏခဏ ထွက်သွားနေကျ၊ အဲဒီတစ်ကြိမ်ကတော့ အိမ်ကနေ ခရီးထွက်သွားပြီးတဲ့နောက် အဖေက ပြန်ရောက်မလာခဲ့တော့ဘူး၊ လတွေ အတော်ကြာမှ ဆရာမကြီးဆီကို စာတစ်စောင်ပို့ပြီး ဆက်သွယ်အကျိုးအကြောင်း ပြောလာတာ၊ သူ အိမ်ထောင်ကျသွားပြီမို့လို့ ရန်ကုန်ကို ပြန်မလာတော့ဘူးဆိုတဲ့အကြောင်း၊ ကိုယ်တို့သားအမိကို အကျိုးအကြောင်း ပြောပြနှစ်သိမ့်လိုက်ပါဆိုတဲ့ အကြောင်း…





အဖေနဲ့ အမေက ကိုယ်ငယ်ငယ်ကတည်းက ကွဲသွားကြတယ် ဆိုတာသာ နုနယ်ကို ကိုယ် ပြောဖြစ်ခဲ့တယ်၊ တကယ်လည်း အဖေ ဘယ်အရပ်ဒေသမှာ ရှိနေတယ်ဆိုတာ ကိုယ်မသိခဲ့ဘူး နုနယ်၊ ဒေါသ, မာန်မာနတွေနည်းပါးလွန်းတဲ့ အမေကလည်း အဖေ့ကို စုံစမ်းဖို့ လိုက်ရှာဖို့ ပြန်ရောက်လာအောင် စည်းရုံးဆွဲဆောင်ဖို့ ဆိုတာမျိုးတွေ လုံးဝမလုပ်ခဲ့ဘူး၊ အဖေ ထားခဲ့တဲ့အတိုင်း ကျန်ရစ်ခဲ့ပြီး သားတစ်ယောက်နဲ့ဘဝကို မဖြစ်ဖြစ်အောင် ရပ်တည်ရင်ဆိုင်ခဲ့တာပါပဲ၊ ဒါပေမဲ့ အဖေက သူ့အစ်မလို ဖြစ်နေတဲ့ ဆရာကြီးနဲ့တော့ အမြဲတမ်း ' အဆက်အသွယ်မပြတ်ရှိနေခဲ့တယ်၊ သာကြောင်း မာကြောင်းလည်း သိနေခဲ့တယ်၊ အဖေ ရန်ကုန်ကို သူ့အလုပ်ကိစ္စနဲ့သူ တိတ်တိတ်ဆိတ်ဆိတ် ရောက်လာတတ်တိုင်းလည်း ဆရာမကြီးနဲ့တော့ တွေ့ဆုံဖြစ်ပုံ ရပါတယ်၊ နောက်ပိုင်းတွေတော့ ကိုယ်တို့လည်း စမ်းချောင်းကနေ ပြောင်းလာခဲ့တော့ ဆရာမကြီးတို့နဲ့ပါ အကြောင်းကိစ္စရှိမှပဲ ပြန်ဆုံတွေ့ဖြစ်သလို ဖြစ်နေတာဆိုတော့ အဖေ့သတင်းဆိုတာလည်း တော်ရုံမမေးမြန်းဖြစ်တော့ဘဲ သတင်းပါ အဆက်ပြတ် နေခဲ့တော့တာပဲ"

နုနယ်သည် ပလတ်စတစ်ခုံလေးမှာ ငြိမ်ငြိမ်သက်သက် ခပ်တောင့်တောင့်လေးထိုင်ရင်း ရန်ပယ် ပြောပြခဲ့တဲ့စကားတွေကို ပြန်လည်တွေးတောနေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အသုဘက လူမစည်ကားပါ။ နယ်မြို့ကနေ ဆေးရုံလာတက်ပြီး ရက်ပိုင်းနှင့်ပဲ ကွယ်လွန်ခဲ့တဲ့ အသုဘမို့ လူလည်း များများမသိပါ။ အဲဒီအပြင် ဒီကွယ်လွန်သူ ဦးတင်ထွဋ်ဟာ ဒေါက်တာရန်ပယ်ဖခင် ဆိုတာကိုပင် လူများများစားစား မသိကြတာမို့ ရောက်မလာနိုင်ကြတာလည်းပါမည်။ ကိုကြီးရဲ့အရင်းနီးဆုံး သူငယ်ချင်းနှစ်ယောက် သုံးယောက်သာလျှင် သတင်းစာနာရေးကြော်ငြာထဲ ဆင်တူရှားပါးသော ရန်ပယ်နာမည်ကို တွေ့မိကာ အံ့အားတသင့် ရောက်လာကြပါသည်။

နုနယ်ရဲ့နံဘေးမှာတော့ ကိုကြီးရဲ့မေမေ ဒေါ်စပယ်က ထိုင်နေပါသည်။ ယောက္ခမဖြစ်သူရဲ့မျက်နှာဟာ ငြိမ်သက်နေတဲ့ ကန်ရေပြင်အလား တည်ငြိမ်နေသည်။ ခင်ပွန်းဟောင်းဖြစ်၍ သားရဲ့အဖေဖြစ်၍ အသုဘဟာ သူနှင့်လည်း သက်ဆိုင်နေသည်ဖြစ်ရာ လူသားတစ်ယောက်ရဲ့နောက်ဆုံးခရီးကို ကျွမ်းဝင်ခဲ့ဖူးသော လူသားတစ်ယောက်ရဲ့ နောက်ဆုံးပို့ဆောင်ခြင်းသဘောကိုသာ ဆောင်ပါသည်။

အေးချမ်းလှတဲ့ ယောက္ခမကို တစ်ခါတစ်ရံတော့ အေးစက်တယ်လို့ပင် နုနယ် ထင်မိသည်။ မာန်မရှိတဲ့ မျက်နှာနူးညံ့သိမ်မွေ့တဲ့ ဆက်ဆံရေးတို့ကြောင့် ကိုကြီးရဲ့အမေအပေါ် နုနယ် မေတ္တာသက်ဝင်ခြင်း ရှိပါသည်။ သို့ပေမဲ့ မကြာလှတဲ့ တလောကတော့ ကိုယ့်စိတ်မှာ အင်မတန်မှ မစ္ဆရိယများမိတဲ့သူ





ပွင့်ဦးလှကို ကြင်ကြင်နာနာ ဖက်လျက်သား တွေ့မြင်လိုက်ရတဲ့အတွက် နုနယ်ရင်ထဲ အဖုအထစ် ဖြစ်ရပါသည်။

သူဟာ တကယ်ပဲ အနေအေးချမ်းတာထက် နုနယ်အပေါ် သံယောဇဉ်မတင်းလှ၍ အေးတိအေးစက် ရှိခဲ့တာမျိုးလားလို့လည်း ဇဝေဇဝါ ပြန်တွေးကာ ရင်ထဲသိပ်ကြည်ကြည်သာသာ မရှိချင်လှ။ အခုလည်းပဲ ယောက္ခမရဲ့မျက်နှာက တဆိတ် တည်ငြိမ်လွန်းတယ် ထင်မိတာပင်။

ဆရာမကြီးဆိုတဲ့ အဘွားကြီး၊ သူ့ရဲ့တူ ပွင့်ဦးလှရဲ့ အစ်ကိုဆိုတဲ့ လူတစ်ယောက်။ သူတို့က ခုံတန်းဟိုဘက်တစ်ခြမ်းမှာ ထိုင်နေသည်။ သူတို့နောက်မှာတော့ အသုဘကိစ္စအကြောင်းကြားလိုက်၍ တောင်သာက ရောက်လာကြသော ရန်အေးရဲ့အမေဘက်က ဆွေမျိုးလေးငါးခြောက်ယောက်။ အသုဘဟာ ခြောက်ကပ်ကပ် ရှိနေပါသည်။ ရှေ့ကသင်္ဂြိုဟ်မည့်သူတွေ ရှိနေသဖြင့် သင်္ဂြိုဟ်လို့ မရသေးဘဲ အလှည့်ကျ စောင့်ဆိုင်းနေရတာသာရှိပြီး ငိုကာယိုကာ အသုဘရှုကာ စသဖြင့် ဘယ်သူမှလုပ်ရန်ကြံပုံမပေါ်ပါ။

ကျန်ရစ်သူသွေးသားရင်း နှစ်ဦးကလည်း သားတွေမို့ မျက်နှာသေတွေနှင့် ငိုင်နေတာလောက်သာရှိပြီး ပူပူဆွေးဆွေး လှုပ်လှုပ်ခတ်ခတ်မရှိပါ။ ရန်ပယ်က ရုပ်ကလပ်ပြင်ထားရာ ခေါင်းရင်းဖက်နား လက်ပိုက်ရပ်ကာ မတ်တတ်နှင့်ပင် ငြိမ်သက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကွယ်လွန်သူအဖေကိုကြည့်ကာ ဘာတွေတွေးနေမည်မသိပါ။ ရန်အေး ဆိုတဲ့ ကိုကြီးရဲ့ညီ ကောင်ကလေးကတော့ နုနယ်နှင့် ရှယ်တူလောက်ရှိမည်။ ကိုယ့်ရဲ့မတ်ပေါ့။ ရုန်းကန်ရတဲ့လူတန်းစား ဖြစ်ပုံရ၍ လူပုံက နွမ်းခြောက်ခြောက်ရှိသော်လည်း နဂိုရုပ်ရည်လေးက သန့်ပြန့်ကြည့်ကောင်းပေသည်။

ဘယ်လိုပင်ဖြစ်စေ ကိုကြီးရဲ့ အဖေတူညီဆိုတာ အရင်းအချာကြီး ရှိသေးတာ။ ကိုကြီးသည်လည်း နွမ်းပါးသော သူ့ညီကို ကူညီစောင့်ရှောက်ချင်ပေလိမ့်မည်။ မောင်နှမတွေလို ရင်းရင်းနှီးနှီးနေရမည့်သူပင်...လို့ သတ်မှတ်ကာ နုနယ်ကဖေးဖေးမမ ပြုံးပြ, စကားစမြည်လေးပြော စသဖြင့် အရောဝင်ပါသည်။ သူ့အဖေရဲ့ရောဂါအဆောက်အဦ ရှည်ကြာခံစားခဲ့ရပုံအကြောင်းတွေ၊ သူတို့နယ်ရဲ့ အနေအထား၊ သူတို့ရဲ့အလုပ်ကိုင် အကြောင်းလေးတွေ စကားရှာပြီး မေးမြန်းလက်ဆုံကျပေးခဲ့ပါသည်။

ကိုကြီးက မတ်တတ်သာ ရပ်နေ၍ ရန်အေးသည်လည်း ထိုင်နေရဲပုံမရဘဲ ဟိုနားလျှောက်လိုက် ဒီနားလျှောက်လိုက်၊ ရုပ်ကလာပ်ကို ငေးကြည့်လိုက်၊ အူကြောင်ကြောင် ယောင်နနနှင့် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိသလိုလေး ဖြစ်နေသည်။ ထို့ကြောင့် နုနယ်က သူမန်ဘေးမှ ရန်အေး တစ်ခေါက်အဖြတ်တွင်...

"ရန်အေး"

"ခင်ဗျာ... အစ်မ"





"ဒီမှာ လာထိုင်နေလေ"

နုနယ်က ဘေးခုံကို ယပ်တောင်လေးနှင့်ခေါက်ပြရင်း ပြောလျှင်...

"ရပါတယ် အစ်မ"

"အို... ဘာရပါတယ်လဲ၊ တစ်ချိန်လုံး မတ်တတ်မတ်တတ်နဲ့၊ ရန်အေးက ရေခဲတိုက်ကထုတ်တာပါ ပါတော့ အစောကြီး ရောက်နေတာ မဟုတ်လား၊ လာပါ၊ ခဏထိုင်ပါဦး"

ရန်အေးသည် ဟိုတစ်ဖက်စွန်းမှာလည်း ရန်ပယ့်အမေရှိနေ၍ နုနယ်နှင့် တစ်ခုံကျော်တွင် ခပ်ယို့ယို့နှင့် မထိုင်ချင့်ထိုင်ချင် ဝင်ထိုင်လိုက်ပါသည်။

"ဒီမှာလေ၊ ရက်လည် ဘုန်းကြီးဆွမ်းကပ် တရားနာဖို့က ဆရာမကြီးတို့အိမ် ဖြစ်နေတာ ယပ်တောင်မှာတွေ့မှ သိရတယ်၊ ကိုကြီးကလည်း အိမ်မှာလည်း ဘုန်းကြီးဆွမ်းကပ်မယ် ပြောနေတယ်၊ အဲဒါ မေးမလို့"

"ဟုတ်ကဲ့... ကိုကိုကြီးနဲ့ ကြီးကြီးတို့ အဲဒီကိစ္စ ပြောကြပါတယ်၊ ကြီးကြီးက အဖေက အဲဒီမှာနေတာ မဟုတ်ပေမယ့် ဒီကိုဝင်ပြီးမှ ဆေးရုံတင်တာ ဘာညာလုပ်ဖြစ်တာဆိုတော့ သူတို့အိမ်မှာပဲ ရက်လည်ဆွမ်းသွပ်ပေးပါမယ်တဲ့၊ အားမနာနဲ့လို့ ကိုကိုကြီးကို ပြောပါတယ်၊ ကိုကိုကြီးကလည်း သဘောတူပါတယ်၊ ဒါပေမဲ့ သူတော့ အဲဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



မလာဘူးတဲ့၊ သူ့အိမ်မှာလည်း အဖေ့အတွက် သူလည်း ဆွမ်းသွပ်ပေးမယ်လို့ ပြောပါတယ် အစ်မ"

"သြော်… ဟုတ်လား၊ အဲလိုလည်း လုပ်လို့ရတယ်ပေါ့ နော်၊ အဆင်ပြေတယ်ပေါ့နော် အမေ"

"ရပါတယ် သမီးရယ်၊ ရက်လည်ဆွမ်းသွပ် ဆိုတာက ဘယ်အိမ်မှာလုပ်မှရယ် မဟုတ်ပါဘူး၊ သွားလေသူအတွက် ဆွမ်းကျွေးအမျှဝေပေးတာပါပဲ၊ ဆရာမကြီးတို့အိမ်လည်း လုပ်၊ သားလည်းလုပ်လို့လည်း ဘာမှမဖြစ်ပါဘူး"

"ရက်လည်နေ့အတွက် ဆရာမကြီးတို့အိမ်မှာ ဘာလိုမလဲ ရန်အေး၊ အစ်မတို့ ဘာများလုပ်ပေး ပို့ပေးရမလဲ"

"ရပါတယ် အစ်မ၊ မလိုဘူး ထင်တယ်၊ ကြီးကြီးကလည်း"

ရန်အေးသည် စကားပြောနေရင်းကပင် ဟိုလှူကြည့် လိုက် နာရီကြည့်လိုက် ရှိနေရာက စကားပြောရင်း တန်းလန်း နောက်တစ်ချက်အလှည့်တွင် ရုတ်တရက် စကားပြတ်၊ မျက်လုံး လေးတွေ တောက်ပအရောင်လက်သွားကာ…

"ဟာ… အန်တီပွင့်ဦး"

ရုတ်တရက် ထိုင်ရာမှထရပ်လိုက်ကာ စကားပြောနေ လက်စ ရှိတာကိုပင် မေ့လျော့သွားသလို ခန်းမရဲ့ ဟိုးနောက်ဘက် မှ ခပ်ယိုယို့ဝင်ရောက်လာတဲ့ ပွင့်ဦးလှုထံ ကမန်းကတန်း အပြေး သွားကြိုလိုက်ပါသည်။ လှည့်ကြည့်လိုက်တဲ့ ယောက္ခမဖြစ်သူဟာ





လည်း သူပါ ဖြတ်ခနဲ ထရပ်တော့မလို ပြင်မိပြီးမှ ကိုယ်ရှိန်သတ် ၍ ပြန်ထိုင်လိုက်တာကို နုနယ် သတိပြုမိပါသည်။

နုနယ်သည် ကိုယ့်စတယ်နဲ့ကိုယ် လှည့်မကြည့်ဘဲ နေမယ်လို့ပင် မဆုံးဖြတ်နိုင်ဘဲ ပွင့်ဦးလှုဘက် ခေါင်းလေးလည် ကာ ကြည့်နေမိလျက်သား ရှိရတော့သည်။ အင်္ကျီအဖြူပေါ် အနက်ပွင့်၊ လုံချည်နက် အနွေးထည်အနက်နှင့် လက်ကိုင်ပဝါဖြူ လေးသာ ကိုင်ထားပြီး နဖူးအထက် ယယ်ထိပ်ပေါ် နေကာမျက်မှန် ပင့်တင်လျက် ဆံပင်ကပိုကရို ခေါက်တင်ကာ တစ်မျက်နှာလုံး ဘာဆိုဘာမှ အခြယ်အသ မရှိပါဘဲလျက် သူမသည် ရှေးယခင် အမြဲတမ်းလိုပင် ဘာကြောင့်များ ထင်ပေါ်တောက်ပနေရပါသနည်း။

အသားလည်း မဖြူမဝင်း။ ညိုပြေပြေ အသားရောင် ဟာလည်းဝင်း၍ ထင်း၍မနေ။ သို့ပေမဲ့ တစ်ခန်းလုံး၌ သူမ ဘာ ကြောင့် အပေါ်လွင်ဆုံး ဖြစ်နေရသနည်း။ နုနယ်က ရန်ပယ့်ထံ ဖျတ်ခနဲ အကဲခတ်လိုက်သည်။ သူ့အဖေရုပ်ကလပ်ကို ငေးမော နေတဲ့ ရန်ပယ်သည်လည်း ရန်အေး ပြေးထွက်သွားလို့ပဲဖြစ်စေ ဘာကြောင့်ပဲဖြစ်စေ ပွင့်ဦးလှုဘက်သို့လှမ်းကြည့်နေတာ မြင်လိုက် ရပါသည်။ ဆရာမကြီး၊ သူ့တူ၊ ယောက္ခမဒေါ်စပယ်၊ ကိုကြီး၊ တိုကြီးရဲ့ညီ။ ရှိသမျှသော အရေးပါသမျှ လူအားလုံးတို့၏အာရုံ ဟာ ပွင့်ဦးလှု ထံမှာသာ။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာလို့လာရတာလဲ။ သူနဲ့ဘာဆိုင်လို့လဲ။ ဘာကြောင့်လဲ။ ဘာကြောင့်လဲ။ နုနယ်သည် အံကလေးပင် တင်းတင်းဖိကာ ဒေါ်စပယ်ဘက်သို့လှည့်၍…

“ဒေါ်ပွင့်ဦးလှက ဘာအတွက် လာတာလဲ အမေ၊ သူနဲ့ ကိုကြီးအဖေက ဘယ်လိုပတ်သက်မှု ရှိတာမို့လို့လဲ”

ဘယ်လိုမှ မအောင့်အည်းနိုင်ဘဲ မေးလိုက်မိပါသည်။ ဒေါ်စပယ်က သူ့ထုံးစံအတိုင်း ညင်ညင်သာသာနှင့်ပင်…

“ဆရာမကြီးနဲ့ ရန်ပယ့်အဖေက အမြဲအဆက်အစပ်ရှိကြတော့ ပွင့်ဦးတို့ မောင်နှမနဲ့လည်း အလိုအလျောက်အဆက်အစပ်မပြတ် ဖြစ်နေလို့ပါ၊ နောက်ပိုင်း ရန်ပယ် သူ့အဖေနဲ့ မတွေ့ဖြစ်တော့တဲ့ အချိန်တောင် ပွင့်ဦးတို့မောင်နှမကတော့ ရံဖန်ရံခါ တွေ့ဖြစ်ကြတာပါ၊ နောက်ပြီးတော့ ပွင့်ဦးက မောင်ရန်အေးကိုလည်း အထက်တန်းကတည်းက ကျောင်းစရိတ်တာဝန်ယူထား ကူညီထားတယ်လို့ပြောတယ်၊ အမေလည်း ဒါတွေ သေချာသိခဲ့တာတော့ မဟုတ်ပါဘူး၊ အရိပ်အမြွက်လောက်ပါ၊ ဟိုတစ်နေ့ကတော့ ဆရာမကြီး ပြောပြနေတာနဲ့ သေချာသိရတာပါ”

ကိုကြီးပင် ခုမှ ရှိမှန်းသိရတဲ့ ညီကို ကိုးတန်းဆယ်တန်းကတည်းက သူက ထောက်ပံ့ကူညီ ထားပြန်သတဲ့။ ကိုကြီးနှင့် ပတ်သက်ရာ ပတ်သက်ကြောင်းတွေဟာ နုနယ်နှင့်





ထက် သူနှင့်သာ ခင်မင်ပတ်သက်ရင်းနှီးပြီးသား ဖြစ်နေခဲ့ပြန်ပါလား။ ဘယ်လိုနည်းနှင့် ဘယ်တော့များမှ သူ့ထက်ခြေတစ်လှမ်းသာလို့ရမှာပါလိမ့်။

နုနယ် အသည်းတယားယား အခံရခက်ခက် ဖြစ်နေဆဲမှာပင် ပွင့်ဦးလှက နုနယ်ဘေးမှဖြတ်ကာ ရုပ်ကလပ်အနားရောက်သွားပါသည်။ နုနယ်ကိုတွေ့မြင်သော်လည်း သေချာကြည့်မသွားပါ။ ကိုကြီးက ရုပ်ကလပ်ရဲ့ဟိုဘက်မှာ သူကဒီဘက်မှာ။

တစ်စက္ကန့်လေးမျှ လစ်ဟင်းလွတ်ထွက်မသွားအောင် ကိုကြီးနှင့် ပွင့်ဦးလှကို နုနယ်က မျက်တောင်မခတ် အာရုံစူးစိုက်၍ စူးစူးရဲရဲ ကြည့်နေသည်။ ကိုကြီးကလည်း ပွင့်ဦးလှထံ တစ်ချက်မှ လှမ်းမကြည့်သလို ပွင့်ဦးလှကလည်း ကိုကြီးထံ တစ်ချက်ကလေးမှ လှမ်းမကြည့်ပါပေ။ ဟုတ်တယ်… သူတို့ချင်း မျက်လုံးချင်း မဆုံကြ မကြည့်ကြ။ အဲဒါကိုက ထူးခြားခြင်းပဲ မဟုတ်လား။ အဲဒါကိုက တမင်တကာ ရှောင်ရှား ဆင်ခြင်နေကြတာ မဟုတ်လား။ အဲဒါကိုက မရိုးသားတာ မဟုတ်လား။

နုနယ်ရင်ထဲ တလှိုက်လှိုက်ဖိုကာ ရင်ခုန်သံတွေက ဒိန်းခနဲ ဒိန်းကနဲ မြည်နေအောင် ပြင်းထန်နေသည်။ နုနယ်တွင်သာ ပူလောင်နေခဲ့သော်လည်း ပွင့်ဦးလှကတော့ ပူလောင်နေသလား ငြိမ်သက်အေးချမ်းနေလေသလား မသိရသော မျက်နှာနှင့် ရုပ်ကလာပ်ရဲ့တစ်ဖက်ဆီး ကော်ဇောနွမ်းခင်းထားတဲ့အပေါ် ဖိနပ်ချွတ်ကာ ကျုံ့ကျုံ့ထိုင်ချလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တော့ ကိုကြီးအဖေရဲ့ရုပ်ကလာပ်ကို သူမက ဦးသုံးကြိမ်ဖြင့် ရှိရှိသေသေ ရှိခိုးကန်တော့လေသည်။ ဘုရားရေ…။ သူမက အေးအေးဆေးဆေးပဲ။ ကွယ်လွန်သူရဲ့အရင်းချာဆုံးတွေဖြစ်တဲ့ သားတွေနှင့် ချွေးမပင်လျှင် မကန်တော့သေးဘူးလေ။

✤ ✤ ✤





(၁၇)

ရန်ပယ်က ပူနေတဲ့ နုနယ်ရဲ့ နဖူးလေးကို စမ်းလိုက်ရင်း…

“အဖျားမကျသေးဘူး နုနယ်၊ ဒီညနေလည်း ကြက်သားဆန်ပြုတ်လေးပဲ သောက်လိုက်ဦးနော်၊ အခု ဒီဆေးသောက်ရမယ်၊ ကော်ဖီနဲ့သောက်မလား၊ အိုဗာတင်းနဲ့ သောက်မလား”

“ကော်ဖီ”

ရန်ပယ်က အနားမှာရပ်နေတဲ့ ဒေါ်မေ့ကို ခေါင်းတစ်ချက် ညိတ်ပြလိုက်တာမို့ ဒေါ်မေက ကော်ဖီဖျော်ဖို့ ထွက်သွားပါသည်။

“နုနယ် နည်းနည်းပင်ပန်းသွားတယ် ထင်တယ်”

“လူမပင်ပန်းပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



"လူမပင်ပန်းဘူးဆိုရင် စိတ်ပင်ပန်းတာပေါ့ ?"

နနယ်မျက်နှာလေးက နွမ်းမှုန်မှုန်လေးနှင့် တစ်ဖက်စောင်းကာ ငြိမ်ငေးနေသည်။ ရန်ပယ်က နနယ်ရဲ့လက်ဖျားလေးတစ်ဖက်ကို သူ့လက်နှစ်ဖက်ထဲမှာ ဆုပ်ကိုင်လိုက်ပါသည်။

"ဒီကနေ ရှေ့လျှောက် နနယ် စိတ်မပင်ပန်းစေရပါဘူး"

"………"

"နနယ် စိတ်ချပါ၊ ဒီရက်တွေအတွင်းမှာ ကိုယ် အများကြီး စဉ်းစားခဲ့ပါတယ်၊ နနယ် ထင်နေသလို နနယ်ကို ကိုယ်က သိပ်မချစ်ဘူး၊ သိပ်မလိုအပ်ဘူး၊ ပွင့်ဦးလှကိုပဲ မမေ့နိုင် မပြီးနိုင် ဖြစ်နေတယ် ဆိုတာမျိုးတွေ ကိုယ် တကယ်ဖြစ်ခဲ့သလား ဆိုတာပေါ့"

"ကိုကြီး"

"အဲဒါတွေ မဟုတ်ပါဘူး နနယ်၊ ကိုယ့်စိတ်မှာ ကိုယ်ကျူးခဲ့တယ် ထင်ခဲ့တာကို ခံပြင်းနေမိတာကလွဲရင် နနယ် ထင်သလို မဟုတ်ပါဘူး၊ ကိုယ် နနယ်ကို သိပ်ချစ်ပါတယ် ယုံပါ နနယ်"

နနယ်သည် မျက်ဝန်းထောင့်စွန်းကို စီးကျလာသော မျက်ရည်ပေါက်ကလေးကို လက်ညှိုးလေးနှင့်ဖယ်ရင်း တအားဝမ်းနည်းလာလေသည်။





"ကိုယ့်ကိုလည်း ယုံကြည်ပေးပါ၊ ပြီးတော့ ကိုယ့်အပေါ် သိပ်သဝန်တိုတာမျိုးကိုလည်း ဖြေလျှော့ပါ နနယ်"

"နနယ် အလကားသဝန်တိုနေတာ မဟုတ်ဘူး၊ နနယ် ခံစားရတယ်၊ ဝမ်းလည်းနည်းတယ်၊ ကိုကြီး ပတ်ဝန်းကျင်က အရင်းချာဆုံးလူတွေ အားလုံးဟာ သူ့အပေါ် အရမ်းအလေးထားကြတယ်၊ တန်ဖိုးထားကြတယ်၊ အမေ…၊ ပြီးတော့ အခု ရန်အေး၊ သူတို့ ချစ်ခင်မြတ်နိုးမှုကိုပါ သူက ဘာဖြစ်လို့ အများကြီး အပိုင်ရထားတာလဲ၊ သူတို့ရင်ထဲမှာ ဒေါ်ပွင့်ဦးလှက အရှေ့က နနယ်က နောက်က ဆိုတာ နနယ် ခံစားပြီး သိနေတယ်၊ အမေက ကိုကြီး အမေ၊ ကိုကြီးကိုပြီးရင် နနယ်ကို အချစ်ဆုံး ဖြစ်စေချင်တာပေါ့၊ ရန်အေး ဆိုလည်း ကိုကြီးရဲ့ညီ၊ ခုမှ ပြန်တွေ့ကြလို့ သူနဲ့ ချစ်ခင်ရင်းနှီးမှုကို ပိုရဖို့ကြိုးစားမယ်လို့ ကြံစည်စိတ်ကူးခါရှိသေးတယ်၊ ရန်အေးက သူ့ကိုပဲ ရိုသေလေးစားပြီးသား ဖြစ်နေပြန်ပြီ"

"နနယ်ရယ်… အမေနဲ့က သူက သူဟိုးကလေးဘဝလောက်ကတည်းက ရှိခဲ့တဲ့ သံယောဇဉ်ကိုး"

"ဒါဆို ရန်အေးကျတော့ရော"

"နနယ် သေချာမသိသေးလို့ပါ၊ ပွင့်ဦးလှက သူ တအားပြည့်စုံချမ်းသာသွားတဲ့အချိန်မှာ ပတ်ဝန်းကျင်ကလူတွေကို



www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်သမျှ ကြည့်ရှုစောင့်ရှောက်ခဲ့တယ်၊ ကိုယ့်အဖေကို ဆိုရင် ကိုယ်တို့နဲ့သာ အဆက်အသွယ်မရှိခဲ့ပေမယ့် ပွင့်ဦးလှက လိုသမျှထောက်ပံ့စောင့်ရှောက်ခဲ့တာ၊ အဖေနဲ့လည်း သူ ငယ်ငယ်တည်းက ရင်းနှီးတာလေ…

အခုနောက်ဆုံး ရန်အေးကိုပါ သူ ကြည့်ရှုထောက်ပံ့နေခဲ့ပြီး လိုအပ်သမျှ အကူအညီပေးနေခဲ့တာပါ၊ ရန်အေး ဆယ်တန်းအောင်လာတာ အခု အဝေးသင်တက္ကသိုလ် နောက်ဆုံးနှစ်တက်နေတာအထိ သူ့အကူအညီ မကင်းခဲ့ဘူး၊ ဒါကြောင့်လည်း ရန်အေးက သူ့ကျေးဇူးရှင်အဖြစ် သတ်မှတ်နေရာပေးတာပါ၊ ဒါတွေအားလုံး ကိုယ်လည်း အခုမှ သိတာပါ"

"အဖေ့ကိုရော ရန်အေးကိုရော သူက အမြဲကူညီစောင့်ရှောက်နေခဲ့တာလား"

"ဟုတ်တယ်၊ တကယ်ဆို သူ့ရဲ့ကျေးဇူးတွေ ကိုယ်တို့ အပေါ်မှာ အများကြီး အကြွေးရှိနေပါတယ် နုနယ်"

"ဟင်… ဦးဘရမ်ထွယ်အောင် ပြောတာ အဲဒါများဖြစ်နေမလား၊ ကိုကြီးရဲ့အဖေနဲ့ညီကို ဒေါ်ပွင့်ဦးလှ ကျေးဇူးပြုထားတာတွေ သူလည်းပဲ သိနေခဲ့တာ ထင်တယ်နော်၊ ဒါကြောင့် ကိုကြီးကို သူက ကျေးဇူးဆိုတာ သိကတတ်ရတယ်၊ ပြန်မဆပ်နိုင်ရင်တောင် ကျေးဇူးတော့ မကန်းနဲ့ဆိုတာ





ဒါတွေကြောင့် ပြောတာကိုး၊ သူ အဲလိုပြောတုန်းက ဒေါ်ပွင့်ဦးလှက သူ့ယောက်ျားကို ဟန့်လိုက်သေးတယ်၊ ဒါကို ကိုကြီးသိမထားဘူးဆိုတာ သူသိနေလို့ သူ့ကျေးဇူး ဂုဏ်ကို မဖော်ချင်တာ နေမယ်ထင်တယ်"

ရန်ပယ်က မျက်နှာကို လက်ဖဝါးနှစ်ဖက်နှင့် ပွတ်သပ်ပစ်လိုက်မိရင်း…

"ဟုတ်တယ်… ပွင့်ဦးလှဟာ သူ့ရဲ့ကျေးဇူးတရားကို လူသိမခံစေလိုတဲ့ သူတစ်ယောက်ပဲ"

"တကယ်တော့လေ နုနယ် သူ့ကို မုန်းပေမယ့် သူ့ကို နုနယ်အထင်ကြီးပါတယ်၊ ဘာကြောင့်မုန်းတော့ မပြောတတ်ဘူး၊ ကိုယ် အင်မတန်ကြည့်မရတဲ့ မကျေနပ်တဲ့ မိန်းမတစ်ယောက်ကို တစ်ချိန်တည်းမှာပဲ နုနယ် အထင်ကြီးမိတယ်၊ ဘာမှန်းမသိတဲ့ သူ့ရဲ့အရှိန်အဝါတစ်ခုကို လည်း နုနယ် အားကျပါတယ်၊ သူ့လိုမိန်းမ ဖြစ်ချင်နေခဲ့တာ နုနယ် ဝန်ခံပါတယ် ကိုကြီး၊ သူ့ကို မုန်းလည်းမုန်းတယ်၊ သဘောလည်းကျတယ်၊ မပြောပြတတ်တော့ဘူး"

"ဘာပဲဖြစ်ဖြစ် ခုချိန်မှာ သူ့အပေါ် ကိုယ်ထားနေမိတဲ့ အာဃာတတွေ နာကြည်းချက်တွေလည်း တကယ်မရှိတော့ပါဘူး နုနယ်၊ ကျေးဇူးတင်မိတာကလွဲရင် သူ့အပေါ် ကိုယ် ဘာခံစားချက်မှ မရှိတော့ပါဘူး၊ အဲဒါကို နုနယ်



www.burmeseclassic.com

www.burmeseclassic.com



ယုံပါ၊ စိတ်ပင်ပန်းနေတာတွေလည်း မေ့ပစ်လိုက်ပါတော့။ ဒီကိစ္စတွေအားလုံးကိုလည်း ဒီမှာရပ်တန့်လိုက်ရအောင်၊ နုနယ်လည်း စိတ်ပင်ပန်းသလို ကိုယ်လည်း ပင်ပန်းပါတယ်၊ ကိုယ်လည်း ဒီစိတ်ပင်ပန်းမှုတွေ အားလုံးကို လွှင့်ပစ်လိုက်တော့မှာမို့လို့ နုနယ်လည်း လွှင့်ပစ်လိုက်ပါတော့"

"……… ……"

"ဘယ်တော့မှ ကိုယ်တို့နှစ်ယောက်ဘဝနဲ့ နီးနီးစပ်စပ် နီးကပ်လာမှာ မဟုတ်တဲ့ သူတစ်ယောက်အတွက် အချိန်တွေရော ခွန်အားတွေရော နားလည်မှုတွေရော ထပ်မဖြုန်းတီးကြပါစို့နဲ့ နုနယ်ရယ်"

"……… ……"

"ပြီးတော့ ကိုယ့်ကို တစ်ခု ခွင့်ပြုပေးပါ၊ ပွင့်ဦးလှကို ကျေးဇူးတင်စကားတော့ တစ်ကြိမ်လောက် ပြောခွင့်ပြုပါ"

"မပြောဖြစ်မချင်း ကိုကြီး မပြီးနိုင်ဘဲ လိပ်ခဲတည်းလည်း ဖြစ်နေမှာ မဟုတ်လားဟင်"

"ဟုတ်တယ် နုနယ်၊ ပြောသင့်တယ်လို့လည်း ကိုယ်ယူဆလို့ပါ"

✤ ✤ ✤





"ကျွန်တော် လာတွေ့ပါရစေ
နေရာတစ်ခု သတ်မှတ်ပေးပါ မမ"

ဖုန်းထဲက SMS လေးကို ပွင့်ဦးလှက ငုံ့ကြည့်နေသည်မှာ ဒါပါနှင့်ဆို အကြိမ်တစ်ရာလောက်များ ရှိတော့မလားပင်။ ထိုစာတိုလေးကို မတော်တဆ ဦးဘရမ်ထွယ်အောင် တွေ့မိမှာစိုး၍ ဖျက်ဖို့ကြံစည်ကာ လက်ကစွယ်လိုက် မဖျက်သေးဘဲ ထားမိလိုက်။

သူလာရင်တော့ ဖျက်လိုက်တော့မယ်လေ။

"သူ မလာတော့ဘူးများလား မသိဘူး မမျိုး၊ ဆယ်မိနစ်တောင် ကျော်လာပြီ"

"ကားလမ်းတွေကျပ်တာ မမ သိသားနဲ့၊ သူချိန်းတာပဲဟာ လာမှာပါ မမ၊ ဆယ်မိနစ်ပဲ ကျော်သေးတာပဲဟာ၊ စောင့်လိုက်ပါဦး"

ဒီကိုအလာ ကားကို ခင်မျိုးသွယ်က မောင်းလာသည်။ အင်းလျားကန်စောင်းလို့ ချိန်းလိုက်မိတာဟာ ဒေါ်ပီများ



www.burmeseclassic.com

www.burmeseclassic.com



ကဗျာဆန်ဆန် ဖြစ်သွားမလား။ အို... မဆိုင်ပါဘူး၊ စားသောက်ဆိုင်တစ်ခုရလည်း ချိန်းမှမချိန်းချင်တာ၊ ဘေးပတ်ဝန်းကျင်မှာ ကိုယ့်ကိုသိတဲ့သူ မတော်တဆ မရှိစေချင်ပေ။ အင်းလျားစောင်းဆိုတာက ပွင့်ဦးလှတို့အသိုင်းအဝိုင်းကလူမျိုးတွေ ကျက်စားလေ့မရှိသော မအပ်စပ်လှသော နေရာဖြစ်၍ စိတ်လုံခြုံသည်။

"လမ်းဆင်းလျှောက်ရအောင်"

ပွင့်ဦးလှက ခင်မျိုးသွယ်ကိုခေါ်ကာ ကားပေါ်မှဆင်းလာခဲ့ပါသည်။ အင်းလျားရဲ့အပြင်အဆင် အခင်းအကျင်းတို့က ပြောင်းလဲသွားသည်။ ဒီနေရာက ဆိုင်လေးတွေဟာ ဟိုတုန်းကတော့ ဒီလို ခိုင်ခိုင်ခန့်ခန့်တွေ မဟုတ်ပေ။ ဒီလောက်လည်း အရောင်အသွေးတွေ မစုံလင်ပေ။ ဒီထောင့်နားလောက်က ဆိုင်ကလေးမှာ ပွင့်ဦးလှတို့ သူငယ်ချင်းအုပ်စု အကြော်စုံနှင့် လက်ဖက်သုပ်စားနေကြဆဲ ရန်ပယ် ရောက်လာတဲ့ တစ်နေ့ကို ဖျတ်ခနဲ အမှတ်ရပါသည်။

သူ့ကိုစာသင်မယ့်အချိန် တစ်ချိန်ဖျက်ကာ "သူငယ်ချင်းတွေနဲ့ အင်းလျားမှာ မုန့်စားမလို့၊ ဘယ်တော့မှ မလိုက်ဖြစ်တာများတော့ ဒီနေ့တစ်ရက်တော့ လိုက်မှကောင်းမယ်၊ စာမေးပွဲမှာ တို့က အမှတ်များ ဂုဏ်ထူးထွက်ထားတော့ မုန့်ကျွေးဖို့ရှိတာလည်း နေ့တွေရွှေ့လာတာ များနေပြီ" စသဖြင့် ရန်ပယ့်ကိုပြောခဲ့ကာ အဲဒီတစ်ရက် စာသင်ချိန်ကို ဖျက်ခဲ့ပါသည်။ ဒီတစ်ခါပဲ ဖျက်ဖူးတာ၊ ဒီတစ်ခါပဲ မရမက လိုက်လာတဲ့ ရန်ပယ်။





အနားလည်းမလာဘဲ ဟိုဘက်ကပတ်ချောင်း ဒီဘက်ကပတ်ချောင်း လုပ်နေတာကို အံ့သြတကြီး တွေ့မိတော့ လန့်ဖျပ်ခဲ့ရတာလေ။ ပွင့်ဦးလှ ဖွတ်လှမ်းခေါ်လိုက်လို့ ပေကတ်ကတ် မလာချင့်လာချင်နှင့် အနားရောက်ကာ အတူထိုင်ခိုင်းလိုက်တဲ့အခါ မိန်းကလေးတစ်အုပ်ကြားမှာ ခေါင်းကြီးငုံ့ပြီး မျက်နှာနီရဲနေခဲ့တဲ့သူ။

အပြန်ကျတော့ ရန်ပယ်နှင့် နှစ်ယောက်တည်း အတူပြန်ဖြစ်ကာ စမ်းချောင်းဘက်သွားမည့် ဘတ်စ်ကားမှတ်တိုင်၌ ကားစောင့်ခိုက် လိုက်လာရကောင်းလားလို့ ပွင့်ဦးလှက ဆူပါသည်။

"နင်က ဘာကိစ္စနဲ့ လိုက်လာရတာလဲ၊ အခုပြောစမ်း"

"မသိဘူးလေ၊ ရည်းစားနဲ့များ ထိုင်တာလားလို့ လာချောင်းကြည့်တာ"

ဆောင့်ဆောင့်အောင့်အောင့် ပြန်ပြောရကောင်းလားလို့ ရန်ပယ့် နားသပ်စပ်က ဆံပင်မွေးကို ဆောင့်ကာ ဆောင့်ကာ ဆွဲပစ်ခဲ့သေးတာ တရှည်တလျား လျှောက်တွေးနေမိပါသည်။

"နောက်မှာ ဒေါက်တာရန်ပယ် လာနေပြီ မမ၊ ဒီနားပဲ နေရမလား၊ ကားပေါ်က ပြန်စောင့်ရမလား"

"မရိုး အဆင်ပြေသလိုသာနေပါ"



www.burmeseclassic.com

www.burmeseclassic.com



ခင်မျိုးသွယ်က တစ်ခဏ စဉ်းစားပြီး ကန်ပေါင် လျှောက်လမ်းမှ ပြန်လှည့်ကာ ကားရပ်ခဲ့တဲ့ ပါကင်နေရာဆီ ပြန်လျှောက်သွားရင်း ဒေါက်တာရန်ပယ်ကို ခေါင်းညွှတ်နှုတ်ဆက်သွားပါသည်။ ပေတစ်ရာလောက် အကွာကနေ လျှောက်လာနေတဲ့ ရန်ပယ့်ကို ရင်ထဲ လစ်လစ်ဟာဟာနှင့် လှမ်းငေးကြည့်နေမိသည်။ ဆံပင်တွေ လေတိုက်ကာ လွင့်ဖွာကုန်တော့ ဟိုးအရင်က လူငယ်ကလေးနှင့် ပြန်၍ဆင်တူနေသလိုပင်။

ရန်ပယ်က ပွင့်ဦးလှနှင့် ခြေလှမ်း သုံးလှမ်းစာလောက်အကွာမှာ ကိုယ်ရှိန်သတ်၍ ရပ်တန့်သည်။ သူ ဘာများပြောမလို့လဲလို့ စောနေတဲ့ စိတ်ဇောသည် ပွင့်ဦးလှ မျက်ဝန်း၌ အထင်းသား ပေါ်လွင်နေမှာပင်။ တစ်ယောက်ကိုတစ်ယောက် တစ်မိနစ်မျှ တိတ်တိတ်ဆိတ်ဆိတ် ငေးကြည့်နေမိကြလျက် ရန်ပယ်က စကားစလိုက်ပါသည်။

"နေကောင်းလား မမ"

"အင်း… ကောင်းပါတယ်"

ရန်ပယ့်အသံက ပြေပြစ်ပေမယ့် ပွင့်ဦးလှ အသံက တိမ်ကာ ထောင့်နေသည်။ ရန်ပယ်က ခေါင်းကိုဖြည်းဖြည်းလေး ညိတ်နေရင်း…

"PCI လုပ်ရမယ်လို့ ဦးဘရမ်ထွယ်အောင်က ပြောတယ်၊ သူက စင်ကာပူက SGH မှာ လုပ်စေချင်တာတဲ့၊ မမက ဒီမှာပဲ လုပ်မယ်လို့ ခေါင်းမာနေတာတဲ့"





"………"

"ဒီမှာလည်း အဆင်ပြေပေမယ့် ဟိုမှာသွားလုပ်ဖို့ သူက ဆန္ဒပြင်းပြနေတာ စိုးရိမ်လို့ ဖြစ်မှာပါ၊ သူလည်း စိတ်ကျေနပ်သွားအောင် သူလုပ်စေချင်တဲ့ SGH မှာပဲ လုပ်လိုက်ပါလား မမ"

ပွင့်ဦးလှသည် တစ်ခဏငြိမ်၍ ရန်ပယ့်ကို ခပ်ငေးငေး ကြည့်နေမိရာမှ မျက်တောင်လေး တဖျပ်ဖျပ်ခတ်လိုက်ကာ…

"အင်း… အင်းလေ၊ အဲသလိုပဲ လုပ်လိုက်ပါ့မယ် ရန်ပယ်"

"မမ"

"အင်း… အင်း… ဘာလဲ ရန်ပယ်"

"ကျွန်တော့်ကို အင်္ဂလန်မှာ MRCP လုပ်ဖို့ ကုန်ကျစရိတ်က အဖေလှမ်းထောက်ပံ့တာလို့ ဆရာမကြီး ပြောခဲ့တာ မဖြစ်နိုင်မှန်း ကျွန်တော်သိပါပြီ၊ မမ လုပ်ပေးခဲ့တာ မဟုတ်လား"

"………"

ပွင့်ဦးလှသည် အိခနဲ ဝိုင်းတက်လာသော မျက်ရည်ကြောင့် ကမန်းကတန်း မျက်လွှာချလိုက်ကာ ရန်ပယ့်ဘက် မျက်နှာချင်းဆိုင်နေရာမှ ကန်ရေပြင်ဘက် ကိုယ်ကိုလှည့်ရပ်လိုက်ပါသည်။ လှိုက်လှဲတက်လာသော ခံစားချက်တစ်ရပ်ကြောင့် ရင်

www.burmeseclassic.com



မှာ တလှပ်လှပ်တုန်ကာ တအားပင် ဝမ်းနည်းလာမိလေသည်။

ပွင့်ဦးလှရဲ့ဘေးတစောင်း မျက်နှာကို ရန်ပယ်က စိတ်မကောင်းစွာ စိုက်ကြည့်နေမိရင်းက…

"ဒါကို ဦးဘရမ်ထွယ်အောင်လည်း သိခဲ့တယ်ပေါ့နော်"

"သူ… သူ မသိဘဲ တို့ ဘယ်လိုလုပ်ရပါ့မလဲ ရန်ပယ်"

နှစ်ဦးကြား၌ စကားသံက လုံးဝတိတ်ဆိတ်သွားခဲ့ရပါသည်။ ဆက်ပြောစရာစကား ဆိုတာလည်း ရန်ပယ့်နှုတ်ဖျားသို့ ဘာမှရောက်မလာတော့ပါ။ ရန်ပယ့်လက်ဖျားများ အေး၍လည်ချောင်းတို့ ခြောက်သွေ့လာသည်။ အတန်ကြာမျှသော အချိန်ကာလ မိနစ်တို့က တိတ်ဆိတ်စွာ ပဲ့ကြွေကုန်လွန်သွားလေသည်။

"အစစအရာရာအတွက်…"

"………"

"အစစအရာရာအတွက် ကျေးဇူးတင်ပါတယ် မမ၊ ဒီကြားထဲက ကာလတွေမှာ ကျွန်တော် မှားခဲ့တဲ့ အတွေးတွေအတွက် ခွင့်လွှတ်ပါ၊ မမ နေကောင်းအောင်နေပါ"

ရန်ပယ့်အသံက တုန်ယင်နေခဲ့သည်။

ပွင့်ဦးလှသည် ဖွက်ကွယ်မရအောင် စီးကျနေသော တလိမ့်လိမ့်မျက်ရည်တို့ကို သုတ်၍လည်း မနေတော့ပါ။ ရန်ပယ်လှည့်ထွက်သွားတာကိုသိမှပင် ရန်ပယ့်နောက်ကျောကို ကမန်း





ကတန်း လှည့်ကြည့်ရင်း…

"ခွင့်လွှတ်ပါတယ်… ခွင့်လွှတ်ပါတယ် ရန်ပယ်"

နှုတ်ခမ်းဖျားလေးလှုပ်ရုံ တီးတိုးလေး ပြောလိုက်မိလေသည်။ သူ ဘယ်တော့မှ မသိတော့ဘူး ထင်ထားခဲ့မိတာ။ တစ်ခါတစ်ရံမှာ မသိရခြင်းဟာ… နှလုံးသားကို ဝန်မပိစေဘဲ ပိုမိုလွတ်လပ်ပေါ့ပါးစေတတ်ပြီး တစ်ခါတစ်ရံတော့လည်း သိရခြင်းဟာ လွတ်မြောက်ခြင်းတစ်မျိုးလား…ဟု ပွင့်ဦးလှ ဝေခွဲမရဖြစ်မိလေသည်။

ဘယ်လိုပင်ဖြစ်ပါစေ။ သူ့ဘဝလှပသာယာခြင်းကိုသာ ရှေးဦးမဆွကတည်းက ပွင့်ဦးလှ တောင့်တလိုလားခဲ့တာပါ။ သူ့ကို ဘဝဟောင်းက ပါလာခဲ့သော ရေစက်လေးတစ်ခုလိုသာ ရင်ထဲအမြဲ မှတ်ယူထားခဲ့ပါသည်။ ရေစက်တို့မည်သည် အခါခပ်သိမ်း ဆုံစည်းခွင့်ရစကောင်းသည် မဟုတ်သည်ကိုလည်း ရင်ထဲအမြဲ နားလည်ထားခဲ့ပါသည်လေ။

✣ ✣ ✣

**လမင်းမိုမို**

www.burmeseclassic.com

www.burmeseclassic.com



## မိဖုရားစာပေတိုက်မှ စာရေးဆရာမ လမင်းမိုမို၏ ထွက်ရှိပြီးသော စာအုပ်များ


၁။ ပုလဲတစ်ကုံး ဝတ္ထုတိုများ
နှစ်(၃၀)မြောက် အထူးထုတ်

၂။ ကောင်းကင်က ကြွေကျခဲ့ပါ ...

၃။ ချစ်သူရဲ့ လက်အစုံဖြင့် ဆုံးထွင်လှည့်ပါ

၄။ ကျွန်မကမ္ဘာပြိုသောအခါ

၅။ အာဒမ်များနှင့်နံရိုးများ

၆။ ချစ်ခြင်းဖြင့်လည်း မဆောင်ယူနိုင်

၇။ တသွင်သွင်

၈။ ချစ်ကြိုးခိုင်ခိုင်ချည်

၉။ အသစ်သောနှောင်ကြိုး

၁၀။ ရုပ်သေးကလေးရဲ့ရာဇဝင်


www.burmeseclassic.com